အပ္ပမာဒ

ဓကာဒေသဘဂ္ဂရာဇ် ဘုရင်၏ ခုနှစ် ၊ တန်ဆောင်မုန်းလ
၂၀၀၄ ခုနှစ် ၊ နိုဝင်ဘာလ အတွဲ (၅) ၊ အမှတ် (၁၁)

မေမှရသ မဂ္ဂဇင်း

ဟာရည် ဆရာတော်ဘုရားကြီး
သမ္ပြာန် ဆရာတော်ဘုရားကြီး
ဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီး
မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီး
ချမ်းမြေ့ ဆရာတော်
တိပိဋက ဓရ (ဝေဟာ) ဆရာတော်
ဦးဝဏ္ဏိုးဒွေဟသံဘောရေတက္ကမ်ကျောင်းဆရာတော်
ဘဒ္ဒန္တ ဩဘာသာဘိဝံသ
ဟာဟတိမ်ပြိုင်ဆရာတော်
ချမ်းမြေ့မိုင် ဆရာတော်
မမှုဒက အရှင်ဆေကိန္နဒ
ရွှေပြည်ဟိန်း ဆရာတော်
ဝန်ထိသီ အရှင် ဝိဇေဠာဘိဝံသ
အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တ အဂ္ဂမဟာဘိဝံသ
အရှင် ဓကသိန္ဒ
အရှင် အာစရ
အရှင် ဇနက (ကျောက်မဲ)
ကျော်နန္ဒအောင်
ကျော်လိုင်
ကောင်သုခ
ကိုရင်ဘန်
ကုံကော်ခင်
ခင်ဓောတင့်
ခရီးသည် (ဖိုးမြတ်တော)
ဆရာခန် သိန်းလွင် (မြည်)
တော်ခင်နွယ်
တက္ကသိုလ် သွင်သိရီ (မမှာစရိယတိုအေ)
ဒဿိမီ
မမှာစရိယ ဦးဌေးလိုင်
နေသမ်မူး (ဝင္ဝသာတွင်း)
မြသန်းစံ
မောင်သွေးဘွန်
မောင်သစ္စာ
သန်းထိုက်သူ
ဦးလုလ္ဒ

၄၅၀ ကျပ်

2004.GRAPHIC DESIGN : KYAW MINN MOUNG

အ ပ္ပ မ ာ ဒ စ ာ ဂ ေ ဇ ဉ် က ဧ ေ ဇ ဉ် ထ ု တ် လ ု ပ် သ ည်



ကိုးကွယ်အားထားရာအမှန် ပါဠိတော်မြန်မာပြန် အနာရောဂါ ငြိမ်းရာသောအကြောင်း

(အင်္ဂုတ္တိုရ်ပါဠိတော်၊ သစ်တွေ့ဝဂ်၊ ဂိရိမာနန္ဒသုတ်)

မြတ်စွာဘုရားသည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ်၊ ပြင်းစွာမကျန်းမာဖြစ်လျက်ရှိသော အသျှင်ဂိရိမာနန္ဒထံသို့ သနားသဖြင့် ချဉ်းကပ်တော်မူပါရန် အသျှင်အာနန္ဒာ လျှောက်ထားသည့်အတွက် ဘုရားရှင်က-

အာနန္ဒာ အကယ်၍သင်သည် ဂိရိမာနန္ဒရဟန်းအား သညာဆယ်မျိုးတို့ကို ဟောလျှင်၊ သညာဆယ်မျိုးတို့ကို ကြားနာရသည်ရှိသော် ထိုအနာရောဂါသည် ခဏချင်းငြိမ်းရာသော အကြောင်းသည် ရှိသည်သာတည်း။အဘယ်ဆယ်မျိုးတို့နည်းဟူမူ အနိစ္စသညာ၊အနတ္တသညာ၊ အသုဘသညာ၊ အာဒီနဝသညာ၊ ပဟာနသညာ၊ မိရာဂ သညာ၊ နိရောဓသညာ၊ သဗ္ဗလော ကေအနဘိရတိသညာ၊ သဗ္ဗသခါရေသုအနိစ္စာသညာ၊ 'သခါရအားလုံး၌ အလိုမရှိအပ်ဟူသော အမှတ်' အာနာပါနဿတိ တို့တည်း။

အာနန္ဒာ၊ ဤသာသနာတော်၌ ရဟန်းသည် တောသို့လည်းကောင်း၊ သစ်ပင်ရင်းသို့လည်းကောင်း၊ ဆိတ်ငြိမ်ရာအရပ်သို့ လည်းကောင်း ကပ်ရောက်၍ မျက်စိ သည် အတ္တမဟုတ်၊ အဆင်း 'ရူပါရုံ'တို့သည် အတ္တမဟုတ်ကုန်၊ နားသည် အတ္တမဟုတ်၊ အသံ'သဒ္ဒါရုံ'တို့သည် အတ္တမဟုတ်ကုန်၊ လျှာသည် အတ္တမဟုတ်၊ အရသာ 'ရသာရုံ'တို့သည် အတ္တမဟုတ်ကုန်၊ နှာခေါင်းသည် အတ္တမဟုတ်၊ အနံ့ 'ဂန္ဓာရုံ'တို့ သည် အတ္တမဟုတ်ကုန်။ ကိုယ်သည် အတ္တမဟုတ်၊ အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ' တို့သည် အတ္တမဟုတ်ကုန်၊ စိတ်သည် အတ္တမဟုတ်၊ သဘောတရား 'ဓမ္မာရုံ'တို့ သည် အတ္တမဟုတ်ကုန်ဟု ဆင်ခြင်၏။ ဤသို့လျှင် ဤအတွင်း အပတည်ရာ 'အာယတန' ခြောက်ပါးတို့၌ အနတ္တ ဟု ရှုလေ့ရှိကာနေ၏။အာနန္ဒာ၊ ဤတရားကို အနတ္တသညာဟု ဆိုအပ်၏။

ရဟန်းသည် ခြေဖဝါးအပြင်မှ အထက်၌ ဆံပင်ဖျားမှအောက်၌ အရေအပိုင်းအခြားရှိသော အထူးထူးအပြားပြားသော မစင်ကြယ်သောဝတ္ထုဖြင့် ပြည့်သော ဤကိုယ်'ခန္ဓာ'ကိုသာလျှင် ဆင်ခြင်၏။ ဤ ကိုယ်'ခန္ဓာ'၌ ဆံပင်၊ အမွေး၊ လက်သည်း၊ ခြေသည်း၊ သွား၊ အရေ၊ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းခြင်ဆီ၊ အညို့၊ နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း၊ အဆုတ်၊ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ၊ မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ်တို့သည် ရှိကြကုန်၏။ ဤသို့လျှင် ဤကိုယ်၌ မတင့်တယ် 'အသုဘ'ဟု ရှုလေ့ရှိကာ နေ၏။ ဤတရားကို အသုဘသညာဟု ဆိုအပ်၏။

ရဟန်းသည် ဤကိုယ်သည် ဆင်းရဲများ၏၊ အပြစ်များ၏။ ဤကိုယ်၌ အထူးထူးအပြားပြားသော အနာ(ရောဂါ)တို့သည် ဖြစ်ကုန်၏။ ဤသို့လျှင် ဤ ကိုယ်၌ အပြစ်ကို ရှုလေ့ရှိကာနေ၏။ ဤတရားကို အာဒီနဝသညာဟု ဆိုအပ်၏။



ရဟန်းသည် ဖြစ်ပေါ်လာသော 'ကာမဝိတက်'၊ 'ဗျာပါဒဝိတက်'၊ 'ဝိဟိံသာ ဝိတက်'ကို လက်မခံ၊ စွန့်၏၊ ပယ်ဖျောက်၏။ ကင်းအောင်ပြု၏။ နောင် တစ်ဖန် မဖြစ်ခြင်းသို့ ရောက်စေ၏။ ဖြစ်တိုင်းဖြစ်တိုင်းသော ယုတ်ညံ့သော အကုသိုလ် တရား တို့ကို လက်မခံ၊စွန့်၏။ပယ်ဖျောက်၏။ကင်းအောင်ပြု၏။နောင်တစ်ဖန် မဖြစ်ခြင်းသို့ ရောက်စေ၏။ ဤတရားကို ပဟာနသညာဟု ဆိုအပ်၏။

ရဟန်းသည် သခ်ၸိရအားလုံးငြိမ်းရာ၊ ဥပဓိအားလုံးကို စွန့်ရာ၊ တဏှာ ကုန်ရာ၊ ရာဂကင်းပြတ်ရာဖြစ်သော ထိုနိဗ္ဗာန်သည် ငြိမ်သက်၏၊ မွန်မြတ်၏ဟု ဆင်ခြင်၏။ ဤတရားကို ဝိရာဂသညာဟုဆိုအပ်၏။

ရဟန်းသည် သခ်ၸိရအားလုံးငြိမ်းရာ၊ ဥပဓိအားလုံးကိုစွန့်ရာ၊ တဏှာ ကုန်ရာချုပ်ရာဖြစ်သော ထိုနိဗ္ဗာန်သည် ငြိမ်သက်၏၊ မွန်မြတ်၏ဟု ဆင်ခြင်၏။ ဤတရားကို နိရောဓသညာဟုဆိုအပ်၏။

ရဟန်းသည် လောကဌ် စိတ်၏တည်ခြင်း၊အမှားနှလုံးသွင်းခြင်း၊ ကိန်းခြင်း ဟူကုန်သော ဥပါဒါန်တို့ကို စွန့်လျက် မစွဲလမ်းဘဲနေ၏။ ဤတရားကို သဗ္ဗလောကေ အနဘိရတိသညာဟုဆိုအပ်၏။

ရဟန်းသည် သခ်ၸိရအားလုံးတို့ဌ ငြီးငွေ့၏။ရှက်နိုး၏။ စက်ဆုပ်၏။ ဤ တရားကို သဗ္ဗသခ်ၸိရေသု အနိစ္စာသညာဟုဆိုအပ်၏။

ရဟန်းသည် တောသို့လည်းကောင်း၊ သစ်ပင်ရင်းသို့လည်းကောင်း၊ ဆိတ်ငြိမ်ရာအရပ်သို့လည်းကောင်း ကပ်ရောက်၍ ထက်ဝယ်ဖွဲ့ခွေကာ ကိုယ်ကို ဖြောင့်စွာထားပြီးလျှင် ကမ္မဋ္ဌာန်းသို့ ရှေ့ရှုသတိကိုဖြစ်စေလျက် ထိုင်နေ၏။ သတိ ရှိ၍ သာလျှင် ဝင်သက်ကိုရှု၏။ ထွက်သက်ကိုထုတ်၏။ ရှည်စွာဝင်သက်ရှုသော် ရှည်စွာ ဝင်သက်ရှု၏ဟုသိ၏။ ထုတ်သော် ရှည်စွာထွက်သက်ထုတ်၏ဟုသိ၏။ တိုစွာ ဝင်သက် ရှုသော် တိုစွာဝင်သက်ရှု၏၊ ထုတ်သော် တိုစွာထွက်သက်ထုတ်၏ ဟု သိ၏။ ဝင်သက်အားလုံးကို ထွက်သက်အားလုံးကို ထင်ရှားစေလျက် ရှုအံ့၊ ထုတ်အံ့ ဟုကျင့်၏။ ကာယသခ်ၸိရကို ငြိမ်းစေလျက် ဝင်သက်ရှုအံ့၊ ထွက်သက် ထုတ်အံ့ဟု ကျင့်၏။ ပီတိကိုထင်ရှားစေလျက်၊ သုခကိုထင်ရှားစေလျက်၊ စိတ္တ သခ်ၸိရကိုထင်ရှားစေလျက်၊ စိတ္တသခ်ၸိရကို ငြိမ်းစေလျက်၊ စိတ်ကို ထင်ရှား စေလျက်၊ စိတ်ကိုအလွန် ဝမ်းမြောက်စေလျက်၊ စိတ်ကို ကောင်းစွာထားလျက် စိတ်ကိုလွတ်စေလျက် အနိစ္စဟု ဝိရာဂဟု နိရောဓဟု စွန့်ရာဟု ရှုလျက် ဝင်သက်ရှုအံ့၊ ထွက်သက်ထုတ်အံ့ဟု ကျင့်၏။ ဤတရားကို အာနာပါနဿတိဟု ဆိုအပ်၏ဟု မိန့်တော်မူ၏။

အသျှင်အာနန္ဒာသည် မြတ်စွာဘုရားထံမှ သညာဆယ်မျိုးတို့ကို သင်ယူ ၍ အသျှင်ဂိရိမာနန္ဒအားဟော၏။ အသျှင်ဂိရိမာနန္ဒသည် ဤသညာ ဆယ်မျိုး တို့ကို ကြားနာရ၍ သူ၏ အနာရောဂါသည် တစ်ခဏချင်းငြိမ်းအေးလေ၏။

(အဂုံတ္တိရ်ပါဠိတော်မြန်မာပြန်၊ သစိတ္တဝဂ်၊ ဂိရိမာနန္ဒသုတ်မှ ကောက်နုတ်ရေးသားပါသည်။) **အယ်ဒီတာတစ်ဦး**

ပန်းချီကိုကျော်သိုက်

ဘုရားရှင်သည် မိဿာအယူရှိသော ဗကာမြေဟူမင်းအား တန်ခိုးတော်မြင့် ကိုယ်တော်ကို ဖျောက်ပြခဲ့ပြီးနောက်
အနီဓ မမြဲခြင်းတရားကို ဟောကြားဆုံးမ၍ အောင်မြင်တော်မူပုံ

အာဟာရမေဃရသမဠဂင်း၏ ဓမ္မဒါန
ပန်းချီကိုရေးဆွဲသိုက်ဆိုင်အတွေ့လက်ရာ

အပွမ်းဝါဒ

ဓမ္မရသမဂ္ဂဇင်း

အတွဲ (၅)၊ အမှတ် (၁၁)၊ ၂၀၀၄ခုနှစ်၊ နိုဝင်ဘာလ

အပွမာဒေါ အမတံ ပဒံ
ကုသိုလ်ကောင်းမှုတို့၌
မမေ့မလျော့ခြင်းသည်
သေခြင်းကင်းရာ
နိဗ္ဗာန်၏အကြောင်းဖြစ်သည်။

ကိုးကွယ်အားထားရာအမှန်

ပါဠိတော်မြန်မာပြန်

အင်္ဂုတ္တိုရ်ပါဠိတော်၊ သမ္ဘိတ္တဝဂ်၊
ဂိရိမာနန္ဒသုတ် ၂

ပြန်လည်ပူဇော်ခြင်း

မဟာဧည်ဆရာတော်

အရိယာဝါသတရားတော် ၈

ဟောစဉ်တရားတော်

မဟာဟေဝိပြိုင်ဆရာတော်

မြတ်ရတနာသုံးစုံ သရဏဂုဏ် ၁၄

တိပိဋကဓရ(ယော)ဆရာတော်

အသီမုန်ကန် ကိုယ့်ဖို့ကျွန် ၂၀

ချမ်းငြိမ်ဆရာတော်

နိုင်ငံခြားသား ဘုန်းတော်ကြီးတစ်ပါး၏
ဗုဒ္ဓဘာသာအမြင် အမေးအမြေးများ ၅၆

ဓမ္မဒူတအရှင်ဆေကိန္ဒ

နေရာလည်းကောင်း စိတ်လည်းကောင်း ၉၉

ဓမ္မဆိုင်ရာအမေးအမြေ

အဂ္ဂမဟာပဏ္ဍိတဆရာတော်

ဘဒ္ဒန္တသြဘာသာဘိဝံသ ၆၀

ဓမ္မရသအဖုံဖုံ

မောင်သန်ဘ

သာသနာပြု ရှင်ပြုမင်္ဂလာ - ၁ ၂၆

မောင်သွေးချွန်

ကိုရင်ကြီးရှင်ဝိမလ၏ ဘဝခုကျအပေါင်းမှ
လွတ်မြောက်ကြောင်းတရားလမ်းစဉ် ၂၉

ဦးလှရွှေ

သံဝေနိယ လေးဌာနခရီး ၃၃

ခရီးသည် (ရိုးပြတ်တော)

လာလှည့် ရွှေလှည့် မြင်စေချင် ၃၇

အရှင်ကေသရိန္ဒ (ဓမ္မရောင်ခြည်)

အပွမာဒ နလုံးသားဗိုင်ရှင် ၄၁

ဝနဝါသီ-အရှင်ဝါသေဋ္ဌာဘိဝံသ

ဥပုသ်နေ့ရောက် စာရင်းကောက် ၄၆

ဒဿိန်

အရှင်အာနန္ဒာအလွမ်း ၅၀

ကိုရင်တန်
ဝိပဿနာခရီး ၆၄

ကျော်နန္ဒအောင်
စက်ဖဝါးတော်အစုံကို ဦးခိုက်၍ ၆၈

ရှင်အာစာရ
ကလေးကလား အမေးစကား ၇၆

ကျော်လှိုင်
အဆွေခင်ပွန်းကို မှတ်မိပါ ၇၉

နေသစ်မှူး (ငွေသာတွင်း)
ဘဝကုန်သည် ၈၂

ဖွားစရိယ ဦးငြေးလှိုင်
စွန်းလွန်းဆရာတော် ဦးကဝိ (၁၂၃၉-၁၃၁၄) ၈၅

ရှင်ဇနက (ကျောက်မဲ)
နီဗွာန်လိုက သည်းခံကြ ၉၀

ဆရာဝန်သိန်းလွင် (ပြည်)
ဝိပဿနာနှင့် ကျွန်းမာရေးစမ်းသပ်မှုများ ၉၃

ခင်စောတင့်
ရောင့်ရဲခြင်းသည် အမြတ်ဆုံးဥစ္စာ ၉၅

ကုံကော်ခင်
မနှစ်သက် မခင်တွယ် ဖြစ်ပျက်မြင်တယ် ၁၀၅

ရွှေပြည်ဟိန်းဆရာတော်
နောက်ဆုံးစကားတစ်ခွန်း၏ တန်ဖိုး ၁၀၉

မြသန်းစံ
လိုအင်များကို သန့်စင်စေယင် ၁၁၂

တက္ကသိုလ်သျှင်သီရိ (ဖွားစရိယ၊ ဘီ-အေ)
သီလဝိသုဒ္ဓိပြည့်စုံမှု၏ဂုဏ်ရည် ၁၁၆

ကောင်းသုခ
ပြည့်စုံမှု ချမ်းသာမည် ၁၁၉

အဂ္ဂမဟာပဏ္ဍိတ ဘဒန္တအဂ္ဂဓမ္မာဘိဝံသ
အကြောက်ကင်းကြောင်း နည်းလမ်းကောင်းများနှင့် မကြောက်ရသော အရပ် ၁၂၂

အပွမာဒဝမ္မပုံပြင်

တော်ဝင်နွယ်
ဇစ်မိုက်ကြောင့် ငိုကျားယေယရတယ် ၂၂

ထွက်ခဲ့သမျှ စာဝမ္မ

သန်းထိုက်သူ ၁၂၅

အပွမာဒ

E-mail:mts@mptmail.net.mm

အယ်ဒီတာချုပ်
မြသန်းစံ
တာဝန်ခံအယ်ဒီတာ
လွင်ငြိမ်း၊သန်းထိုက်သူ
အဖွဲ့ဝင်အယ်ဒီတာ
ဦးအောင်သန်း
ဒီဇိုင်းဖွဲ့စည်းမှု
ပန်းစျာန်
အုပ်ချုပ်ရေးမှူး
ဒေါ်သိဂီမိုး
မျက်နှာဖုံးပန်းချီ
ကိုကျော်မင်းမောင်
အတွင်းပန်းချီ
ကိုမောင်မောင်သိုက်၊ ဆရာကျော်၊ဇော်မင်း၊
ကိုကျော်သိုက်၊ ပန်းစျာန်၊ ပန်းချီရွှေစိုးဟန်
ပြင်ပဆက်သွယ်ရေး
မျိုးဇော်အောင်၊ ဇော်မင်း
ကွန်ပျူတာစာစီ
နန်းစန်းမာချို၊ ကေခိုင်မင်းမင်းထွန်း
ထုတ်ဝေသူ နှင့် ဖြန့်ချိရေး(ပင်ရင်း)
ဦးမြသန်းစံ (မြ-၀၃စစ၁)
အပွမာဒစာစဉ်
(၁၈၉)၊ရွှေဝါထွန်း(၂)လမ်း၊(၃၃)ရပ်ကွက်၊
ဒဂုံမြို့သစ်မြောက်ပိုင်း၊ ရန်ကုန်မြို့။
ဖုန်း-၅၈၄၇၃၈
တစ်ပြည်လုံးဖြန့်ချိရေး
ဦးအောင်မြင့်(ဆင်တောင်ကြီးစာပေ) ၄၁၊
၂၉လမ်း(အောက်)၊ရန်ကုန်မြို့။ဖုန်း-၃စ၁စ၃၄
ပုံနှိပ်သူ
ဦးမောင်မောင်လှ (၀၅၇၄၅)
ရွှေနိုင်ငံပုံနှိပ်တိုက်၊
အမှတ်-၉၀(စီ)၊ ကမ္ဘာအေးဘုရားလမ်း၊ရန်ကုန်မြို့။
ဖလင်
Best Color ဇမ္ဗူတလူ၊Stars
အုပ်ရေ-၈၀၀၀၊ တန်ဖိုး-(၄၅၀)ကျပ်

စာမူခွင့်ပြုချက် - ၆၁၇/၂၀၀၄ (၉)
မျက်နှာဖုံးခွင့်ပြုချက် - ၅၈၇/၂၀၀၄ (၉)



ကျေးဇူးတော်ရှင်
မင်းကွန်းတိပိဋကဓရဆရာတော်ဘုရားကြီး

ပြုပြီးလျှင်လည်း ပြန်စဉ်းစား

ငါပြုပြီး၊ပြောပြီး၊ ကြံပြီးဖြစ်တဲ့ ကာယကံ၊ ဝစီကံ၊ မနောကံအမှုဟာ ဆင်းရဲပွားကြောင်း မကောင်းမှု၊ အကုသိုလ်များ ဖြစ်သလား၊ သုခပွားကြောင်း ကောင်းမှု ကုသိုလ်များ ဖြစ်သလားလို့ စဉ်းစား။

အကယ်၍ စဉ်းစားလို့ ဒုက္ခပွားကြောင်း မကောင်းမှု အကုသိုလ်များဖြစ်ရင် နောက်ဘယ်တော့မှ မပြုဖြစ်အောင် တစ်ခါတည်း အာယတိသံဝရစိတ်ကို မွေးမြူလိုက်။ အကယ်၍များ မိမိပြုပြီး၊ ပြောပြီး၊ ကြံပြီးတဲ့ ကာယကံ၊ ဝစီကံ၊ မနောကံမှုဟာ ပစ္စဝေက္ခဏာတင် ဆင်ခြင်စဉ်းစားလို့ မိမိသူတစ်ပါး နှစ်ဦးသား ချမ်းသာဖို့ ဖြစ်တယ်။ ချမ်းသာပွားတိုး ကုသိုလ်မျိုး ဖြစ်တယ်ဆိုရင် အဲဒီမိမိပြုခဲ့၊ ပြောခဲ့၊ ကြံခဲ့တဲ့ ကုသိုလ်ကိုပင်လျှင် ထပ်တလဲလဲ အောက်မေ့ပြီးတော့ ဝမ်းသာနေ။

ကျေးဇူးတော်ရှင်တို့ ကျေးဇူးစကား

မာနာနုသယ+မုဇ္ဇဟ

အေး . . . အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုတဲ့ ဒီဘာဝနာသုံးပါးကို ဘယ်လောက်ကြာကြာ ဘယ်အခြေအနေရောက်ပွားရမှာလဲ . . . လို့ မေးစရာရှိတယ်။ ဤနေရာမှာ အဖြေနှစ်မျိုး ဖြေနိုင်တယ်။

(၁) အဖြေက "အရဟတ္တဖိုလ်ရောက်အောင် ပွားရမယ်လို့လည်း ဖြေနိုင်တယ်။အဲဒီလိုဖြေရင် နားထောင်တဲ့ ပုဂ္ဂိုလ်အဖို့ရာ အရဟတ္တဖိုလ်ဆိုတာ သူမမြင်ဖူး၊ မရဖူးတဲ့တရား၊ မမြင်ဖူးတဲ့ အရပ်ရောက်အောင် သွားဟလို့ ပြောတာနဲ့ တူနေတယ်။ မမြင်ဖူးတဲ့ တရား၊ မသိဖူးတဲ့ တရား၊ ကိုယ့်မှာတစ်ခါမျှ မဖြစ်ဖူးတဲ့တရားကို ရအောင် ပွားရမယ်ဆိုတော့ (မရောက်ဖူးတဲ့အရပ်ကို ရောက်အောင် သွားရမယ်ဆိုရင် အသွားရခက် အားပျက်သလို) ကိုယ့်မှာ မဖြစ်ဖူး၊ မရောက်ဖူး၊ မသိဖူးတဲ့ အရဟတ္တဖိုလ်ရောက်အောင် ပွားရမယ်ဆိုရင် အပွားရခက် အားပျက်နိုင်တယ်။

(၂) အဲဒီလိုမဟုတ်ဘဲ "အနိမိတ္တဘာဝနာကို မျှားမျှားမဟုတ်ပါဘူး၊ မာနာနုသယ ပြုတ်ရုံသာ=ငါဆိုတဲ့ မာန်တစ်လုံး ပြတ်ရုံပဲ အားထုတ်ပါ"လို့ဆိုလိုက်ရင် တရားအားထုတ်တဲ့ပုဂ္ဂိုလ် အားရှိတယ်။ ဘာ့ကြောင့်လဲ ဆိုရင် မာနက ကိုယ့်သန္တာန်မှာ ရှိနေတဲ့တရား၊ မိမိမြင်တွေ့နေရတဲ့တရား၊ ငါတစ်လုံးပြုတ်ရင် ဘာဝနာအလုပ်အောင်တာနဲ့ စဉ်းစားလိုက်တိုင်း စိတ်ထဲမှာ ပွားဖို့လွယ်တယ်။ ဒါကြောင့် မြတ်စွာဘုရားက တရားနာတဲ့ပုဂ္ဂိုလ်များ စိတ်တွန့်သွားရန် မဟုတ်ဘဲ စိတ်အားတိုးတက်လာအောင်-

"မာနာနုသယ+မုဇ္ဇဟ . . . လို့ ဟောတော်မူတယ်"

ပစ္စည်းလေးဖြာ မတွယ်တာနှင့်

သာသနာရဲ့အရှိန်အဝါနဲ့ သင်ချစ်သားအား ဒကာ၊ ဒကာမများက သက်နှံးကောင်း၊ ဆွမ်းကောင်း၊ ကျောင်းကောင်း၊ ဆေးကောင်း=ပစ္စည်းလေးပါးတွေ လှူကြလိမ့်မယ်။ အဲဒီ ဒကာ၊ ဒကာမများ လှူတဲ့ပစ္စည်းလေးပါးပေါ်မှာ ငါ့သက်နှံး၊ ငါ့ဆွမ်း၊ ငါ့ကျောင်း၊ ငါ့ဆေး လို့ တွယ်တာတဲ့တဏှာတရား သင်ချစ်သား မပြုမှားလေနဲ့၊ တွယ်တာရင် ဒုက္ခတွေပေါလှတဲ့ ဤလောကကြီးထဲကို သင်ချစ်သား တစ်ဖန်ပြန်လာနေရလိမ့်မယ်။ ပြန်မလာချင်နဲ့ ချစ်သား။

သုတဝန္တပုဂ္ဂိုလ်

ချစ်သားရာဟုလာ . . . ဤသို့ မျက်စိရယ်၊ နားရယ်၊ နှာရယ်၊ လျှာရယ်၊ ကိုယ်ရယ်၊ စိတ်ရယ်ဆိုတဲ့ အတွင်းအာယတန ခြောက်ပါး၊ ဒီ ဝိပဿနာ ဘူမိတရားများကို အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ အဖန်ဖန်ရှုမြင်မှ ငါဘုရားရဲ့ တပည့်သား သာဝက+သုတဝန္တ၊ သူမှသုတရှိတာတဲ့။ ပိဋ္ဌကတော်သုံးပုံပေါ့လေ၊ အခေါက်ခေါက် အခါခါ ဖတ်ပေမယ့်လို့ ဖတ်ရုံနဲ့ သုတဝန္တ- မဟုတ်သေးဘူး။ အခုလိုတရားကို မြင်အောင်ရှုမှ သုတဝန္တ သုတရှိတဲ့ ပုဂ္ဂိုလ်တဲ့။ အရိယသာဝက=ငါဘုရားရဲ့ တပည့်သား သာဝက။

■

အရိယာဝါသတရားတော်ကြီး
မဟာစည်ဆရာတော်

(ယခင်လမှအဆက်)

မှီရာလေးပါးရှိရမယ်ဆိုတဲ့ အရိယာဝါသ

အင်း . . အစောင့်အရှောက် တစ်ပါးနဲ့ ပြည့်စုံရမယ်ဆိုတဲ့ အရိယာဝါသကိုတော့ နားလည်လောက်ပါပြီ၊ ယခု စတုရာပဿေနော-မှီရာလေးပါး ရှိရမယ်ဆိုတဲ့ အရိယာဝါသ တစ်ခုကို ရှင်းပြရမယ်၊ ခေါင်းစဉ်ဆောင်ပုဒ်က "လေးရပ်မှီကာ"လို့ ဆိုထားတယ်၊သတိအစောင့်အရှောက်ကလေးကို ဖြစ်စေလိုလျှင် မှီရာလေးမျိုးကို မှီပြီး အားထုတ်ရမယ်လို့ ဆိုလိုပါတယ်။ အဲဒါက ဘာတွေလဲဆိုရင် -

သခ်ၤယေကံ ပဋ္ဌသေဝတိ၊ သခ်ၤယေကံ အဓိဝါသေတိ။

သခ်ၤယေကံ ပရိဝဇ္ဇေတိ၊ သခ်ၤယေကံ ဝိနောဒေတိ-တဲ့။

ဧကံ-တစ်ခုကို၊ သခ်ၤယ-ဆင်ခြင်၍၊ ပဋ္ဌသေဝတိ-မှီဝဲ၏၊ သုံးဆောင်ထိုက်တဲ့ ပစ္စည်းလေးပါးကို ဆင်ခြင်ပြီး သုံးဆောင်မှီဝဲရမယ်-တဲ့၊ ကိုယ်မှာ အဝတ်မရှိလျှင် အအေး၊ အပူ စသည်ကြောင့် ဆင်းရဲဒုက္ခ ရောက်လိမ့်မယ်၊အဝတ်မရှိဘဲ ကိုယ်တုံးလုံးကြီးဆိုလျှင် အမြင်လည်း မတော်ဘူး၊ ဒါကြောင့် ဒီလိုဆင်ခြင်ပြီးတော့ အဝတ်ကိုလည်း ဝတ်ရုံသုံးဆောင်ရမယ်၊ ထို့အတူ မစားဘဲတော့လည်း မနေနိုင်ဘူး၊ ဒါကြောင့် သူ့အချိန်နဲ့သူ အစာအာဟာရကိုလည်း ဆင်ခြင်ပြီး မျှတရုံ စားရမယ်၊ အမိုးအကာ၊ အိပ်ရာ နေရာမရှိဘဲ ကွင်းပြင်ထဲက မြေကြီးပေါ်မှာ နေရင်လည်း အအေး၊အပူ စသည်ကြောင့် အများကြီး ဒုက္ခရောက်နိုင်တယ်၊ ဒါကြောင့် လေလုံ၊ မိုးလုံအဆောက်အအုံနဲ့ အိပ်ရာနေရာကိုလည်း ဆင်ခြင်ပြီး သုံးဆောင်ရမယ်၊ မကျန်းမာတဲ့အခါမှာ ဆေးပစ္စည်းကိုလည်း မှီဝဲသုံးဆောင်ရမယ်၊အဲဒီ အဝတ်၊အစား၊ နေရာ၊ ဆေးဆိုတဲ့ ဒီပစ္စည်းလေးပါးကို သုံးဆောင်မှီဝဲရမယ်-တဲ့၊အဲဒါဟာ မှီဝဲသင့်တာကို မှီဝဲတာပါပဲ၊ မှီရာတစ်ပါးလို့ ဆိုလိုပါတယ်။ဆောင်ပုဒ်မှာ ဒါကို "မှီဝဲ"လို့ တိုတိုကလေးပေးထားပါတယ်။ "မှီဝဲ၊ သည်းခံ၊ ရှောင်ပယ်လှန်၊ လေးတန်မှီရာများ" တဲ့၊ အဲဒါကို ဆိုကြရမယ်။

"မှီဝဲ သည်းခံ၊ ရှောင်ပယ်လှန်၊ လေးတန်မှီရာများ"ဆို။

မှီဝဲသင့်တဲ့ အဝတ်၊အစား၊ နေရာနဲ့ဆေးများကို မမှီဝဲ မသုံးဆောင်ဘဲ ပေတေပြီးနေလျှင် မိမိကိုယ်ကို နှိပ်စက်ညှဉ်းဆဲတဲ့ အကျင့်လို့ခေါ်တယ်၊ ပါဠိလို အတ္တကိလမထာနုယောဂအကျင့်တဲ့၊ဘုရားလက်ထက်တော် ကာလတုန်းက နိဂဏ္ဌအာဇီဝကခေါ်တဲ့ တက္ကတွန်းတွေဟာ အဝတ်မဝတ်ဘဲ၊ အစားမစားဘဲ၊ အိပ်ရာနေရာနဲ့ မနေဘဲ ဒီအတ္တကိလမထ အကျင့်တွေကို ကျင့်ကြတယ်၊ဘုရားအလောင်းတော်တောင်မှ စောစောပိုင်းက ဒုက္ခရစရိယာအကျင့်ကို ကျင့်တယ်ဆိုတာဟာ ဒီအတ္တကိလမထ အကျင့်ပါပဲ၊အဲဒီတုန်းက မဇ္ဈိမပဋိပဒါဆိုတဲ့ အလယ်လမ်း၊ အကျင့်မှန်ကို မတွေ့ရသေးလို့ ထွက်သက်ဝင်သက်တွေကို အောင့်ချုပ်ထားခြင်း၊ အစာအာဟာရကို လျှော့ခြင်း၊ ဖြတ်ခြင်း စသည်ကို ခဲခဲယဉ်းယဉ်း ကျင့်စမ်းခဲ့ပါသေးတယ်၊ နောက်ကျတော့ အဲဒီ အတ္တကိလမထလမ်းဟာ ဘာမျှအကျိုးမရှိဘူးဆိုတာကို သိမြင်ပြီးတော့ အဲဒီဒုက္ခရစရိယာအကျင့်တွေကို စွန့်လွှတ်ပါတယ်၊ အဲဒီလို စွန့်လွှတ်ပြီး မဇ္ဈိမပဋိပဒါခေါ်တဲ့ အလယ်လမ်း အကျင့်ကို ကျင့်ပြီး ဘုရားအဖြစ်ကို ရောက်တော်မူခဲ့ပါတယ်၊ အဝတ်မဝတ်ဘဲ၊ အစားမစားဘဲ၊ အိပ်ရာနေရာကောင်းနဲ့မနေဘဲ ကိုယ်ကိုညှဉ်းဆဲတဲ့ အဲဒီအကျင့်တွေဟာ ယခုလည်း အိန္ဒိယနိုင်ငံမှာ ဂျိန်းဝါဒ အယူရှိတဲ့ သူတွေက ကျင့်နေတုန်းပါပဲ၊ မြတ်စွာဘုရားသာသနာတော်မှာတော့ အဲဒီလို ကိုယ့်ကိုယ်ကို ညှဉ်းဆဲတဲ့ အတ္တကိလမထ-အကျင့်ကိုလည်း မကျင့်ရဘူး၊ ကောင်းပေဆိုတဲ့ အဝတ်အစား၊ နေရာတွေကို သာယာတပ်မက်ပြီးတော့ စည်းစိမ်ခံနေတဲ့ ကာမသုခလွှိက-အကျင့်မျိုးကိုလည်း မကျင့်ရဘူး၊ မဇ္ဈိမပဋိပဒါ-ခေါ်တဲ့ အလယ်လမ်း အကျင့်ကိုသာ ကျင့်ရတယ်၊ ဒါကြောင့် သုံးဆောင်သင့်တဲ့ ပစ္စည်းများကို သုံးဆောင်သင့်တဲ့အချိန်မှာ ဉာဏ်နဲ့ဆင်ခြင်ပြီး သုံးဆောင်ရတယ်၊ ဒီလိုသုံးဆောင်တာဟာ မှီရာလေးပါးထဲက ပထမ မှီရာကို မှီသည်မည်ပါတယ်။

ပြီးတော့ ဒုတိယ မှီရာက ဧကံ-တစ်ခုကို၊ သခ်ၤရ-ဆင်ခြင်၍၊ အဓိဝါသေတိ-သည်းခံ၏၊ သည်းခံသင့်တာတွေကို သည်းခံရမယ်တဲ့၊ ဘာတွေကို သည်းခံရမှာလဲဆိုရင် အအေးကို သည်းခံရမယ်၊ အပူကို သည်းခံရမယ်၊နားမချမ်းသာတဲ့အသံတွေ၊ စကားတွေကို သည်းခံရမယ်၊ ကိုယ်ထဲကိုက မခံသာတဲ့ ဒုက္ခဝေဒနာတွေ ထင်ရှားပေါ်လာရင် အဲဒါတွေကို သည်းခံရမယ်၊ တချို့က ဒုက္ခဝေဒနာကို သည်းမခံချင်ဘူး၊ ဒုက္ခဝေဒနာဖြစ်လာတာနဲ့ တစ်ခါတည်း အမှတ်လွတ်ပြီး သက်သာရာ သက်သာကြောင်းတွေကို လျှောက်လုပ်တတ်တယ်၊ အဲဒီလို တရားလက်လွတ် လုပ်နေရင် တရားက မတိုးတက်တော့ဘူး၊ ဒါကြောင့် ဒီဒုက္ခဝေဒနာတွေကို သည်းခံပြီး ရှုမှတ်ဖို့ရာ အလွန်အရေးကြီးပါတယ်။

တရားအားထုတ်လိုသူ့ မသာမရှိ

ကာယေ စ ဇီဝိတေ စ အနပေက္ခတံ ဥပဋ္ဌာပေတိ။

ကာယေ စ-ကိုယ်၌လည်းကောင်း၊ ဇီဝိတေ စ-အသက်၌

လည်းကောင်း၊ အနုပေက္ခတံ-မင့်ကွက် မတွယ်တာခြင်းကို၊ ဥပဌာပေတိ-ဖြစ်ပေါ်စေ၏။ ကိုယ်နဲ့အသက်ကို မင့်ကွက်ဘဲ အားထုတ်ပါတဲ့၊ တရားရရင် ပြီးရော၊ သေချင်လည်း သေပါစေ-ဆိုတဲ့ အနေနဲ့ စွန့်စွန့်စားစား အားထုတ်ပါတဲ့၊ ဒီလိုတိုက်တွန်းထားပါတယ်၊ ဒီနေရာမှာ "တရားက တယ်ရက်စက်ပါလား" လို့ တချို့က ထင်ချင်လည်းထင်ကြလိမ့်မယ်၊ ဒါက တရားရရေးအတွက် အားပေးတာပါ။တကယ်တော့လည်း တရားအားထုတ်လို့ သေတဲ့မသာရယ်လို့ မရှိပါဘူး။ သေဖို့မပြောနဲ့ တော့ ရောဂါဝေဒနာတောင် မဖြစ်တတ်ပါဘူး။ တချို့ ပုဂ္ဂိုလ်တွေမှာ ဆိုရင် တရားအားထုတ်တာနဲ့ မူလက ရှိနေတဲ့ ရောဂါတွေတောင် ပျောက်သွားတတ်ပါသေးတယ်။ဒီလို ရောဂါပျောက်သွားဖူးတာ တော်တော်များနေပါပြီ၊ ယခုပြီးခဲ့တဲ့ ဝါတွင်းက ဒကာမတစ်ယောက်မှာ သူ့ဝမ်းဗိုက်ထဲ အလုံးရှိနေသတဲ့၊ သွေးလုံးလား၊ လေလုံးလား၊ တစ်ခုခု ဖြစ်မှာပေါ့၊ သူက တရားအားမထုတ်ခင် အိမ်မှာနေတုန်းကတည်းက ကြာကြာမထိုင်နိုင်ဘူးတဲ့၊ ဧည့်သည်လာလို့ ဧည့်ခံစကားပြောနေတာတောင် ၁၀-မိနစ်၊ ၁၅-မိနစ်ကြာအောင် မထိုင်နိုင်ဘူးတဲ့၊ ဒါကြောင့် သူက ဆရာဝန်ကိုပြတော့ ဆရာဝန်က ခွဲထုတ်လိုက်မှ ပျောက်မယ်လို့ ပြောသတဲ့၊ ဒီတော့ သူက မခွဲခင် အားကိုးရာကလေးရအောင်လို့ ရည်ရွယ်ပြီးတော့ ဘုန်းကြီးတို့ သာသနာ့ရိပ်သာမှာ လာပြီးတော့ အားထုတ်တယ်၊သူ့ဆရာဝန်က ကြာကြာမထိုင်နဲ့၊ ကြာကြာထိုင်ရင် သေလိမ့်မယ်လို့လည်း ပြောထားသတဲ့၊ ဒါနဲ့ ကမ္မဋ္ဌာန်းပြတဲ့ ဆရာဘုန်းကြီးကလည်း သူ့အကြောင်း ကြားသိရတာနဲ့ "ကိစ္စမရှိပါဘူး၊ သူများလိုတော့ သိပ်ပြီး ပြင်းပြင်းထန်ထန် အားမထုတ်နဲ့၊ ဖြည်းဖြည်းချင်း ခပ်လျော့လျော့၊ ခပ်မှန်မှန်ပဲ အားထုတ်သွားတာပေါ့"လို့ ညွှန်ကြားထားတယ်။ အဲဒီလို ညွှန်ကြားတဲ့အတိုင်း ခပ်လျော့လျော့၊ ခပ်မှန်မှန် အားထုတ်လာရင်း၊ သတိ၊ သမာဓိဉာဏ်တွေက ကောင်းကောင်းလာသလောက် သူ့အလုံး ရောဂါကလည်း လျော့လျော့သွားတယ်။ နောက် တယ်မကြာခင်ဘဲ အဲဒီအလုံးရောဂါဟာ အကုန်ပျောက်ကင်းသွားတယ်၊ အဲဒီကနောက်မှာ ဘယ်လောက်ကြာအောင် ထိုင်ပေမယ်လို့ ဘာမျှမဖြစ်တော့ဘူးတဲ့၊ ဒါပေမယ့် သေချာသည်ထက် သေချာအောင် သူက ဆရာဝန်ကို သွားပြီး ပြပြန်တယ်။ ဆရာဝန်က စမ်းသပ်ကြည့်ပြီးတော့ ဘယ်လိုမျှရောဂါကို ရှာလို့မတွေ့ရတာနဲ့ "ခင်ဗျား ဘာလုပ်လို့ ပျောက်သွားသလဲ"လို့ မေးသတဲ့၊ဒီတော့"တရားအားထုတ်တာပါပဲ၊ တခြားတော့ ဘာမျှ မလုပ်ပါဘူး"လို့ ပြန်ပြောတော့ "ရောဂါလည်းမရှိပါဘူး၊ခွဲဖို့လည်း မလိုပါဘူး"လို့ ဆရာဝန်က ပြောလိုက်သတဲ့၊ ဒီလို တရားအားထုတ်လို့ ရောဂါပျောက်တဲ့ အခြားသူတွေလည်း တော်တော်များများ ရှိပါတယ်၊ ဒါကြောင့် -

ကာယေ စ-ကိုယ်၌လည်းကောင်း၊ ဇီဝိတေ စ-အသက်၌လည်းကောင်း၊ အနုပေက္ခတံ-မင့်ကွက် မတွယ်တာခြင်းကို၊ ဥပဌာပေတိ-ဖြစ်စေ၏လို့ ညွှန်ကြားတာက တော့ တရားထူးကို ရဖို့ရာ အားပေးတိုက်တွန်းထားတာပါပဲ၊ အဲဒါက သည်းခံနိုင်သမျှ သည်းခံပြီးတော့ ရှုမှတ်သွားဖို့ပါပဲ။သည်းမခံနိုင်လောက်အောင် ဝေဒနာလွန်ကဲလာတဲ့အခါကျတော့ ပြုပြင်ရပါတယ်။ "သည်းခံရင် နိဗ္ဗာန်ရောက်တယ်"လို့ မြန်မာစကားပုံက ဆိုထားတယ်။ အဲဒါဟာ တခြားနေရာမှာထက် ဒီတရားအားထုတ်ရာမှာ သာပြီးတော့ အရေးကြီးပါတယ်၊ ဒုက္ခဝေဒနာဖြစ်တိုင်း၊ ဖြစ်တိုင်း သည်းမခံဘဲ အမှတ်တမဲ့ပြုပြင်နေရင် သမာဓိမဖြစ်နိုင်ဘူး၊ သမာဓိမဖြစ်တော့ ဉာဏ်လည်းမဖြစ်ဘူး၊ ဒါကြောင့် ဒုက္ခဝေဒနာ တစ်ခုခုထင်ရှားပေါ်လာရင် သည်းခံနိုင်သမျှ သည်းခံပြီး ရှုမှတ်နေရတယ်၊ သည်းမခံနိုင်လောက်အောင် လွန်ကဲလာတော့မှ အမှတ်သတိ မလွတ်စေဘဲ ရှုမှတ်ရင်း ပြုပြင်ရတယ်၊ ဒါကြောင့် ဒီ သည်းခံတာဟာ မှီရာတစ်ပါးပါပဲ။

တရားအားထုတ်ဆဲမှာ ရှောင်ဖို့ရာ

ပြီးတော့ "မှီဝဲသည်းခံ၊ ရှောင်ပယ်လှန်၊ လေးတန်မှီရာများ" လို့ ဆိုထားတဲ့အတိုင်း တတိယမှီရာကတော့ ဧကံ-တစ်ခုကို၊ သခ်ါရ-ဆင်ခြင်၍၊ ပရိဝဇ္ဇေတိ-ရှောင်ကြဉ်၏တဲ့။ ဘေးရန်အန္တရာယ် ဖြစ်စေတတ်တာကို ရှောင်ရမယ်တဲ့၊ ဒါကတော့ လွယ်ပါတယ်၊ ခွေးကိုက်တတ်တဲ့နေရာကို မသွားနဲ့၊ ဆင်ကြမ်း၊ မြင်းကြမ်း၊ နွားကြမ်းတွေနား မကပ်နဲ့၊ ယာဉ်ရထားကြမ်းတွေကို ရှောင်ရမယ်၊ ယခု ကာလ မော်တော်ကားတွေက သိပ်ကြောက်စရာကောင်းတယ်၊ရန်ကုန်မှာဆိုရင် ကားတွေက အလွန်များတာနဲ့ နေ့စဉ်လိုပဲ

**ကာမစ္ဆန္ဒဆိုတာ
နှစ်သက်လိုချင်တဲ့ သဘောပဲ၊
ကာမ-လိုချင်တယ်၊
ဆန္ဒ-လိုလားတယ်၊
နှစ်သက်တယ်၊
ကာမဂုဏ်အာရုံတွေနဲ့စပ်ပြီး
နှစ်သက်လိုချင်တဲ့သဘောကို
ကာမစ္ဆန္ဒခေါ်တယ်၊
ကာမဂုဏ်တွေဆိုတာ
လိုချင်စရာတွေပါပဲ၊
သူကလည်းလိုချင်၊
ငါကလည်းလိုချင်၊
လူတိုင်းကလိုချင်နေတဲ့
အရာဝတ္ထုတွေပါပဲ၊ . . . .**

ကားတိုက်မှုတွေကို ကြားနေရတယ်။ ဒီသန်လျင်မှာတော့ ဒါလောက်များပုံ မရပါဘူး။ ဒါပေမယ့် ကားကိုတော့ သတိပြုပြီး ရှောင်မှပဲ၊ မရှောင်ရင် ဒုက္ခပေးသွားမှာ စိုးရိမ်ရတယ်၊နောက်ပြီးတော့ ရှောင်စရာတွေက ရှိသေးတယ်၊ ကျင်းတွေ၊ ချိုင့်တွေ၊ချောက်ကမ်းပါးတွေနားလည်း မသွားနဲ့တဲ့၊ အခန့်မတော်ရင် လိမ့်ကျသွားမှာ စိုးရိမ်ရလို့ပါပဲ၊ ပြီးတော့ ဆူးငြောင့်ခလုတ်များတဲ့ နေရာကိုလည်း မသွားနဲ့တဲ့၊ ဒါတွေဟာ ဘုန်းကြီးက ချဲ့ပြောနေတာ မဟုတ်ပါဘူး၊ ဘုရားဟော ပါဠိတော်ထဲမှာကို တိုက်ရိုက်ပြဆိုထားတာတွေပါ၊ ဆူးပေါတဲ့ နေရာသွားရင် ဆူးစူးပြီး နာကျင်နေတော့ တရားအားထုတ်မှု ပျက်သွားနိုင်ပါတယ်၊ ဒါကြောင့် ဒီလိုနေရာမျိုးတွေကိုလည်း ရှောင်ဖို့ ညွှန်ကြားထားပါတယ်၊ ငါဟာ တရားအားထုတ်နေတာပဲ ကိစ္စမရှိပါဘူးဆိုပြီးတော့ လူစွမ်းကောင်းကြီး မလုပ်ပါနဲ့၊ မသွားသင့်တဲ့နေရာတွေကို အရဲစွန့်ပြီး မသွားပါနဲ့တဲ့၊ မြတ်စွာဘုရားက ဆုံးမနေတာဟာ သားငယ်၊သမီးငယ် ကလေးတွေကို မိခင်က ယုယုယယနဲ့ သွန်သင်ဆုံးမနေသလိုပဲ၊ တယ်ကြည်ညိုစရာကောင်းတာပဲ၊ နောက်ပြီးတော့ မနီးစပ်သင့်တာတွေလည်း ရှိသေးတယ်။ ဘာတွေလဲဆိုရင် တရားအားထုတ်နေခိုက်မှာ ယောက်ျားနှင့်မိန်းမတွေ အချင်းချင်း မနီးစပ်ဖို့ပါပဲ၊ အထူးအားဖြင့်တော့ ရဟန်းတော်များမှာ ဒကာမတွေနဲ့ မနီးစပ်ဖို့ပါပဲ၊ အဲဒါကလည်း ရောနှောနီးစပ်နေရင် မဟုတ်ဘဲနဲ့လည်း အကဲ့ရဲ့ အစွပ်အစွဲခံရတတ်ပါတယ်။ ဒါကြောင့် အဲဒီဝိသဘာဂအာရုံတွေနဲ့လည်း မနီးစပ်အောင် ရှောင်ရပါတယ်၊ အဲဒီလို ရှောင်တာဟာလည်း တရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်မှာ မှီရာတစ်ခုပါပဲ၊ ဒါကတော့ လွယ်ပါတယ်၊ ခဲခဲယဉ်းယဉ်း ကျင့်နေတာ မဟုတ်ပါဘူး၊ မသွားသင့်တဲ့နေရာတွေ မသွားဘဲ နေရုံမျှပါပဲ။

ပယ်လှန်သင့်တာတွေ ပယ်လှန်ပစ်

စတုတ္ထမှီရာကတော့ ဧကံ-တစ်ခုကို၊ သခ်ါရ-ဆင်ခြင်၍၊ ဝိနောဒေတိ-ပယ်ဖျောက်၏-တဲ့။ပယ်လှန်သင့်တာတွေကို ပယ်လှန်ပစ်ရမယ်လို့ ဆိုလိုပါတယ်၊ ဘာတွေကို ပယ်လှန်ရမှာလဲဆိုရင် ကာမဂုဏ်နဲ့စပ်ပြီးတော့ ကြံစည်စိတ်ကူးတဲ့ ကာမဝိတက်ကိုလည်း ပယ်ရမယ်၊ သူတစ်ပါးကို သေပါစေ၊ ပျက်စီးပါစေလို့ ကြံစည်စိတ်ကူးတဲ့ ဗျာပါဒဝိတက်ကိုလည်း ပယ်ရမယ်၊ သူတစ်ပါးကို ကိုယ်နဲ့ဖြစ်ဖြစ်၊ နှုတ်နဲ့ဖြစ်ဖြစ် ညှဉ်းဆဲနှိပ်စက်ဖို့ ကြံစည်စိတ်ကူးတဲ့-ဝိဟိံသာဝိတက်ကိုလည်း ပယ်ရမယ်-တဲ့၊ ဒါကအရေးကြီးပါတယ်။ တချို့ကသိပ်မခက်ပါဘူးလို့ ထင်ချင်လည်းထင်နေကြမယ်၊ ခက်ပါတယ်။အများကြီးကို ခက်ပါတယ်၊ ကာမဂုဏ်နဲ့စပ်ပြီးတော့ ကြံစည်နေတာဆိုပါတော့၊ အဲဒါလေးကို လက်မခံဘဲ ပယ်ဖို့ရာဟာ အများကြီးခက်ပါတယ်၊ ကိုယ်လိုချင်တာကလေးတွေကိုရဖို့၊ ကိုယ်တွေ့ချင်တဲ့ သူနဲ့တွေ့ဖို့၊ကိုယ်ဖြစ်ချင်တဲ့အတိုင်း ဖြစ်ဖို့ ကြံစည်နေတဲ့သူမှာ အဲဒီလို ကြံစည်နေရတာကို အရသာရှိတယ်လို့ ထင်နေတယ်။ ကိုယ့်အတွင်းသားအနေနဲ့လည်း ထင်နေတယ်၊ အဲဒါကို ဘုန်းကြီးတို့က

ရှုမှတ်ပြီး ပယ်ဖို့ပြောရတယ်၊ ကြံရင်ကြံတယ်၊ ကြံတယ်လို့ မှတ်ပြီးပယ်လိုက်ပါလို့ ပြောရတယ်၊ ဒီတော့ တချို့က ပြောကြတယ်၊ တရားအားထုတ်ရတာက တယ်ကျပ်တည်းတာကိုး၊ စိတ်တောင်မှ မကူးရဘူး၊ ချုပ်ချယ်လိုက်တာ လွန်ပါရော၊ လွတ်လွတ်လပ်လပ်ကို မနေရတော့ဘူးလို့ ညည်းညူပြီး ပြောကြတယ်၊ အဲဒီလို ပြောကြတာဟာ ဟုတ်တော့လည်း ဟုတ်ပေတာပဲ၊ တရားအားမထုတ်ခင်ကဆိုရင် ကြံချင်ရာကြံ၊ တွေးချင်ရာတွေး၊ စဉ်းစားချင်ရာ စဉ်းစားလို့ လွတ်လွတ်လပ်လပ်နေခဲ့ရတာကိုး၊ ဒီလို လွတ်လွတ်လပ်လပ်နေလာရာထဲက စိတ်တိုင်း၊ စိတ်တိုင်းကိုလိုက်ပြီး မပြတ်ရှုနေရတယ်ဆိုတော့ သူ့ခမျာ တော်တော်တာဝန်လေးနေတာပေါ့။

ဒါပေမယ့် အားထုတ်ခါစ တစ်ရက်၊ နှစ်ရက်၊ သုံးရက်လောက်အတွင်း အသားမကျသေးခင်လောက်ဘဲ တာဝန်လေးတတ်ပါတယ်၊နောက် အသားကျသွားတဲ့အခါကျတော့ အဲဒီလို မပြတ်ရှုနေရတာကလေးကိုက ကောင်းနေတာ၊ စိတ်မကူးရ၊ မကြံမတွေးရဘဲနဲ့ ဖြစ်တိုင်း၊ ဖြစ်တိုင်းကို လိုက်ပြီး မပြတ်ရှုနေရတာကိုက အရသာပေါ်ပြီး အင်မတန်ကောင်းနေတာ၊ စမ်းကြည့်ပါ၊တရားအရသာ ဘယ်လောက် ကောင်းတယ်ဆိုတာ ကိုယ်တိုင်ပဲ သိရပါလိမ့်မယ်၊ဘုန်းကြီးတို့ သာသနာ့ရိပ်သာမှာ နိုင်ငံခြားက ပုဂ္ဂိုလ်တွေလည်း လာပြီး အားထုတ်ကြပါတယ်။ အဲဒီ နိုင်ငံခြားသားတွေကတော့ အများအားဖြင့် ဘုန်းကြီးတို့ ပြနေတဲ့ တရားလုပ်ငန်းစဉ် အကြောင်းကို သိပ်မသိကြပါဘူး၊သဒ္ဓါတရားရှိလို့သာ လာပြီးအားထုတ်ကြပါတယ်၊ အားထုတ်ခါစမှာ သူတို့က ဘယ်လိုပြောသလဲဆိုတော့ သူတို့ အနောက်နိုင်ငံသားတွေက စာမကြည့်ရလျှင် မနေတတ်ဘူး၊ စာမရေးရဘူး ဆိုတာဟာ သူတို့အတွက် အင်မတန်ဝန်လေးပါတယ်တဲ့။ ဟုတ်တယ်၊ သူတို့မှာ စာကြည့်၊ စာရေးတဲ့ဘက်က အင်မတန်ဝါသနာပါနေတယ်၊ အချိန်ရတိုင်း သူတို့က စာကြည့်နေတတ်တယ်၊ စာရေးနေတတ်တယ်၊စာအုပ်နဲ့မျက်နှာ ပြတ်နေတယ်လို့ မရှိလှဘူး။ ဒါကြောင့် စာမကြည့်ရ၊ စာမရေးရတာဟာ သူတို့အတွက် အင်မတန် တာဝန်လေးနေရှာကြပေလိမ့်မယ်။ ဒါပေမယ့် စာကြည့်၊ စာရေးနေတယ်ဆိုတာ ဂန္ဓပလီဗောဓထဲ အပါအဝင်ပဲ၊ ဒါကြောင့် တရားအားထုတ်နေရင်း စာတွေကြည့်နေမယ်၊ စဉ်းစားတိုင်း၊ စဉ်းစားတိုင်း သမာဓိပျက်နေတယ်၊ သမာဓိမဖြစ်တော့ ဉာဏ်လည်း မဖြစ်နိုင်ဘူး။ဒါကြောင့် စာမကြည့်ရဘူး၊ စာမရေးရဘူးဆိုတာကို အနောက်နိုင်ငံသားတွေ အတွက် အထူး သတ်မှတ်ထားရတယ်။

အမေရိကန်သား မစ္စတာဒုဗော

ဒါဟာ သူတို့စိတ်ထဲမှာ တော်တော် တာဝန်လေးရှာကြပါတယ်၊ ဒါလည်း အစလောက်ပါပဲ၊ နောက်ကျတော့ တာဝန်မလေးကြ၊ မခက်ကြပါဘူး၊ ခုနက သီလပေးတိုက်တွန်း တရားဟောသွားတဲ့ ဦးကေတုမာလာဘိဝံသပြောသွားတာကို ကြားလိုက်ကြတယ်မဟုတ်လား၊ သာသနာ့ရိပ်သာမှာ ဝါတွင်းက သူနဲ့ အတူတူ အားထုတ်တဲ့ အမေရိကန်သား မစ္စတာ ဒုဗောရဲ့အကြောင်းကို သတိပြုမိကြရဲ့ မဟုတ်လား၊ အဲဒီ မစ္စတာ ဒုဗောဟာ တော်တော်ကို အံ့သြစရာကောင်းပါတယ်။အင်မတန် တော်တဲ့ ပုဂ္ဂိုလ်ပါပဲ၊ သူအားထုတ်တာ ခုနစ်လလောက်ကြာသွားပါတယ်။ ပထမ လူဝတ်နဲ့စပြီး အားထုတ်တယ်၊နောက် ဝိပဿနာတရားတွေ ကောင်းကောင်းပြည့်စုံပြီလို့ အားရကျေနပ်လောက်တဲ့အခါမှာ ရဟန်းဝတ်ပြီးတော့လည်း ဆက်လက်အားထုတ်သွားပါတယ်၊ သူက စိတ်တိုင်း၊ စိတ်တိုင်းကိုလိုက်ပြီး မပြတ်ရှုမှတ်ရတဲ့ ဒီသတိပဋ္ဌာန်တရားအလုပ်ဟာ အင်မတန်ကောင်းတဲ့အကြောင်း၊ သူတို့ရဲ့ ဥရောပ၊ အမေရိကန်နိုင်ငံတွေမှာ လောကီပစ္စည်းတွေနဲ့ ကြွယ်ဝပြည့်စုံနေသော်လည်း ဒီလိုစိတ်ကို ပြုပြင်တဲ့နည်းက မရှိလို့ လူတွေဟာ ရာခိုင်နှုန်း (၆၀)ကျော်လောက်က စိတ်ဆင်းရဲနေကြတဲ့ အကြောင်းများကို သူက ပြောပါတယ်၊သူမြန်မာပြည်က ပြန်သွားလို့ ဟိုရောက်တဲ့အခါမှာ ဒီသတိပဋ္ဌာန်ကမ္မဋ္ဌာန်းနည်းကို ညွှန်ကြားပြသပြီးတော့ သူမိတ်ဆွေတွေ၊ သူ့လူမျိုးတွေ စိတ်ချမ်းသာအောင် ပြုပြင်ပေးမယ်ဆိုတဲ့အကြောင်းလည်း အားရဝမ်းသာနဲ့ ပြောသွားပါတယ်၊ ဘယ်လောက်အောင်မြင်တယ်ဆိုတာကတော့ သူ့ဆီက သတင်းရမှ ဆုံးဖြတ်ရမှာပဲ၊ ဒီသတိပဋ္ဌာန်ရှုမှတ်နည်းက ဘယ်သူဖြစ်ဖြစ် တကယ်အားထုတ်ကြည့်ရင် မစ္စတာဒုဗောလိုပဲ စိတ်ကို တကယ်ချမ်းသာစေတဲ့ တရားပဲဆိုတာ ကိုယ်တိုင်တွေ့ရပါတယ်၊ အင်မတန်ကောင်းတဲ့တရားပါပဲ၊ဒါကြောင့် ကာမဝိတက်အစရှိတဲ့ ကြံစည်မှုတွေ ဖြစ်ပေါ်လာရင် လက်မခံဘဲ မြန်မြန်

ရှုမှတ်ပြီး ပယ်ရမယ်၊ အဲဒီလို ပယ်တာဟာလည်း အရိယာဝါသ လုပ်ငန်းစဉ်ထဲမှာ မှီရာတစ်ပါးပဲ၊"မှီဝဲသည်းခံ ရှောင်ပယ်လှန်၊ လေးတန်မှီရာများ" ဆိုတဲ့ မှီရာလေးပါး အရိယာဝါသ ကတော့ နားလည်လောက်ပါပြီ။

အင်္ဂါငါးပါးကို ပယ်ပုံ

အဲဒီ မှီရာလေးပါးကိုမှီပြီးတော့ "ဖြစ်တိုင်းမှတ်ရှု၊ သတိပြု၊ စောင့်မှု အစဉ်ထား"ဆိုတဲ့ အရိယာဝါသအရ ဒွါရခြောက်ပါးက ပေါ်လာသမျှကို မပြတ်လိုက်ပြီး ရှုမှတ်နေတော့ ရှေးဦးစွာ ဘာကိုတွေ့တတ်သလဲဆိုရင် နီဝရဏငါးပါးဆိုတဲ့ တရားဆိုးတွေကိုတွေ့ရတတ်တယ်၊အားထုတ်စ ပုဂ္ဂိုလ်မှာ သတိနဲ့ သမာဓိက အားမကောင်းသေးတဲ့အတွက် စိတ်ကို ကောင်းကောင်း မထိန်းနိုင်ဘူး၊ ဒါကြောင့် စိတ်က သူသွားနေကျ အာရုံတွေဆီကိုချည်း သွားနေတတ်တယ်။ အဲဒါတွေဟာ ရှုမှတ်မှု ဘာဝနာကို တားမြစ်တတ်တဲ့အတွက် သူတို့ကို နီဝရဏလို့ခေါ်တယ်၊ အဲဒါတွေကို ရှုမှတ်ပြီး ပယ်ရတယ်၊ မပယ်ရင် သူတို့က နိဗ္ဗာန်မဂ်ဖိုလ်ကို မသွားနိုင်အောင် တားမြစ်ထားတတ်တယ်၊ ဒါကြောင့် မြတ်စွာဘုရားက ပဉ္စင်္ဂပ္ပဟီနော-အင်္ဂါငါးပါးကိုပယ်ပြီး ဖြစ်ရမယ်လို့ ပထမဆုံး အရိယာဝါသကို အကျဉ်းချုပ် ဟောထားပါတယ်။

အဲဒါကို အကျယ်ဝေဖန်ပုံကတော့-

ကထဉ္စ ဘိက္ခု ပဉ္စင်္ဂပ္ပဟီနော ဟောတိ။

ဘိက္ခဝေ-ရဟန်းတို့၊ဘိက္ခု-ရဟန်းသည်၊ ဘိက္ခု-သံသရာဘေးကို ရှုမြင်သောပုဂ္ဂိုလ်သည်၊ ဘိက္ခု-ကိလေသာကို ဖျက်ဆီးတတ်သော ပုဂ္ဂိုလ်သည်၊ ကထဉ္စ-ဘယ်ပုံ၊ဘယ်နည်းဖြင့်၊ ပဉ္စင်္ဂပ္ပဟီနော-အင်္ဂါငါးပါးကို ပယ်ပြီးသည်၊ ဟောတိ-ဖြစ်ပါသနည်း-တဲ့။ဒါက အကျယ်ဝေဖန်ပြတော့မယ်လို့ မေးခွန်းထုတ်လိုက်တာ။

အကျယ်ဝေဖန်ပုံကတော့-

ဣဓ ဘိက္ခဝေ ဘိက္ခုနော ကာမစ္ဆန္ဒော ပဟီနော ဟောတိ၊ဗျာပါဒေါ ပဟီနော ဟောတိ၊ ထိနမိဒ္ဓံ ပဟီနံ ဟောတိ၊ ဥဒ္ဓစ္စကုက္ကုစ္စံ ပဟီနံ ဟောတိ၊ဝိစိကိစ္ဆာ ပဟီနာ ဟောတိ။

ဘိက္ခဝေ-ရဟန်းတို့၊ဣဓ-ဤသာသနာတော်၌၊ဘိက္ခုနော-ရဟန်းသည်၊ ဝါ-သံသရာဘေးကို ရှုမြင်သောပုဂ္ဂိုလ်သည်၊ ဝါ-ကိလေသာကို ဖျက်ဆီးတတ်သော ပုဂ္ဂိုလ်သည်၊ ကာမစ္ဆန္ဒော-ကာမအလိုဆန္ဒကို၊ ပဟီနော-ပယ်အပ်ပြီးသည်၊ ဟောတိ-ဖြစ်၏၊ ဗျာပါဒေါ-စိတ်ပျက် စိတ်ဆိုးမှု ဗျာပါဒကို၊ ထိနမိဒ္ဓံ ထိုင်းမှိုင်းပျင်းရိမှု ထိနမိဒ္ဓကို၊ ဥဒ္ဓစ္စကုက္ကုစ္စံ-ပျံ့လွင့်မှု ပူပန်မှုကို၊ ဝိစိကိစ္ဆာ-ယုံမှား တွေးတောမှုကို၊ပဟီနော-ပယ်အပ်ပြီးသည်၊ ဟောတိ-ဖြစ်၏၊အကျဉ်းချုပ်ကတော့ နီဝရဏငါးပါး တရားဆိုးတွေကို ပယ်ရမယ်လို့ ဆိုလိုပါတယ်၊ ဒီ နီဝရဏငါးပါး ပယ်ဖို့ကတော့ အစဉ်အတိုင်း ဆောင်ပုဒ်ကလေးတွေကိုဆိုပြီး ရှင်းပြသွားရမယ်၊ပထမဆောင်ပုဒ်က"နှစ်သက်လိုချင်၊ ကြွေးမြီတင်၊ အလျင်ပယ်ဖျောက်လေ"တဲ့၊ ကဲ-ဒါကို ဆိုကြရမယ်။

"နှစ်သက်လိုချင်၊ကြွေးမြီတင်၊ အလျင် ပယ်ဖျောက်လေ"ဆို။

နှစ်သက်လိုချင်တာ ကာမစ္ဆန္ဒ

ကာမစ္ဆန္ဒဆိုတာ နှစ်သက်လိုချင်တဲ့ သဘောပဲ၊ ကာမ-လိုချင်တယ်၊ ဆန္ဒ-လိုလားတယ်၊နှစ်သက်တယ်၊ ကာမဂုဏ်အာရုံတွေနဲ့စပ်ပြီး နှစ်သက်လိုချင်တဲ့သဘောကို ကာမစ္ဆန္ဒခေါ်တယ်၊ ကာမဂုဏ်တွေဆိုတာ လိုချင်စရာတွေပါပဲ၊ သူကလည်းလိုချင်၊ ငါကလည်းလိုချင်၊ လူတိုင်းကလိုချင်နေတဲ့ အရာဝတ္ထုတွေပါပဲ၊ စားစရာကလေး ဆိုပါတော့၊လူတွေက နှစ်သက်လို့၊ စားချင်လို့ စားရအောင် တမင်ပြုပြင်ပြီးထားတယ်၊ ဒီအထဲမှာ ယင်ကောင်က ရောက်လာတယ်၊ သူကလည်း နှစ်သက်တယ်၊ စားချင်တယ်၊ ပုရွက်ဆိတ်ကလေးတွေက ရောက်လာပြန်တယ်၊ သူတို့လည်း နှစ်သက်ကြ၊ စားချင်ကြတာပဲ၊ ဒါကြောင့် ဒီအကောင်တွေ မလာနိုင်အောင် လုံလုံခြုံခြုံ ဖုံးအုပ်ထားရတယ်၊လူက စားသောက်နေရာမှာလည်း သူတို့က ဝင်ဝင်ပြီး စားလိုက်သေးတယ်၊ ဒါကြောင့် ဒီလို အမျှားသူငါက လိုချင်နေတဲ့ အရာဝတ္ထုတွေကို ကာမဂုဏ်လို့ ခေါ်ပါတယ်။ ကြည့်လို့ ရှုလို့ ကောင်းတဲ့ အဆင်းအာရုံဝတ္ထုတွေ၊ နားထောင်လို့ ကောင်းတဲ့ အသံအာရုံဝတ္ထုတွေ၊ အနံ့ကောင်း အာရုံဝတ္ထုတွေ၊အရသာကောင်း အာရုံဝတ္ထုတွေ၊ တွေ့ထိစရာ အာရုံဝတ္ထုကောင်းတွေ၊ ဒါတွေဟာ သူတကာက လိုချင်နေကြတာတွေပဲ၊ ဒါကြောင့် ကာမဂုဏ်လို့ခေါ်တယ်။

■ ဆက်လက်ဖော်ပြပါမည်

မြတ်ရတနာသုံးစုံ သရဏာဂုံ

မဟာဟေဓိမြိုင်ဆရာတော်

"အေး . . သီလတွေကိုခံယူ၊ ဒီသီလတွေကို ဆောက်တည်ပ့ါမယ်လို့ ခံယူ၊ ခံယူပြီးလို့ ပြောတဲ့အတိုင်း မလုပ်လို့ရှိရင် ပေးသူဥပဇ္ဈာယ်လည်း တာဝန်ရှိတယ်။ ဆိုပါစို့၊ စစ်မတိုက်ချင်တဲ့ လူတစ်ယောက်ကို လက်နက်ကို တပ်မျှူးက ထုတ်ပေးလိုက်တယ်။ အဲဒီတော့ သူက စစ်မှ မတိုက်ချင်ဘဲကွယ့်။ မတိုက်ချင်တဲ့ ပုဂ္ဂိုလ်ကို ဒီလက်နက် ထုတ်ပေးလိုက်လို့ ဒီလက်နက်ကြီးကို သူက မရိုမသေနဲ့ ကိုင်မယ်၊ ပေ့ါပေ့ါဆဆနဲ့ ကိုင်မယ်၊ ငေးတိုးငေးဝိုင် ကိုင်မယ်ဆိုလို့ရှိရင် ဒီလက်နက် ရန်သူလက်ထဲပါသွားရင် တပ်မျှူးမှာလည်း တာဝန်ရှိတယ်။ ဒါကြောင့်မို့ တို့က အပ္ပမာဒသတိနဲ့ သရဏာဂုံလက်နက်ကိုပေးမယ့် ပုဂ္ဂိုလ်တွေအတွက် ဘယ်လောက်တောင် တစ်ကြိမ်တောင်းရုံနဲ့ အင်း . . သူတို့ သူများ ဆိုလို့ဆိုတာနဲ့တူပါရဲ့။ နှစ်ကြိမ်ဆိုရင်တော့ သူတို့ တော်တော်လေးကို စိတ်ပါလို့ နှစ်ကြိမ်ထိ တောင်းတာထင်ရဲ့၊ နည်းနည်းစဉ်းစားလာသဗျ။ သုံးကြိမ်ဆိုရင်တော့ သူတို့ အင်မတိ၊အင်မတန်ကို စေတနာပြင်းထန်လွန်းလို့ သုံးခါတောင်းတာပဲဆိုပြီးတော့ ပေးရတာ။ အဲဒါ သုံးကြိမ်ဆိုရခြင်းရဲ့ အကြောင်းဗျာ။ သုံးကြိမ်

ဘာကြောင့် ဆိုရသလဲလို့မေးရင် ဖြေနိုင်ရမယ်။ ဟုတ်ရဲ့လားဗျာ"

"မှန်ပါ့ဘုရား"

"အေး . . တို့ သရဏာဂုံ ရှိနေတဲ့ ပုဂ္ဂိုလ်က သရဏာဂုံလက်နက်ကို ထုတ်ပေးတယ်။ သရဏာဂုံလက်နက်ကို ထုတ်ပေးပိုင်ခွင့်အာဏာရှိတဲ့ သံဃာက ပေးတဲ့အခါမှာ ယူသူက တောင်းပြီး ပစ်စလက်ခတ်ထားမှာစိုးလို့ သုံးကြိမ်တောင်းရတာဗျ။ အဲလိုလည်း သဘောပေါက်ထား၊ တစ်ခါ တို့ဆိုတော့မှာကိုး။ ယမဟံ ဝဒါမိ တံဝဒေထ-ဟုတ်ရဲ့လား"

"မှန်ပါ့ဘုရား"

"ဒါက တို့သရဏာဂုံအတွက်ကို ပြောတာဗျ။ အဲဒီတော့ တို့ပါဠိလိုတော့ ယမဟံ ဝဒါမိ တံဝဒေထ-မြန်မာလိုတော့ဖြင့် အကြင်စကားကို ငါဆိုတော့မယ်။ ငါဆိုမယ့်စကားကို သင်ဒကာ၊ ဒကာမတို့ လိုက်ဆိုကြလို့ပြောတာ။ အဟံဘန္တေတုန်းကလည်း ဆိုတာပဲမဟုတ်ဘူးလား။ အခုမှ ဘာလို့ ဒီစကားပြောရတာတုံး။ မေးရမှာပေါ့။အဟံဘန္တေတုန်းကလည်း အဟံဘန္တေမဆိုမီ ယမဟံ ဝဒါမိ တံဝဒေထ မတိုင်မီဆိုရမှာပဲလေ။ ဆိုလားဗျ။ ဘာလို့ မဆိုတုံး။ သရဏာဂုံခံယူတဲ့အချိန်မှာ စိတ်တပိုတပါးသွားမှာစိုးလို့ သတိပေးတာ။ ယမဟံ ဝဒါမိ တံဝဒေထ ဆိုတာ ပါဠိလိုပြောတာ။ မြန်မာလို ငါဆိုသလို လိုက်ဆိုလို့ ပြောတာ။ အဲဒီတော့ ယမဟံဝဒါမိ တံဝဒေထဆိုတာ ငါဆိုသလို လိုက်ဆိုလို့ပြောတာပဲလို့ ဒီလောက်တော့ တို့ဘက်က သဘောပေါက်ထားရမယ်။ ခုနက အဟံဘန္တေ တိသရဏေနသဟ အဋ္ဌင်္ဂသမန္နာဂတံ ဥပေါသထ သီလံ ဒါကတော့ လုံးစေ့ပတ်စေ့ အကုန်လုံးတော့ ရမှာ မဟုတ်ဘူး။ သို့သော် တို့ ဒကာ၊ ဒကာမများဘက်က အဲဒီ အဟံဘန္တေဆိုနေတဲ့အချိန်ကျရင် တပည့်တော် သို့မဟုတ် တပည့်တော်မအား သရဏာဂုံသုံးပါးနှင့် ရှစ်ပါးသော သိက္ခာပုဒ်ကို ပေးတော်မူပါဘုရား။ သို့မဟုတ် သရဏာဂုံနှင့် ငါးပါးပါဘုရား။ကိုးပါးပါဘုရား။ ဆယ်ပါးပါဘုရား။ ဒီလောက်တော့ စေတနာပါရမယ်။ ဆိုနေကျမို့ ဆိုတာ မျိုး မဖြစ်စေရဘူး။ ဆိုနေကျမို့ ဆိုတာကျတော့ ဟိုတုန်း ကတည်းက စေတနာမှ မပါဘဲနဲ့၊ ဘယ်လိုလုပ် ဒီသီလ တွေ မြဲမှာတုံး။ မိရိုးဖလာ ဘုန်းကြီးက ရှေ့က ဆိုနေလို့ နောက်ကလိုက်ဆိုတာမျိုး မဖြစ်စေရဘူးလေ။ ဟုတ်ရဲ့လား"

"မှန်ပါ့ဘုရား"

"အဲဒီတော့ အဟံဘန္တေဆိုတဲ့အခါကျရင် ခုနက တို့ပြောသလို လုံးစေ့ပတ်စေ့မသိသည့်တိုင်အောင် ဘုရားတပည့်တော်အား သရဏာဂုံသုံးပါးနှင့် ရှစ်ပါးသောသိက္ခာပုဒ် ပေးတော်မူပါဘုရား။ စိတ်ထဲကတော့ ပါရမယ်။ နှလုံးသွင်းရမယ်။ ဘုရားတပည့်တော်မအား သရဏာဂုံသုံးပါးနဲ့ ရှစ်ပါးသော သိက္ခာပုဒ် ပေးတော်မူပါဘုရား။ ဒီလောက်တော့ ပါရမယ်ဟေ့။ အာမဘန္တေဆိုတဲ့အခါလေ။ ယမဟံ ဝဒါမိ တံဝဒေထ-ဆိုရင် ငါဆိုသလို လိုက်ဆိုလို့ ပြောတာပါ။ ဒီလောက်တော့ သဘောပေါက်ရမယ်။ လုံးစေ့ပတ်စေ့တော့ ခေတ်ပုဂ္ဂိုလ်တွေ သဘောမပေါက်နိုင်တော့ဘူး။ သာသနာနဲ့ ဝေးနေကြပြီကိုး။ ဒီလောက်တော့ သဘောပေါက်ရမယ်။ အဲဒီတော့ ဘာဖြစ်လို့ အခုမှ ငါဆိုသလို လိုက်ဆိုလို့ သတိပေးသလဲဆိုတော့ မေးစရာရှိတယ်။ သရဏာဂုံခံယူတဲ့အချိန်မှာ စိတ်တခြားသွားနေရင် မတည်ဘူး။ ကိုယ်နဲ့နှုတ်နဲ့တည်မှ မနောမှာတည်မှာ၊ မနောမှာတည်မှ တရားရမှာ၊ မဟုတ်ဘူးလား"

"မှန်ပါ့ဘုရား"

"အဲဒီတော့ ဒီမနောလေးခေါ်တဲ့ စိတ်ကလေးက ဗုဒ္ဓံ သရဏံ ဂစ္ဆामိလို့ ပါးစပ်ကဆိုနေတယ်ကွယ့်။ အိမ်စိတ်ပြန်ရောက်နေတယ်။ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ စိတ်ကအိမ်ပြေးနေတယ်။ မရဘူး။ အရင်းမှမရှိဘဲနဲ့ ဘယ်လိုလုပ်ပြီး အမြတ်ထွက်အောင်သွားလို့ ရမှာတုံး။ ဟုတ်ရဲ့လား။ အမြတ်ထွက်အောင် သွားဖို့ဆိုတာ အစကတည်းက၊ အရင်းကတည်းက သေချာအောင်လုပ်။ ကိုယ်ရော၊စိတ်ရော၊ နှုတ်ရော၊ နှုတ်ကသွားတယ်ဆို နှုတ်မှာပေါ့ကွယ်။ သုံးခုလုံးဆုံနေရမယ်တဲ့။ အဲလိုဆုံစေချင်လို့ ဒီယမဟံ ဝဒါမိ တံဝဒေထနဲ့ သတိပေးတာ။ တို့ အဲလိုလည်း သဘောပေါက်ရမယ်ဟဲ့။ အဲဒီတော့ သရဏာဂုံကျတော့ ဒုတိယမ္ပိ၊ တတိယမ္ပိ ပေးတာကျတော့ အဟံဘန္တေ သုံးကြိမ်နဲ့ မတူဘူးတဲ့။အဟံဘန္တေ သုံးကြိမ်ကျတော့ တို့နဲ့ ဆိုင်သဗျာ။ ဒုတိယမ္ပိ၊ တတိယမ္ပိသရဏာဂုံကျတော့ တို့ ဒကာ၊ ဒကာမတွေနဲ့ ဆိုင်သဗျာ။ တို့ကနေ ဒီလိုပြောနေတော့လည်းပဲ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ လိုက်ဆိုတယ်။စိတ်ပါသွားမယ်။ တစ်ကြိမ်မတည်ဘူး။ တစ်ကြိမ်မတည် တစ်ကြိမ်တည်အောင်တော့ တို့ဒကာ၊ ဒကာမတွေ သုံးကြိမ်ဆိုရတယ်။ တို့သိမ်ဝင်တော့ ကမ္မဝါ မဖတ်ဘူးလား။ သုံးဆိုင်းသုံးဆိုင်း ဖတ်ရတယ်လေ။ ဒီဆိုင်းနဲ့ ရဟန်း

မဖြစ်ခဲ့ရင် ဒုတိယဆိုင်းနဲ့ ဖြစ်အောင်ပေါ့။ ဒုတိယဆိုင်းနဲ့ ရဟန်းမဖြစ်ခဲ့ရင် တတိယဆိုင်းနဲ့ကျတော့ ဧကန်ဖြစ်ရအောင်ဆိုပြီး ရဟန်းများသိမ်ဝင်တဲ့အခါ သုံးကြိမ်ကမ္မဝါရွတ်ရသလိုပဲ။ တို့ ဒီမှာလည်း သရဏဂုံတင်ရင်လည်း သုံးကြိမ်တင်ရတာဗျ။ တို့ဒကာ၊ ဒကာမတွေအတွက်ဗျ။ တကယ်လို့များသာ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိကလေးပါကပ်နေ၊ သံဃံ သရဏံ ဂစ္ဆာမိဆိုလည်း စိတ်ကလေးပါကပ်နေပြီဆိုရင်တော့ တစ်ကြိမ်နဲ့တွင် တည်ပါတယ်။ သေချာပါတယ်။ အဲလိုဖြစ်အောင်လည်း တို့ကကြိုးစား၊ ဒါသရဏဂုံ တည်တာလေ။ တည်ပြီးမှသာ သွားလို့ရတာမဟုတ်ဘူးလား။သို့မဟုတ် သရဏဂုံကို ပေးပိုင်ခွင့်ရှိတဲ့ အာဏာရှိတဲ့ သံဃာက ရှေ့ကနေ သရဏဂုံ တစ်လုံးပြီးတစ်လုံး၊ တစ်လုံးပြီးတစ်လုံး ရင်းတည်ပေးလိုက်တာ။ တည်ပေးလိုက်တယ်ဆိုတာနဲ့ အတူတူပဲမဟုတ်ဘူးလား။ ဒါလေးကို တို့ကပွားရမှာ မဟုတ်ဘူးလား။ ပုတီးနဲ့ပွားရင် ပုတီးတစ်ပတ်နေရင် သရဏဂုံ တစ်ရာ့ရှစ်ဆယ်မဟုတ်ဘူးလား။ အဲလို ပွားခိုင်းတာကွယ့်။ အဲလိုပွားရအောင်လို့ တင်ပေးလိုက်တာ။ ဒါအရင်းတည်ခေါ်တယ်။ အဲဒီမှာ မေ့မေ့ကြီးလိုက်လာမှာစိုးလို့ ယမဟံ ဝဒါမိနဲ့ တို့သတိပေးတာ။ ဟုတ်ရဲ့လားဗျာ”

“မှန်ပါ့ဘုရား”

“အဲဒီတော့ တို့သရဏဂုံ မပေးမီကျတော့ နမောတဿက တို့ကို ဘုရားအာရုံပြုခိုင်းတာ၊ ဘာဖြစ်လို့တုံး။ သရဏဂုံသုံးပါးရဲ့ ပိုင်ရှင်သည် ဘုရားမဟုတ်ဘူးလား။ ဘုရားပွင့်မှ တရားပေါ်သည်။ တရားကျင့်မှ သံဃာထင်တယ်။ တရားက သက္ကရာဇ်(၁၀၃)ခုနှစ်၊ ကဆုန်လပြည့် ပေါ်တာထင်တယ်။ ဘုရားက စတုတ္ထသတ္တာဟ ဖြစ်တဲ့ ရတနာဃရ ရွှေအိမ်ကျမှ ပေါ်တာမဟုတ်ဘူးလား။ သံဃာက ဝါဆိုလပြည့်နေ့ကျမှ ပေါ်တာမဟုတ်ဘူးလား။ ဘုရားပွင့်မှ တရားပေါ်တာထင်တယ်”

“မှန်ပါ့ဘုရား”

“ရတနာဃရရွှေအိမ် အဘိမမ္မာတရားခုနစ်ကျမ်းစီးဖြန်းမှ ဒီတရားတော်တွေအားလုံး ပွင့်တာမဟုတ်လား။ ရောင်ခြည်တော်ခြောက်ပါးနဲ့တကွလေ။ အဲဒီတော့ တရားတော်က စတုတ္ထသတ္တာဟ နှစ်ဆယ့်ရှစ်ရက်နောက်ကျမှာလေ။ သံဃာက ပဉ္စဝဂ္ဂီ၊ ဝါဆိုလပြည့်နေ့မှ မဟုတ်ဘူးလား။ အဲဒီတော့ ဘုရားပွင့်မှ တရားပေါ်တာဗျ။ တရားတော်အတိုင်း လိုက်နာကျင့်သုံးမှ သံဃာပေါ်တာ မဟုတ်ဘူးလားဟေ့။ အဲဒီတော့ ဘုရားတဲ့၊ တရားတဲ့၊ သံဃာတဲ့ ဒီသုံးခုရဲ့ ပိုင်ရှင်သည် ဘယ်သူတုံး။ ဘုရားမဟုတ်ဘူးလား။ ဒါကြောင့်မို့ သရဏဂုံသုံးပါး ခံယူတော့မယ်ကြံရင် ဘုရားကို အရင်အာရုံပြုခိုင်းတာဗျ။ နမောတဿက အဲဒါလေ၊ နမောတဿဆိုရင် ဘုရားအာရုံပြုဗျ။ ဘုရားအာရုံမပြုဘူးဆိုရင် တို့တွေ့ရသလောက်တော့ နမောတဿ လေးကြိမ်ကို ဖြစ်ဖြစ်သွားတာထင်တယ်။ သူ့အရင်ငါ၊ ငါ့အရင်သူထင်တယ်။ ဘယ့်နှယ် အခု နမောတဿ လေးကြိမ်ဖြစ်သွားပြီထင်တယ်။နမောတဿကကို ဘုန်းကြီးက တာလွှတ်လိုက်ရသလိုပဲ။ နမောတဿအပြေးပြိုင်ပွဲတော့ မလုပ်ကြနဲ့။ အဲဒီတော့ နမောတဿဆိုရင် ဘုရားကို အာရုံပြု။သူက ဘုရားဂုဏ်ကို ချီးကျူးလိုက်တာကွယ့်။ ဘဂဝတော ဘုန်းတော်ခြောက်ပါးနဲ့ ပြည့်စုံတော်မူသော ရှင်တော်မြတ်ဘုရား၊ ဒါလည်း ဘုရားကို ချီးကျူးတာပဲ။ အရဟတော-လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်းတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်သောဘုရား၊ ဒါလည်း ဘုရားဂုဏ်ထင်တယ်ဟေ့။ သမ္မာသမ္ဗုद्ध-သစ္စာလေးပါး တရားမှန်ကို မဖောက်မပြန် သယမ္ဘူဉာဏ်ဖြင့် မိမိအလိုလို ကိုယ်တော်တိုင်ထိုးထွင်း၍ သိတော်မူသောဘုရားထင်တယ်ဟေ့။ ဒါပြီးမှ တဿ-ထိုကဲ့သို့ ဂုဏ်အပေါင်းနဲ့ ပြည့်စုံတော်မူသော ရှင်တော်မြတ်ဘုရား၊ နမော-ဘုရားတပည့်တော် ရှိခိုးပါတယ်ဘုရား။ နမော-ဘုရားတပည့်တော်မ ရှိခိုးပါတယ်ဘုရား။ ဒါ မဟုတ်ဘူးလား”

“မှန်ပါ့ဘုရား”

“တို့ ဘုရားရှင်လက်ထက်တုန်းကတော့ သိကြားမင်းကြီး သန်းခေါင်ယံအချိန်ကြွလာရင် အဲဒါနဲ့ရှိခိုး၊ တစ်ခါတည်း ရှင်မဟာသာရိပုတ္တရာကိုယ်တော်ကြီးလည်း ကြားဖူးပါတယ်။ သိကြားမင်းလည်း ကြားဖူးပါတယ်။ သူတို့နှစ်ဦး အထူးဆုံးပါပဲ။ ဘုရားကို ရိုသေတဲ့နေရာလေ။ ဂန္ဓကုဋ္ဌိတိုက်တော်ကြီးထဲ ဝင်လာကတည်းက ခြေတစ်လှမ်းချင်း လက်အုပ်ကလေးချီလို့။ သူတို့ ချီနေတဲ့အချိန် မတ်တတ်ရပ်နေတဲ့အချိန်ကျတော့ ရင်ညွန့်မှာထားရတယ်။ ဘာဖြစ်လို့တုံး။ ဘုရားရဲ့ရတနာကို အသည်းပြင်မှာတင်၍ ရှိခိုးတဲ့အခါကျတော့ ခေါင်းပေါ်မှာထားရတယ်။ ဘာဖြစ်လို့တုံး၊ အမြတ်ဆုံးဖြစ်တဲ့ ဦးထိပ်မှာ ဘုရားကို အာရုံမှာ ဦးတင်ရှိခိုးတာ၊ ဂါရဝပြုတဲ့အခါကျရင် ရင်ညွန့်မှာလေ။ ကျဲကျဲလှမ်းရင် ကိုးရိုးကားရားကြီး၊ မဟုတ်တာတွေ အကုန်ပေါ်ကုန်မှာပေါ့။ တစ်လှမ်းချင်းလေး ရိုရိုသေသေ

သွားရတယ်။ အဲလိုလေး သွားတယ်။ ပြီးတော့ သင့်တင့်လျောက်ပတ်တဲ့အရပ်၊ အနောက်လည်း မဖြစ်စေရဘေးကလည်း မဖြစ်စေရ၊ ရှေ့တည့်တည့်ကြီးလည်း မဖြစ်စေရ၊ လေတင်ဘက်ကလည်း မဖြစ်စေရဘူး၊ လေအောက်ကလည်း ကြားရမယ်လေ။ ပြီးတော့ မနီးလွန်း၊ မဝေးလွန်းဖြစ်တဲ့ ငါးတောင်လောက်က၊ အဲဒီတော့ ခြေစုံရပ်ပြီးတော့ အသည်းပြင်မှာ ဘုရားကို မနောမာတ်ကလေးနဲ့ ပူဇော်ပြီးတော့ကို ဒီလိုရပ်၊ ပြီးတော့ နမောတဿကို သိကြားမင်းက ရှိခိုးသတဲ့။ ဒါ သိကြားဥဒါန်းလို့ ခေါ်တယ်။ သာသနာကျတော့လေ”

“မှန်ပါ့ဘုရား”

“အဲဒါ သိကြားမင်းကြီးလာတိုင်းလာတိုင်း သန်းခေါင်ယံအချိန်ကျတော့လေ၊ အဲဒီလိုခြေစုံရပ်ပြီး ဂါရဝပြု၊ ဒါပေမယ့် ရှိခိုးတာကျတော့ ထိခြင်းကြီးငါးပါးနဲ့၊ ရှေးခေတ် တုန်းကတော့ မတ်တတ်ရပ်ပြီး ဂါရဝပြု၊ ရှိခိုး၊ တစ်ခါ ပြန်ထ၊ မတ်တတ်ရပ် ဂါရဝပြု၊ တစ်ကြိမ်ရှိခိုး၊ ရှိခိုးတာက မာန်ချတာ၊ ဒါက အရိုအသေပြုတာ၊ နင့်ဟာလား၊ ငါ့ဟာလား ပြောတဲ့ဟာကြီးကို ခေါင်းကြီးစိုက်ပြီးတော့ လုပ်ချင်တာလုပ်တော့လို့ ပြောလိုက်တော့ ဟုတ်ရဲ့လား။ မာန်ချလိုက်တာ၊ တို့လူလူချင်းကျတော့ ခေါင်းထောင်ထားတာ မဟုတ်ဘူးလား။ မင်းလုပ်ရင် ငါချမှာကိုး။ အခုဒါကျတော့ ဘုရားရဲ့ခြေတော်ထိပ်ကို ဦးတိုက်ထားတော့ တာလေ။ မာန်ချလိုက်တာပဲ။ ရှိခိုးတာက ဒါက ဂါရဝပြုတာ၊ အရိုအသေပြုတာ၊ တို့ စစ်နဲ့ပြောရင်တော့ စလူးရိုက်တာ၊ ဗိုလ်ကြီးတွေ့ရင် စလူးရိုက်တာထင်တယ်။ ‘ဘတ်’ဆို၊ အေး-အဲဒီတော့ ရှေးခေတ်က ကုလားတွေ ရှိခိုးတာ၊ ဒီလိုပဲ မတ်တတ်တစ်ကြိမ်၊ ဒါပြီးထိုင်၊ ဒါပြီး မတ်တတ်တစ်ကြိမ်၊ ဒါပြီးထိုင်၊ ဒါပြီး မတ်တတ်တစ်ကြိမ်၊ ဒါပြီးထိုင်၊ အဲဒါ သိကြားမင်းကြီးက အဲလိုရှိခိုးတာ၊ တို့တော့ အကုန်ပျင်းတော့ ဒါနဲ့ပဲ ပြီးသွားတာထင်တယ်။ ခရီးရှည်က မသွားချင်တော့ ဖြတ်လမ်းက ချလိုက်တာပေါ့ဟေ့၊ တို့ အခုဟာက ဖြတ်လမ်းကချတာ၊ သိကြားမင်းကြီးက အဲလိုပဲ၊ ကြာမှာစိုးလို့ ဖြတ်လမ်းက ချလိုက်တာထင်တယ်။ အဲလို ဒါက ဂါရဝပြုတာ၊ ဟိုဟာက ရှိခိုးတာ၊ ရှိခိုးတာက မာန်လျှော့တာ၊ မာန်လျှော့ချလိုက်တာ၊ ပြီးတော့ ထိခြင်းကြီးငါးပါးတဲ့။ နဖူးနဲ့ကြမ်းပြင်၊ လက်နဲ့ကြမ်းပြင်၊ တံတောင်နဲ့ကြမ်းပြင်၊ ပြီးတော့ နဖူးနဲ့ လက်၊ တံတောင်နဲ့ဒူး၊ အဲလိုထိပြီးတော့ ဒါလေးကြည့်လိုက်ရင် အရုပ်ကြိုးပြတ်ကလေးထင်တယ်။ သို့မဟုတ် ဝက်တုတ်ကလေးပေါ့။ တုပ်ထားတာ၊ အရုပ်ကြိုးပြတ်ကလေး။ အဲဒါ မာန်လျှော့ဖို့၊ တောင့်တောင့်ကြီးမဖြစ်စေနဲ့။ မာန်လျှော့ချပါတယ်ဆိုမှ အရုပ်များ ကြိုးဖြုတ်ချတော့ အဲလိုပုံ့ပုံ့လေး မဟုတ်ဘူးလား”

“မှန်ပါ့ဘုရား”

“တည်ခြင်းကြီးငါးပါးဆိုတာ၊ တို့ အဲဒီထိခြင်းကြီးငါးပါးကြောင့် တို့မာန်တက်နေတာ။ တို့ ပဋ္ဌိသန္ဓေယူပြီးလို့ အစကတော့ ချင်းတက်ကြီးလိုပဲ။ ချင်းတက်ကြီးမှာ အဖုကလေးတွေမရှိဘူးလား ထိပ်မှာ၊ ဦးခေါင်းဖြစ်မယ့်နေရာ ပြောင်းဖူးစေ့လေးလို ဘုလေး၊ လက်နှစ်ဖက်ထွက်မယ့်နေရာလည်း ဘုလေးနှစ်ဘု၊ ခြေနှစ်ချောင်းထွက်မယ့်နေရာလည်း ဘုလေးနှစ်ဘု၊ အဲဒါလေးနဲ့တည်ပြီးတော့မှ ခေါင်းရယ်၊ လက်ရယ်၊ ခြေရယ်၊ အဲဒီတော့ ချရင် လက်သီးနဲ့ထိုးလိုက်ရ၊ ငါခြေထောက်နဲ့ ကန်လိုက်ရနဲ့၊ အဲဒီ ပထမအရင်းတည်ထားတဲ့ တည်ခြင်းကြီးငါးပါးနဲ့ ကျုပ်တို့က ဘာလုပ်တာလဲ၊ ငါကိုယ်စောင်းပစ်တိုက်လိုက်ရလို့ တစ်ခါမှမပြောဘူး။ တကယ်လို့ ခေါင်းလည်းဖြုတ်၊ လက်လည်းဖြုတ်၊ ခြေထောက်လည်းဖြုတ်ရင် ကိုယ်ကြီးပဲ၊ ဘာမျှမရှိဘူး။ ဒီငါးခုရှိလို့ မာန်ရှိတာထင်တယ်။ အဲဒီတော့ တည်ခြင်းကြီးငါးပါးကို အကုန်လုံးဝက်တုပ်ကလေးလိုဖြစ်အောင် မာန်ချလိုက်တာ။ ဒါကြောင့်မို့လို့ တည်ခြင်းကြီးငါးပါးလို့ခေါ်တယ်။ ထိခြင်းကြီးငါးပါးလို့လည်း ခေါ်တယ်။ အဲဒါက မာန်လျှော့တာ၊ဒါက ဂါရဝပြုတာ၊ အဲဒီတော့ သိကြားမင်းကြီးက အဲလိုဂါရဝပြုပြီးမှ သူ နာစရာရှိတဲ့တရားကိုလည်း နာတယ်။မေးစရာရှိတဲ့ကိစ္စကိုလည်း အဲဒီမှာမေးတာ။ ဒါကြောင့် နမောတဿသည် သိကြားဥဒါန်း၊ဘုရားရှင်ကို ခီးကျူးဂုဏ်ပြုတဲ့ သိကြားဥဒါန်းလေ။ ဒါ ဘုရားရှင်ရဲ့ဂုဏ်တော်တွေကို အာရုံပြုပြီးတော့ ကန်တော့တာမဟုတ်ဘူးလား။သို့မဟုတ် ဘုရားရှင်ရဲ့ ဂုဏ်တော်တွေကို ဥဒါန်းကျူးပြီးတော့ ကန်တော့တာ မဟုတ်ဘူးလား။ ဒီတော့ သိကြားဥဒါန်း။ တို့ကတော့ သရဏဂုံသုံးပါးရဲ့ ပိုင်ရှင်အစစ်ဖြစ်လို့ သရဏဂုံတွေကို တို့က ပေးတော့မယ်ကြံရင် အဲဒီတော့ ဘုရားရဲ့သရဏဂုံ၊ ဘုရားပိုင်တဲ့ဓမ္မရဲ့ သရဏဂုံ၊ဘုရားပိုင်တဲ့ သံဃသရဏဂုံကို ဘုရားကိုယ်စား တို့ကပေးတော့ မယ်ကြံရင် ဘုရားကို အာရုံပြုခိုင်းတာ နမောတဿ ဟုတ်ရဲ့လား”

"မှန်ပါ့ဘုရား"

"အဲဒီတော့ ဘုရားကိုအာရုံပြုခိုင်းမှ ရော့ဆိုပေးတာ၊ အဲဒီတော့ နမောတဿဆိုရင် ဘုရားကိုအာရုံပြုပြီးမှဆိုပါ။ မယူခင်ကလည်း ယမဟं ဝဒါမိ တံဝဒေထနဲ့ သတိပေးပြီးမှ ပေးတာနော်။ ယူပြီးပြန်တော့လည်း တိသရဏ ဂမဏံ ပရိပုဏ္ဏာ-ဒါနဲ့ သတိထပ်ပေးတာထင်တယ်၊ ဒါကို မကျေနပ်သေးဘူး၊ သီလပေးပြီး ထပ်ပေးဦးမှ၊ ခင်ဗျားတို့ သရဏဂုံနဲ့ ပတ်သက်လာရင် သုံးကြိမ် ခင်ဗျားတို့ကို သတိပေးမှာ၊ အခုဒါတော့ သရဏဂုံရဲ့ အဝင်နဲ့အထွက်၊ အဲဒီတော့ မိဘက သူ့မှာရှိထားတဲ့ ရတနာလေးကို သားလေးတွေ၊ သမီးလေးတွေက အရွယ်ရောက်လာပြီ၊ ဝတ်ချင်စားချင်စိတ်ပေါ်လာပြီ၊သူများတွေနဲ့ တန်းတူ ရတနာကလေးတွေ ဆွဲချင်ကြတယ်။ အဲဒီတော့ ဆွဲချင်တော့ မိဘများက ဒီရတနာလေးကို ဆွဲပေးဖို့ကြံရင် သား- ဒါလေး မပျောက်ပျက်စေနဲ့နော်၊ သေချာသိမ်းနော်၊ ရိုရိုသေသေနော်၊ ဘာဖြစ်လို့ဆို ရတနာဆိုတာ သူများခိုးတတ်တယ်။ ကိုယ်လိုပဲ သူများလည်း ကြိုက်တာပဲ။ အဲဒီတော့ ဒီရတနာ သူများခိုးမှာစိုးလို့ မိဘသည် ဒီရတနာကို ဆွဲတဲ့အချိန်ကျတော့လည်း စိတ်မချလို့ တတွတ်တွတ်မှာသလိုပဲ။ သူဆွဲပြီး နောက်ပိုင်းတော့ ဒီရတနာလေးကို ပိုးစိုးပက်စက်နဲ့ အိပ်ရာဘေးထားပစ်လိုပစ်ထား၊ စားပွဲပေါ် ချွတ်ပုံလို ပုံထားဆို သူများခိုးမသွားပေဘူးလား။ အဲဒီတော့ မိဘကတော့ ကိုယ့်သမီးလေးဝတ်စေချင်လို့ဟဲ့၊ ကိုယ့်သားလေး ဝတ်စေချင်လို့ဟဲ့၊ သုံးစေချင်လို့ပေးတာ၊ ကိုယ့်သား၊ ကိုယ့်သမီးက အဲလို ပစ်စလက်ခတ်ပစ်ထားရင်၊ သူများလက်ထဲရောက်ရင် မိဘ ဘယ်စိတ်ချမ်းသာမလဲ။ ဒါကြောင့်မို့ ပေးပြီးနောက်တော့ ဒီအတိုင်းပဲထင်တယ်။ သရဏဂုံပေးပြီးနောက်လည်း ဒီအတိုင်းပဲ သတိပေးတာ မဟုတ်ဘူးလား။ စိတ်မချလွန်းလို့၊ ဒီရတနာလေးတွေ ပျောက်မှာစိုးလို့။ ဒါကြောင့် သရဏဂုံအရေးကြီးလွန်းလို့ အဝင်လည်းပေးတယ်၊ အထွက်လည်းပေးတယ်ဗျ။ သတိပေးပြီးတော့မှ သရဏဂုံ မပေးလည်း သတိပေးတတ်ထင်တယ်။သရဏဂုံ မပေးလည်း သတိပေးတယ်ထင်တယ်။ သရဏဂုံပေးပြီးနောက်လည်း သတိပေးဗျ။ ပျောက်မှာစိုးလို့။ တို့ကတော့ တော်တော်လေးကြာရင်တော့ ထရံချိတ်ထားလိမ့်မယ်ထင်တယ်ဗျ။ စွဲပါ့မလား။ အိပ်ပျော်နေတော့ ရတနာကြီး ဘေးနားပုံထားလိမ့်မယ်ထင်ပါတယ်။နားကပ်ဆိုရင်လည်း သွားလည်း နားမှာအမြဲထင်တယ်ဟေ့၊စားတော့ရောဟေ့၊ အိပ်တော့ရောဟေ့၊ ဘယ်အချိန်ချွတ်တုံးဟေ့၊ အေး . . အဲဒီအတိုင်း တို့သတိလေးနဲ့ သရဏဂုံသုံးပါး တစ်ပါးပါးကိုလည်း စားစား၊ သွားသွား၊ နားနားနေနေ နေခဲ့လို့ နားမှာကပ်နေတဲ့ နားကပ်ကလေးလို ဖြစ်စေချင်တာ။ ဒါကြောင့်မို့ သတိပေးတာ၊ တို့ သည်ရတနာကို ပေးထားတာလေးကို တို့က အမှုမဲ့၊ အမှတ်မဲ့နေရင် အတွေးတစ်ချက်ပေါ်ရင် တစ်ခါပျောက်မှာပဲ။ အတွေးကလည်း အမြဲချောင်းနေတာ။ အတွေးတစ်ချက်ပေါ်ရင် တစ်ချက်ပျောက်မှာပေါ့။ ပျောက်မှာစိုးလို့ ဒါကြောင့်မို့ ဒီလောက်ထိ သတိပေးကြတာတဲ့ဗျ။ သရဏဂုံမှာ အဝင်ရော၊ အထွက်ရောထင်တယ်။ အရေးကြီးလွန်းလို့။ ကဲ-သီလယူကြစို့။ ပါဏာတိပါတာ၊ နေ့တိုင်းကျတော့ ငါးပါးထင်ဗျာ။အဲဒါ အာမဘန္တေခံသည်ဖြစ်စေ၊ မခံသည်ဖြစ်စေ လူဖြစ်ရင် ဆောက်တည်ရမယ့် သီလငါးပါး သီလပုဒ်လေ၊ ဘာဖြစ်လို့တုံး။ တိရစ္ဆာန်နဲ့ လူနဲ့ကြားကို စည်းရိုးထားခြင်း၊ တိရစ္ဆာန်က ငါကြိုက်ရင် ကြိုက်သလို လိုက်တာပဲ ထင်တယ်။ ဘယ်သူ ဘာဖြစ်နေနေထင်တယ်။ ငါမကြိုက်တော့ မကြိုက်သလို လိုက်တိုက်ခိုက်တာထင်တယ်။ ဘယ်သူ ဘာဖြစ်နေလေ၊ ကိုယ်ချင်းစာသလား"

"မစာပါဘုရား"

"သနားသလား၊ မေတ္တာစိတ်ရှိသလား"

"မရှိပါဘုရား"

"ခြေကလည်း ဗိုက်ဆာရင် စားတာပဲ။ ဖားကလေး ဘယ်လောက်ပဲ ရှေ့ကနေ မျက်ရည်လည်ရွဲနဲ့ ဘယ်လောက်တောင်းပန်နေနေ မလွှတ်ဘူး။ အဲဒီတော့ လူ့ဘဝကိုလည်း စည်းစိမ်ခံစားတဲ့နေရာမှာလည်း ဘေးကင်းရန်ကင်းနဲ့ သူ့ရဲ့ကံအရှိန်၊ ကံသတ္တိရှိသလောက် အကျိုးခံစားခွင့်၊ အသက်နေထိုင်ခွင့်၊ အဲဒီလိုရှိဖို့ရာအတွက် ဒီငါးပါးသီလယူရတာထင်တယ်။နတ်ပြည်ရောက်လို့ရှိရင်လည်း ဘေးကင်း၊ ရန်ကင်းနဲ့ နတ်စည်းစိမ်ကို တို့ကံအရှိန် သတ္တိရှိသလောက်၊ စေတနာအရှိန် သတ္တိရှိသလောက် သွားခံစားတဲ့နေရာမှာ သက်တမ်းအရဖြစ်စေ၊ စီးပွားရေးအရဖြစ်စေ၊ အနှောင်အတား ကင်းကင်းလေးနဲ့ မတောင့်မတ၊ မကြောင့်မကြအောင် ဒီသီလကိုယူတာ၊ ဒါကြောင့်မို့ တို့မှာ ကာမအာရုံကိုခံစားဖို့ရာအတွက် ကျင့်ရတဲ့ သိက္ခာပုဒ်ဖြစ်လို့ ငါးပါးပေးထားတာ၊ တို့ ဒီကနေ့တော့ သာသနာ့နယ်မြေရောက်တော့ မဂ္ဂင်ရှစ်ပါးနဲ့ မဂ်

ဖိုလ်နိဗ္ဗာန်ကို သွားမှာဖြစ်တဲ့အတွက် ရှစ်ပါးပေးတာ။ သို့သော် ဒီကနေ့ ရှစ်ပါးမကဘူး။ နစ္စ၊ဂီတကိုတွက်ကြည့်၊ နှစ်ပါးကို ပေါင်းပေးထားတာ၊ ရှိတဲ့အတိုင်း ပေးရင် ကိုးပါး ဖြစ်ရမှာပေါ့။ ဆယ်ပါးထဲက ငွေကိုနုတ်ပြီးတော့လေ၊ ငွေပါ ဆယ်ပါးဆိုရင် အရိယာသီလ မဟုတ်ဘူးလား”

“မှန်ပါ့ဘုရား”

“တို့ ဒါကျတော့ ဗြဟ္မသီလ၊ ကာမက လွန်မြောက်တာ မဟုတ်ဘူးလား။ အဗြဟ္မသိက္ခာပုဒ်ကို ထိန်းရမှာ ထင်တယ်ဟေ့။ မမြတ်သော မေထုန်အကျင့်ကို ရှောင်ရခြင်းဖြစ်တဲ့အတွက် တို့ ဒါ ဗြဟ္မသီလ၊ ဒီတော့ ဗြဟ္မသီလကို ဘာဖြစ်လို့ ကိုးပါးရှိတာတောင် ရှစ်ပါး ဘာလို့ ကန့်သတ်သလဲဆို မဂ္ဂင်ရှစ်ပါးနဲ့ကိုသွားရမှာမို့၊ မဂ္ဂင်ရှစ်ပါးနဲ့ သွားရမှာမို့၊ အဲဒီတော့ သရဏဂုံသုံးပါး အပ္ပမာဒသတိနဲ့ရှု။ တစ်ချက်မှတ်ရင် တစ်ချက်ကိလေသာ ငြိမ်းသွားတာ ထင်တယ်ဟေ့။ အဲဒီတစ်ချက်မှတ် တစ်ချက်မှတ်နေတာလေးတွေ လေ့ကျင့်နေတာ သီလမဟုတ်ဘူးလား။ အဲဒါ သိက္ခာမဟုတ်ဘူးလား။ အဲဒါ သိက္ခာတင်နေတာ။ တစ်ချက်မှတ်ရင် တစ်ချက် သိက္ခာတင်နေတာ။ အဲဒါ ကျင့်နေတာနဲ့ သိက္ခာ အတူတူပေါ့။ အဲဒါ သီလသိက္ခာ၊အဲဒီတော့ တစ်ချက်မှတ်၊ တစ်ချက် ပုတီးကမှတ်မှတ်၊ နှာသီးက မှတ်မှတ်၊ မှတ်တဲ့နေရာလေး မှတ်ချိန်လေး မြဲမြဲမသွားဘူးလား”

“မြဲသွားပါတယ်ဘုရား”

“အဲဒါ သမာဓိမဟုတ်ဘူးလား၊ သမာဓိဖြစ်အောင် ကျင့်ပေးနေတာ၊ သမာဓိသိက္ခာ မဟုတ်ဘူးလား။ အဲဒီတော့ တစ်ချက်မှတ်ရင် တစ်ချက်မှတ်အကြောင်းတော့ မသိဘူးလား။ အနည်းဆုံးပြောတာ၊ အများဆုံးကတော့ ပုတီးလုံးနဲ့ထိတဲ့ပုဂ္ဂိုလ်၊ ပုတီးလုံးနဲ့ လက်ညှိုးထိတာလောက်တော့ သိတာပဲ၊ နှာသီးနဲ့ လေနဲ့မှတ်တဲ့ ပုဂ္ဂိုလ်၊ နှားသီးနဲ့ လေနဲ့တိုက်တာ၊ ထိတာတော့ သိတာပဲ၊ အဲဒီတော့ ထိမှန်းသိတယ် ဆိုတာ၊ ဒါ ပညာသိက္ခာ မဟုတ်ဘူးလား။ ဒါအကျင့်နဲ့ ကျင့်ပြီးတော့ သိက္ခာတင်နေတာ မဟုတ်ဘူးလား။ အဲဒီ သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာထဲမှာ မဂ္ဂင်ရှစ်ပါး အကုန်ပါတာ မဟုတ်ဘူးလား”

“မှန်လှပါဘုရား”

■ဆက်လက်ဖော်ပြပါမည်

ကျမ်းပြုအကျော် အမရပူရမြို့

မဟာဂန္ဓာရုံဆရာတော်

အရှင်ဇနကာဘိဝံသ

၏

ဘဝလမ်းညွှန် အဆိုအမိန့်များ

စိတ်ကို အမြဲ ပြုပြင်ပါ

ဆင်းရဲဒုက္ခမှန်သမျှဟာ လိုချင်တဲ့ လောဘကြောင့်ချည်းဖြစ်တာ များပါတယ်။ လောဘကြီးလေ ဒုက္ခကြီးလေ၊ လောဘနည်းလေ ဒုက္ခနည်းလေ ဖြစ်ပါတယ်။ လောဘ လုံးဝမရှိတော့တဲ့ ရဟန္တာများမှာတော့ ဒုက္ခလည်း လုံးဝမရှိတော့ဘဲ နိဗ္ဗာန်စံကြရတယ်။

ရှေးသူတော်ကောင်း အလောင်းတော်ကြီးတွေဟာ လောဘရဲ့ အပြစ်တွေကို မြင်တဲ့အတွက်ကြောင့် ရှိပြီးတဲ့ စည်းစိမ်တွေကိုတောင် စွန့်ပစ်ပြီး တောထွက်တော်မူကြတယ်။ ရှေးသူတော်ကောင်းကြီးတွေရဲ့လမ်းကို လိုက်လျှောက်နိုင်အောင် ကိုယ့်ရဲ့စိတ်ကို အမြဲပြုပြင်နေပါ။

■

အသိမှန်ကန် ကိုယ်ဖိုက္ခန်

တိပိဋကဓရ(ယော)ဆရာတော်

သံသရာဆိုတာ တစ်ပြေးညီ၊ တစ်ဖြောင့်တည်း ကျင်လည်ရတာ မဟုတ်ပါဘူး။ နိမ့်လိုက်၊ မြင့်လိုက်၊ စုန်လိုက်၊ ဆန်လိုက်၊ တက်လိုက်၊ ကျလိုက် ကျင်လည်ရတာပါ။ သတိ၊ ပညာနဲ့ အကွက်စေ့အောင် မထိန်းချုပ်၊ မပြုပြင်နိုင်ရင် အဝိဇ္ဇာမိုက်၊ တဏှာကြိုက်ရဲ့ အင့ိုက်ဖမ်းကာ အလဲတွန်းတတ်တာကြောင့် စည်းဘောင်မရှိ၊ မျောမိ မျောရာ မျောပါတတ်ပါတယ်။ သံသရာခရီးမှာ ပညာအလင်းရောင်မပါဘဲ ကျင်လည်ရမှာ ကြောက်စရာအကောင်းဆုံးပါ။ ဒါကြောင့် ယခုလို ရှုပ်ပိုင်းဆိုင်ရာရော စိတ်ပိုင်းဆိုင်ရာပါ ပြည့်စုံတဲ့ ခန္ဓာတည်ဆောက်မှုကို ရထားတုန်း၊လက်လှမ်းမီသလောက် အသိပညာ ကြွယ်ဝအောင် ကြိုးစားထားကြရပါမယ်။ တစ်ဖက်မြင် "ဘဝရပ်တည်ရေး" ပညာသာမက နှစ်ဖက်မြင် "ဘဝအသုံးချရေး" ပညာအထိ ပြည့်ဝစုံလင်အောင် ဆည်းပူးရယူထား။

နှစ်ဖက်မြင် ပညာလည်းမရှိ၊ ယုံကြည်ချက်လည်း ကင်းမဲ့နေရင် ကိုယ့်လမ်းကို ကိုယ်မရှင်းနိုင်ဘဲ ရည်မှန်းချက်လည်း မပြတ်သား၊လမ်းကြောင်းလည်း မပီပြင်၊ စည်းကမ်းဘောင်လည်းမရှိ ထင်ရာလျှောက်

လုပ်တော့မှာပါပဲ။ အမြင်မပါဘဲ အထင်နဲ့သာ လုပ်ရင်တော့ ကိုယ့်လမ်းကို ကိုယ်မှန်အောင် လျှောက်နိုင်ဖို့ မလွယ်ကူပါဘူး။ ရနေတဲ့ ဘဝကောင်းလေး နစ်နာပြီး အပါယ်ကျကာ ကောင်းကျိုးခံစားခွင့်တွေ ဆုံးရှုံးသွားနိုင်ပါတယ်။ ဘဝမှာ အမြင်ပီပြင်ပြီး ခံယူချက်ကြည်လင်ပါမှ ကိုယ့်လမ်းကိုယ်ရှင်းပြီး ကိုယ့်လမ်းကိုယ်မှန်အောင် လျှောက်တတ်ပါတယ်။ အသိမှန်ကန်မှ အဖိုးတန်ဘဝ ပိုင်ဆိုင်နိုင်ပါတယ်။

လူ့လောကမှာ 'ဖို့'(၃)ဖို့ရှိပါတယ်။မြေကျွေးဖို့ ခန္ဓာစုတာ၊ထိုက်သူ သုံးဖို့ ပစ္စည်းစုတာ၊ ကိုယ်ပိုင်ရဖို့ တရားစုတာ၊ အဲဒီသုံးမျိုးပဲ။ခန္ဓာထဲက ကောင်းမှုတရား စိတ်စွမ်းအားတွေ ရအောင် မဖော်ထုတ်ဘဲ ခန္ဓာကို အလိုလိုက်ပြီး မေ့လျော့ပေါ့ဆနေသူဟာ ခန္ဓာကိုယ်စုနေသူပဲ။ ကျွေးရုံသာ ကျွေးထားပြီး ခန္ဓာကို ကိုယ့်တာဝန် မထမ်းစေဘဲ ကိုယ်ကသာ ခန္ဓာတာဝန်ကို ထမ်းနေရသူမျိုးပါ။ ခန္ဓာစုတာဟာ သေတဲ့အခါ မြေကြီးကျွေးဖို့ မြေကြီးတိုးဖို့သာ ဖြစ်ပါတယ်။ နောက်ပြီး ဒုက္ခအပူထပ်တိုးဖို့သာပဲ ဖြစ်ပါတယ်။

ခန္ဓာက တာဝန်ပေးထားတဲ့ ပစ္စည်းဥစ္စာ ရှာဖွေစုဆောင်းတာဟာလည်း တကယ်တော့ ထိုက်သူသုံးဖို့ပဲ ဖြစ်ပါတယ်။ ကိုယ်ရှာထားတာ ကိုယ်ပဲသုံးရမယ်လို့ တစ်ထစ်ချပုံသေ တွက်လို့ မရပါ။ ရန်သူမျိုး ငါးပါးက ကိုယ့်ထက် လက်ဦးချင်လည်း ဦးတတ်ပါတယ်။ ခန္ဓာနဲ့ ပစ္စည်းဟာ အရေးကြုံရင် ကိုယ့်ဘက်ကလည်း မရပ်တည်၊ အာမလည်းမခံ၊ တာဝန်လည်း မယူပါဘူး။ ဒါကြောင့် ခန္ဓာကို အလိုလိုက်ရုံ၊ ပစ္စည်းစုနေရုံနဲ့ တော့ အနေလည်းမရဲ။အသေလည်း မရဲပါ။ ကြောက်မြဲ ကြောက်နေတာပါပဲ။

ဒီတော့ ခန္ဓာနဲ့ ပစ္စည်းဥစ္စာတွေကနေ ကောင်းကျိုးပြုစွမ်းအားတွေ ပေါ်ထွက်ပြီး အဖိုးလည်းတန်အောင်၊အမာခံစွမ်းအား အစစ်လည်းရအောင်ဆိုရင် တရားကိုပါ ဧကန်စုရပါမယ်။ တရားစွမ်းအားကို ရမှ ကိုယ်ပိုင်တန်ခိုး တိုးပါတယ်။ ဘာကြောင့်လဲဆိုတော့ တရားစွမ်းအား နည်းရင် နည်းသလောက် တိုးပွားလာတဲ့ ရုပ်ဝတ္ထုတွေက ကြောက်စရာ ကောင်းပါတယ်။ တရားစွမ်းအား မြင့်မားလှမှသာ မြင့်မားသလောက် ရရှိလာသမျှ ရုပ်ဝတ္ထုတွေဟာ အရည်အသွေး တောက်ပြောင်ပြီး ချစ်စရာ ကောင်းပါတယ်။ ဒါကြောင့်ပါပဲ။

နောက်ပြီးတော့ စိတ်အားထက်သန်စွာနဲ့ စုဆောင်းထားတဲ့ ကိုယ်ပိုင်တရားဆိုတာ အရေးကြုံတိုင်း ကိုယ့်ဘက်က ရပ်တည်တယ်။ အာမလည်း ခံတယ်။ တာဝန်လည်း ယူတယ်။ ဘဝကူးလက်မှတ်ကောင်းကိုလည်း ရစေတယ်။ နိဗ္ဗာန်ကူးလက်မှတ်ကိုပါ အပ်လိုက်တယ်။ အရိပ်ပမာ ကိုယ်နဲ့ထက်ကြပ်မကွာလိုက်နေတယ်။ ဒါကြောင့် အနေရဲသလို အသေရဲစေတယ်။ တကယ်အသိမှန်ကန်တာမို့ အစုအဆောင်းမြန်ရင် မြန်သလောက် ကိုယ်ဖို့ကျန်ပါတယ်။ ဧကန်အမှန်ပျော်ရွှင်ချမ်းသာစေတဲ့ ကိုယ်ပိုင်အလုပ် ဥစ္စာထုပ်လည်း ဖြစ်ပါတယ်။

လူရယ်လို့ ဖြစ်လာရင် အဓိကက (၁)ပစ္စုပ္ပန်မှာ တွေ့သမျှအာရုံနဲ့ အဆင်ပြေအောင် တရားစွမ်းအားနဲ့ ပျော်ရွှင်ချမ်းသာစွာ နေတတ်ရပါမယ်။ (၂) မိမိရဲ့ ကိုယ်အား၊ ဉာဏ်အား၊ ပစ္စည်းအားနဲ့ မိမိ၊သူတစ်ပါး၊ လောက၊ သာသနာ စွမ်းနိုင်ရာမှာ တင့်တယ်ထည်ဝါအောင် အလှဆင်ပေးနိုင်ရမယ်။ ကောင်းကျိုးပြုဘဝ မှတ်တိုင် ကျန်ရစ်ခဲ့ရမယ်။ (၃)ဘဝတစ်ခု နိဂုံးချုပ်လို့ ကူးပြောင်းရချိန်မှာ အတိတ်ကိုလည်း အမျှင်မတန်း၊ အနာဂတ်ကိုလည်း မကြောက်မရွံ့ဘဲ ရဲရဲဝံ့ဝံ့ သတ္တိရှိရှိ စွမ်းအားပြည့်ပြည့်ရှင်းလင်းပြတ်သားစွာ ဘဝကူးနိုင်အောင် ကိုယ်ပိုင်အလုပ် လုပ်ထားရပါမယ်။ ဘဝလွတ်မြောက်ရေးအထိ ဦးတည်ထားရမယ်။ ဤစွမ်းရည်များ ရနိုင်မှ အရတော်သော လူ့ဘဝဖြစ်နိုင်ပါတယ်။ အသိမှန်ကန် အဖိုးတန်နိုင်ပါမယ်။ ဒီလိုမဟုတ်ဘဲ ကိုယ်ပိုင်စွမ်းအား ရအောင်မယူနိုင်တဲ့အတွက် ရှာလိုက်၊ ရလိုက်၊ စားလိုက်၊ ကုန်လိုက်နဲ့ အို၊ နာ၊ သေနဲ့ အပြိုင်ပြေးကာ ဒုက္ခတိုက်သွားနေသူရဲ့ လူ့ဘဝဆိုတာ ဘာမျှ အဓိပ္ပါယ်မရှိပါ။ ဂုဏ်ယူထိုက်တဲ့ လူ့ဘဝ မဟုတ်ပါ။

"အကျဉ်းချုပ် ဆောင်ပုဒ်"

* ခန္ဓာစုက၊မြေကျွေးရ၊ ဒုက္ခအပူတိုးရုံသာ။
* ပစ္စည်းစုမှ၊ ဘုံဆိုင်ဟု၊ထိုက်သူသုံးကြပါ။
* အနေမရဲ၊ သေမရဲ၊ အမြဲကြောက်ရပါ။
* တရားစုမှ၊ ကိုယ်ပိုင်ရ၊ မုချစိတ်အေးပါ။
* အသိမှန်ကန်၊ ကိုယ့်ဖို့ကျန်၊ ဧကန်စိတ်ချမ်းသာ။

■



အပ္ပမာဒဓမ္မပုံပြင်

အမှတ်စဉ် - ၄၆

တော်ဝင်နွယ်

ဗုဒ္ဓမြတ်စွာဟာ လူအပါအဝင် သက်ရှိသတ္တဝါအားလုံးရဲ့ အကျိုးစီးပွားအတွက် ပွင့်ထွန်းပေါ်ပေါက်ခဲ့တာပါ။တရားတော်မြတ်ဟာလည်း သတ္တဝါအားလုံး ချမ်းသာစစ်၊ချမ်းသာမှန် ရရှိစေရန် ရည်သန်ပြီး ဖြစ်ထွန်းလာခဲ့တာပါ။ သံဃာတော်အရှင်မြတ်တွေကတော့ သတ္တဝါအားလုံးရဲ့

စိတ်ဓာတ်၊ အသိဉာဏ်နဲ့ ဘဝပေး အခြေအနေတွေ အဆင့်အတန်းမြင့်တက် ရင့်ကျက်လာအောင် မြင့်တင်ပေးနိုင်ဖို့ ဖွဲ့စည်းဖြစ်တည်လာခဲ့တာပါ။ ဘုရား၊ တရား၊ သံဃာ ရတနာမြတ် သုံးပါး လွှမ်းခြုံပါဝင်နေတဲ့ "သူတော်ကောင်းရပ်ဝန်းကြီး"တစ်ခုလုံးကို "ဗုဒ္ဓသာသနာ"လို့ ယုံကြည်သက်ဝင် ဦးထိပ်တင်ကြပါတယ်။

ဗုဒ္ဓသာသနာတော်ဟာ သာကီဝင် မြန်မာတို့အဖို့ ဘာသာရေး အမွေအနှစ်မျှသာမက ဘိုးဘွားပိုင် မိသားစု အမွေအနှစ်တစ်ခုလည်း ဖြစ်ပါတယ်။ ဒါကြောင့်မို့ ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီး ကမ္ဘာပေါ်မှာ နေလိုလနှယ် တင့်တယ်စွာ ထွန်းလင်းတောက်ပနိုင်ရေးဟာ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့အဖို့ အခြားသူများထက် နှစ်ဆခန့် ဝန်ပိုလျက်ရှိကြောင်းကို သတိပြုသင့်ကြပါတယ်။ ဗုဒ္ဓသာသနာတော်ဟာ မြန်မာလူမျိုးတို့အပေါ် လွန်စွာကျေးဇူးကြီးပါတယ်။ အနော်ရထာမင်းကြီး ပထမဆုံးအကြိမ် မြန်မာနိုင်ငံတော်ကို တည်ထောင်စဉ်ကပဲ ဗုဒ္ဓသာသနာတော်ဟာ တိုင်းပြည်နဲ့လူမျိုးရဲ့ အဓိကမဏ္ဍိုင်အဖြစ် ရပ်တည်လာခဲ့တာ ယခုအချိန်ထိပင် ဖြစ်ပါတယ်။

ဗုဒ္ဓသာသနာတော်ရဲ့ ကျေးဇူးကြောင့်ပဲ "မြန်မာတွေဟာ ပျော်ရွှင်ချမ်းမြေ့တဲ့ မိသားစုဘဝမှာ နွေးနွေးထွေးထွေးနေကြရတယ်။ကောင်းမွန်တဲ့ ဘာသာတရားနဲ့ အဆုံးအမ အောက်မှာ ငြိမ်းချမ်းမှု၊ တရားမျှတမှုနဲ့အတူ သူတို့သဘောကျသလို လွတ်လပ်စွာ ကိုးကွယ်ဆည်းကပ်နိုင်ကြတယ်။ သူတို့ဟာ ကမ္ဘာပေါ်မှာ ကံအကောင်းဆုံးနဲ့ အပျော်ရွှင်ဆုံး လူမျိုးများ ဖြစ်တယ်"လို့ ကမ္ဘာက ချီးကျူးခြင်းကို ခံယူခဲ့ကြရပါတယ်။

ဒီလို ကမ္ဘာနဲ့ မြန်မာကို ကျေးဇူးများစေတဲ့ ဗုဒ္ဓမြတ်စွာသာသနာတော်ကြီး အခွန်ရှည်စွာ တည်တံ့ပြန့်ပွားစေရေးအတွက် ဗုဒ္ဓဘာသာ မြန်မာတိုင်းမှာ တာဝန်ကိုယ်စီ ရှိကြပေမယ့် ဦးဆောင်မှုကဏ္ဍမှာ ရှိနေကြတဲ့ သာသနာ့ဝန်ထမ်း ရှင်ရဟန်းတွေကတော့ အဓိက ပမာနဖြစ်ပါတယ်။ ဒီနေရာမှာ မြောင်းမြဆရာတော်ကြီးရဲ့ "သာသနာ့ဝန်ထမ်းဆိုတာ သာသနာ့ဝန်ကိုသာ မိမိက ထမ်းရတယ်၊ မိမိဝန်ကို သာသနာတော်က မထမ်းစေရဘူး"ဆိုတဲ့ ဆိုမိန့်ချက်ဟာ ဦးထိပ်ရွက်ပန်ဆင်စရာ ဖြစ်ပါတယ်။

ဒါပေမယ့် ဒီကနေ့ သာသနာ့ဝန်ထမ်းလောကမှာ "သာသနာပြု သာသနာပြုဆိုပြီး လာဘ-သကဘရ-သိလောကနောက် လိုက်ကာ မိမိဘဝ၊ မိမိအတ္တကလေး နေရာရအောင် ကြိုးစားနေကြသူတွေကိုသာ" အများစုအဖြစ် မြင်တွေ့နေရပါတယ်။ "အနာဂတေ သာသနံ လဇ္ဇီ ရက္ခိဿသိ"ဆိုတဲ့ ဗျာဒိတ်စကား အထင်အရှား ရှိပါတယ်။ သာသနာဆိုတာ သိက္ခာသုံးပါး ဖြူဖွေးစင်ကြယ်သူတွေသာ ပြုစုထိန်းသိမ်းစောင့်ရှောက်နိုင်ကြတာပါ။ ဆရာတွေက ရှေ့ကဖြောင့်ဖြောင့်သွားရင် ဒကာတွေကလည်း နောက်က ဖြောင့်ဖြောင့်လိုက်တတ်ကြပါတယ်။

စင်ပေါ်ကလူတွေ အရှက်၊ သိက္ခာ၊ ကင်းမဲ့လာတဲ့အခါ စင်အောက်ကလူတွေ အရိုအသေတန်လာတာကတော့ ဘာမျှ အပြစ်ပြောစရာ မရှိပါဘူး။ အခု ဒီအကြောင်းနဲ့စပ်ယှဉ်ပြီး ပုံပြင်ကလေးတစ်ပုဒ် ပြောပြချင်ပါတယ်။ဒီဓမ္မပုံပြင်ကလေးဟာ ရတနာပုံနေပြည်တော်ခေတ်က အင်မတန်ထင်ရှားတဲ့ သင်္ဃာဆရာတော်ဘုရားကြီး ပြောပြခဲ့တာပါ။

ဝစ်မိုက်ကြောင့် ငါ့ကျား ယယ်ရတယ်

တစ်ခါတုန်းက ဘုန်းတော်ကြီးတစ်ပါးဟာ လူသူမနီးတဲ့ တောကြီးမျက်မည်းထဲမှာ တစ်ပါးတည်း တောရဆောက်တည် ဧကစာရီနေသတဲ့။

တစ်နေ့မှာ ရွာထဲက ဒကာမောင်စံဟာ တောလည်သွားရင်း တောရကျောင်းဘုန်းကြီးထံ ဝင်ရောက်ခစားပြီး "အရှင်ဘုရား၊ ကိုယ်တော် တစ်ပါးတည်း တောကြီးလယ်ကောင် ကျောင်းတစ်ဆောင်နဲ့ ညဉ့်မှောင်မိုက်ခါ မကြောက်ပါလော၊ သတ္တဝါသစ်ကျား ဘေးရန်တွေများလှတာမို့ တောကြားတွင် နေ၍မပျော်၊ တပည့်တော်များ ရွာကျောင်းသို့ ရွှေ့ပြောင်းသီတင်းသုံးတော်မူပါဘုရား"လို့ လျှောက်ထားတောင်းပန်သတဲ့။

အဲဒီအခါ တောရကျောင်းဘုန်းကြီးက "ဒကာလျှောက်ထားတဲ့ စကားဟာ တယ်မှန်တာပဲ၊ မနေ့ည နေဝင်ပြီးစအချိန်မှာ ဘုန်းကြီးလည်း ကျောင်းပေါ်က သက်ဆင်းပြီး သစ်ပင်ရင်းမှာ ပုတီးစိပ်နေတုန်း လာလိုက်တဲ့ကျားကြီးနှယ် မငယ်လှပေဘူး"လို့ အမိန့်ရှိရာ၊ဒကာမောင်စံက "မှန်ပါဘုရား၊ အရှင်ဘုရားမြင်လိုက်ရတဲ့ ကျားကြီးက ဘယ်လောက်များ ကြီးပါသလဲဘုရား"လို့ အင်မတန်စိတ်ဝင်စားတဲ့ပုံစံနဲ့ မေးမြန်း

လျှောက်ထားပါတယ်။

တောရကျောင်းဘုန်းကြီးက "အမှန်ပြောရရင် အဲဒီ ကျားကောင်ဟာ ကိုးတောင်လောက်ရှိလိမ့်မယ် ထင်ရဲ့"လို့ မိန့်ကြားတဲ့အခါ လူရှုပ်လူပွေမောင်စံက ရယ်စရာလုပ်လက်ခုပ်လက်ဝါးတီးပြီး "အရှင်ဘုရား၊ ဤကဲ့သို့သော စကားကို လူပုံလယ်မှာ မိန့်ကြားတော်မမူပါနဲ့၊ ကျားဆိုတဲ့အကောင်ဟာ ရှစ်တောင်၊ ကိုးတောင်ကြီးမြဲ မဟုတ်။ သေးနုပ်တဲ့စကားကို သူတစ်ပါးကြားက ရယ်ဖွယ်ရာဖြစ်ပါလိမ့်မယ်ဘုရား"လို့ လီဆယ်ကာ လျှောက်ထားသတဲ့။

အဲဒီအခါ တောရကျောင်းဘုန်းကြီးက"အင်း . . . နေဝင်ဆည်းဆာမှိန်ပျပျမှာ မြင်လိုက်ရတာဆိုတော့ တပ်အပ်သေချာ မပြောနိုင်ဘူးပေါ့။ ဒါပေမယ့် မင်း ဘယ်လိုငယ်တယ်ပြောပြော၊ ငါမြင်လိုက်ရတဲ့အကောင်ဟာ အနည်းဆုံး ငါးတောင်လောက်တော့ မုချရှိမယ်ကွ"လို တစ်ထစ်ချစကား ပြောကြားပြန်ရာ၊ ဒကာမောင်စံက လှောင်ချင်တဲ့စိတ်ထားနဲ့ တဝါးဝါးရယ်ပြီး "အရှင်ဘုရား၊အပိုမကြွားပါနဲ့၊ ကျားဆိုတာ ဒီလောက်မကြီးပါဘုရား"လို့ လျှောက်ထားတဲ့အခါ တောရကျောင်းဘုန်းကြီးဟာ စိတ်တိုလာပြီး "ဟေ့ ဒကာစံ၊မှန်မှန်လျှောက်စမ်း၊ ငါ့ကို လှည့်စားမနေနဲ့၊ ကျားဆိုတာ ဘယ်လောက်ကြီးသလဲ"လို့ ခပ်ဆတ်ဆတ် မိန့်ကြားတော်မူပါတယ်။

အဲဒီတော့မှ ဒကာမောင်စံက "အရှင်ဘုရား၊ နောက်တစ်ခါ မလွဲအောင် တစ်ခါတည်းမှတ်ထား၊ ကျားဆိုတာ ကြီးရင် လက်တစ်ဝါး၊ ငယ်ရင် လက်လေးသစ်လောက်ပဲ ရှိပါတယ်ဘုရား"လို့ မှင်နဲ့မောင်းနဲ့ လျှောက်ထားပြီး အိပ်ပြန်သွားသတဲ့။

ဒီလိုနဲ့ နောက်တစ်နေ့ နံနက်အလင်းမှာ ဥပုသ်သီတင်းနေ့နဲ့ ကြုံကြိုက်နေတာမို့ ရပ်သူရွာသား ဒါယကာ၊ ဒါယိကာမတွေဟာ တောရကျောင်းကို ရှစ်ပါးသီလ စောင့်သုံးကြရန် ရောက်ရှိလာကြတယ်။ တောရကျောင်းဘုန်းကြီးထံမှာ သီလခံယူပြီးတဲ့အခါ ဒကာ၊ ဒကာမတွေက "အရှင်ဘုရား၊ တောကြီးမျက်မည်းထဲမှာ သစ်ကျားဘေးရန် အတန်တန်နဲ့ သီတင်းသုံးရတာ အင်မတန် အားငယ်စရာ ကောင်းပါတယ်။ တပည့်တော်တို့ ရွာနီးကျောင်းကို ရွှေ့ပြောင်းသီတင်းသုံးတော်မူပါဘုရား" လို့ လျှောက်ထားတောင်းပန်ကြတဲ့အခါ တောရကျောင်းဘုန်းကြီးက "ဒကာအများ လျှောက်ထားသည်မှာ မမှားဧကန် အမှန်ပဲဖြစ်တယ်။တစ်နေ့ညက ငါဟာ ကျောင်းပေါ်မှသက်ဆင်းပြီး သစ်ပင်ရင်းမှာ ပုတီးစိပ်နေတုန်း လာလိုက်တဲ့ကျားနှယ် မငယ်လှပေဘူး"လို့ ထပ်မံအမိန့်ရှိပါတယ်။

ဒကာ၊ ဒကာမတွေက"မှန်ပါဘုရား၊ အရှင်ဘုရား မြင်လိုက်ရတဲ့ကျားက ဘယ်လောက်တောင် ကြီးမားပါသလဲဘုရား"လို့ လျှောက်ထားမေးမြန်းကြတဲ့အခါ တောရကျောင်းဘုန်းကြီးဟာ (ဒကာမောင်စံ လိမ်ညာထားတဲ့စကားကို အမှန်လို့ ထင်မှတ်ထားပြီး) "ဒကာ၊ ဒကာမတို့၊ ဘုန်းကြီးမြင်လိုက်ရတဲ့ကျားဟာ ကြီးရင် လက်တစ်ဝါး၊ ငယ်ရင် လက်လေးသစ်လောက် ရှိလိမ့်မယ်"လို့ တည်ကြည်တဲ့မျက်နှာထားနဲ့ မိန့်ကြားလိုက်သတဲ့။

ကြားလိုက်ရတဲ့ ဒကာ၊

■

ဗုဒ္ဓသာသနာတော်ဟာ မြန်မာလူမျိုးတို့အပေါ် လွန်စွာကျေးဇူးကြီးပါတယ်။ အနော်ရထာမင်းကြီး ပထမဆုံးအကြိမ် မြန်မာနိုင်ငံတော်ကို တည်ထောင်စဉ်ကပဲ ဗုဒ္ဓသာသနာတော်ဟာ တိုင်းပြည်နဲ့လူမျိုးရဲ့ အဓိကမဏ္ဍိုင်အဖြစ် ရပ်တည်လာခဲ့တာ ယခုအချိန်ထိပင် ဖြစ်ပါတယ်။

ဒကာမတွေဟာ အောင့်မထားနိုင်ကြဘဲ တအုန်းအုန်း တသောသော ရယ်မောကြတဲ့အခါ တောရကျောင်းဘုန်းကြီးက "ဟဲ့ . . ဒကာတွေ၊ဘာကြောင့် ရယ်မော တသောသောဖြစ်နေကြရသတုံး"လို့ မေးမြန်းပါတယ်။ ဒကာတစ်ယောက်က "အရှင်ဘုရား၊ ဆရာနဲ့ဒကာ၊ ဒကာက ဆရာလုပ်တယ်လို့ မထင်ပါနဲ့ဘုရား၊အရှင်ဘုရား မြင်လိုက်ရတဲ့ကျားက လက်တစ်ဝါး၊ လက်လေးသစ်လောက်ဆိုတော့ လူမရှိသေလောက်တဲ့စကား မခန့်ညားလောက်အောင် ဖြစ်နေပါတယ် ဘုရား"လို့ ပြန်လည်လျှောက်ထားတဲ့အခါ တောရကျောင်းဘုန်းကြီးက "ဒကာတို့၊ ဒီလိုဆိုရင် ကျားဆိုတဲ့ အကောင်ဟာ ဘယ်လောက်တောင် ရှိသတုံး"လို့ မေးမြန်းစုံစမ်းပါတယ်။

"မှန်လှပါဘုရား၊ ကျားဆိုတဲ့ သတ္တဝါဟာ ကြီးရင် ရှစ်တောင်၊ ကိုးတောင်၊ ငယ်ရင် လေးတောင်၊ ငါးတောင်လောက် ရှိမြဲဖြစ်ပါတယ် ဘုရား"လို့ ဒကာအများက လျှောက်ထားတဲ့အခါ တောရကျောင်းဘုန်းကြီးဟာ "တောက်၊ အစက ငါပြောတာ ဟန်အကိုက်သားနဲ့ ငစံမိုက်ကြောင့် ငါ့ကျား ငယ်ရတယ်"လို့ ညည်းတွားတော်မူလိုက်ပါသတဲ့။

ဒီပုံပြင်ထဲက အတိုင်းပါပဲ၊ ယခုအခါ သာသနာတော်မှာလည်း ရှင်ရဟန်းဆိုတာ မူလက မြတ်စွာဘုရားရှင် ပညတ်တော်မူအပ်တဲ့ ဂုဏ်သိက္ခာနဲ့ ဟန်အကိုက်ရှိနေပြီးမှ မိုက်မဲမှားယွင်း ဖောက်ပြန်စွာ ပြုမူပြောဆိုနေထိုင်ကြတဲ့ ရဟန်း၊ ရှင်လူတချို့ကြောင့် သံဃဂုဏ်ဟာ ညှိုးငယ်နေရပါပြီ။ ရှာနေသူ လူအများ ပျက်စီးရင် ရှာပျက်တယ်လို့ ပြောဆိုရသလိုပဲ သာသနာကို မှီခိုနေသူ ရဟန်းရှင်လူတို့ ပျက်စီးရင်လည်း သာသနာပျက်စီးတော့တာပါပဲ။

ဗုဒ္ဓသာသနာတော်ရဲ့ အနာဂတ်နဲ့ ပတ်သက်ရင် အမရပူရမြို့၊ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးရဲ့ အယူအဆကို နှစ်သက်မိပါတယ်။ ဆရာတော်ကြီးက သာသနာတော်ဟာ (၁)ဂုဏ်မဲ့၊သိက္ခာမဲ့ ဆက်လက်တည်တံ့နေတာရယ်၊ (၂)ဂုဏ်ရှိ၊ သိက္ခာရှိ အမြန်ကွယ်ပျောက်သွားတာရယ် ဒီနှစ်ခုကို ရွေးရမယ်ဆိုရင် နံပါတ်(၂)ဖြစ်တဲ့ ဂုဏ်ရှိ၊ သိက္ခာရှိ အမြန်ကွယ်ပျောက်သွားတာကိုပဲ လိုချင်ပါတယ်တဲ့။ တကယ်တော့ ဗုဒ္ဓသာသနာတော်ဟာ တစ်လောကလုံး ကုသိုလ်ဖြစ်ဖို့၊ ချမ်းသာဖို့ပါ။ ဒီရည်ရွယ်ချက်အတိုင်း ဖြစ်မလာရင် အမြန်ပျောက်ကွယ်သွားတာက ပိုကောင်းပါတယ်။ကိုယ်တိုင် ဘုရားမတည်နိုင်ရင် ကုသိုလ်မရရုံဘဲရှိပါတယ်။ ငရဲမကျနိုင်ပါဘူး။ ဒါပေမယ့် သူတစ်ပါးတွေ တည်ထားတဲ့ စေတီပုထိုးတွေကို တူးဖြိုဖျက်ဆီးမိရင်တော့ သေချာပေါက် ငရဲကျမှာပါပဲ။

ဒီနေရာမှာ ရတနာပုံနေပြည်တော်ခေတ်က မင်းတုန်းမင်းကြီးရဲ့ သာသနာတော်နဲ့ ပတ်သက်ပြီး ပြတ်သားတဲ့ မိန့်ကြားချက်ကို နားဆင်ကြည့်ပါ။ "ခွေးတိရစ္ဆာန်သည် သာသနာတော်မြတ်ကို မဖျက်ဆီးနိုင်၊ ထိုသို့ မဖျက်ဆီးနိုင်သော ခွေးသည် အဝီစိသို့ မကျရ။ လူသည် သာသနာတော်မြတ်ကို ဖျက်ဆီးနိုင်သည်။ ထိုသို့ ဖျက်ဆီးနိုင်သော လူသည် အဝီစိသို့ကျရသည်။ မောင်မင်းတို့သည် သာသနာတော်မြတ်ကို ဖျက်ဆီးကုန်သော အရှက်မရှိသိက္ခာမဲ့ အလဇ္ဇီပုဂ္ဂိုလ်တို့အား ချီးမြှောက်ထောက်ပံ့ခြင်းကို မပြုကြကုန်လင့်၊ အဝီစိငရဲကြီးသို့ ကျဆင်းကြရမည်ကို ကြောက်ကြကုန်။"

သာသနာတော်ကို အဖျက်သဘောမဖက်၊ အပြုသဘောသက်ဖြင့် ဆည်းကပ်နိုင်ကြပါစေ။

■**တော်ဝင်နွယ်**



သာသနာပြု ရှင်ပြုဖက်လာ (၁)

မောင်သန္တာ

အစဉ်အလာလား၊ လိုအပ်ချက်လား

"ဗုဒ္ဓဘာသာဝင် အမိအဘတွေဟာ သူတို့ရဲ့ သားယောက်ျားလေးတွေကို ရှင်ပြုနေတာဟာ၊ ထုံးတမ်းစဉ်လာ တစ်ရပ်အနေနဲ့ လုပ်နေကြတာလား။ ဒါမှမဟုတ် သာသနာတော်အတွက် တကယ်လိုအပ်တဲ့ အရေးကြီး တဲ့ ဆောင်ရွက်ချက်တစ်ခုအနေနဲ့ လုပ်နေကြတာလား အစ်ကို"

"ဗုဒ္ဓဘာသာဝင် အမိအဘတွေဟာ အရွယ်ရောက်လာတဲ့ သားယောက်ျားလေးတွေကို ရှင်ပြုပေးတာဟာ၊ ထုံးတမ်းစဉ်လာတစ်ရပ်ဖြစ်သလို၊ ဘာသာရေးဆိုင်ရာ ယဉ်ကျေးမှုတစ်ရပ်လည်း ဖြစ်ပါတယ်။ ရှင်ပြုခြင်းဟာ သာသနာတော်အတွက် တကယ်လိုအပ်တဲ့ အရေးကြီးတဲ့ ဆောင်ရွက်ချက်ဖြစ်သလား၊ မဖြစ်သလားဆိုတာကတော့ ရှင်ပြုပုံ ပြုနည်းအပေါ် တည်မှီပြီးမှသာ ဝေဖန်ခွဲခြားလို့ ရပါလိမ့်မယ်"

"တစ်ဦးနဲ့တစ်ဦး ရှင်ပြုပုံ ပြုနည်း မတူကြလို့လား အစ်ကို"

"ရှင်သာမဏေအဖြစ် ရောက်ရှိအောင် ဝိနည်းနဲ့အညီ ဆောင်ရွက်ပုံ နည်းလမ်းကတော့ အတူတူပါပဲ။ ဒါပေမယ့် ရှင်လောင်းနဲ့ ရှင်လောင်းမိဘတွေရဲ့၊ သာသနာအပေါ် နှလုံးသွင်းပုံ၊ ရှင်ပြုခြင်း၏အဓိပ္ပါယ်နဲ့ အနှစ်သာရအပေါ် နားလည်သဘောပေါက်ပုံ၊ တန်ဖိုးထားပုံချင်းမတူတဲ့အခါ၊ ရှင်ပြုပုံ ပြုနည်းချင်းလည်း ကွာခြားသွားတာပေါ့"

ထာဝရရှင်နှင့် တစ်ခဏရှင်

"ဘယ်လို ကွာခြားကြတာလဲ အစ်ကို"

"ရှင်ပြုတာချင်းတော့ တူပါပြီ။ ဒါပေမယ့် အဲဒီ ရှင်သာမဏေဟာ သာသနာ့ဘောင်မှာ ရာသက်ပန်နေသွားပြီး၊ သာသနာ့ဝန်ကိုထမ်းမယ့် ထာဝရရှင်လား၊ ဒါမှမဟုတ် ရက်ပိုင်းမျှသာ သက်နိုးဆည်းပြီး လူထွက်လာမယ့် တစ်ခဏရှင်လား၊သာသနာ့တာဝန်ကို တစ်သက်လုံးထမ်းဆောင်မယ့် သာသနာ့ဝန်ထမ်း ရှင်ရဟန်းအဖြစ် ခံယူဖို့ ရှင်ပြုတာဆိုလျှင်တော့၊ အဲဒီရှင်ပြုနည်းဟာ သာသနာတော်အတွက် တကယ်လိုအပ်တဲ့၊ တကယ် အရေးကြီးတဲ့ ဆောင်ရွက်ချက်ဖြစ်ပါတယ်။ သာသနာ

တော်ကို သာသနာ့ဝန်ထမ်း ပေးအပ်တဲ့အတွက် အင်မတန် မွန်မြတ်တဲ့ သာသနာပြုကုသိုလ်လည်း ဖြစ်ပါတယ်။ ပြောရမယ်ဆိုလျှင် ဗုဒ္ဓသာသနာတော်မြတ်ကြီး အရှည်တည်တံ့ထွန်းလင်းအောင် အဓိကတာဝန်ယူထမ်းဆောင်နေတဲ့ အဖွဲ့အစည်းကြီးဟာ သံဃအဖွဲ့အစည်းကြီးပါ။ ဒီအဖွဲ့အစည်းကြီး တည်တံ့ဖွံ့ဖြိုးဖို့ဆိုတာ မျိုးဆက်သစ် သာသနာ့ဝန်ထမ်းတွေ စဉ်ဆက်မပြတ် ဖြည့်ဆည်းနေဖို့ လိုအပ်ပါတယ်။ သာသနာ့ဘောင်ကို ရက်ပိုင်းမျှသာ ဝင်ရောက်လာတဲ့ တစ်ခဏရှင်သာမဏေဟာ သာသနာ့တာဝန်ကို ဘယ်လိုနည်းနဲ့မျှ မထမ်းနိုင်ပါဘူး။ ပြီးတော့ သာသနာ့မျိုးဆက်သစ်လည်း မဖြစ်နိုင်ပါဘူး။ တစ်ဘဝလုံးကို သာသနာတော်အတွက် အသုံးချဖို့ စွန့်လွှတ်တဲ့ သာသနာစိတ်ဟာ ထာဝရရှင်သာမဏေမှာ ထွန်းပပြီး တစ်ခဏရှင်သာမဏေမှာတော့၊ အဲဒီလို သာသနာစိတ် မျိုး မရှိပါဘူး။ ထာဝရရှင်သာမဏေနဲ့ တစ်ခဏရှင်သာမဏေဟာ သာသနာတော်အတွက် အကျိုးရှိ အသုံးဝင်တဲ့ နေရာမှာ နှိုင်းယှဉ်စရာပင် မလိုအောင် အလွန်အမင်း ကွာခြားလှပါတယ်”

ဘာသာရေးဆိုင်ရာ ယဉ်ကျေးမှု

“ဗုဒ္ဓဘာသာဝင် အမိအဘတွေက မွေးဖွားလာတဲ့၊ သားယောကျ်ားလေးတိုင်း မဖြစ်မနေ ရှင်ပြုပေးရမယ်လို့ ဘုရားရှင် ဟောတော်မူခဲ့သလား အစ်ကို”

“ဘုရားရှင်က ဗုဒ္ဓဘာသာဝင် အမိအဘတွေရဲ့ သားယောကျ်ားလေးတိုင်း မဖြစ်မနေ ရှင်ပြုပေးရမယ်လို့ မိန့်တော်မူချက်မျိုးကို အစ်ကိုတော့ မဖတ်ဖူးဘူး။ ဆရာတော်ကြီးတွေ ဟောတော်မူတဲ့တရားတော်တွေထဲမှာလည်း ဘုရားရှင်က သားယောကျ်ားလေးတိုင်း မဖြစ် မနေ ရှင်ပြုပေးရမယ်လို့ မိန့်တော်မူခဲ့ကြောင်း မနာကြားဖူးပါဘူး။ ဒါဟာ အမြော်အမြင်ကြီးမားတဲ့ ရှေးဆရာတော်ကြီးများရဲ့ စည်းရုံးစွမ်းဆောင်မှုကြောင့် အစဉ်အလာဆောင်ရွက်လာတဲ့ ဘာသာရေးဆိုင်ရာ ယဉ်ကျေးမှုတစ်ရပ် ဖြစ်လာတာပါ။ ကြာလာတော့လည်း ချမ်းသာသူက ချမ်းသာတဲ့အလျောက်၊ ဆင်းရဲသူတွေကလည်း ဆင်းရဲတဲ့အလျောက် သားရှင်ပြုဖို့ကိစ္စကို အလေးအနက်ထားကြိုးပမ်းအားထုတ်လာကြတယ်။ ဒီလိုနဲ့ပဲ ရှင်ပြုခြင်းဟာ နှစ်ပေါင်းများစွာ အစွဲကြီးစွဲခဲ့တဲ့ ဗုဒ္ဓဘာသာဝင် အမိအဖတို့ရဲ့ အစဉ်အလာကြီးတစ်ရပ် ဖြစ်လာတာပါ”

အဲဒီလို ငွေကုန်ကြေးကျ လုံးဝမရှိဘဲ အရိုးရှင်းဆုံး၊ အအေးချမ်းဆုံးနည်းနဲ့ ရှင်ဖြစ်လာတဲ့ ရှင်ရာဟုလာသာမဏေဟာ သာသနာတော်မှာ တစ်သက်လုံးနေပြီး သာသနာ့ဝန်ထမ်းခဲ့တယ်။ ပြီးတော့ သာသနာတော်ရဲ့ အမြင့်ဆုံးပန်းတိုင်ဖြစ်တဲ့ နိဗ္ဗာန်ကို စံဝင်သွားတော်မူခဲ့တယ်။

ဘာသာရေးအရ လူလားမြောက်ခြင်း

“အချို့သူတွေက၊ သူတို့ရဲ့ သားဟာ ရှင်ပြုပြီးမှ ဘာသာရေးအရ လူလားမြောက်ပြီလို့ မှတ်ယူပြောဆိုနေကြတာကို ကြားဖူးပါတယ်။ အဲဒီမှတ်ယူချက်အပေါ် အစ်ကိုရဲ့ ထင်မြင်ချက်ကို သိပါရစေ”

“အဲဒါဟာလည်း အဲဒီရှင်သာမဏေဟာ ရှင်သာမဏေဘဝရောက်တဲ့အခါ ဘယ်လိုနေသလဲ၊ ရက်ဘယ်လောက်ကြာကြာ သက်နှံးဆည်းသလဲဆိုတာအပေါ် မူတည်တာပေါ့။ရှင်မဖြစ်ခင်တုန်းက ဘာမျှကြိုတင်လေ့လာမှုမရှိ။ ရှင်ကျင့်ဝတ်ဆိုတာ ဘာမှန်းမသိ။ ရှင်ဖြစ်တော့လည်း လျှောရိလျှောရဲ ပေါ့ပေါ့ဆဆနေ၊ သင်စရာရှိတာလည်း မသင်၊ ကျင့်စရာရှိတာလည်း မကျင့်ရင် အဲဒီရှင်သာမဏေမျိုးဟာ ဘယ်လိုနည်းနဲ့ ဘာသာရေးအရ လူလားမြောက်မှာလဲ။ ဒီနေ့ ရှင်ပြုအများစုက ရှင်လောင်းတွေကလည်း တကယ့်ငယ်ငယ်ရွယ်ရွယ်၊ သရဏဂုံကိုမှ မပီတာကများ၊ ရှင်ဖြစ်တော့လည်း ဆော့ကစားကြ၊ ကျောင်းနဲ့ အိမ်နဲ့ လွန်းထိုးသွားလာနေကြ၊ ဘာစာမျှလည်း မသင်၊ အဲဒီလို ရှင်သာမဏေမျိုးဟာ ပုဆိုးကနေ

သက်နှံးပြောင်းဝတ်လိုက်တာပဲရှိတယ်။ သာသနာနဲ့ပတ်သက်တဲ့ သိသင့်သိထိုက်တာတွေ ဘယ်လိုလုပ်သိမှာလဲ။ ရှင်ပြုခြင်းဟာ ဘာသာရေးအရ လူလားမြောက်အောင် ဆိုရင် ထိထိမိမိနဲ့ လေးလေးပင်ပင် သင်စရာရှိတာသင်၊ ကျင့်စရာရှိတာကျင့်ဖို့ လိုပါတယ်။ ပုဆိုးဝတ်ရာကနေ သက်နှံးပြောင်းဝတ်လိုက်ရုံမျှနဲ့ ဘာသာရေးအရ လူလားမြောက်ပြီလို့ မဆိုနိုင်ပါဘူး”

ရှင်ပြုပွဲသမိုင်းအစ

“ရှင်ပြုခြင်းဟာ ဘယ်ကစခဲ့တာလဲ အစ်ကို”

“ရှင်ပြုခြင်းအစ သားတော်ရာဟုလာကပေါ့။ သားတော်ရာဟုလာကို ရှင်ပြုပေးတာဟာ ရှင်ပြုပွဲသမိုင်းအစပဲဖြစ်ပါတယ်။ ဘုရားရှင်ဟာ ဘုရားအဖြစ်ရောက်ရှိပြီး တစ်နှစ်မြောက်တဲ့အချိန်မှာ မွေးရာဇာတိဖြစ်တဲ့ ကပိလဝတ်နေပြည်တော်သို့ ကြွရောက်သီတင်းသုံးနေတော်မူပါတယ်။ တစ်ရက်မှာတော့ ယသော်ဓရာမိဖုရားက သားတော်ရာဟုလာကို ဘုရားရှင်ထံ အမွေတောင်းခိုင်းတယ်။သားတော်ရာဟုလာက ဘုရားရှင်ထံ အမွေတောင်းတဲ့အခါ ဘုရားရှင်က ‘သာရိပုတ္တရာ၊ ရာဟုလာကို ရှင်ပြုပေးလိုက်ပါ’လို့ စေခိုင်းတော်မူပါတယ်။ ရှင်သာရိပုတ္တရာ ရဟန္တာအရှင်မြတ်ကြီးက ‘မည်သို့ ရှင်ပြုပေးရပါမလဲ ဘုရား’လို့ မေးလျှောက်တဲ့အခါ၊ ဘုရားရှင်က ရဟန်းအပေါင်းကို စုဝေးစေပြီး ‘ရဟန်းတို့၊ သရဏဂုံသုံးပါးနဲ့ ရှင်သာမဏေပြုပေးဖို့ ငါဘုရားအခွင့်ပြုတယ်’လို့ မိန့်တော်မူပါတယ်။ ပြီးတော့ ဘုရားရှင်က ရှင်ပြုပေးနည်းကို အခုလို ညွှန်ကြားတော်မူခဲ့ပါတယ်”

ဘုရားရှင်၏ ရှင်ပြုပေးပုံ

“ပထမဆုံး ရှင်လောင်းရဲ့ ဆံပင် မုတ်ဆိတ်များကို ရိတ်ပယ်ပေးပါ။ ထို့နောက် ဖန်ရည်ဆိုးတဲ့အဝတ်သက်နှံးကို ဝတ်ရုံစေပါ။ ပြီးနောက် အပေါ်ရုံသက်နှံး(ဧကသီ)ကို လက်ဝဲပုခုံးပေါ်တင်ခိုင်းပြီး ရဟန်းတို့ရဲ့ ခြေတို့ကို ရှိခိုးဦးခိုက်စေ၍ ဆောင့်ကြောင့်ထိုင်ခိုင်းပါ။ ပြီးရင် လက်အုပ်ချီခိုင်းကာ ‘ဗုဒ္ဓံ သရဏံ ဂစ္ဆामိ’၊ ‘ဓမ္မံ သရဏံ ဂစ္ဆာမိ’၊ ‘သံဃံ သရဏံ ဂစ္ဆာမိ’ သရဏဂုံသုံးပါးကို သုံးကြိမ်ရွတ်ဆိုစေပါ။ ပထမဦးဆုံး ရှင်ပြုပွဲဖြစ်တဲ့ သားတော် ရာဟုလာရဲ့ ရှင်ပြုပွဲမှာ ဘုရားရှင်ညွှန်ကြားတော်မူတဲ့ ရှင်ပြုပေးပုံက အဲဒီအချက်တွေသာ ဖြစ်ပါတယ်”

အရိုးရှင်းဆုံး ရှင်ပြုနည်း

“ရှင်ရာဟုလာ ရှင်ပြုတုန်းက ရှင်လောင်းလှည့်တာတွေ၊ မဏ္ဍာပ်ကြီးထိုးပြီး ဧည့်ခံပွဲလုပ်တာတွေ၊ ပျော်ပွဲရွှင်ပွဲတွေ၊ ဘိသိက်သွန်းတာတွေ၊ ဘာတစ်ခုမျှ မပါဘူးလား အစ်ကို”

“ဟုတ်ပါတယ်၊ သားတော်ရာဟုလာ ရှင်ပြုပုံက တိုတိုရှင်းရှင်းနဲ့ ရိုးရိုးယဉ်ယဉ်ပဲ။ ဘာတစ်ခုမျှ ဝန်လေးဝန်တာမရှိဘူး။ ငွေကုန်ကြေးကျ မရှိဘူး။ မဏ္ဍာပ်ကြီးတွေ ခမ်းခမ်းနားနားထိုးပြီးလည်း ဧည့်မခံ။ ရှင်လောင်းလှည့်တာလည်း မလုပ်။ ဘိသိက်သွန်းဖို့ဆိုတာလည်း ဝေး။ ဘာပျော်ပွဲရွှင်ပွဲမှလည်း မပါ။ အဲဒီလို ငွေကုန်ကြေးကျ လုံးဝမရှိဘဲ အရိုးရှင်းဆုံး၊ အအေးချမ်းဆုံးနည်းနဲ့ ရှင်ဖြစ်လာတဲ့ ရှင်ရာဟုလာ သာမဏေဟာ သာသနာတော်မှာ တစ်သက်လုံးနေပြီး သာသနာ့ဝန်ထမ်းခဲ့တယ်။ ပြီးတော့ သာသနာတော်ရဲ့ အမြင့်ဆုံးပန်းတိုင်ဖြစ်တဲ့ နိဗ္ဗာန်ကို စံဝင်သွားတော်မူခဲ့တယ်။ မင်းစဉ်းစားကြည့်။ ဘုရားရှင်ကသာ၊ သားတော်ရာဟုလာကို ခမ်းခမ်းနားနားရှင်ပြုပေးမယ်ဆိုလျှင် တစ်လောကလုံးက ကိုးကွယ်ရာ ဘုရားရှင်ရဲ့ သားတော်လည်းဖြစ်၊ နိုင်ငံကို အုပ်ချုပ်နေတဲ့ ရှင်ဘုရင်ရဲ့ မြေးတော်လည်းဖြစ်တဲ့ ရှင်ရာဟုလာရဲ့ ရှင်ပြုပွဲဟာ အခမ်းနားဆုံး အထည်ဝါဆုံး၊ အကြီးကျယ်ဆုံးဖြစ်မှာပါ။ ဘုရားရှင်ကို ကြည်ညိုတဲ့ ရှင်ဘုရင်တွေ မင်းညီမင်းသားတွေ သူဌေးသူကြွယ်တွေ ကိုယ်တိုင်၊တက်တက်ကြွကြွနဲ့ ပါဝင်စီမံဆောင်ရွက်ကြမှာပါ။ဒါပေမယ့်ဘုရားရှင်က အဲဒီလို ခမ်းနားထည်ဝါမှုတွေ၊ ပကာသနတွေ သာသနာမှာ မလိုအပ်ဘူးလို့ ယူဆတော်မူလို့သာ အခုလိုရိုးရိုးရှင်းရှင်း တိတ်တိတ်ဆိတ်ဆိတ်၊ အေးအေးချမ်းချမ်းနဲ့ သားတော်ရာဟုလာကို သာသနာ့ဘောင်အတွင်း သွတ်သွင်းခဲ့တာနေမှာပါ။ သားတော် ရာဟုလာရှင်ပြုပွဲနဲ့ စပ်လျဉ်းပြီး ကျေးဇူးရှင် ဓမ္မဒူတအရှင် ပညာဇောတ ဆရာတော်ကြီးက ဒီရှင်ပြုပွဲကြီးမှာ ဆင်၊ မြင်း၊ မော်တော်ကား စသည်တွေဌားမင်းမြောက်တန်ဆာတွေဌား၊ မဏ္ဍာပ်တွေဌားပြီး အိုးစည်ဗုံမောင်းတွေနှင့် မြို့ရွာ လှည့်ပြခြင်း၊ နတ်ပြခြင်း စသည် ပကာသနတွေမပါပါ။ဗုဒ္ဓသာသနာတော်မှာဗုဒ္ဓက သားတော်ရာဟုလာကို ရှင်ပြုပေးခဲ့တဲ့ ဗုဒ္ဓနည်းကျရှင်ပြုပွဲကြီးပါ။ ဗုဒ္ဓသာသနာပြုပွဲကြီးပါ’လို့ မိန့်တော်မူခဲ့ပါတယ်”

■**မောင်သန္တ**



ကိုရင်ကြီးရှင်ဝိမလ၏ ဘဝဒုက္ခအပေါင်းမှ လွတ်မြောက်ကြောင်း တရားလမ်းစဉ်

မောင်သွေးချွန်

(ယခင်လမှအဆက်)

အိပ်ရာကနိုးခဲ့ပြီ

"ဆေးခန်းရောက်သွားတဲ့ အတွေ့အကြုံကို အမိန့်ရှိပါဦးဘုရား"

ပိုပိုက လျှောက်ထားသည်။ ကိုရင်ကြီး၏ ခြေရင်းတွင် ကျွန်တော် နှင့် ပိုပိုပဲရှိတော့သည်။ ညဉ့်သန်းခေါင်ကျော် နှစ်ချက်တီးလုပြီ။

"ဥတုနဲ့ အာဟာရကို အကြောင်းပြုပြီး အတော်လေးနေ မကောင်းဖြစ်လိုက်ပါတယ်။ ဥတုက ကြမ်း၊ အာဟာရက မရှိနဲ့ဆိုတော့ ဒီခန္ဓာကြီး ဗုန်းဗုန်းလဲတော့တာပေါ့။ ဒီခန္ဓာကြီးနဲ့နေရတာ ပျင်း မှန်း ငြီးငွေ့ကြီး ဖြစ်နေတာ။ သူ့သဘော သူ ဆောင်နေတာပဲဆိုပြီး ပစ်ထားလိုက်တာ။ ဒါပေမယ့် ဒကာ၊ ဒကာမတွေ သတင်းကြားနဲ့ ရောက်လာတော့ ဘယ်ကြည့်ရက်တော့မလဲ။ ရေနံချောင်းက အကောင်းဆုံးလို့ထင်တဲ့ ဆေးခန်းကို ပင့်ဆောင်သွားကြတာ ပေါ့။

ဆရာဝန်က ရေနံချောင်းမှာ နာမည်ကြီးပါ။ လူနာတွေလည်း စည်ပါတယ်။ ကိုရင်ကြီးကို စမ်းသပ်

ချိန်မှာ ဆရာဝန်က မေးလေ့မေးထ ရှိတဲ့ မေးခွန်းတွေနဲ့ စစ်ဆေးတာပေါ့။

"..."

"... ... ..."

"အရှင်ဘုရား အိပ်လို့ပျော်ရဲ့လား"

"အိပ်မပျော်တာ မဟုတ်ဘူး၊ မအိပ်တော့တာ"

"မအိပ်လို့ ဘယ်ဖြစ်မလဲ ကိုရင်ကြီးရဲ့၊ လူဆိုတာ အိပ်ရတယ်။ အိပ်ရေးဝမှ ကျန်းမာတယ်"

"ဟုတ်ပါတယ်၊ကိလေသာ နယ်ပယ်ထဲမှာတော့ အိပ်နေကြတာ ပါပဲ။ ဒီဘက်က အားထုတ်တဲ့ နယ်ပယ်မှာတော့ အအိပ်အနေ နည်းကြပါတယ်"

"ကိုရင်ကြီးကို ဆေးကုမလို့ မေးနေတာပါ။ ကိုရင်ကြီးမအိပ်တာ ဘယ်နှရက်ရှိပြီလဲ"

"(၂၇)လ"

"ဘယ်လိုဘုရား"

"မအိပ်တာ (၂၇)လရှိပြီ"

ဆရာဝန်ဟာ မိနစ်ပိုင်းမျှ စဉ်းစားတွေဝေနေတယ်။ ပြီးတော့ ဆေးခန်းထဲက လူနာတွေဘက် လှည့်ကြည့်ပြီး ဖြောင်းခနဲမြည်အောင် လက်ခုပ်တီးလိုက်တယ်။ အဲဒီနောက် အသံကျယ်ကျယ်နဲ့ . . . .

"လူနာတွေ၊ ဟောဒီကိုရင်ကြီးကို ကြည့်စမ်းပါ။ မအိပ်တာ(၂၇)လ ရှိပြီဆိုတယ်။ ဒီလောက်ကြာအောင် မအိပ်ဘဲနေတယ်ဆိုတာ စိတ်ရောဂါရဲ့ လက္ခဏာပဲ"လို့ပြောလိုက်တယ်။

"ဒေါက်တာရယ်၊ကျုပ်ကို ရူးနေပြီလို့ ပြောချင်တာမဟုတ်လား၊ အားမနာပါနဲ့၊ ကျုပ်ကလည်း ပြန်မေးပါရစေ။ အရူးဆိုတာ ဘယ်လိုလူကို ခေါ်တာလဲ"

ကျုပ်က ကြားဖြတ်ပြီး မေးခွန်းထုတ်လိုက်တယ်။ ဆရာဝန်ရဲ့ မသိမှုကြောင့် ဖြစ်တော့မယ့် အကုသိုလ်ကို အချိန်မီ ဟန့်တားလိုက်ခြင်းပဲ ဖြစ်ပါတယ်။

"အရူးဆိုတာ မအိပ်တာ၊ အင်း . . အင်း . . အဲ . . သတိမရှိတော့တဲ့သူတွေကို အရူးလို့ခေါ်တာ"

"အိပ်ရမှန်းမသိ၊ စားရမှန်းမသိ၊ ရှက်ရမှန်းမသိ၊ ကြောက်ရမှန်းမသိ . . . မသိမောဟ ပိတ်ဖုံးပြီး တွေတွေဝေဝေနဲ့ သတိလက်လွတ်နေလေ့ရှိသူကို အရူးလို့ခေါ်တယ် မဟုတ်လား ဒေါက်တာ။ ကျုပ်က သတိအမြဲရှိနေတဲ့ ဘုရားသားတော် ကိုရင်ကြီးပါ။ သတိတောင်မှ သာမန်သတိမျိုးမဟုတ်ဘဲ တရားနဲ့ယှဉ်တဲ့ သမ္မာသတိမျိုးပါ။ သမ္မာဆိုတာ မှန်သော၊ ကောင်းသောလို့ အဓိပ္ပါယ်ရပါတယ်။သမ္မာသတိနဲ့အတူ တရားအားထုတ်ခြင်းတည်းဟူသော သမ္မာဝါယမလည်းရှိတယ်၊ အားထုတ်ခြင်းကြောင့် စိတ်တည်ကြည် ခိုင်ခံ့ခြင်းဆိုတဲ့ သမ္မာသမာဓိလည်းရှိတယ်။ အဲဒီလို မဂ္ဂင်သမာဓိနဲ့ ပြည့်စုံနေသူကို ရူးတယ်လို့ ဆိုနိုင်ပါ့မလား ဒေါက်တာ"

"မဆိုနိုင်ပါဘူး ဘုရား၊ အမိန့်ရှိပါ"

ဒေါက်တာဟာ ကျုပ်ရဲ့ ရှင်းပြချက်တွေကို လက်ခံသွားပြီး သိမ်မွေ့လာပါတယ်။

"မအိပ်တာနဲ့ ရူးသွားပြီလို့ သတ်မှတ်တာ အနောက်တိုင်းဝါဒ၊ အနောက်တိုင်း ဆေးပညာအမြင် ဖြစ်ပါလိမ့်မယ်။ ကျုပ်တို့ ဗုဒ္ဓဘာသာမှာ ဘုရားခေတ်မှသည် ဒီကနေ့ဝေဘူဆရာတော်၊မိုးကုတ်ဆရာတော် ခေတ်အထိ မအိပ်မနေ ကျင့်ကြံအားထုတ်တဲ့ ရဟန်းသံဃာတွေ အများကြီးရှိနေပါတယ်။ အိပ်တယ်ဆိုတာ ကိလေသာရဲ့အလုပ်ပါ။ ကိလေသာခေါင်းပါးလာတာနဲ့ အမျှ အအိပ်အနေ နည်းလာပါတယ်။ ကိလေသာ လုံးလုံးကုန်ရင် လုံးလုံး မအိပ်တော့ဘူး ဒကာကြီး"

"တင်ပါ့ဘုရား၊ တင်ပါ့၊ တင်ပါ့"

ဆရာဝန်နှင့် လူနာများ သဘောတူငြိမ်သက်သွားပါပြီ။

တကယ်တော့ ဗုဒ္ဓဆိုတဲ့ အဓိပ္ပါယ်ကိုက 'သိခြင်း၊ နိုးခြင်း'လို့ ဖော်ညွှန်းနေပါတယ်။ တစ်သံသရာလုံး မသိအဝိဇ္ဇာ ကိလေသာတွေနဲ့ အိပ်မောကျခဲ့ရာက ဒီနေ့ ဗုဒ္ဓဘာသာ ဖြစ်လာချိန်မှာ အဝိဇ္ဇာမှ နိုးထကြဖို့ အချိန်တန်ပါပြီ။ ဗုဒ္ဓဘာသာဝင်ဟူသည် 'နိုးနေသူများ'ဆိုတဲ့ အဓိပ္ပါယ်ပါပဲ။

"အဲဒီတော့ ဒကာကြီး ဒေါက်တာရေ. . လောကမှာ ရူးတယ်ဆိုတာ တောင်တွေးမြောက်တွေးက ရူးသွားတာပါ။ တရားရှုမှတ်နေသူ တစ်ယောက်ရဲ့ စိတ်ဟာ အတိတ်ကိုလည်း မသွားတော့ဘူး။ အနာဂတ်ကိုလည်း မပြေးတော့ဘူး။ ပစ္စုပ္ပန်တည့်တည့်မှာ တည်နေတယ်။အာရုံတွေ သိမ်းဆည်းထားပြီးဖြစ်လို့ စိတ်ယောက်ယက်ခတ်တယ်ဆိုတာ မရှိတော့ဘူး။ ဒီတော့ စိတ်ပင်ပန်းတယ်ဆိုတာ မရှိတော့ဘဲ ချမ်းသာနေတော့တာပေါ့ ဒကာကြီး"

"တင်ပါ၊တင်ပါ၊ နားလည်ပါပြီဘုရား"

ဆေးခန်းက ပြန်လာပြီးပါမှ

ဒီရုပ်ကြီး တစ်နည်းတစ်ဖုံ ဖောက်ပြန်လိမ့်ဦးမယ်ဆိုတာ ကျုပ်သိနေတယ်။ အခုဆိုရင် ကျားကိုက်ချောင်းသုသာန်မှာ ဥပုသ်သည်တွေနဲ့ စည်ကားစပြုနေပြီ။ ကျုပ်ကတော့ ထူးထူးထွေထွေ ရှည်ရှည်လျားလျား တရားဟော၊ တရားပြ မလုပ်တတ်ပါဘူး။ ဘုရားအာရုံပြု၊ ဆိတ်ဆိတ်နေ၊ ဝင်လေ၊ ထွက်လေမှတ်လို့ ညွှန်ပြလိုက်တာပါပဲ။

ဒီတစ်ပတ် ဥပုသ်နေ့ဟာ သာသာယာယာရှိတယ်။ သမီးသုံးယောက်လည်း ချိန်းချက်ပြီး ရောက်လာကြတယ်။ အငယ်မက "စောစောစီးစီး သက်နိုးလျှော်လိုက်ရအောင်"လို့ သူ့အစ်မတွေနဲ့ တိုင်ပင်နေတယ်။ အလတ်မက "နေ့လယ်မှ လျှော်တာပေါ့။ အခုရွာထဲသွားပြီး လက်ဖက်ခြောက်ဝယ်ရဦးမယ်။ဥပုသ်သည်တွေ ဧည့်ခံဖို့လေ"လို့ အချိန်ဆွဲနေတယ်။ ကျုပ်က ဒကာကြီးတစ်ဦးကို တရားချနေရတယ်။

"ဒကာကြီးရေ၊ သစ်ခုတ်တာ ဟိုနားတစ်ချက်ခုတ်၊ သည်နားတစ်ချက်ခုတ်နဲ့ ဒီသစ်ပင် ဘယ်တော့လဲတော့မလဲ။တစ်နေရာတည်းကိုသာ သဲသဲမဲမဲခုတ်၊ဒီသစ်ပင် မလဲခံနိုင်ရိုးလားဗျ။ ဒကာကြီး ကျင့်တဲ့နေရာမှာလည်း ပုတီးဖြင့် ပုတီး၊အင်းဖြင့် အင်း၊ ဝင်လေထွက်လေဖြင့် ဝင်လေထွက်လေ၊ နည်းကောင်းတစ်ခုကိုကိုင်ပြီး စွဲစွဲမြဲမြဲ ကျင့်ပါတော့လားဗျ။ ဟိုစပ်စပ်၊ သည်စပ်စပ်နဲ့က စပ်ရာဖာရာများတဲ့ ပုဆိုးလို မြင်မကောင်းပါဘူးဗျာ။ ချုပ်ရိုးတစ်ကြောင်းတည်းသီတာပဲ ကောင်းပါတယ်။ ကျုပ်တို့မှာ အသက်တွေလည်း ကြီးလှပြီ ဒကာကြီးရဲ့"

"ကောင်းလှပါပြီ ဘုရား၊ တပည့်တော် ကြိုးစားပါ့မယ်"

နောက်ဒကာတစ်ယောက်ကတော့ သူသည် တစ်နေ့၊တစ်နာရီ ကြိုးစားပြီး တရားထိုင်နေပါသော်လည်း သမာဓိမရသေးကြောင်း ရိုးရိုးသားသား တင်ပြ အကူအညီတောင်းလာပါတယ်။

"ဒကာကြီး ဘယ်လိုမှတ်သလဲ"လို့ မေးတော့ . . . .

"ပေါ်ရာကို မှတ်တာပဲ ဘုရား"လို့ ဖြေတယ်။

"ပေါ်တာတွေနောက်ကို လိုက်မှတ်နေရင် ဘယ်လိုလုပ်စိတ်ငြိမ်ပါတော့မတုံး။ ငယ်ထိပ်ဖြင့် ငယ်ထိပ်၊ နှာသီးဝဖြင့် နှာသီးဝ၊ ရှုကွက်တစ်ခုသတ်မှတ်ပြီး မှတ်ကြည့်စမ်းပါ။ စိတ်ငြိမ်လာပါလိမ့်မယ်"

လို့ အကြံပေးခဲ့ရပါတယ်။ ဒီအချိန်အထိ ကျုပ်တစ်ခုခုဖြစ်တော့မယ်ဆိုတာ ဘယ်သူမျှ မသိကြဘူး။ မကြာခင်မှာပဲ ဥပုသ်သည်နဲ့တရားသမားတွေ ပုတီးစိပ်သူစိပ်၊ တရားထိုင်သူထိုင်နဲ့ ဆိတ်ငြိမ်သွားချိန်မှာ-

"ဟောဗျာ၊ လုပ်ကြပါဦး၊ ကိုရင်ကြီး လဲကျသွားပြီ"ဆိုတဲ့အသံနဲ့ ရုန်းရင်းဆန်ခတ်ဖြစ်သွားကာ ကျုပ်အနားမှာ ဝိုင်းအုံလာကြတယ်။

"ဟယ်. . . ခုနပဲအကောင်း၊ ဘယ်လိုဖြစ်သွားတာပါလိမ့်"

ခန္ဓာဆိုတာ ဖောက်ပြန်တတ်တယ်။ စက္ကန့်၊ မိနစ်နဲ့အမျှ ဖောက်ပြန်နေတယ်။ကိုယ်ဖြစ်စေချင်သလို မဖြစ်ဘူးဆိုတဲ့ တရားသဘောကို မသိရှာကြသေးဘူး။

"ဟဲ့ . . ဟဲ့ . . လုပ်ပါဦး၊ ပါးစပ်က အမြှုပ်တွေ ထွက်လာပြီ။ သိပ်မအုံနဲ့ ယပ်ခတ်ပေး"

"ဟော. . ဗိုက်ကြီးလည်း ဖောရောင်လာပြီ၊မျက်လုံးကြီးတောင် စူထွက်လာသလိုပဲ။ ဒုက္ခပဲဟေ့၊ဆေးဆရာသွားခေါ်ပါဟာ"

"ဆရာခေါ်မနေနဲ့၊ ထော်လာဂျီသာ မောင်းယူလာခဲ့တော့။ ဆေးရုံပို့မှ ဖြစ်မှာ"

ဘယ်သူမျှ တည်တည်ငြိမ်ငြိမ် မရှိပါဘူး။ စိတ်လှုပ်ရှား၊ ကိုယ်လှုပ်ရှား၊ ခြေကားယား၊ လက်ကားယား၊ စူးစူးဝါးဝါး အော်သံတွေနဲ့။ အမှန်က ကျုပ်ရဲ့ခန္ဓာကိုယ်ကြီးက တရားပြနေတာ။ ခန္ဓာကိုယ်ထဲမှာ ဖြစ်နေတာ၊ ပျက်နေတာ၊ ဖြစ်ပျက်ချုပ်သွားတာ။ ကျုပ် ဘယ်လိုပြောရပါ့မလဲ။ ကြိုးစားပြီးတော့ အသံကို ညှစ်ထုတ်ကြည့်လိုက်တယ်။

"ဥပုသ်သည်အပေါင်းတို့"

အသံတိုးတိုး ထွက်လာတယ်။ ဆက်ပြီး ကြိုးစားကြည့်ပါတယ်။

"ဥပုသ်သည်အပေါင်းတို့၊ ကျုပ်ရဲ့ ဖောက်ပြန်တဲ့ ခန္ဓာကြီးကို ဥပုသ်သည်များကို လျှုပါတယ်။ ဒီခန္ဓာကြီးကို ရှုကြည့်ပါ။ တရားမှတ်ကြပါ။ ဒီခန္ဓာကြီးဟာ ဖောက်ပြန်နေတယ်။ ရုပ်နဲ့နာမ်ဟာ ဖောက်ပြန်နေတယ်။ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောဓာတ်တွေ ဖောက်ပြန်နေတယ်။ သူ့သဘော သူဆောင်ပြီး ဖောက်ပြန်နေတယ်။ခန္ဓာကြီး ရောင်ကိုင်းဖောင်းပွ၊ ဝါယောလေဓာတ် ဖောက်ပြန်နေတယ်။နှပ်တွေ၊တံတွေးတွေ စီးကျနေတယ်။ အာပေါဓာတ် ဖောက်ပြန်နေတယ်။ ကျုပ်သဘော အတိုင်း မဖြစ်ဘူး။ သူ့သဘော အတိုင်းဖြစ်နေတယ်။ ပျက်နေတယ်။ ဒါကိုပဲ ဒုက္ခ၊ဒါပဲ အနိစ္စ၊ဒါပဲ အနတ္တ၊

လက္ခဏာရေးသုံးပါး မြင်အောင်ရှုကြပါ”

အားလုံးငြိမ်းသက်နေတယ်။ ကျုပ်ကို ကိုင်လား၊ ဆွဲလား မလုပ်တော့ဘူး။ ရှုမှတ်နေကြပြီ။ ပြီးတော့ သာဓု . . သာဓု . . တဲ့။ သာဓုခေါ်ကြတယ်။ အဲဒီလို ခန္ဓာလျှုပ်ပြီးတရားဟောခဲ့တာပါ။

ဒီခန္ဓာကြီးကို မွေးကင်းစကတည်းက အာရုံတွေနဲ့ မွေ့လျော်ခဲ့တာ။ အမေ့ရင်ခွင် နူးညံ့တဲ့အထိအတွေ့၊အိပ်ရာခင်းတဲ့ နူးညံ့တဲ့အထိအတွေ့၊ ချော့သိပ်တဲ့ နာပျော်ဖွယ်တေးသီချင်းသံ၊ ကြည့်လို့မဝနိုင်တဲ့ ရောင်စုံအရုပ်ကလေးတွေ၊ ချိုဆိမ့်တဲ့ အစာအာဟာရ၊ နှစ်သက်ဖွယ် မွှေးရနံ့ . . စတဲ့ အာရုံငါးပါးကြားက လူလားမြောက်ခဲ့ ရတာဆိုတော့ ဒီရုပ်၊ ဒီနာမ်၊ ဒီခန္ဓာကို အာရုံတွေက လွတ်အောင် မရှုန်းချင်ကြဘူးလေ။

ဒီအာရုံတွေဆိုတာ တဏှာက လက်သပ်မွေးထားတာ။ ကျုပ်ကတော့ တရားခံကို မိပြီ။ မသိမှုအဝိဇ္ဇာကိုလည်း ကိစ္စတုံးစီရင်ခဲ့ပြီ။ ကျုပ်ရဲ့ လားရာဂတိက လွတ်မြောက်ရာဆီ . . . ။

ဒီဘဝ တရားရလိုသော်

ကိုရင်ကြီး၏ ခန္ဓာကိုယ်တွေ့ တရားများကို နာကြားမှတ်သားနေသည်မှာ ညဉ့်နက်ရာမှာ အလင်းဘက်သို့ပင် ကူးလာခဲ့ချေပြီ။ကိုရင်ကြီးကို အားနာလှပြီ။

“မွေးနှစ်၊ မွေးချင်း၊ မယ်တော်၊ ခမည်းတော်တို့ကို သိပါရစေဘုရား”

“ခမည်းတော် ဦးပွ၊ မယ်တော် ဒေါ်အုန်းတင်တို့ကနေ ရေနံချောင်းမြို့နယ်၊ ဖရဲကျွန်းရွာမှာ (၁၃၀၄)ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၁၄)ရက်၊ ဗုဒ္ဓဟူးနေ့မှာ မွေးခဲ့ပါတယ်။ မွေးချင်းသုံးယောက်မှာ အကြီးဆုံးပါ။ လူဘဝတုန်းက ဦးလှအောင်လို့ ခေါ်ပါတယ်။

“အရှင်ဘုရား၊ တရားရကြောင်းရဲ့ အနှစ်ချုပ်သြဝါဒ ချီးမြှင့်ပါဘုရား”

ကျွန်တော်၏ လျှောက်ထားချက်ကို ကိုရင်ကြီးက လေးနက်တည်ကြည်စွာ ဤသို့အမိန့်ရှိခဲ့ပါသတည်း။

ဝတ်ကြောင်ကိုပယ်၊ သာသနာ့ဘောင်ဝင်၊

ဗိုလ်ငါးပါးလက်ကိုင်ထား၊ မဂ္ဂင်ရှစ်ပါးနဲ့သွား၊

အယုတ်တရားနှစ်ပါးရဲ့ ဗဟို တည့်ပါစေ၊

ဆိတ်ငြိမ်ရာကပ်၊ ရောင့်ရဲခြင်းကစ၊

ဒီဘဝ တရားရနိုင်တယ်။

နောက်ဆုံးသတင်း-ကိုရင်ကြီး အရှင်ဝိမလသည် (၂၀၀၃)ခုနှစ်၊ ဧပြီလ(၁၃၆၅-ခုနှစ်၊ တန်ခူးလ)တွင် ရေနံချောင်းမြို့၊ ပညာလွင်ဘော်ဒါမှ ဦးမောင်မောင်လွင်၊ ဦးမြင့်စိုးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းဘဝသို့ ခံယူရောက်ရှိခဲ့ပါကြောင်း . . . ။

■မောင်သွေးချွန်

ဒဂုန် ဦးထွန်းမြင့်

ရေးသားပြုစုသော

ဗုဒ္ဓ၏ သြဝါဒ အမြတော

မှ

လူတန်းစားမခွဲနှင့်

အထိုက်အလျောက် ပေးကမ်းခြင်း၊ ချိုချိုသာသာပြောဆိုဆက်ဆံခြင်း၊ သူ့အကျိုးစီးပွားကို ဆောင်ခြင်း၊ အဆင့်အတန်းမခွဲဘဲ ကိုယ်နှင့်ထပ်တူပြုမှုခြင်း၊ ဤသင်္ဂဟတရားလေးပါးသည် လူမှုရေးဟူသော ဘီးကြီးလည်ပတ်နေရာ၌ လွတ်ထွက်မသွားအောင် ထိန်းထားသည့် အလွန်အရေးပါသော နားပန်းစွန်းပင်ဖြစ်သည်။

အင့်ုတ္ထိရ်၊ စတုက္ကနိပါတ်။

ကံ

ရဟန်းတို့၊ စေတနာ လှုံ့ဆော်၍ ဆည်းပူးအားထုတ်ပြုလုပ်အပ်သော ကံသည် အကျိုးမခံစားရဘဲ ပျောက်ပျက်မသွားပေ။

ဒသအင့်ုတ္ထိရ်၊ သဠေတနိကသုတ်

■

သံဝေဇနိယ လေးဌာနခရီး

ဦးလှရွှေ

(ယခင်လမှအဆက်)

ပတ္တနာ (ပါဋလိပုတ်)

နောက်တစ်နေ့ ဧပြီလ (၁၇)ရက်နေ့၊ နံနက်တွင် ကုသိနာရုံကျောင်းမှာထွက်၍ ကီလိုမီတာ (၂၃၂)ဝေးသော ပတ္တနာ (ပါဋလိပုတ်)မြို့သို့ ခရီးဆက်ကြပြန်ပါသည်။ ခရီးလမ်းတစ်လျှောက်၏ လမ်းဘေးဝဲယာတို့တွင် အိန္ဒိယပြည်သားတို့၏ လူနေမှုဘဝ တစ်စိတ်တစ်ပိုင်းကို မြင်တွေ့ခွင့်ရကြသည်။ ကျွန်တော်တို့ ဘုရားဖူးသွားရောက်ကြရသည့် နယ်မြေသည် ကြီးမားကျယ်ပြန့်လှသော အိန္ဒိယနိုင်ငံ၏ အရှေ့ဘက်ခြမ်းတစ်စိတ်တစ်ပိုင်းမျှသာ ဖြစ်ပါသည်။ အနောက်ဘက်လားပြည်နယ်၊ ဂျာခန်းပြည်နယ်၊ ဘီဟာပြည်နယ်နှင့် ဥတာပရာဒေ့ရှ်ပြည်နယ်တို့သာ ဖြစ်ပါသည်။ ဤပြည်နယ်များအတွင်း တောင်ကုန်း၊ တောင်တန်း၊ သစ်တောများ မတွေ့ရ။ လယ်ကွင်းနှင့် လွင်ပြင်များ၊ ဂျုံစိုက်ခင်းများ၊ ပြောင်းခင်း၊ ပဲခင်း၊ ကြံခင်းနှင့် သစ်သီးမျိုးစုံစိုက်ခင်းများကိုတွေ့ရသည်။တောင်နှင့် တောများမရှိ၍ သစ်၊ ဝါးရှားသည်။ သစ်၊ ဝါးအိမ်များ မတွေ့ရ။ ကျေးလက်တောရွာများတွင်ပါ အုတ်၊ အင်္ဂတေနှင့် ရွှံ့အိမ်များသာ တွေ့ရသည်။ ကျဉ်းမြောင်း ကျပ်တည်းနေသော အိမ်ငယ်ငယ်များ၊ ဖရိုဖရဲပြန့်ကြဲပေပွနေသော ကျေးလက်နှင့် မြို့ငယ်များရှိ မြင်ကွင်းများမှာ လေပြင်း၊ လေပွေတိုက်ခတ်သွားပြီးနောက် ဖြစ်ပျက်ကျန်ရစ်ခဲ့သော မြင်ကွင်းနှင့်သာ တူနေပေတော့သည်။

ကုသိနာရုံကျောင်းမှထွက်ပြီး မကြာမီတွင်

မြတ်စွာဘုရားအား နောက်ဆုံးဆွမ်းဆက်ကပ်ခွင့်ရခဲ့သည့် စုန္ဒရွှေပန်းထိမ်သည်တို့ နေခဲ့ရာပါဝါမြို့ရှိ အိမ်နေရာ၊ စေတီဟောင်းကို ဝင်ရောက်ဖူးမြော်ခဲ့ကြရပါသည်။ နေ့လယ် (၁၁း၃၀)နာရီတွင် ဝေသာလီမြို့၌ မြန်မာဘုန်းတော်ကြီးကျောင်းအသစ် တစ်ဆောင် ဆောက်လုပ်နေသော နေရာသို့ ရောက်ခဲ့ကြ၏။ ကျောင်းဆောက်ရန် မြေကွက်အတွက် အလှူငွေများ ထည့်ဝင်လှူဒါန်းခဲ့ကြပါသည်။ ဆက်လက်၍ ဝေသာလီတွင် ဒုတိယသင်္ဂါယနာတင်ခဲ့သည့် နေရာအထိမ်းအမှတ်စေတီနှင့် အသောကမင်းကျောက်စာတိုင်၊ လိစ္ဆဝီမင်းသားများရသည့် ဓာတ်တော်များကို စေတီတည်ထားသည့်နေရာ၊ အမ္ဗပါလီ၏ ကောင်းမှုတော်ရေကန်နှင့် ဂျပန်ပြည်မှတည်ထားသည့် ကမ္ဘာ့ငြိမ်းချမ်းရေး "ရှံ့တီ"စေတီတစ်ဆူတို့ကို ဖူးမြော်ကြရပါသည်။

နေ့လယ် (၁း၃၀)နာရီတွင် ပတ္တနားမြို့သို့ ဝင်သည်။တတိယအကြိမ် သင်္ဂါယနာတင်ခဲ့သော အသောကမင်း၏ ကျောင်းတော်ရာနေရာကို ကားလမ်းဘေးတွင်ပင်လှမ်းဖူးနိုင်ကြပါသည်။ နေ့လယ် (၂)နာရီတွင် ပတ္တနားမြို့ မြန်မာဘုန်းတော်ကြီးကျောင်းသို့ ရောက်ကြပါသည်။ ဤကျောင်းသည်လည်း မြန်မာနိုင်ငံအစိုးရနှင့် မြန်မာပြည်သူ ပြည်သားများ၏ ကောင်းမှုဖြင့် မြန်မြန်ဆန်ဆန် လှပသစ်လွင်လျက် ရှိနေပေသည်။

ညနေပိုင်းတွင် အနီးပတ်ဝန်းကျင်ရပ်ကွက်၊ ဟင်းသီးဟင်းရွက်စျေးနှင့် ပတ္တနားမြို့ မီးရထားဘူတာရုံတို့ကို လှည့်လည်ကြည့်ရှုကြသည်။ သန့်ရှင်းမှုအားနည်း၍ ပေပွ ရှုပ်ထွေးနေသော မြင်ကွင်းတို့ကိုသာ တွေ့ရသည်။ မီးရထားများကား မပြတ်ဝင်ထွက်၊ သွားလာလျက်ရှိကြပေ၏။ ညပိုင်းတွင် ပတ္တနားမြို့၊ မြန်မာဘုန်းတော်ကြီးကျောင်းဆရာတော်ကို ကန်တော့ကြသည်။ လှူဖွယ်ဝတ္ထုများ လှူဒါန်းကြပါသည်။

ရာဇဂြိုဟ်

နောက်တစ်နေ့ ဧပြီလ(၁၈)ရက်၊ နံနက် (၆)နာရီတွင် ပတ္တနားမြို့၊ မြန်မာဘုန်းတော်ကြီးကျောင်းမှထွက်၍ ကီလိုမီတာ (၁၀၁)ဝေးသောရာဇဂြိုဟ်မြို့သို့ ဂင်္ဂါမြစ်၏ အနောက်ဘက်ကမ်းကိုစုန်၍ ဖောက်လုပ်ထားသော ကားလမ်းအတိုင်း ခရီးဆက်ခဲ့ကြပြန်ပါသည်။ နံနက်(၈)နာရီတွင် နာလန္ဒာတက္ကသိုလ်သို့ရောက်၍ မြန်မာစာသင်သား ရဟန်းတော်များကို ဝင်ရောက်ဖူးမြော်ကန်တော့ကြသည်။လှူဖွယ်ဝတ္ထုများ လှူဒါန်းကြပါသည်။ ဤနာလန္ဒာတက္ကသိုလ်ကျောင်းသစ် အဆောက်အအုံကား သာမန်အဆောက်အအုံခပ်သေးသေးတစ်ခုသာ ဖြစ်ပါသည်။မူလနာလန္ဒာတက္ကသိုလ်အဆောက်အအုံများကား ပြိုပျက်ခဲ့လေပြီ။ ဆရာတော်တစ်ပါး ဦးဆောင်လိုက်ပါ၍ နာလန္ဒာတက္ကသိုလ်ဟောင်းတည်ရှိခဲ့ရာသို့ သွားရောက်လေ့လာကြရသည်။ နာလန္ဒာတက္ကသိုလ်သည် ရှေးဗုဒ္ဓဘာသာဝင် ရှင်ဘုရင်များလက်ထက်၊ဘုရင်အားပေးခြီးမြှောက်ခဲ့သဖြင့် အထူးစည်ကားထင်ရှားခဲ့ကြောင်းနှင့် နောက်ပိုင်းဘာသာခြား မင်းများလက်ထက် ဖြိုဖျက်၊ မီးရှို့၊ မြေဖို့၊ ပျက်စီးပျောက်ကွယ်ခဲ့ရသည်ဟု သိရပါသည်။ နောက်ပိုင်းတရုတ်ရဟန်းတော် ဖာယီယန်နှင့် ဟူယင်ဆန်တို့၏ မှတ်တမ်းများအရ ဗြိတိသျှအစိုးရလက်ထက်တွင် လေ့လာရှာဖွေဖော်ထုတ်ခဲ့၍ အဆောက်အအုံဟောင်းများကို တွေ့ကြရခြင်းဖြစ်ကြောင်း သိရှိရပါသည်။ ကျယ်ပြန့်လှသော အုတ်မြစ်၊ အုတ်ခုံများ၊ စာသင်ခန်းများ၊ ကျောင်းတော်ပျက်များနှင့် အရှင်သာရိပုတ္တရာ မွေးဖွားရာနှင့် ပရိနိဗ္ဗာန်ပြုရာနေရာ အထိမ်းအမှတ်စေတီတော်ဟောင်းများကို ဖူးတွေ့ကြရပါသည်။

ဆက်လက်၍ ရာဇဂြိုဟ်မြို့ဟောင်းတည်ရှိခဲ့ရာနေရာသို့ သွားရောက်ကြပါသည်။ အဇာတသတ်မင်းတည်ခဲ့သော ရာဇဂြိုဟ်မြို့သစ်နှင့် မြို့ရိုးတံခါးနေရာ၊ ဗိမ္ဗိသာရမင်းကြီး၏ ရာဇဂြိုဟ်မြို့ဟောင်းနေရာတို့ကို သွားရောက်ကြည့်ရှုကြပါသည်။ ရာဇဂြိုဟ်မြို့ဟောင်းနေရာသည် သူ့ခေတ်၊ သူ့အခါအရ တောင်မြင့်ကြီးများ ဝိုင်းရံလျက် မြို့ကွက်၊ မြို့ကွင်း အလွန်ကောင်းသောနေရာဟု ဆိုရပါမည်။ မြို့အဝင်တစ်ပေါက်၊ အထွက်တစ်ပေါက်မှလွဲ၍ သဘာဝတောင်နံရံများက မြို့ကို ကာရံထားသကဲ့သို့ ဖြစ်နေပါသည်။ ယခု ဤတောင်ကြီးများသည် သစ်ပင်ကျိုးတိုးကျဲတဲနှင့် ကျောက်တောင်ကြီးများအဖြစ်သာ မြင်တွေ့နေရပေတော့သည်။ ရာဇဂြိုဟ်မြို့နှင့် ပတ်ဝန်းကျင်တွင် ဗိမ္ဗိသာရမင်းကြီး၏ ရွှေဘဏ္ဍာတော်တိုက်နေရာ ကျောက်ဂူ၊ ဗိမ္ဗိသာရမင်းကြီးအား သားတော်အဇာတသတ်က အကျဉ်းချထားခဲ့ရာ အကျဉ်းထောင်နေရာ၊ မြတ်စွာဘုရား၏ ဓာတ်တော်များကို သိုထားခဲ့ဖူးသည့် ဓာတ်တော်တိုက်၊ ပထမသင်္ဂါယနာတင်ခဲ့သည့် ဝေဘာရတောင်နှင့် ရေပူစမ်း၊အရှင်မဟာကဿပမထေရ် သီတင်း

သုံးခဲ့သည့် ပိပ္ပလိလိုဏ်ဂူအထိမ်းအမှတ်စေတီ၊ ရာဇဂြိုဟ်မြို့ စည်ကားခဲ့စဉ်က လှည်းလမ်းကြောင်း၊ ဗိမ္ဗိသာရမင်းကြီး၏ ဝေဠုဝန်ကျောင်းနေရာစသည်တို့ကို ဖူးတွေ့ကြရပါသည်။

ညနေပိုင်းတွင် ရာဇဂြိုဟ်မြို့ဟောင်း၏ အရှေ့ဘက်မှ အုပ်မိုးနေသော ဂိဇ္ဈကူဋ်တောင်သို့ တက်ကြပါသည်။ဤတောင်ပေါ်တွင် သာသနာ(၂၅၀၀)ပြည့်အထိမ်းအမှတ်အဖြစ် ဂျပန်ပြည်မှ တည်ထားသော ကမ္ဘာ့ငြိမ်းချမ်းရေး "ရှုံတီ"စေတီတစ်ဆူနှင့် ဘုန်းတော်ကြီးကျောင်းရှိသည်။ဤစေတီနှင့် ကျောင်းသို့ အလွယ်တကူတက်ရောက်နိုင်ရန် ဂျပန်ပြည်မှပင် တည်ဆောက်ပေးထားသော စက်ကြိုးလှေကားဖြင့် စီး၍ တက်ရောက်ဖူးမြော်ကြသည်။ တောင်ထိပ်ပေါ်တွင် သိကြားမင်းအား မြတ်စွာဘုရား တရားဟောခဲ့သည့်နေရာကို ဖူးတွေ့ရသည်။ တောင်အဆင်းတွင် စက်ကြိုးလှေကားကို မစီးဘဲ ခြေကြောင်းလမ်းမှ ဆင်းခဲ့ကြသည်။ လမ်းခရီးတစ်ထောက်တွင်၊ မြတ်စွာဘုရားသက်တော်ထင်ရှားရှိစဉ် သီတင်းသုံးခဲ့သည့် ကျောင်းနေရာ၊ အရှင်သာရိပုတ္တရာ သီတင်းသုံးခဲ့သည့် ကျောက်ဂူ၊ အရှင်အာနန္ဒာသီတင်းသုံးခဲ့သည့် ကျောက်ဂူတို့ကို ဖူးတွေ့ကြရသည်။ မြတ်စွာဘုရား၏ ကျောင်းနေရာတွင် လိုက်ပို့သည့် ဆရာတော်နှင့်အတူ သီလယူခြင်း၊ ပရိတ်ရွတ်ခြင်း၊ ဆီမီးပူဇော်ခြင်း၊ မေတ္တာပို့ အမျှဝေခြင်းတို့ ဆောင်ရွက်ကြသည်။ ဆက်လက်၍ တောင်ဆင်းခရီးတွင် မြတ်စွာဘုရားအား ဗိမ္ဗိသာရမင်းကြီးလာရောက်ဖူးမြော်စဉ် မြင်းလှည်းနှင့် ချပ်ဝတ်တန်ဆာများ ချွတ်ထားခဲ့သည့်နေရာ၊ မြတ်စွာဘုရားဘုရားအား အရှင်ဒေဝဒတ် ကျောက်မောင်းဆင်ခဲ့သည်ဆိုသော နေရာတို့ကို ဖူးတွေ့ကြရပါသည်။ ညပိုင်းတွင် ရာဇဂြိုဟ်ကျောင်းဆရာတော်အား ပူဇော်ကန်တော့၍ လှူဖွယ်ဝတ္ထုများ လှူဒါန်းကြပါသည်။

ကာလကတ္တား

နောက်တစ်နေ့ ဧပြီလ (၁၉)ရက်နေ့၊ နံနက် (၁၀)နာရီတွင် ရာဇဂြိုဟ်မှ ကီလိုမီတာ (၅၄)ဝေးသော ကာလကတ္တားမြို့သို့ ကားဖြင့် ဆက်လက်ထွက်ခွာလာကြရာ ည(၁)နာရီတွင် ကာလကတ္တားမြို့တွင်းရှိ မြန်မာဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိတည်းခိုကြပါသည်။ ဤကျောင်းသည် အသွားတုန်းက တည်းခိုခဲ့သည့် "ဗောဓိသုခ" ကျောင်းမဟုတ်ဘဲ ကာလကတ္တားမြို့လယ်တွင်ရှိ၍ အိန္ဒိယပြည် လွတ်လပ်ရေးမရမီကပင် တည်ရှိခဲ့သော မြန်မာဘုန်းတော်ကြီးကျောင်းဟောင်းဖြစ်ကြောင်း သိရပါသည်။

ဧပြီလ (၂၀)ရက်နှင့် (၂၁)ရက်တို့တွင် ကာလကတ္တားမြို့အတွင်း လှည့်ပတ်ကြည့်ရှုခြင်း၊ ဈေးဝယ်ခြင်းစသည်များ ဆောင်ရွက်ခွင့်ရကြပါသည်။ ကာလကတ္တားသည် အနောက်ဘင်္ဂလားပြည်နယ်၏ မြို့တော်ဖြစ်သလို အိန္ဒိယနိုင်ငံ၏ ဒေလီ၊ဘုံဘေတို့ပြီးလျှင် တတိယအကြီးဆုံးဖြစ်သည်။ လူနေထူထပ်ပြီး မြို့ကလည်း မြို့ဟောင်းကြီးဖြစ်သည့်အတွက် ကျပ်ညပ်သိပ်သည်းနေသည်ဟု ခံစားရပါသည်။ အစည်ကားဆုံးသော မြို့လယ်ပိုင်းတွင် မြင့်မားသော အဆောက်အအုံများ၊ ရုံးများ၊ ကုန်တိုက်၊ ပြတိုက်၊ ဈေး၊ တံတားကြီးများ၊ ခေတ်မီအဆောက်အအုံများ၊ ပန်းခြံ၊ ဥယျာဉ်များနှင့် စည်ကားလျက်၊ ပြည့်စုံလျက်ရှိပါ၏။သန့်ရှင်းသပ်ယပ်မှုတွင်ကား ရန်ကုန်မြို့ကိုပင် မမီပါ။ အိန္ဒိယရှိ မြို့ရွာများတွင် ယာဉ်ရထားမျိုးစုံ၊ ကား၊ ရထား၊ မြေအောက်ရထား၊ ဓာတ်ရထား၊ ဆိုင် ကယ်၊ စက်ဘီး၊ ဆိုက်ကား၊ ဂါရီ၊ သုံးဘီး၊ ချယ်ဂါရီ၊ လန်ခြား၊ မြင်းလှည်း၊ နွားလှည်းမျိုးစုံကို အသုံးပြုခွင့် ပေးထားခြင်းကြောင့် လမ်းများတွင် ရှုပ်ထွေးနေသည်။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းမှုအားနည်းပုံရပါသည်။ ဆင်ခြေဖုံးရပ်ကွက်များတွင်ကား သန့်ရှင်းသပ်ရပ်မှုအလွန်ပင် အားနည်းကြောင်း သိသာပါသည်။ သို့ရာတွင် သွားခဲ့ရသမျှ နယ်မြေအနှံ့အပြားဌ် သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ အထူးကောင်းမွန်ကြောင်း

တွေ့ရပါသည်။ ရထားလမ်း၊ ကားလမ်းများအထူးကောင်းမွန်၍ မပြတ်ပြေးဆွဲနေကြသည်။ တောရွာဇနပုဒ်တို့၌ပင် ကမ္ဘာအနှံ့ဆက်သွယ်နိုင်သော တယ်လီဖုန်းများရှိနေကြပါသည်။ အိန္ဒိယနိုင်ငံသည် ခေတ်မီတိုးတက်ရန် အရှိန်ယူနေပေပြီ။ အိန္ဒိယနိုင်ငံသားတို့က စည်းကမ်းရှိရှိလိုက်ပါတိုးတက်ကြဖို့သာ လိုတော့သည်ဟု ခံစားနေမိပါသည်။

ဧပြီလ (၂၁)ရက်နေ့ညတွင် ကာလကတ္တားမြို့ မြန်မာဘုန်းတော်ကြီးကျောင်းဆရာတော်ကို ပူဇော်ကန်တော့ကြသည်။ လှူဖွယ်ဝတ္ထုများ လှူဒါန်းကြသည်။ဆရာတော်က ဘုရားဖူးခရီးပြီးဆုံး၍ မြန်မာပြည်ပြန်ကြရတော့မည့် ကျွန်တော်တို့အဖွဲ့အား ဘုရားဖူးခရီးအကြောင်း၊ ဗုဒ္ဓဝင်အကြောင်း၊ အိန္ဒိယအကြောင်း စသည်ဖြင့် သိသင့်သိထိုက်သည်များ ဟောပြောပြပါသည်။ ယခင်တည်းခိုခဲ့ဖူးသော ဘုန်းတော်ကြီးကျောင်းတိုင်းတွင်လည်း ဆရာတော်၊ သံယာတော်များက မြန်မာဘုရားဖူးအဖွဲ့များကို လှိုက်လှဲရင်းနှီးစွာ ကြိဆို၊ ဧည့်ခံ၊ ကူညီ၊ လိုက်ပို့၊ ရှင်းပြ၊ ဟောကြားပေးကြပါသည်။ အိန္ဒိယနိုင်ငံ၌ သာသနာပြုနေကြသော မြန်မာရဟန်းတော်များအနေဖြင့် ဘာသာခြားတို့၏အကြားတွင် ပစ္စည်းလေးပါးကအစ အခက်အခဲအမျိုးမျိုးကို ရင်ဆိုင်၍ ရပ်တည်နေခဲ့ကြရကြောင်း၊မြန်မာနိုင်ငံမှ တတ်နိုင်၊ လှူနိုင်သော ဒါယကာ၊ ဒါယိကာမတို့၏ လှူဒါန်းမှုအပေါ် မှီတည်နေခဲ့ကြရကြောင်း၊ယခင်ကသော် မြန်မာနိုင်ငံသားတို့ အိန္ဒိယသို့ အရောက်အပေါက်အလွန်နည်းကြကြောင်း၊ ဘုရားဖူးခရီးသည်တို့မှာလည်း မိမိတို့နီးစပ်ရာ အကူအညီအစီအစဉ်အရ လာရောက်ကြရာ အခက်အခဲလည်းများ၊ ကိုယ်စီလည်း ပင်ပန်း၊ ငွေကုန်ကြေးကျလည်း များခဲ့ကြကြောင်း၊ ယခုနောက်ပိုင်းတွင်မှ မြန်မာနိုင်ငံတော်အစိုးရ၊ သာသနာရေးဝန်ကြီးဌာနနှင့် အိန္ဒိယနိုင်ငံ ပရဒေသီသံယနာယကအဖွဲ့တို့၏ ညှိနှိုင်းစီစဉ်ပေးမှုဖြင့် ဘုရားဖူးအဖွဲ့များ ပေါ်ပေါက်လာကြကာ၊ အသွားအလာ ပိုမိုလွယ်ကူများပြားလာကြကြောင်း၊ဘုရားဖူးအဖွဲ့နှင့် မြန်မာဘုန်းတော်ကြီးကျောင်းများ၏ စီစဉ်ပေးမှုကြောင့်၊ တည်းခို၊ နေထိုင်၊ စားသောက်ရေးအတွက်လည်း အစစအဆင်ပြေကြကြောင်း၊ ဘုရားဖူးခရီးသည်များ အရောက်အပေါက်များသည်နှင့်အမျှ မြန်မာဘုန်းတော်ကြီးကျောင်းများသို့ အလှူအတန်း၊ အထောက်အပံ့လည်း ယခင်ကထက် ပိုမိုလာကြကြောင်း၊ ထို့ကြောင့် ဤဘုရားဖူးခရီးစဉ်များသည် အိန္ဒိယနိုင်ငံရှိ မြန်မာဘုန်းတော်ကြီးကျောင်းများ၊ မြန်မာနိုင်ငံ သာသနာရေးဝန်ကြီးဌာနနှင့် ဘုရားဖူးအဖွဲ့များ၊ မြန်မာနိုင်ငံသား ဘုရားဖူးခရီးသည်များ စသည့် သုံးဦးသုံးဖလှယ်အတွက် အကျိုးများကြကြောင်း တွေ့ရှိရလေသည်။

ထို့အပြင် ဤမှတ်တမ်းဆောင်းပါးအစတွင် ဖော်ပြခဲ့သော မြတ်စွာဘုရားရှင်၏ ဟောဖော်ချက်အရ သံဝေဇနိယလေးဌာနသို့ လေးနက်သောသဒ္ဓါတရားဖြင့် ဘုရားဖူးခဲ့ကြရသည့် သူတော်ကောင်းများအဖို့ အပါယ်တံခါးပိတ်နိုင်ကြောင်း၊လောကုတ္တရာ၊ သံသရာအကျိုးကိုလည်း မျှော်ကိုးနိုင်ကြပါသည်။ အနောက်မဇ္ဈိမဒေသ(မြတ်စွာဘုရားပွင့်ပေါ် သီတင်းသုံးရာအရပ်)တွင်၊ သံဝေဇနိယလေးဌာန(မြတ်စွာဘုရားဖွား၊ ပွင့်၊ ဟော၊ စံအရပ်များ)၊ အဝိဇဟိတလေးဌာန (ဘုရားရှင်တိုင်း မစွန့်သောနေရာအရပ်များ)နှင့် အခြားသော ဗုဒ္ဓဝင်၊ သာသနာဝင်နေရာဒေသများအကြောင်းကို ကြားဖူးနားဝရှိကြသော်လည်း မျက်မြင်ကိုယ်တွေ့ ဖူးတွေ့ခွင့်ရသူ အလွန်နည်းပါသည်။ ဤမြင့်မြတ်သော ဌာနများသို့ သွားရောက်ဖူးမြော်ခွင့်ရကြခြင်းသည် ထူးမြတ်သော ပါရမီကြောင့်သာ ဖြစ်ပါသည်။ ဤသို့သွားရောက်နိုင်ရေးအတွက် သွားရောက်လိုသော သဒ္ဓါတရားလည်း ပြင်းပြ၊ ငွေကြေးစရိတ်လည်းပြည့်စုံ၊ ကျန်းမာရေးလည်းကောင်း၊ အိန္ဒိယ-မြန်မာနှစ်နိုင်ငံ အစိုးရမင်းများကလည်း ခွင့်ပြုပါမှ အောင်အောင်မြင်မြင်သွားရောက်နိုင်ကြပေလိမ့်မည်။

မြတ်စွာဘုရားရှင် မွေးဖွား၊ ပွင့်ပေါ်၊ ဟောဖော်ညွှန်ပြ၊ ဘဝနိဗ္ဗာန်တော်မူခဲ့ရာ မြင့်မြတ်သောနေရာဒေသများ၊ သခ်ါရတရားကြောင့် ပျောက်ပျက်ကွယ်ဆိတ်၊ မှောင်မမှိတ်ခင် မြင်ခွင့်ဖူးခွင့်၊ သိခွင့်ရကြ၍ သဒ္ဓါပီတိနှင့် ယှဉ်သော အပွမာဒသံဝေဂတရားများ ပွားများနိုင်ကြစေခြင်းငှာ မြန်မာနိုင်ငံသူ၊ နိုင်ငံသား သူတော်ကောင်းများသည် သံဝေဇနိယလေးဌာန၊ အဝိဇဟိတလေးဌာနအပါအဝင် မဇ္ဈိမဒေသ ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်များသို့ လိုက်ပါဖူးမြော် ကုသိုလ်ပွားနိုင်ရေးအတွက် စိတ်စေတနာသဒ္ဓါတရားများ ပွားများကြပါစေရန် ရည်သန်ရေးသားတင်ပြလိုက်ရပေသည်။

■ဦးလှရွှေ
မှတ်တမ်းပြုစုသည်။

လာလှည့် ရှုလှည့် မြင်စေချင်

ခရီးသည်(ရိုးပြတ်တော)

ဒေါ်ပညာစာရီ ဦးဆောင်သော ကျောင်းတိုက်ဝတ်အသင်း

တန့်ယန်းမြို့သည် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ရှိသော မြို့ကလေးတစ်မြို့ဖြစ်သည်။ လားရှိုးမှ သုံးနာရီကျော် လေးနာရီခန့် ကားစီးလာရသည်။ ခရီးမိုင်အနေအားဖြင့် (၈၄)မိုင်ခန့်ဝေးသည်။ တန့်ယန်းမြို့တွင် ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်း(၆)ကျောင်းသာ ရှိပေသည်။ ထိုကျောင်းများ၏ ဗုဒ္ဓဘာသာရေး၊ သာသနာရေးကိစ္စအဝဝကို ဆောင်ရွက်ရန် သာသနာရေး ဦးစီးအရာရှိ ဦးရွှေဝင်းက ၁၉၉၆-ခုနှစ်၊ ဧပြီလ(၄)ရက်မှစပြီး ဆောင်ရွက်ရန် တာဝန်ကျခဲ့သည်။ ကိုးကွယ်ရာ ဘာသာအခြေအနေအားဖြင့် ဗုဒ္ဓဘာသာ၊ မွတ်စလင်၊ ဟိန္ဒူ၊ ခရစ်ယာန်အားဖြင့် ဘာသာစုံကို မိမိတို့ယုံကြည်ရာ ကိုးကွယ်ကြသည်။ အများဆုံးအားဖြင့် ဗုဒ္ဓဘာသာဦးရေက ပိုများပြားကြောင်း တွေ့ရပေသည်။

တန့်ယန်းမြို့ ဒေသခံတိုင်းရင်းသားအများစုမှာ ရှမ်းတိုင်းရင်းသားတို့ ဖြစ်ကြသည်။ ဘာသာရေးအခြေခံကောင်းသဖြင့် ဗုဒ္ဓဘာသာကို အထူးပင်လေးစားအားထားကြသည်။ တန့်ယန်းမြို့သည် အိမ်ခြေပေါင်း (၂၀၀)ကျော်ခန့်ရှိ၍၊ရပ်ကွက်ပေါင်း (၁၀)ရပ်ကွက်ရှိပေသည်။ ထိုမြို့တွင် အထူးခြားဆုံးမှာ သီလရှင်စာသင်တိုက်ကို ဝင့်ဝင့်ကြွားကြွားခံ့ခံ့ထည်ထည် တွေ့မြင်ရခြင်းပင်ဖြစ်သည်။ သီလရှင်စာသင်တိုက် စတင်တည်ထောင်သူမှာ သီလရှင်ဆရာကြီး ဒေါ်ပညာစာရီဖြစ်သည်။ ဒေါ်ပညာစာရီကို ခမည်းတော် ဦးပေါ်ဆိုင်နှင့် မယ်တော် ဒေါ်စံခမ်းတို့က ၁၃၀၉-ခုနှစ်၌ နမ့်ဆန်မြို့နယ် ဇယန်းကြီးရွာတွင် မွေးဖွားသည်။ သတ္တမမြောက် သမီးရတနာဖြစ်ပေသည်။ တန့်ယန်းမြို့ကို ၁၃၅၄-ခုနှစ်တွင် ရောက်ရှိလာသော ဒေါ်ပညာစာရီက သာသနာပြုရန် စိတ်ဓာတ်ထက်သန်လာသဖြင့်၊ ၁၃၅၇-ခုနှစ်၊ နိုင်ငံတော်သာသနာရေးဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် ရွှေမောင်း သာသနာ့ဝေပုလ္လသီလရှင် စာသင်တိုက်ဟူသော အမည်တွင်ကာ သီလရှင်

ဦးဆောင် သီလရှင် ဆရာကြီးများ

စာသင်တိုက်ကို စတင်တည်ထောင်ခဲ့သည်။ တန့်ယန်းမြို့သည် တောင်တန်းဒေသ တောင်ပေါ်မြို့ဖြစ်သဖြင့် မြို့ဟုခေါ်သော်လည်း ပြည့်စုံတိုးတက်ဖွံ့ဖြိုးနေသော မြို့ဟုကား မဆိုနိုင်ပေ။ ထိုသို့ မပြည့်စုံ၊ မတိုးတက်သေးသော တောင်ပေါ်မြို့လေးတစ်မြို့မှာ သီလရှင်အပါး (၂၀၀) ကျော်ကို မွေးဖွားပေးပြီး သီလရှင်အမျိုးသမီးကလေးများကို ဗုဒ္ဓစာပေနှင့် ခေတ်ပညာ မူလတန်း၊ အလယ်တန်း၊အထက်တန်း၊တက္ကသိုလ်ပညာရေးတို့ကို သင်ကြားပို့ချပေးလျက် ဗုဒ္ဓသာသနာထွန်းကား ပြန့်ပွားအောင် ကြိုးစားဆောင်ရွက်နေသော သီလရှင်ဆရာကြီးဒေါ်ပညာစာရီ၏ ဘာသာရေးစိတ်ဓာတ်၊ သာသနာရေးစွမ်းဆောင်မှုကို မလေးစား အသိအမှတ်မပြုဘဲ မနေနိုင်တော့။ ထို့ကြောင့် နိုင်ငံတော်အစိုးရက (၄.၁.၂၀၀၀) ပြည့်နှစ်တွင် သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်ကို ဆက်ကပ်ခဲ့ခြင်းဖြစ်သည်။

တောင်ပေါ်ဒေသမြို့ကလေးတစ်မြို့မှာ အစစအရာရာ အားနည်းချက်ပေါင်းများစွာရှိနေသော်လည်း သီလရှင် အမျိုးသမီးလေးများစွာ မွေးပြီး ဗုဒ္ဓသာသနာကို ပြုစု ပျိုးထောင်ခဲ့သည်မှာ ယခုဆိုလျှင် (၉) နှစ်ရှိခဲ့လေပြီ။

ထို(၉)နှစ်အတွင်း၌ တချို့သီလရှင်များမှာ မြန်မာစကား၊မြန်မာစာကိုပင် အစက ကောင်းကောင်းမပြောတတ်၊မရေးတတ်ပေ။သည်းခံမှု၊ အားမာန်အပြည့်နှင့် ကြိုးစားမှုတို့ကြောင့် ယခုဆိုလျှင် နှစ်စဉ် ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲ၊ အဘိဓမ္မာစာမေးပွဲ၊ ပထမပြန် ငယ်၊လတ်၊ကြီး စာမေးပွဲ၊ အစိုးရဓမ္မာစရိယစာမေးပွဲစသည့် စာမေးပွဲမျိုးစုံကို နှစ်စဉ်ဖြေဆိုနိုင်အောင်ပင် တိုးတက်နေပေပြီ။ ယနေ့အချိန်မှာဆိုလျှင် အစိုးရဓမ္မာစရိယ အောင်မြင်ပြီးသူ၊ ကျမ်းစွဲသူ သီလရှင်တို့ပင် ရှိနေကြပြီဖြစ်သည်။

တန့်ယန်းမြို့ပေါ်ရှိ တိုင်းရင်းသားတို့ကလည်း ရှေ့မောင်းသီလရှင်စာသင်တိုက်လေးကို အထူးကူညီပံ့ပိုးပေးကြသဖြင့် သီလရှင်သာသနာသည် တန့်ယန်းမြို့ပေါ်တွင် တိုးတက်စည်ပင်နေခြင်းလည်း ဖြစ်ပါသည်။ ထိုသီလရှင် စာသင်တိုက်ကို စတင်တည်ထောင်ချိန်မှစ၍ အခက်အခဲပေါင်းများစွာနှင့် ကြုံတွေ့ကြရသော်လည်း ထိုအခက်အခဲတို့ကို ဒေသခံတိုင်းရင်းသားတို့၏ စေတနာ သဒ္ဓါတရားထက်သန်မှုဖြင့် ဖြတ်သန်းနိုင်ခဲ့ကြပေပြီ။ တောင်တန်းဒေသ တောင်ပေါ်မြို့ကလေးများတွင် သီလရှင်တစ်ပါးကို မြင်တွေ့ရန် အလွန်ခဲယဉ်းလှသည်။ ထိုထက် ခဲယဉ်းသည်မှာ စာသင်တိုက်ကိုတည်၍ သီလရှင် သာသနာကို ပြုနိုင်ရန် အတော်ပင် ခဲယဉ်းပါပေသည်။

တန့်ယန်းမြို့၊ သီလရှင်စာသင်တိုက်ကို ကြည့်လိုက်မည်ဆိုပါက ဦးစွာ ကျောင်းမုခ်ဝရှိ ရွှေမောင်းအောင်ဆုပန်စေတီမြတ်၏ ကြည်ညိုဖွယ်ရာ ဆည်းလည်းလှုပ်သံ၊သီလရှင်ကလေးများ၏ ယံမဂ်လံရွတ်ဖတ်သံနှင့် အခြားသော ငယ်၊ လတ်၊ ကြီး ဗုဒ္ဓစာပေသင်ကြားပို့ချသံတို့ကို ကျောင်းခြံဝင်းထိပ်ကနေ ကြားရပေမည်။ ကျောင်းခြံဝင်းကို ရှုလိုက်သည်နှင့် စိမ်းလန်းစိုပြည်နေသော ကျောင်းရှေ့ရှုခင်းများ၊ ထီးထီးမားမား၊ ဝင့်ဝင့်ကြွားကြွား၊ ခံ့ညားထည်ဝါစွာတည်ရှိ



သဒ္ဓမ္မဇောတိကဇေ ပဓာန နာယကဆရာကြီး ဒေါ်ပညာစာရီ

သြဝါဒါစရိယ ဆရာတော်ကြီးများထံ သြဝါဒခံယူနေကြစဉ်

သီလရှင်အဖြစ် ခံယူပွဲကျင်းပစဉ်

နေသော သီလရှင်စာသင်တိုက်နှစ်ထပ်ကျောင်းအဆောင်နှင့် ကျောင်းဆောင်ငယ်လေးများစွာကို ရင်သပ်ရှုမောစွာ တွေ့မြင်ကြရမည်ဖြစ်ပေသည်။

ရွှေမောင်းသီလရှင်စာသင်တိုက်အတွင်း နေထိုင်ကြသော သီလရှင် အမျိုးသမီးကလေးတွေကို ကြည့်မည်ဆိုပါက ကြည်လင်သော အသွင်၊ ဖြူစင်သော အသားအရေ ဟန်ဆောင်မှုကင်းသော အပြုံးနှင့် သန့်ရှင်းစွာ နေထိုင်မှုကို တွေ့မြင်ရမည်ဖြစ်ပေသည်။ တောင်ပေါ်ဒေသ အသွားအလာ ခရီးခက်ခဲသဖြင့် မြို့ကြီး၊ ပြကြီးများနှင့် အလှမ်းအနည်းငယ်ဝေးသော်လည်း အနေအထိုင် အဆင့်မြင့်သည်။ အပြောအဆိုယဉ်ကျေးသည်။ သီလရှင်စာသင်တိုက်အတွင်းသို့ ရောက်ရှိလာသူတိုင်းကို လှိုက်လှဲဖော်ရွေစွာ ဧည့်ခံဝတ်ကျေပွန်ကြသည်။ ထို့ကြောင့်လည်း ရွှေမောင်း သာသနာ့ဝေဠုလ္ဝ သီလရှင်စာသင်တိုက်သည် တန့်ယန်းမြို့ပေါ်တွင် ထေရဝါဒဗုဒ္ဓဘာသာ သီလရှင်သာသနာထွန်းကား မွေးဖွားပေးရာ ဌာနတစ်ခုပင် ဖြစ်ပေသည်။

ရွှေမောင်းသာသနာ့ဝေဠုလ္ဝ သီလရှင်စာသင်တိုက်အတွင်းသို့ လေ့လာသုံးသပ်ကြမည်ဆိုပါလျှင် ဗုဒ္ဓဘုရားရှင်ကိုယ်တော်မြတ်၏ သီတင်းသုံးစံပယ်ရာ ကျောင်းကို ပန်း၊ ရေချမ်း၊ ဆီမီးတို့ဖြင့် ပူဇော်ထားပုံကို ကြည့်ပါက ဗုဒ္ဓဘာသာကို ရှမ်းတိုင်းရင်းသားတို့ သက်ဝင်ယုံကြည်အလေးထားမှု သဒ္ဓါတရားကို မှန်းဆနိုင်ပါသည်။ နေ့စဉ် ဘုရားရှိခိုးသော အခါတွင်လည်း ညီညာစနစ်ကျသော ဘုရားရှိခိုးဟန်၊ ကြည်လင်ပြတ်သားသောအသံ၊ တည်ကြည်လေးနက်သော ကြည်ညိုဖွယ်ရာ အသွင်အပြင်ဟန်ပန်တို့ကို တွေ့မြင်ရပေမည်။ မြန်မာနိုင်ငံလို ဗုဒ္ဓသာသနာထွန်းကားရာ ရန်ကုန်၊ မန္တလေးစသော မြို့တွေမှာ သီလရှင်သာသနာထွန်းကားမှုကို မအံ့သြလောက်သော်လည်း တောင်တန်းဒေသ နယ်စပ်မြို့ကလေးများမှာ သီလရှင်သာသနာထွန်းကားကာ ဗုဒ္ဓစာပေပြန့်ပွားမှုကို မအံ့သြဘဲ မနေနိုင်ပေ။

တန့်ယန်းမြို့ပေါ်တွင် အဖိတ်နေ့ရောက်တိုင်း မြို့တွင်းရှိ လမ်းပေါ်တွင် ညီညာစီတန်း ပန်းနုရောင်အသွင်ဆန်းကလေးများနှင့် မျက်လွှာချကာ ဆွမ်းဆန်စိမ်းအလျှုခံရပ်မှုမှာ ဒေသခံတိုင်းရင်းသားများ၏ စိတ်နှလုံးကို ကြည်နူးစေပါသည်။ သီလရှင် အမျိုးသမီးငယ်ကလေးများ၏ ဆုပေးသံများမှာလည်း ဒေသခံတိုင်းရင်းသားတို့၏ မရိုးနိုင်သော ဓမ္မတေးသွားတစ်ခုပင်ဖြစ်နေတတ်ပေသည်။ရှမ်းတိုင်းရင်းသားသွေးချင်းများ၏ တစ်ဖက်တစ်လမ်းမှ အားကြိုးမာန်တက်ဘာသာရေး အသိဖြင့် ဗုဒ္ဓစာပေ၊ ဗုဒ္ဓဘာသာ၊ သီလရှင်သာသနာပြန့်ပွားရေး ဆောင်ရွက်နေကြပုံကို ရေမြေခြား သွေးချင်းများ သိစေချင်မိပါတော့သည်။

ထို့ကြောင့် အခွင့်အခါသင့်ရင်ဖြင့် နယ်စပ်တောင်တန်းဒေသ တောင်ပေါ် တန့်ယန်းမြို့ကလေးမှာ ရှိသည့် "ရွှေမောင်း သာသနာ့ဝေဠုလ္ဝ သီလရှင်စာသင်တိုက်" ကလေးကိုဖြင့် လာလှည့်၊ ရှုလှည့်၊ မြင်စေချင်ဟုပင် ဖိတ်ခေါ်လိုက်ပါသည်။

■ခရီးသည်(ရိုးပြတ်တော)

အပွမာဒ နလုံးသားပိုင်ရှင်

အရှင်ကေသရိန္ဒ (ဓမ္မရောင်ခြည်)

(က)

ဘဝဟာ အမြဲတော့လည်း အဆင်မပြေတတ်ပါဘူး၊ ဒါပေမယ့်လည်း ဘဝရဲ့ ဇာတ်ညွှန်းဆရာ ကံကြမ္မာက စာရေးသူကို အတော်ပဲ မျက်နှာသာပေးခဲ့တယ်လို့တော့ ဆိုရမှာပါ။ မပြောပလောက်တဲ့ အခက်အခဲ အကျပ်အတည်း အနည်းငယ်မှ အပ ကျေနပ်ကြည်နူးဖွယ်ရာ အတော်များများနဲ့ ဒီဘဝမှာ တွေ့ကြုံ ဆုံစည်းခွင့်တွေ ရခဲ့ပါတယ်။

မလိုချင်ဘဲနဲ့ ကတ္တီပါဖိနပ်စီး၊ ရွှေထီးဆောင်းခဲ့ရတာတွေ၊ လိုလိုချင်ချင် ရယူနိုင်ခဲ့တာတွေရှိခဲ့သလိုပဲ၊ မြတ်မြတ်နိုးနိုး စွန့်လွှတ်ခဲ့တာတွေ၊ ကြည်ကြည်နူးနူးပေးဆပ်နိုင်ခဲ့တာတွေလည်း တစ်လှေကြီး ရှိခဲ့တာပါ။ဒါတွေကို 'ဘဝရဲ့ ဆုလာဘ်' လို့ပဲ ခေါ်ရမလား၊ဘဝရဲ့ မဂ်လာပါလို့ရော ဆိုနိုင်လေမလား။ စာရေးသူ မသိပါ။ တစ်ခါတစ်ရံ ဒီလိုပဲ ကိုယ့်ဘဝထဲ၊ ကိုယ့်ရင်ထဲမှာ ဖြစ်တည်လာတဲ့ အခြေအနေတစ်ရပ်ကို တိုင်းတာသတ်မှတ် ဖော်ထုတ် အမည်တပ်ပေးဖို့ မလွယ်ကူတာနဲ့ ကြုံရတတ်ပါတယ်။

အဲဒီလို ကျေနပ်ကြည်နူးဖွယ်ရာတွေထဲမှာ ဗုဒ္ဓသာသနာတော် ထွန်းကားတဲ့ မြန်မာပြည်မှာ လူဖြစ်ခွင့်ရတာ၊ ရန်ကုန်မြို့ကရွှေတိဂုံစေတီတော်ကြီးကို ဖူးမြော်ခွင့်ရတာ၊ ရွှေတိဂုံစေတီတော်ကြီးရဲ့ ခြေတော်ရင်းနားက ဗဟန်းမဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ် ပဓာနနာယက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက (ယော)ဆရာတော်ကြီးရဲ့ တပည့်ရဟန်းဘဝနဲ့ ပရိယတ္တိ၊ ပဋိပတ္တိ တာဝန်တွေ စွမ်းနိုင်သလောက်

ထမ်းဆောင်ခွင့်ရတာတွေလည်း ပါဝင်နေပါတယ်။

ကျေးဇူးတော်ရှင် (ယော) ဆရာတော်ကြီးဟာ တွေ့ဆုံဖူးသူရော မဖူးမြင်ဖူးသူပါ တိုင်းခြားပြည်သူ ရဟန်းရှင်လူအားလုံးတို့ရဲ့ တစ်ခဲနက် လေးစားကြည်ညိုမှုကို ထူးခြားစွာ ခံယူတော်မူရပါတယ်။ အဲဒါဟာ ဆရာတော်ကြီးရဲ့ ဖြူစင်တဲ့ ကိုယ်ကျင့်သီလ၊ မွန်မြတ်တဲ့ စိတ်ဓာတ်နဲ့ ထူးချွန်ထက်မြက်တော်မူတဲ့ ဉာဏ်ပညာတွေကြောင့်သာ ဖြစ်ပါတယ်။

နန္ဒဝန်လမ်းထဲက ဂ္ဂဠာသယ ကုန်းတော်ပေါ်မှာရှိတဲ့ မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ် ကျောင်းဝင်းအတွင်းကို ရောက်တဲ့အခါ သံပန်းတံခါးကလေးဖွင့်ထားတဲ့ ထေရာသနစံကျောင်းတော်မှာ ဟိတ်ဟန်မရှိ ပကတိရိုးစင်းစွာ သီတင်းသုံးနေတော်မူတဲ့ တိပိဋကဓရ(ယော)ဆရာတော်ကို ရှင်ပြုံးအေးမြစွာ ဖူးတွေ့ကြရမှာပါ။ ဆရာတော်ဟာ စာဝါချိန်နဲ့ တရားပွဲချိန်တွေမှတစ်ပါး ကျန်တဲ့အချိန်တွေမှာ လာရောက်ဖူးမြော်သူတွေကို အလျဉ်းသင့်သလို လက်ခံတွေ့ဆုံတော်မူပါတယ်။ "မအားလပ်ဘူး၊ အလုပ်တွေများတယ်၊ အနားယူနေတယ်"စတဲ့ အကြောင်းပြချက်တွေနဲ့ ဘယ်သူ့ကိုမျှ ငြင်းပယ်တော်မူတာ မရှိပါဘူး။ မရှိခဲ့ပါဘူး။ ဆရာတော်ဟာ မိမိကိစ္စအတွက် အမြဲတမ်း အသင့်ရှိနေတတ်သလို၊ သူတစ်ပါး ကိစ္စအတွက်လည်း အမြဲတမ်း အသင့်အနေအထားမှာ ရှိနေတတ်ပါတယ်။ ဆရာတော်ရဲ့ အမြဲတစေ နိုးကြားနေမှုဟာ အင်မတန်အံ့ဩဖွယ်ကောင်းပါတယ်။

(ခ)

တစ်နေ့တာ လုပ်ငန်းခွင်မှာ ဆရာတော်ရဲ့ အစောဆုံးလှုပ်ရှားမှုကို နံနက်(၃)နာရီခွဲမှာ အမြဲတွေ့ရလေ့ရှိပါတယ်။ အဲဒီအချိန်ဆိုရင် ဆရာတော်ဟာ ကိုယ်လက်သန့်စင်ပြီးလို့ စံကျောင်းတော်မှာရှိတဲ့ မြတ်စွာဘုရားကို ဆီမီးထွန်းညှိပူဇော်တတ်ပါတယ်။ ပြီးရင် ပြုမြဲဝတ်ကိုယ်ပိုင်အလုပ်ကို အားထုတ်ပါတယ်။ အရုဏ်မတက်ခင်မှာ ပြုမြဲဖြစ်တဲ့ ဒီကျင့်ဝတ်ကို ဆရာတော်ဟာ ဘယ်နေရာ ဘယ်ဒေသရောက်ရောက်၊ ဘာအကြောင်းကြောင့်ပဲဖြစ်ဖြစ် ပျက်ကွက်လေ့မရှိပါဘူး။ တစ်ခါတစ်ရံ အချို့ဒေသတွေဟာ လမ်းပန်းဆက်သွယ်ရေး အခက်အခဲကြောင့် ညဉ့်နက်သန်းခေါင်ကျော်မှ ဆိုက်ရောက်ရပါတယ်။ အဲဒီလို အခြေအနေမျိုးမှာတောင်မှ ဆရာတော်ဟာ နံနက် (၃)နာရီခွဲ အချိန်မှာ ပြုမြဲကျင့်ဝတ်ကို ချို့ယွင်းလစ်ဟင်းတော်မမူပါဘူး။

နံနက် (၄)နာရီ (၁၅)မိနစ် အချိန်မှာ တစ်တိုက်လုံး စုပေါင်းပြီး ဘုရားရှိခိုးရာ ညီမူရာခန်းမဆောင်သို့ ကြွတော်မူပြီး ကြပ်မတ်စောင့်ရှောက်ခြင်း၊ ဩဝါဒပေးတော်မူခြင်း၊ တရားရှုမှတ်စေခြင်းတို့ကို ဆောင်ရွက်တော်မူပါတယ်။ (၅)နာရီထိုးလို့ ဘုရားဝတ်တက်ဆောင်မှ ဆင်းလာချိန်မှာ ပြင်ပမှ အရုဏ်ဆွမ်းပင့်ဖိတ်ထားသူများနဲ့ ကျောင်းတွင်း အရုဏ်ဆွမ်း အလှူရှင်များဟာ ဆရာတော်ကို တန်းစီပြီး စောင့်ဆိုင်းနေကြပါတယ်။

ဆရာတော်ဟာ အရင်ဆုံး ပြင်ပ ပင့်ဖိတ်ထားတဲ့ ဆွမ်းအလှူရှင်တွေကို ကြွရောက် ချီးမြှင့်ပြီး ကျောင်းပြန်ရောက်မှ အရုဏ်ဆွမ်းအလှူရှင်များကို ရေစက်ချအနုမောဒနာတရား ဟောကြားတော်မူပါတယ်။ ပုံမှန်အားဖြင့်တော့ ကျောင်းတွင်း အရုဏ်ဆွမ်းအလှူရှင်တွေကို ပြင်ပက အပင့်အဖိတ်မရှိရင် (၅)နာရီခွဲ အချိန်၊ ရှိခဲ့ရင် နံနက်(၆)နာရီခွဲ အချိန်မှာ ရေစက်ချ အနုမောဒနာတရား ဟောကြားလေ့ရှိပါတယ်။ တရားနာယူသူဟာ အများစုဖြစ်စေ၊ တစ်ဦးတည်းဖြစ်စေ၊ (၁)နာရီအပြည့် တလေးတစား ဟောကြားချီးမြှင့်တတ်ပါတယ်။

ကြုံတောင့်ကြုံခဲ ပြင်ပက ပင့်ဖိတ်ထားသူလည်းမရှိ၊ ကျောင်းတွင်း အလှူရှင်လည်း မရှိတတ်တဲ့ အခါ ဆရာတော်ဟာ ဆွမ်းစားကျောင်းသို့ ကြွပြီး အရုဏ်ဆွမ်း ဘုဉ်းပေးတော်မမူဘဲ ကိုရင်တစ်ပါး လာရောက်ဆက်ကပ်တဲ့ ကွေကာအုပ်တစ်ခွက်၊ သစ်သီး အနည်းငယ်မျှနဲ့ ရောင့်ရဲတော်မူတတ်ပါတယ်။ အဲဒီလို ပရိသတ် ရှင်းနေတဲ့အခါမျိုးမှာ ဆရာတော်ဟာ ကိုယ်တိုင်ဟောကြားထားပြီးသား တရားတိပ်ခွေတို့ကို ပြန်လည်ဖွင့်လှစ်ကာ ရိုသေစွာ နာယူတတ်ပါတယ်။ "တရားနာတယ်ဆိုတာ၊မသိသေးတာတွေ သိရအောင်၊ သိပြီးသား မေ့နေတာတွေလည်း ပြန်ပြီး ပေါ်လာအောင် နာရတာပဲ၊ ကိုယ့်မှာ ပြူပြင်စရာတွေရှိရင်လည်း အချိန်မီ ပြူပြင်ဆင်ခြင်နိုင်အောင် တရား'မှန်'ကို မကြာမကြာ ထောင်ကြည့်ပေးရတယ်၊ နောက်ပြီး ဘုရားတရားတော်တွေ နာခွင့်ရတယ်ဆိုတာ နည်းတဲ့ ဘုန်းကံမဟုတ်ဘူးကွ" လို့လည်း အမိန့်ရှိတော်မူပါတယ်။

အရှုဏ်ဆွမ်းအလှူရှင်တွေကို အနုမောဒနာတရား ဟောကြားပြီးတဲ့ နံနက်(၇)နာရီခွဲ အချိန်ကစပြီး နံနက် (၉)နာရီအချိန်အထိ ဆရာတော်ဟာ ဖူးမြော်ကန်တော့လိုခြင်း၊ လှူဒါန်းလိုခြင်း၊ ပင့်ဖိတ်လိုခြင်းစတဲ့ ကိစ္စအသီးသီးနဲ့ အဝေးအနီးက လာရောက်ကြတဲ့ ပရိသတ်ကို လက်ခံတွေ့ဆုံပါတယ်။မိမိထံမှောက် ရောက်လာကြတဲ့ ရဟန်းရှင်လူ ပုဂ္ဂိုလ်ဟူသမျှကို နွေးနွေးထွေးထွေး ကြိုဆိုတတ်ပြီး၊ ရက်ရက်ရောရော ဓမ္မဒါန၊ ဓမ္မလက်ဆောင်(စာအုပ်နဲ့ တိပ်ခွေ)များကို ဝေဒတတ်ပေမယ့် ဆရာတော်ဟာ ဘယ်သူ့ကိုမျှ လောကဝတ်(လောကွတ်)ပြုလေ့မရှိပါဘူး။ ဓမ္မဝတ်နဲ့ အညီသာ ပဋ္ဌိသန္ဓာရပြုတော်မူလေ့ရှိပါတယ်။

ယခင်တုန်းကဆိုလျှင် ယခုအချိန်ဟာ ဆရာတော်ရဲ့ နံနက်ခင်းစာဝါချိန်ဖြစ်ပါတယ်။ ဓမ္မကထိကဘဝထက် စာချဘုန်းကြီးဘဝကို ပိုပြီး မြတ်နိုးတန်ဖိုးထားတော်မူတဲ့ ဆရာတော်ဟာ ယခင်က နံနက်ခင်း၊ နေ့လယ်နဲ့ ညနေစာဝါ(၃)ကြိမ်ပို့ချတော်မူခဲ့တာပါ။ ယခုအခါမှာတော့ ဖူးတွေ့လိုသူ ဒကာ၊ ဒကာမတွေရဲ့ သဒ္ဓါတရား၊ မလွဲသာ မရှောင်သာ ဆောင်ရွက်ရမည့် တာဝန်၊ မဖြစ်မနေ တက်ရောက်ရမည့် အခမ်းအနား စတာတွေကြောင့် နံနက်ခင်းစာဝါနဲ့ ညနေခင်းစာဝါတို့ကို တပည့်စာချဘုန်းကြီးများထံ လွှဲအပ်ပေးတော်မူခဲ့ရပါတယ်။

နံနက် (၉)နာရီမှ (၁၀)နာရီထိအချိန်ဟာ နေ့ဆွမ်းအလှူရှင်များကို ဆရာတော် ရေစက်ချ အနုမောဒနာတရား ဟောကြားချိန်ဖြစ်ပါတယ်။ (၁၀)နာရီမှ (၁၀)နာရီခွဲအချိန်တွင်းမှာ ဆရာတော် ရေသပ္ပါယ်တော်မူတတ်ပါတယ်။ ရေသပ္ပါယ်တော်မူရင်း သင်္ကန်း၊ မျက်နှာသုတ်ပဝါစတဲ့ အသုံးအဆောင်များကို ဆရာတော်ကိုယ်တိုင် လျှော်ဖွပ်လေ့ရှိပါတယ်။ တစ်ခါတစ်ရံ ဆေးဆိုးပြီး လှူဒါန်းမည့် သင်္ကန်းများကိုလည်း ကိုယ်တော်တိုင် လျှော်ဖွပ်ပြီးမှ လှူဒါန်းတတ်ပါတယ်။ ဆရာတော် သက်သောင့်သက်သာ ဖြစ်စေရန် လှူဒါန်းထားသော အဝတ်လျှော်စက်ရှိသော်လည်း ဘယ်သောအခါမှ မိမိအတွက် အသုံးပြုတော်မမူပေ။

ဆရာတော်ဟာ ငယ်စဉ်ကတည်းက မိမိအတွက် သူတစ်ပါးတို့ တာဝန်တက်စေတဲ့ အဖြစ်မျိုးကို လုံးဝ အလိုရှိတော်မမူပါ။ "မော်တော်ကား စသည်ထဲမှာ ဓာတ်ဆီထည့်တယ်ဆိုတာ အလကားအလှကြည့်ဖို့ထားတာ မဟုတ်သလိုပဲ၊ ခန္ဓာကိုယ်ထဲမှာလည်း အစားအစာ၊ ဆေးဝါးစတာတွေ ထည့်ထားတာဟာ အလကားအလှကြည့်ဖို့ မဟုတ်ပါ၊ ခန္ဓာဝန် ထမ်းဆောင်ဖို့သာဖြစ်ပါတယ်။ ကိုယ့်ဘဝ ကိုယ့်ခန္ဓာဝန်ကို ကိုယ့်ဘာသာ မထမ်းဆောင်ဘဲ သူတစ်ပါးကို ထမ်းဆောင်စေတာဟာ လျော်ကန်သင့်မြတ်မှု မရှိပါ"လို့ ခံယူတော်မူပါတယ်။

တစ်ခါတစ်ရံ နောက်ကျပြီးမှ ရောက်လာတတ်တဲ့ ဆွမ်းအလှူရှင်တွေကြောင့် ဆရာတော်ဟာ ရေသပ္ပါယ်ချိန် မရလိုက်တာလည်းရှိတတ်ပါတယ်။ မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ်ဟာ နံနက် (၉)နာရီမှ (၁၀)နာရီခွဲ အတွင်း တစ်နေ့တစ်ကြိမ်သာ ရေချိုးခွင့်ပြုတဲ့ ကျောင်းတိုက်ဖြစ်ပါတယ်။ ဆရာတော်ဟာ ကိုယ်ခံယူထားတဲ့ ယုံကြည်ချက်၊ ကိုယ်မြတ်နိုးတဲ့ တန်ဖိုးထားမှု၊ ကိုယ်ချမှတ်ထားတဲ့ စည်းကမ်းဥပဒေတွေကို ဘယ်လိုအခြေအနေမျိုးမှာမှ ချိုးဖျက်လေ့ရှိတော်မမူပါဘူး။

တရားနာတယ်ဆိုတာ၊ မသိသေးတာတွေ သိရအောင်၊ သိပြီးသား မေ့နေတာတွေလည်း ပြန်ပြီး ပေါ်လာအောင် နာရတာပဲ၊ ကိုယ့်မှာ ပြုပြင်စရာတွေ ရှိရင်လည်း အချိန်မီ ပြုပြင်ဆင်ခြင်နိုင်အောင် တရား"မှန်"ကို မကြာမကြာ ထောင်ကြည့်ပေးရတယ်၊

နေ့လယ် (၁၀)နာရီ (၄၅) မိနစ်အချိန်မှာတော့ ဆရာတော်ဟာ သံဃာတွေနဲ့အတူ ဆွမ်းစားကျောင်းမှာ နေ့ဆွမ်း ဘုဉ်းပေးတော်မူပါတယ်။ မလွဲသာ မရှောင်သာ ပြင်ပ

သို့ နေ့ဆွမ်းစား ကြွရတာတွေလည်း ရှိပါတယ်။ များသောအားဖြင့် ကိုယ်တိုင် မကြွလည်းဖြစ်တဲ့ ပြင်ပအပင့် အဖိတ်များမှာ စာချဘုန်းကြီးများကို အဖွဲ့ခွဲပြီး စေလွှတ်ပေးတော်မူပါတယ်။ ဆရာတော် ဆွမ်းစားပြီးချိန်မှာလည်း "ထေရာသန"စံကျောင်းတော်ဟာ ဆွမ်းအလှူရှင် ဧည့်သည်တွေ ဝင်လိုက်၊ ထွက်လိုက်နဲ့ မစဲနိုင်သေးပါ။ ဆရာတော့်မှာ နေ့ဆွမ်းစားပြီး ကျိန်းစက်တတ်တဲ့ အကျင့်ရှိတော်မမူရုံမျှမက အိပ်ရာပေါ်မှာ ကျောခင်းပြီး အနားယူခြင်းမျိုးလည်းရှိတော်မမူပါဘူး။ ဒါ့ကြောင့် ညကျိန်းစက်ချိန်မှတစ်ပါး၊ ဆရာတော်ကို လျှောင်းခြင်း ဣရိယာပုတ်နဲ့ ဖူးတွေ့နိုင်ဖို့ဆိုတာ အင်မတန်ခဲယဉ်းလှပါတယ်။ ဘယ်အချိန်မှာပဲဖြစ်ဖြစ်၊ စံကျောင်းတော်အတွင်းကို ဝင်လိုက်ရင် ကုလားထိုင်မှာဖြစ်စေ၊မတ်တတ်ရပ် စာရေးစားပွဲမှာဖြစ်စေ၊ စာဖတ်၊ စာရေးနေတော်မူတဲ့ ဆရာတော်ကိုသာ ဖူးတွေ့ကြရမှာပါ။

နေ့လယ် (၁၂)နာရီထိုးတဲ့အခါ၊ နံနက်ခင်း ဘုရားဝတ်ပြုတရားထိုင်ချိန်က အိပ်ငိုက်မိတဲ့ ရှင်သာမဏေတွေဟာ(Over time)အချိန်ပို အလုပ်ဆင်းတဲ့အနေနဲ့ ဆရာတော် ရှေ့တော်မှောက် လာရောက်ပြီး နာရီဝက်တိတိ တရားထိုင်ကာ ဒဏ်ထမ်းဆောင်ရပါတယ်။ (၁၂)နာရီ (၄၅)မိနစ်ရောက်ချိန်မှာတော့ ဆရာတော်ဟာ သိမ်ကျောင်းအောက်ထပ်မှာ ဓမ္မာစရိယတန်းစာဝါကို နေ့လယ် (၂)နာရီအထိ ပို့ချပေးတော်မူပါတယ်။ ဆရာတော်ဟာ နေ့လယ်စာဝါချိန်မှာ ကျောင်းတိုက်တွင်းရှိနေပါက (ဖျားနာနေသည်ဖြစ်စေ၊ ခရီးဝေးမှ ဆိုက်ရောက်ခါစပင် ဖြစ်စေ) မပျက်မကွက် မနားမနေ ပို့ချတော်မူတတ်ပါတယ်။

နေ့လယ် (၂)နာရီမှ ညနေ(၆)နာရီအတွင်းမှာတော့ နံနက်ခင်းကလိုပဲ ကိစ္စအသီးသီးနဲ့ ထံတော်မှောက်ရောက်လာတဲ့ ပရိသတ်ကို လက်ခံတွေ့ဆုံတော်မူပြီး ကြိုကြားကြို့ကြား အားလပ်ချိန်လေးမှာ ဟောစဉ်တရားစာအုပ်များအတွက် စာပေရေးသားခြင်းတို့ကို ပြုတော်မူပါတယ်။ ဓမ္မဒါနအဖြစ် ဆရာတော် ရေးသားဖြန့်ဝေလျှဒါန်းခဲ့တဲ့ တိပိဋကဓမ္မလက်ဆောင်တွေဟာ အမှတ်(၁၈)အထိ ရောက်ရှိနေပြီး၊ ဓမ္မာစရိယတန်း ကျမ်းရင်းသုံးကျမ်းလုံးအတွက် "ဓမ္မာစရိယ လမ်းပြကျမ်း"ကိုတော့ ယခုနှစ်အတွင်း ရိုက်နှိပ်ပြီးစီးမှာဖြစ်ပါတယ်။

ညနေ (၆)နာရီ (၁၅)မိနစ်အချိန် သံယာတော်များ ညနေခင်းဘုရားဝတ်တက်အပြီးမှာ သြဝါဒပေးတော်မူခြင်း၊ တရားရှုမှတ်စေခြင်း၊ မူဇယ်၊ လတ်၊ ကြီး၊ ဓမ္မာစရိယနှင့် သာမဏေကျော် စာသင်သားများ အတန်းအသီးသီးအတွက် အပတ်စဉ်ပြန်စာများကို စာမျက်နှာခွဲ၍ ညွှန်ကြားပေးတော်မူခြင်းတို့ကို ဆရာတော်ကိုယ်တိုင် နေ့စဉ် စီမံတော်မူပါတယ်။ ညနေ (၇)နာရီမှ (၇)နာရီခွဲ အချိန်အထိ ဓမ္မာစရိယတန်း စာသင်သားများကို နည်း၊ ဥပစာ၊ သံဝဏ္ဏနာ၊ ဥာဏ်ကောက်စတာတွေကို ပို့ချပေးတော်မူပါတယ်။ ဥပုသ်နေ့များမှာတော့ (၇)နာရီမှ (၈)နာရီအထိ (၁)နာရီ သြဝါဒပေးတော်မူပါတယ်။

ညတရားပွဲများကိုတော့ (၇)နာရီခွဲအချိန်မှာ ကြွလေ့ရှိပါတယ်။ ဆရာတော်ဟာ စာသင်တိုက်ယန္တရားမထိခိုက် မရပ်တန့်စေရန် အထူးနှိုင်းချိန်ပြီးမှ တရားပွဲများကို လက်ခံဟောကြားတော်မူပါတယ်။သာသနာတော်ကို ကျေးဇူးများသော တရားပွဲများနှင့် ညတွင်းချင်း ကျောင်းကို ပြန်လည်ရောက်ရှိနိုင်တဲ့ လက်လှမ်းမီရာဒေသရှိ တရားပွဲများကိုသာ ကြွရောက်ဟောကြားတော်မူတတ်ပါတယ်။ ရေတို သာသနာပြုအလုပ်ထက် တာရှည်ခံပြီး အကျိုးအမြတ်ကြီးတဲ့ သာသနာပြုအလုပ်ကို အဓိကဦးစားပေးတော်မူတာပါ။

တရားပွဲရှိသည်ဖြစ်စေ၊မရှိသည်ဖြစ်စေ ည(၉)နာရီမှ (၁၁)နာရီအတွင်း အချိန်မှာတော့ ဆရာတော်ဟာ တစ်နေ့လုံး ထမ်းဆောင်လာခဲ့တဲ့ ဂန္ထဓုရတာဝန်ကို ခေတ္တခဏချထားပြီး ဝိပဿနာဓုရအလုပ်ကို ပြုလုပ်တော်မူပါတယ်။ ည (၁၁)နာရီအချိန်ဟာ မဟာဝိသုဒ္ဓါရုံရွှေကျင်တိုက်သစ်ရဲ့ ညအိပ်ရာဝင်ချိန်အဖြစ် သတ်မှတ်ပြဋ္ဌာန်းထားတာမို့ ဒီအချိန်ရောက်ရင်တော့ ဆရာတော်လည်း ကျောင်းတံခါးပိတ် မီးမှိတ်ပြီး အနားယူတော်မူပါတယ်။ အဲဒီအချိန်မှာ နံနက်(၃)နာရီခွဲအချိန်ကစပြီး တရစပ်သက်ဝင်လှုပ်ရှားနေခဲ့ရတဲ့ "ထေရာသန" စံကျောင်းတော်ကလေးဟာ "အင်း ငါလည်းပဲ အခုမှ အနားရပေတော့တယ်''လို့ ပြောပြနေသယောင် ထင်မှတ်ရပါတယ်။

(ဂ)

တိပိဋကဓော(ယော)ဆရာတော်ဟာ ဒီပုံစံအတိုင်း ပရိယတ်၊ ပဋိပတ်လုပ်ငန်းခွင်ထဲမှာ နေ့စဉ်နဲ့အမျှ

တရစပ် လှုပ်ရှားလည်ပတ်နေရပေမယ့် မောပန်းနွမ်းနယ်မှု၊ စိတ်ပျက်အားငယ်မှု၊ စိတ်ရှုပ်စိတ်ညစ် ဒေါသဖြစ်မှုရယ်လို့ တစိုးတစိမ့် ရှိတော်မမူဘဲ၊ အမြဲတမ်း တက်ကြွရှင်လန်းတည်ငြိမ်အေးချမ်းစွာ ဆောင်ရွက်တော်မူပါတယ်။ ပစ္စုပ္ပန်အချိန်၊ လုပ်ဆဲ အလုပ်၊ တွေ့ဆုံပုဂ္ဂိုလ်ကိုသာ အရေးအကြီးဆုံးလို့လည်း သဘောထားတော်မူတတ်ပါတယ်။

ဆရာတော်ဟာ အချိန်နဲ့ ပတ်သက်လာရင်"သာသနာရတနာကြောကြီးနဲ့ တွေ့နေရတဲ့ဘဝမှာ အလကားသက်သက် ဖြုန်းပစ်ဖို့ အချိန်ဆိုတာ တစ်စက္ကန့်လေးတောင် မရှိပါဘူး''လို့ ခံယူထားသလို၊ စာသင်တိုက် အကြီးအကဲဘဝနဲ့ ပတ်သက်လို့လည်း "တာဝန်တွေကြီးလာတာ မှန်ပေမယ့် မလေးပါဘူး၊ အလုပ်တွေများလာပေမယ့် မရှုပ်ပါဘူး၊ကိုယ်ကမွေးတဲ့ သားသမီးတွေကပေးမယ့် အပူဘေးကို ကြောက်လို့ ဘုန်းကြီးလုပ်နေတာ ဖြစ်လို့၊ သူတစ်ပါး သားသမီးတွေက ဘယ်လိုပဲ အမှုပွေပွေ ကိုယ့်စိတ်ကိုတော့ နည်းနည်းမှ မပူစေရပါဘူး"လို့ ပြတ်သားစွာ ခံယူထားသူ ဖြစ်ပါတယ်။

ပရိသတ်ကို အုပ်ချုပ်တဲ့ အခါမှာလည်း ခန္ဓာနဲ့ မေတ္တာကို အမျှားဆုံးသုံးပြီး (၁)မတည့်အတူနေ သဘောမျိုး မရှိစေဘဲ၊ မိသားစု စိတ်ဓာတ်ထားကာ အတူလက်တွဲနေထိုင်ရေး။ (၂) အဆင့်မမီသေးသူ၊အခက်အခဲ ကြုံနေရသူများကို ကရုဏာဖြင့် အေးမြစွာ အရိပ်ပေးပြီး ဖေးမကူညီစောင့်ရှောက်ရေး၊ (၃)တကယ်တော်သူ၊ ကောင်းသူများကို လက်မနှေးဘဲ မုဒိတာဖြင့် ဝမ်းမြောက်ဝမ်းသာ ဂုဏ်တင် ချီးမြှောက်ရေး၊ (၄) မတော် မကောင်း တိမ်းစောင်းသွားသူ၊ အပြစ်ရှိသူများကို ဥပေက္ခာဖြင့် အေးမြစွာ ပြစ်ဒဏ်ပေးရေး ဆိုတဲ့ ဗြဟ္မဝိဟာရလမ်းစဉ် (၄)ခုနဲ့သာ သိမ်မွေ့စွာ အုပ်ထိန်းတော်မူပါတယ်။

ဆရာတော်ဟာ သတိနဲ့ မေတ္တာကို ကိုင်စွဲထားသူပီပီ မိမိရဲ့ ကိုယ်၊ နှုတ်၊ နှလုံး ကံသုံးပါးစလုံးနဲ့ သာသနာတော်ကို ပူဇော်သူ၊မိမိနဲ့ စပ်ဆိုင်လာသူ ဟူသမျှကိုလည်း တန်ဖိုးရှိ၊ အကျိုးကြီးစေသူ ဖြစ်ပါတယ်။ ဒါ့အပြင် ဆရာတော်ဟာ ကိုယ်ယူထားတဲ့ "တာ"၊ ကိုယ်ထမ်းထားရတဲ့ "ဝန်"တွေကိုလည်း "ဖိအား"အဖြစ်မခံဘဲ"ပင့်အား"အဖြစ် ပြောင်းလဲ အသုံးချနိုင်သူ ဖြစ်တော်မူပါတယ်။

သာသနာရေးတာဝန်တွေကို ယခုလို မပင်မပန်း ချမ်းချမ်းသာသာ စွမ်းအားပြည့် လှုပသေသပ်စွာ လည်ပတ်လုပ်ဆောင်နိုင်ခြင်းရဲ့ အဓိက အကြောင်းရင်းကတော့ ဆရာတော်ဟာ သူ့နှလုံးသားကို စက်တပ်ပြီး မောင်းနှင်နေလို့ပဲဖြစ်ပါတယ်။ အဲဒီစက်ကတော့ သာသနာတော်မှာ အရေးကြီးဆုံး၊ တန်ဖိုးအကြီးဆုံး၊ အင်အားအကြီးဆုံးနဲ့ အကျိုးအမြတ် အကြီးဆုံးဖြစ်တဲ့ "အပွမာဒ"စက်ပါပဲ။

ဆရာတော်ရဲ့ နေ့စဉ် လုပ်ငန်းခွင် လည်ပတ်နေမှုဟာ ရှေးခေတ်တိုင်ကပ်နာရီတစ်လုံး လည်ပတ်နေပုံနဲ့ အင်မတန်တူပါတယ်။ ရှေးခေတ်တိုင်ကပ်နာရီတွေဟာ အတွင်းရှိ စက်ကို သစ်သားအိမ်နဲ့ ခိုင်ခံ့စွာ ဖုံးအုပ်ထားပြီး သံမဏိဒိုင်ခွက်အပေါ်မှာ လက်တန်အတို၊ အရှည် (၂)ချောင်းကို တပ်ဆင်ထားပါတယ်။ နာရီဒိုင်ခွက်ရဲ့ အောက်ဘက်မှာတော့ ချိန်သီးတစ်လုံးကို ချိတ်ဆွဲထားပြီး ချိန်သီးရဲ့ ပုံမှန် လှုပ်ရှားမှုနဲ့ နာရီစက်က လည်ပတ်ရတာပါ။

အဲဒီဥပမာလိုပဲ ဆရာတော်ရဲ့ သန္တာန်မှာ သီလသိက္ခာဆိုတဲ့ အိမ်နဲ့ ခိုင်ခံ့စွာ ဖုံးကာထားတဲ့ အပွမာဒ နှလုံးသားဆိုတဲ့ နာရီစက်ရှိတော်မူပါတယ်။ အဲဒီစက်မှာ သမာဓိနဲ့ ပညာဆိုတဲ့ ချိန်သီးတစ်ခု တပ်ဆင်ထားသလို သဒ္ဓါနဲ့ ဝီရိယဆိုတဲ့ လက်တံနှစ်ချောင်းဟာလည်း ပရိယတ်၊ ပဋိပတ်လုပ်ငန်းခွင် ဒိုင်ခွက်ပေါ်မှာ ပုံမှန်လည်ပတ်နေပါတယ်။ ဆရာတော်ရဲ့ တစ်နေ့တာ လုပ်ငန်းစဉ်ကို လေ့လာအကဲခတ်ကြည့်ရင် ကွန်ပျူတာစနစ်တစ်ခုလို တိကျသေချာတာ၊ ဆွတ်ဇာလန်နိုင်ငံလုပ်နာရီတစ်လုံးလို အချိန်မှန်တာ၊ရှေးဟောင်း အနုပညာလက်ရာတစ်ခုလို လှုပသေသပ်တာတွေကို အထင်အရှား တွေ့နိုင်ပါတယ်။

အဲဒါတွေဟာ သဒ္ဓါ၊ဝီရိယ၊ သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာ အင်အားတွေ ခြံရံပါဝင်နေတဲ့ အပွမာဒ နှလုံးသားရဲ့ အစွမ်းသတ္တိကြောင့်သာ ဖြစ်ပါတယ်။ အပွမာဒ နှလုံးသား ပိုင်ရှင် ဖြစ်တော်မူတဲ့ တိပိဋကဓရ(ယော)ဆရာတော် အသက်ရှည်ကြာကျန်းမာချမ်းသာစွာဖြင့် သာသနာတော်အကျိုး သယ်ပိုးရွက်ဆောင်နိုင်ပါစေကြောင်း ဆုမွန်တောင်းရင်း ဦးနှိမ်ချိုး၍ ရှိခိုးလိုက်ပါတယ်။

အရှင်ကေသရိန္ဒ(ဓမ္မရောင်ခြည်)

ဥပုသ်နေ့ရောက် စာရင်းကောက်

ဝနဝါသီ-အရှင်ဝါသေဋ္ဌာဘိဝံသ

ဝါတွင်းကာလ၏ တစ်ခုသော နေ့လယ်ခင်း အချိန်ဖြစ်သည်။ ကျောက်တစ်လုံးတောရကျောင်းတိုက်သို့ အပေါ်ဖြူ အောက်စိမ်း ကျောင်းဝတ်စုံ ဆင်မြန်းထားကြသော ဧည့်သည် အမျိုးသား အမျိုးသမီး စုစုပေါင်း (၂၅)ယောက်ခန့် ရောက်ရှိလာကြပေသည်။ ဤအရှင်ကို သြကာသကန်တော့ခန်းဖြင့် ကန်တော့ပြီး ထိုအဖွဲ့၏ ခေါင်းဆောင် အသက်(၄၀)ခန့်ရှိ ကျောင်းဆရာတစ်ဦးက-

"တပည့်တော်တို့က မော်လမြိုင်က ဆရာ၊ ဆရာမတွေပါဘုရား။ ဒီနေ့ ကျောင်းပိတ်ထားလို့ ဘုန်းဘုန်းကို ဖူးချင်လွန်းလို့ တမင်သက်သက်လာခဲ့ပါတယ်ဘုရား"

"အေး-ကောင်းတယ်၊ သူတော်ကောင်းတွေကို ဖူးမြော်ရတာ မဂ်လာတစ်ပါးပဲပေါ့။ ဒါနဲ့ နေစမ်းပါဦး၊ စာသင်ကျောင်းတွေက စနေ၊ တနင်္ဂနွေပိတ်တယ် မဟုတ်လား"

"ဝါတွင်းမှာတော့ တနင်္ဂနွေနဲ့ ဥပုသ်ပိတ်ပါတယ်ဘုရား။ ဝါကျွတ်သွားပြီးရင်တော့ စနေနေ့နဲ့ တနင်္ဂနွေနေ့ ပိတ်ပါတယ်ဘုရား"

"ကောင်းတာပေါ့၊ ဝါတွင်းကာလမှာ ဆရာ၊ ဆရာမတွေ ကျောင်းသား၊ ကျောင်းသူတွေ ဥပုသ်စောင့်ရတာပေါ့"

"မှန်ပါဘုရား၊ တပည့်တော်တို့လည်း မနက်စောစောကတည်းက ရှစ်ပါးသီလယူပြီး ဒီကိုထွက်လာခဲ့ပါတယ်ဘုရား။ ဘုန်းဘုန်းကိုလည်း ဖူးမြော်ရင်း၊ ဥပုသ်နေ့တိုင်း ဘုန်းဘုန်းတရားဟောတယ်ဆိုလို့ တရားလည်းနာချင်လို့ပါဘုရား"

"ဥပုသ်နေ့မှာ ဥပုသ်စောင့်ပြီး တရားနာတယ်ဆိုတော့ ပိုပြီးတော့ အကျိုးများတာပေါ့။ ကျောင်းလာ ဥပုသ်သီလယူပြီး တရားမနာဘဲ ပြန်သွားတယ်။ အိမ်ရောက်တော့ ဟိုနားဝင်ပြီး စပ်စု၊ ဒီနားဝင်ပြီး စပ်စု အော်ရ ငေါက်ရ ကြိမ်းမောင်းရနဲ့ဆိုတော့ ဒီသီလဟာ စင်စင်ကြယ်ကြယ် ဘယ်သွားဖြစ်တော့မှာလဲ"

"အဲဒါကြောင့် တပည့်တော်တို့လည်း အခုလို ဘုန်းဘုန်းတို့ တောရကျောင်းကို တမင်သက်သက် ထွက်လာခဲ့တာပါဘုရား။ ဘုန်းဘုန်းကို တပည့်တော် မေးလျှောက်စရာတစ်ခု ခေါင်းထဲမှာ ပေါ်လာတယ်ဘုရား"

"မေးစရာရှိရင် မေးပေါ့"

"ဥပုသ်စောင့်တာ ကိုယ်ကြိုက်တဲ့နေ့မှာ စောင့်လို့ မရဘူးလားဘုရား"

"ကြိုက်တဲ့နေ့မှာ စောင့်လို့ရပါတယ်"

"ဒါဖြင့်ရင် ဘာဖြစ်လို့ လဆန်းရှစ်ရက်၊လဆုတ်ရှစ်ရက်နဲ့ လပြည့်လကွယ်ရက်တွေမှာ ဥပုသ်နေ့လို့ သတ်မှတ်ထားကြတာလဲဘုရား"

"အိမ်ရာတည်ထောင် လူ့ဘောင်မှာ နေကြတဲ့ သူတွေဟာ သားရေးသမီးရေး၊ စီးပွားရေး၊ ရပ်ရေးရွာရေး စသည်အားဖြင့် အလုပ်ကိစ္စတွေ သိပ်များတယ်။ လောဘ၊ ဒေါသ၊ မောဟ ကိလေသာတွေရယ်၊ ဒီကိလေသာတွေရဲ့အာရုံ ကာမဂုဏ်တွေရယ် ရှုပ်ထွေးပွေလီနေတာကြောင့် နှစ်ဆောင်ပြုင်အိမ်ကြီးဆောက်ပြီး ဇနီးမောင်နှံနှစ်ယောက်တည်း နေရသော်လည်း သူတို့အတွက် ကျပ်တည်းကျဉ်းမြောင်းလှတယ်။ အဲဒီလို နေ့စဉ်ရှုပ်ထွေးကျဉ်းမြောင်း ကိစ္စများလှတဲ့အထဲကနေပြီးတော့ အချိန်သီးသန့်ယူပြီး မိမိတို့ရဲ့ ဆန္ဒအလျောက် လဆန်းရှစ်ရက်၊ လဆုတ်ရှစ်ရက်၊ လပြည့်လကွယ်နေ့တွေမှာ အားလပ်ချိန်ယူပြီး ဥပုသ်သီတင်း စောင့်သုံးကြတယ်ဆိုတာ ဘုရားသက်တော်ထင်ရှား ရှိတော်မူစဉ်ကတည်းက ရှိခဲ့တယ်။ အဲဒါကြောင့် လဆန်းရှစ်ရက်၊ လဆုတ်ရှစ် ရက်၊ လပြည့်လကွယ်နေ့တွေကို ဥပုသ်နေ့လို့ သတ်မှတ်ခေါ်ဝေါ်ခဲ့ကြတာပဲ"

"မှန်ပါဘုရား၊ ဘုရားကျောင်းကန်မသွားဘဲ မိမိဘာသာ ကျင့်သုံးလိုတဲ့ သီလသိက္ခာပုဒ်ကို လုံခြုံအောင် စောင့်ထိန်းနေရင်ရော သီလမရဘူးလားဘုရား"

"အဲဒါလည်း ရပါတယ်။ အချို့ဆိုရင် ရှေးရှေးကာလတုန်းက မိမိဘာသာ စိတ်နဲ့အမိဌာန်ပြီး သီလစောင့်ထိန်းကြတာရှိပါတယ်။ ဘုန်းကြီးကျောင်းသွားပြီး ဆရာတော်များအထံမှာ နှုတ်ကနေရွတ်ဆိုပြီး သီလဆောက်တည်တာလည်း ရှိပါတယ်။ မိမိအိမ်ရဲ့ ဘုရားစင်ရှေ့မှာ ရွတ်ဆိုပြီး ဆောက်တည်တာလည်း ရှိပါတယ်။ 'ငါသည် ဒီနေ့ ဘယ်သိက္ခာပုဒ် ဘယ်သိက္ခာပုဒ်တွေကို မကျိုးမပေါက်အောင် စောင့်ထိန်းမယ်'လို့ စိတ်နဲ့ အမိဌာန်ပြီး စောင့်ထိန်းကြတာလည်း ရှိပါတယ်"

"အကျိုးရှိပုံချင်း ဘယ်လိုကွာခြားသလဲဘုရား"

"သီလရဲ့ သဘောဟာ တကယ်တော့ ကိုယ်နှုတ်တို့ဖြင့် ခံယူဆောက်တည်ပြီး ကျင့်သုံးရတာဖြစ်တယ်။ ဒါကြောင့် ကာယကံမြောက် ဝစီကံမြောက် ရိုရိုသေသေနဲ့ ခံယူဆောက်တည်လိုက်ရင် စိတ်စေတနာက လေးနက်သွားတဲ့အတွက်ကြောင့် အကျိုးပေးကလည်း ပိုပြီးတော့ ထက်သန်တာပေါ့၊ စိတ်စေတနာ ပေါ့ဆနေရင် အကျိုးပေးက အားနည်းတယ်"

"ဥပုသ်နဲ့သီလ အတူတူပဲလား ဘုန်းဘုန်း"

"မတူဘူး၊ သီလဆိုတာက ကောင်းမြတ်တဲ့ အလေ့အကျင့်လို့ အဓိပ္ပါယ်ရတယ်။ ကိုယ်အမူအရာ နှုတ်အမူအရာနဲ့ ပတ်သက်ပြီး ဒုစရိုက်မှုမဖြစ်ရအောင် စောင့်ထိန်းတတ်တဲ့ သဘောကိုလည်း သီလလို့ခေါ်တယ်"

"မှန်ပါဘုရား"

"အိမ်မှာနေသူ လူတွေအနေနဲ့ကတော့ ငါးပါးသီလဟာ လူတို့ရဲ့ နေ့စဉ်ကျင့်ရိုးကျင့်စဉ်တစ်ခုပါပဲ။ နေ့စဉ်မကျိုးမပေါက်ရအောင် စောင့်ထိန်းရမှာ ဖြစ်ပါတယ်။ ဥပုသ်နေ့မှာတော့ ငါးပါးသီလထက် လွန်မြတ်တဲ့ ရှစ်ပါးသီလကို စောင့်ထိန်းလေ့ရှိကြတယ်။ အဲဒီလို ရှစ်ပါးသီလ စောင့်ထိန်းတဲ့အခါမှာ အခါတိုင်းနေ့တွေမှာထက် သိက္ခာပုဒ်(၃)ပါး ပိုလွန်ပြီးတော့ စောင့်ရပါတယ်။ သီဆိုတီးမှုတ်ကခုန်မှုတွေ၊ ညစာစားမှုတွေ၊ မွေ့ရာကော်ဇောပေါ်မှာ အိပ်ခြင်းတို့ကို ရှောင်ကြဉ်ပြီး ခြိုးခြိုးခံခံ ကျင့်သုံးရပါတယ်။ အဲဒီလို ခြိုးခံပြီး ကျင့်သုံးရတဲ့ အကျင့်တရားကို ပါဠိလို 'ဥပေါသထ'လို့လည်း ခေါ်တယ်။ 'ဥပဝါသ'လို့လည်း ခေါ်တယ်။ အဲဒီ ဥပေါသထ၊ ဥပဝါသဆိုတဲ့

ပါဦ၀ေါဟာရကနေပြီးတော့ မြန်မာတွေက ပါဦ်ပျက် ၀ေါဟာရအနေနဲ့ ဥပုသ်လို့ ခေါ်နေကြတယ်"

"တစ်လမှာ လေးသီတင်းဆိုတာ တစ်လ အတွင်းမှာ ဥပုသ်ရက်လေးရက်ရှိတာကို ပြောတာလား ဘုရား"

"ဟုတ်တယ်၊အခုန ဘုန်းကြီးပြောခဲ့တဲ့ လဆန်း ရှစ်ရက်၊ လဆုတ်ရှစ်ရက်၊ လပြည့်နေ့၊ လကွယ်နေ့ဆို ပြီးတော့ ဥပုသ်ရက်လေးရက်ရှိတယ်။ အဲဒါကို လေး သီတင်းလို့ခေါ်တာပဲ။အဲဒီ ဥပုသ်ရက်လေးရက်ကို ပကတိ ဥပုသ်နေ့လို့လည်း ခေါ်တယ်။ လောကလူသားတွေ စောင့်ရိုးစောင့်စဉ် ဥပုသ်ရက်တွေပေါ့၊ မြတ်စွာဘုရား လက်ထက်တော်တုန်းကဆိုရင် အချို့လူတွေဟာ ပကတိ ဥပုသ်နေ့မတိုင်မီ တစ်ရက်အလိုမှာ အကြိုဥပုသ်နေ့ဆိုပြီး ရှစ်ပါးသီလကို ခံယူဆောက်တည်ကြတယ်။ ပကတိ ဥပုသ်ရက်ရဲ့ နောက်တစ်ရက်မှာတော့ အပိုဥပုသ်နေ့ဆိုပြီး ဆောက်တည်ကြသေးတယ်။ အခုခေတ်မှာတော့ အကြို ဥပုသ်၊ အပိုဥပုသ်တွေ စောင့်ကြတာ မတွေ့ရတော့ဘူး"

"ဘုန်းဘုန်း အခုန အမိန့်ရှိလိုက်တာ တစ်လ အတွင်းမှာ ပကတိဥပုသ်နေ့ လေးခုရှိတယ်လို့ဆိုတယ်။ ဆရာတော်တစ်ပါးက တပည့်တော်ကို တစ်လအတွင်းမှာ ပကတိဥပုသ်(၆)ခုရှိတယ်လို့ မိန့်ဖူးပါတယ်ဘုရား"

"အင်း-ဟုတ်တယ် ဒကာကြီး၊ ဘုန်းကြီးက ဒကာကြီး နားရှုပ်သွားမှာစိုးလို့ အဲဒီအကြောင်း မပြော ပြတာပါ။ အခုတော့ ဒကာကြီးက သိချင်တော့ ပြောပြ ရသေးတာပေါ့။ လဆန်းရှစ်ရက်၊ လဆုတ်ရှစ်ရက်၊ လပြည့်နေ့၊ လကွယ်နေ့ ဥပုသ်နေ့တွေမှာတော့ အခု ခေတ်ကာလမှာ အများသူငါ ပကတိရိုးရာအတိုင်း ခေါ် နေကြတဲ့ အခုခေတ်ပေါ် ပကတိဥပုသ်နေ့လို့ မှတ်ထား လိုက်၊ ဘုန်းကြီးတို့ သံယုတ်ပါဦတော်မှာဆိုရင် တစ်လ တစ်လမှာ လဆန်းပိုင်းမှာ ရှစ်ရက်မြောက်နေ့၊ တစ်ဆယ့် လေးရက်မြောက်နေ့ တစ်ဆယ့်ငါးရက်မြောက်နေ့ဆိုပြီး သုံးရက်၊ လဆုတ်ပိုင်းမှာ ရှစ်ရက်မြောက်နေ့ လကွယ် မတိုင်မီ အဖိတ်နေ့၊ လကွယ်နေ့ဆိုပြီးတော့ သုံးရက်၊ ပေါင်းလိုက်ရင် ပကတိဥပုသ်နေ့ တစ်လမှာ(၆)ရက်ရှိ တယ်လို့ ဆိုထားတယ်။ နောက် အဌကထာမှာလည်း ဖော်ပြထားတာ တစ်မျိုးရှိသေးတယ်"

"အမိန့်ရှိပါဦးဘုရား"

"လဆန်းပိုင်းမှာ ငါးရက်မြောက်နေ့၊ ရှစ်ရက် မြောက်နေ့၊ တစ်ဆယ့်လေးရက်မြောက်နေ့၊ တစ်ဆယ့် ငါးရက်မြောက်နေ့အားဖြင့် လေးရက်၊ ထို့အတူ လဆုတ် ပိုင်းမှာလည်း ငါးရက်မြောက်နေ့၊ ရှစ်ရက်မြောက်နေ့၊ လကွယ်နေ့၊ လကွယ်မတိုင်မီ အဖိတ်နေ့ဆိုပြီး လေးရက်၊ ပေါင်းလိုက်တော့ တစ်လမှာ ပကတိဥပုသ်ရှစ်ရက်ဖြစ် သွားတယ်"

"ဒီလိုဆိုရင် အခုခေတ်အယူအဆတွေ၊ ပါဦ တော်က မိန့်တာတွေရယ်၊ အဌကထာ စကားတွေရယ် ဟာ တစ်ခုနဲ့တစ်ခု မတူကြပါလားဘုရား"

"ဒီလိုရှိတယ်ဒကာကြီးရဲ့၊ ဥပုသ်ရက် သတ်မှတ် တယ်ဆိုတာ လောကမှာ အများသူငါက သမုတ်ထားတာ ပါပဲ၊ အခုခေတ်မှာ အများသူငါ ယူဆထားတဲ့ရက်ရယ်၊ ဘုရားလက်ထက်တော်က ယူဆထားတဲ့ရက်ရယ်၊ ဘုရား ပရိနိဗ္ဗာန်စံပြီးတဲ့နောက် အဌကထာဆရာတော်များရဲ့ လက်ထက်မှာ အများသူငါ ယူဆသမုတ်ပြီး ဥပုသ်ကျင့် သုံးတဲ့ရက်ရယ်ဟာ သူ့ခေတ်နဲ့သူ ပြောင်းလဲနေကြလို့ အခုလို ကွဲပြားနေကြတာပါ။ တကယ်တော့ ဥပုသ်ဆိုတာ ဘယ်နေ့မှာပဲ စောင့်သည်ဖြစ်စေ၊ ဥပုသ်စောင့်သူအတွက် ကတော့ ဥပုသ်နေ့ပါပဲ"

"မှန်ပါဘုရား၊ အချိန်အခါနဲ့ နေရာဒေသကို လိုက်ပြီး လောကရဲ့ ဓလေ့ထုံးစံတွေဟာ ကွဲပြားတတ်တာ ကိုးဘုရား။ အခုမှ တပည့်တော် ခေါင်းထဲမှာ မေးလျှောက် စရာတစ်ခု သတိရတယ်ဘုရား"

"ဆိုစမ်းပါဦး"

"တစ်လရှစ်သီတင်း၊ နတ်များဆင်း၊ သတင်းယူ ကြရှာ-ဆိုတဲ့ စကားဟာ တစ်လအတွင်း သီတင်းနေ့ ရှစ်ရက်မှာ နတ်တွေ လူ့ပြည်ကို လာရောက်ပြီး သတင်း ထောက်လှမ်းတာကို ပြောတာလားဘုရား"

"ဟုတ်တယ်ဒကာကြီး၊ ဗဟုသုတ အတော် စုံသားပဲ၊ လဆန်းရှစ်ရက်၊ လဆုတ်ရှစ်ရက်နေ့တွေမှာ နတ်မင်းကြီးလေးယောက်ရဲ့ အလုပ်အကျွေးဖြစ်တဲ့ နတ် တွေက လူ့ပြည်ကို ဆင်းလာပြီး စာရင်းကောက်တယ်"

"ဘာစာရင်းတွေ ကောက်တာလဲဘုရား"

"လူတွေဟာ မိဘတွေရဲ့အပေါ်မှာ ပြုကျင့်ရတဲ့ ဝတ္တရားတွေ၊ ရသေ့ရဟန်း သူတော်ကောင်းတွေရဲ့အပေါ် ပြုကျင့်ရတဲ့ ဝတ္တရားတွေကို ကောင်းကောင်းမွန်မွန် ကျင့် ကြရဲ့လား၊ အသက်သိက္ခာဂုဏ်ဝါကြီးသူတို့အပေါ် ရိုရို သေသေ ကျင့်ကြရဲ့လား၊ ကိုယ်ကျင့်သီလတွေ ခိုင်မြဲစွာ

ဆောက်တည်ကြရဲ့လားဆိုတာကို စုံစမ်းပြီး စာရင်းကောက်ယူကြတယ်။ လဆုတ်(၁၄)ရက်နေ့နဲ့ လကွယ်နေ့တွေမှာတော့ နတ်မင်းကြီးလေးယောက်ရဲ့သားတွေက ဆင်းပြီး စုံစမ်းစာရင်းကောက်ယူကြတယ်။ လဆန်း(၁၅)ရက်မြောက်နေ့မှာ နတ်မင်းကြီးလေးယောက်တို့ကိုယ်တိုင် ဆင်းပြီး စာရင်းကောက်ကြတယ်”

“ဘာလုပ်ဖို့ စာရင်းကောက်ကြတာလဲဘုရား”

“လူ့ပြည်လောကမှာ လူတွေဟာ မိဘဆရာသမား အသက်သိက္ခာဂုဏ်ဝါကြီးသူတွေရဲ့အပေါ်မှာ ရိုရိုသေသေ ကျင့်သုံးနေတာတွေ၊ ဥပုသ်သီတင်းစောင့်သုံးနေတာတွေ စာရင်းထဲမှာ နည်းနေရင် နတ်မင်းကြီးလေးယောက်တို့ဟာ အဲဒီအကြောင်းကို သုဓမ္မာနတ်သဘင်အစည်းအဝေးလုပ်တဲ့အခါ တာဝတိံသာဘုံက နတ်တွေကို ပြောပြကြတယ်။ အဲဒီအခါ တာဝတိံသာနတ်တွေက-‘ငါတို့ နတ်ပြည်လောကကြီး ဆုတ်ယုတ်တော့မှာပါလား၊ အပါယ်လေးဘုံမှာ စည်းကားကုန်တော့မှာပါလား’လို့ စဉ်းစားတွေးတောရင်း စိတ်မချမ်းမသာ ဖြစ်ကြတယ်။ ကုသိုလ်ကောင်းမှုပြုတဲ့သူတွေရဲ့ စာရင်းများနေရင်-‘ငါတို့ နတ်ပြည်လောကမှာ တိုးတက် စည်ကားတော့မယ်၊ အပါယ်လေးဘုံမှာ ဆုတ်ယုတ်တော့မှာပါလားလို့’တွေးတောပြီး ဝမ်းမြောက်ကြည်နူးမှုတွေ ဖြစ်ကြတော့တယ်၊ အဲဒီလို နတ်ဘုံလောကမှာ စည်ကားတိုးတက်မှု၊ ဆုတ်ယုတ်မှု အခြေအနေမှန်ကို ကြိုတင်ခန့်မှန်းနိုင်ဖို့ နတ်တွေက လူ့ပြည်ကို ဆင်းပြီး စာရင်းကောက်ကြတယ်လို့မှတ်၊ ဒါဟာ မဟာဂေါဝိန္ဒသုတ် အဋ္ဌကထာမှာ ဖွင့်တဲ့အတိုင်း ဘုန်းကြီးက ရှင်းပြနေတာပါ”

“နတ်တွေလည်း သူတို့အရပ်ဒေသ စည်ကားတာကို သဘောကျတာပဲကိုးဘုရား၊ တပည့်တော်တို့ ဒီလာရတာ တော်တော်အကျိုးရှိသွားတယ်ဘုရား”

“အင်း-တရားဟောဖို့အချိန်တောင် နီးနေပြီ၊ ဒကာတို့လည်း တရားနာရအောင် ဓမ္မာရုံမှာ သွားပြီးတော့ နေရာယူကြပေတော့”

“မှန်ပါ၊ အမိန့်တော်မြတ်အတိုင်းပါဘုရား”ဟု လျှောက်ထားသွားကြလေတော့သတည်း။

■ ဝနဝါသီ-အရှင်ဝါသေဋ္ဌာဘိဝံသ

ညောင်တုန်းမြို့ ရွှေဟသံတောရ ကျောင်းတိုက် အဘိဓေမဟာရဋ္ဌဂုရု စတုတ္ထစံကျောင်းဆရာတော် ဘဒ္ဒန္တဝိမလ ၏ သြဝါဒရတနာ သုတပဒေသာ မှ ကောက်နတ်ချက်များ

မိတ်ဆွေစစ်ဖြစ်အောင်

လူတိုင်း နတ်တိုင်း၊ ဗြဟ္မာတိုင်းတို့၊ နက်ရှိုင်းမှတ် သို့၊ မိမိကိုယ်ကို၊ ကြည်ညိုချစ်ခင်၊ မိတ်ဆွေထင်၏။

သို့ပင်တင်စား၊ အားကိုးငြားလည်း၊ မြောက်မြားထိုထို၊ ဤသို့ကိုယ်ကို၊ ထင်သလိုစစ်၊ ကယ်မဖြစ်ဘဲ၊ မင်းညစ်ပါပ၊ ဒုကမ္မ၌၊ ပျော်ကြပြီးကာ၊ ညစ်ညူးစွာလျှင်၊ ပါယ်ရွာဘက်သို့၊ သင့်ကိုပို့ကြောင်း၊ ရှင်မျိုးဖွယ်ယောင်၊ မာယာဆောင်သည့်၊ အကောင်ဥပါ၊ ကဲ့ပမာသို့၊ လိမ္မာပါးနပ်၊ ပူး၍သတ်သည့်၊ ကြောက်အပ်ထိပ်သီး၊ ရန်သူကြီးပင်။

ဤနည်းအမှန်၊ သူ့ဖြစ်ဟန်ကို၊ သိဉာဏ်စေဘိ၊ ရိပ်စားမိလျက်၊ သတိပညာ၊ ရှေ့ဆောင်ကာလျှင်၊ ခန္ဓာဟုဆို၊ ရသည့်ကိုယ်ကို၊ သူ့လိုမလိုက်၊ ကိုယ့်အကြိုက်ဖြင့်၊ အမိုက်စော်ကား၊ လုပ်ခွင့်တားလျှက်၊ ဆယ်ပါးကောင်းဟိတ်၊ သုစရိတ်ကို၊ ခဲကြိတ်မြဲပေ၊ ပြုလုပ်စေ၍ မိတ်ဆွေအစစ်၊ ကယ်ပင်ဖြစ်အောင်၊ နွားညစ်ဆုံးမ၊ ပုံတမျှသို့၊ ဒန္ဓဖြစ်ကြောင်း၊ ဥပါယ်ပေါင်းဖြင့်၊ ဖျားယောင်းလိမ္မာ၊ ကိုယ့်ဘက်ပါ၍၊ သံသာထွက်မှု၊ ဖော်ကောင်းပြုလျက်၊ သင့်မှုသင့်တာ၊ သင်လိမ္မာလျှင် . . . သင်သာသန္တိ ချဉ်းလိမ့်သော်။

■

အရှင်အာနန္ဒာ အရှမ်း ဒဿန

"မောင်နှမ နှစ်ယောက်တည်း ရှိတာလား၊ မိဘတွေရော ရှိသေးလား"

"အမေ ရှိပါသေးတယ်။ အဖေက တပည့်တော် သုံးနှစ်သမီး အရွယ်က တိုက်ပွဲကျသွားတယ်။ မောင်လေးဆိုရင် တစ်နှစ်သားကျော်ကျော်ပဲ ရှိသေးတာ။ တပည့်တော်တောင် အဖေဆိုတာ ဘယ်လိုမှန်း မမှတ်မိလိုက်ပါဘူး"

စာရေးသူတို့ ရိပ်သာသို့ လာနေကျ မောင်နှမနှစ်ယောက်မှ အစ်မဖြစ်သူကို စာရေးသူက မေးလိုက်မိသည်။ မောင်နှမနှစ်ယောက်မှာ အသက်နှစ်ဆယ်ကျော်မျှသာ ရှိသေးသည်။ ခေတ်အလိုက် ဝတ်စားဆင်ယင်သော်လည်း နှစ်ယောက်လုံး အပြောအဆို ယဉ်ကျေးနူးညံ့သည်။

စာရေးသူ၏ မွေးသဖခင် မိသားစုကို ခွဲခွာသွားသည်မှာ ဆယ်လခန့်ရှိပြီ။ စာရေးသူသည် မိသားစုတွင် အငယ်ဆုံးဖြစ်သည့်အလျောက် ဖခင်နှင့်အတူ နေခဲ့ရသောအချိန်သည် အခြားမိသားစုဝင်များနှင့် နှိုင်းစာကြည့်လျှင် အတိုတောင်းဆုံးပါ တကားဟု တွေးမိသည်မှာ မကြာခဏပင်။ အသက်အရွယ်ကြီးရင့်သော ဒကာကြီးများကို တွေ့တိုင်းလည်း ငါ့အဖေလည်း ဒီလောက် အသက်အရွယ်အထိ နေရရင် ဘယ်လောက်ကောင်းမလဲဟူသော အတွေးမျိုး ပေါ်လာစမြဲ။ နွေးထွေးကြင်နာမှုများဖြင့် ခြယ်မှုန်းထားသော မွေးသဖခင်၏ အပြုံးများကို လွမ်းဆွတ်ရဆဲ။ အခြားသော မိသားစုဝင်များနှင့် တွေ့ဆုံသောအခါတွင် လစ်လပ်နေသော ဖခင်၏ နေရာကို သတိပြုလိုက်မိတိုင်း ဟာတာတာခံစားမှုတို့ကို မြိုသိပ်ရမြဲ။

ပြန်စဉ်းစားကြည့်လျှင် အသက် သုံးဆယ်ကျော်အချိန်အထိ

မွေးသဖခင် အသက်ထင်ရှားရှိခဲ့သဖြင့် စာရေးသူ၏ဘဝသည် ထိုမောင်နှမ တို့ထက် အဆပေါင်းများစွာပင် ကံကောင်းပါသည်။ ထိုမောင်နှမများသည် အစားထိုးမရသော ဖခင်တစ်ယောက်၏ ပြုစုပျိုးထောင်မှုမျိုးကို မည်သို့မျှ ပုံဖော်ကြည့်နိုင်မည်မဟုတ်ပါ။ စာရေးသူ၌ကား မွေးသဖခင်၏ မြတ်နိုးနှစ်လိုဖွယ် ပုံရိပ်ဟောင်းများ စိတ်အစဉ်ဝယ် ကွက်ကွက်ကွင်းကွင်း အလိုအလျောက် ထင်ဟပ်လာတတ်သည်။

ဖခင် အသည်းအသန် နာမကျန်းဖြစ်စဉ်က စာရေးသူသည် ဝမ်းနည်းမိ၏။ ဖခင်တွင် ကင်ဆာရောဂါရှိမှန်း သိခဲ့ရသော ခြောက်နှစ်ခွဲခန့်ကာလကပင် ဖခင်နှင့်ခွဲခွာရမည့် အရေးကို မကြာခဏ နှလုံးသွင်းမိပါသည်။ သို့သော် "ရက်အနည်းငယ်အတွင်း မွေးသဖခင်ကို အမှန်တကယ် လက်လွှတ်ဆုံးရှုံးရတော့မှာပါလား၊ ယခုဘဝတွင် မွေးသဖခင်အား အသက်ထင်ရှားရှိလျက်နှင့် မြင်တွေ့ရခြင်းသည် နောက်ဆုံးပါတကား''ဟူသော အသိသည် စာရေးသူ၏ စိတ်ကို မသက်မသာ ဖြစ်စေပါသည်။ မွေးသဖခင် ဆုံးရှုံးရမှုအပေါ် ဝမ်းနည်းမိသော စာရေးသူအား စာရေးသူ၏ သာသနာ့ဖခင်က ပြစ်တင်ဝေဖန်ကာ တရားချခဲ့ပါ၏။

ထိုကိစ္စနှင့်စပ်၍ စာရေးသူ၏ ဆင်ခြေကား "မြတ်စွာဘုရားရဲ့ အပါးတော်ကပ်ဖြစ်တဲ့ အရှင်အာနန္ဒာတောင် မြတ်စွာဘုရားပရိနိဗ္ဗာန်ပြုတော့ ဝိသေးတာပဲဘုရား၊ အရှင်အာနန္ဒာဆို မြတ်စွာဘုရားရဲ့ ဆိုဆုံးမ ဩဝါဒတွေကို အနီးကပ်ကြားနာနေရတဲ့အပြင် သောတာပန်လည်းဖြစ်၊ ရဟန်းတော်တစ်ပါးလည်းဖြစ်တယ်၊ အရှင်အာနန္ဒာနဲ့ စာလိုက်ရင် တပည့်တော်က ဘာမျှမဟုတ်သေးပါဘုရား" ဟူ၍။

အရှင်အာနန္ဒာသည် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူမည့်နေ့က တန်ဆောင်းဝန်းအနီးရှိ တံခါးရွက်တိုင်ကို မှီပြီး ငိုနေတော်မူကြောင်း သုတ်မဟာဝါပါဠိတော်နှင့် အဋ္ဌကထာ၌ ဖတ်ဖူးပါသည်။ မြတ်စွာဘုရား၏ ဖွားဖက်တော် တစ်ပါးဖြစ်သဖြင့် မြတ်စွာဘုရား စံတော်မူသည့်အချိန်တွင် အရှင်အာနန္ဒာသည်လည်း သက်တော်ရှစ်ဆယ်ရှိသော မထေရ်ကြီးတစ်ပါး ဖြစ်နေပါပြီ။ "ငါဟာ အထက်မဂ်ဖိုလ်များ ရဖို့ရန်အတွက် ဆက်လက်တရားအားထုတ်ဖွယ် ကိစ္စရှိသေးတဲ့ သေက္ခပုဂ္ဂိုလ်ပဲ ရှိသေးတယ်၊ ငါ့အပေါ် အစဉ်သနားစောင့်ရှောက်တဲ့ဆရာ မြတ်စွာဘုရားလည်း ပရိနိဗ္ဗာန်ပြုတော့မယ်''ဟု တွေးလျက် ငိုကြွေးတော်မူ၏။

ထိတ်လန့်မှု သံဝေဂဖြစ်စေတတ်တဲ့ နေရာဌာနတွေကိုလည်း ငါ့ဆရာ မြတ်စွာဘုရား မိန့်တော်မူပြီးပြီ၊ စေတီတော်ကို ဖူးမြော်ပူဇော်လှည့်လည်ရတာ အကျိုးများကြောင်းကိုလည်း မိန့်တော်မူပြီးပြီ၊ အမျိုးသမီးများနဲ့ စပ်တဲ့ ရဟန်းတို့ကျင့်ဖွယ်ကိုလည်း ဖြေတော်မူပြီးပြီ၊မိမိခန္ဓာကိုယ်၌ ကျင့်ဖွယ်ပဋိပတ်ကိုလည်း ဟောကြားတော်မူပြီးပြီ၊စေတီတော်တည်ပြီး ကိုးကွယ်ထိုက်တဲ့ ပုဂ္ဂိုလ်လေးမျိုးကိုလည်း မိန့်တော်မူပြီးပြီ၊ မြတ်စွာဘုရား ဒီနေ့ မလွဲမသွေ ပရိနိဗ္ဗာန်ပြုတော့မှာပဲ''ဟု စဉ်းစားတွေးတောကာ စိတ်မကောင်းကြီးစွာ ဖြစ်နေမိသည်။ "မြတ်စွာဘုရားအနီးမှာ ငိုနေလို့တော့ မတော်ဘူး၊ တခြားသင့်တော်ရာမှာ စိုးရိမ်ပူပန်မှုကို သက်သာအောင်လုပ်မယ်" ဟူသော အကြံဖြင့် တံခါးရွက်တိုင်ကို မှီကာ ငိုကြွေးတော်မူခြင်း ဖြစ်ပေသည်။

မြတ်စွာဘုရားနှင့် အနီးကပ်ဆုံး နေခဲ့ရသူဖြစ်သည့်အလျောက် မြတ်စွာဘုရားအပေါ် ကြည်ညိုခြင်း၊ အားကိုးခြင်း၊ ချစ်ခင်ခြင်းများဖြင့် ရောထွေးနှောင်ပတ်ထားကာ သံယောဇဉ်ကြိုးများနှင့် ငြိတွယ်နေသူ အရှင်အာနန္ဒာခမျာ များစွာ စိတ်ထိခိုက်ရရှာပေသည်။ "မြတ်စွာဘုရားက ငါ့ကို အစဉ်သနားစောင့်ရှောက်ဆိုဆုံးမတော်မူတယ်၊ မနက်ဖြန်ကစပြီး ငါ ဘယ်သူ့ကို မျက်နှာသစ် ရေဆက်ကပ်ရမလဲ။ ဘယ်သူ့ခြေ ကိုဆေးပေးရမလဲ။ ဘယ်သူ့ အိပ်ရာနေရာကို သန့်ရှင်းပေးရမလဲ။ ဘယ်သူ့ သပိတ်သင်္ကန်းကို ယူပြီး လှည့်လည်ရမလဲ"စသဖြင့် ငိုကြွေးမြည်တမ်းတော်မူရှာ၏။ မြတ်စွာဘုရားအား အနီးကပ် ပြုစုလုပ်ကျွေးခွင့်ကို နှစ်ပေါင်းများစွာ ရရှိထားသော အရှင်အာနန္ဒာသည် မနက်ဖြန်မှစ၍ ဤအခွင့်အရေးကြီးကို ဆုံးရှုံးရမည့်အရေးကို တွေးမိရင်း များစွာ စိတ်မသက်မသာဖြစ်နေ၏။အနာဂါမ်မဖြစ်သေးသည့်အတွက်လည်း ပူဆွေးဝမ်းနည်းမှုမှ မကင်းလွတ်နိုင်သေး။ စာရေးသူသည် အရှင်အာနန္ဒာကို ပုံဖော်ကြည့်ရင်း ကိုယ်ချင်းစာ သနားမိ၏။

ရဟန်းသံဃာတော်များ ကြားတွင် အရှင်အာနန္ဒာကို မတွေ့ရသောအခါ မြတ်စွာဘုရားက

"အရှင်တို့၊အာနန္ဒာ ဘယ်မှာလဲ"ဟု မေးတော်မူကာ အရှင်အာနန္ဒာအား ခေါ်ခိုင်းတော်မူ၏။။

မြတ်စွာဘုရားက ချစ်ခင်ရသူတို့နှင့် သေကွဲရှင်ကွဲ ခွဲခွာရမှုနှင့် စပ်၍ အရှင်အာနန္ဒာအား နှစ်သိမ့်တရားချတော်မူသည်။ "တော်ပြီ၊ အာနန္ဒာ၊ မစိုးရိမ်နဲ့၊ မငိုကြွေးနဲ့၊ ဒီအကြောင်းကို ငါဘုရားစောစောကတည်းက ပြောပြီးပြီ မဟုတ်လား၊ ချစ်ခင်မြတ်နိုးသူ အမိအဘ ညီအကို မောင်နှမစတဲ့ အားလုံးတို့နဲ့ ဇာတ်ချင်းမတူ ကွဲရခြင်း၊ သေကွဲ ကွဲရခြင်း၊ ဘဝချင်းကွဲရခြင်းတို့ဟာ ဖြစ်ရမြဲပဲ။ ထင်ရှားဖြစ်တဲ့ တရားတိုင်းဟာ ပျက်ခြင်းသဘောရှိတယ်။ ပျက်ခြင်းသဘောရှိတဲ့ တရားကို မပျက်ပါစေနဲ့လို့ တောင့်တလို့ မရဘူး။ မြတ်စွာဘုရားရဲ့ ခန္ဓာကိုယ်ကိုတောင်မှ မပျက်စီးပါစေနဲ့လို့ တောင့်တလို့ မရဘူး။"

ထို့နောက် ရဟန္တာဖြစ်အောင် ကြိုးစားအားထုတ်ရန် တိုက်တွန်းအားပေးတော်မူသည်။ "အာနန္ဒာ၊ သင်ဟာ နေ့ညဥ့်ရှည်ကြာအောင် စီးပွားချမ်းသာကြောင်းဖြစ်တဲ့၊ မျက်မှောက်တစ်မျိုး၊ မျက်ကွယ်တစ်ဖုံ မကွဲပြားတဲ့ အတိုင်းမရှိတဲ့ ကာယကံ မေတ္တာ၊ ဝစီကံမေတ္တာ၊ မနောကံ မေတ္တာနဲ့ ငါဘုရားကို ပြုစုလုပ်ကျွေးတယ်။ ကုသိုလ်ကောင်းမှုပြုပြီးသူ ဖြစ်တယ်။ လုံ့လဝီရိယကို အားထုတ်ပါ။ အာသဝကင်းသူ (ရဟန္တာ)လျင်လျင်မြန်မြန် ဖြစ်လိမ့်မယ်။" မြတ်စွာဘုရားသည် ရဟန်းတို့အား အရှင်အာနန္ဒာ၏ အံ့ဖွယ်ဂုဏ်ရည်တို့ကို မိန့်တော်မူသည်။



ချစ်ခင်မြတ်နိုးသူ
မိဘ ညီအစ်ကို
မောင်နှမ စသူနှင့်
သေကွဲရှင်ကွဲ
ကွဲကွာရမှုနှင့်
ကြုံတွေ့ကြရာ၌
အနာဂါမ်ရဟန္တာ
မဖြစ်သေးပါက
ပူဆွေးဝမ်းနည်းမှု
အထိုက်အလျောက်
ခံစားရသည်သာ...

မြတ်စွာဘုရားသည် ကုသိုလ်နာရုံ၌ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက်တွင် အရှင်အာနန္ဒာသည် နောက်လိုက် ရဟန်းငါးရာတို့နှင့် အတူ သာဝတ္ထိသို့ ကြွတော်မူသည်။အရှင်အာနန္ဒာ ရောက်ရာရောက်ရာအရပ်တိုင်း၌ ဒကာ၊ ဒကာမတို့သည် ပြင်းထန်စွာ ငိုကြွေးကြသည်။ အရှင်အာနန္ဒာ သာဝတ္ထိသို့ရောက်လာကြောင်း ကြားသိရသောအခါ သာဝတ္ထိသူ၊ သာဝတ္ထိသားတို့သည် ပူဇော်ဖွယ် ပန်းနံ့သာဆောင်ယူ လျက် ခရီးဦးကြိုဆိုကြကုန်သည်။ "အရှင်ဘုရား အာနန္ဒာ၊ အရင်ကဆိုရင် မြတ်စွာဘုရားနဲ့အတူ ကြွလာတော်မူတယ်။ ဒီနေ့တော့ မြတ်စွာဘုရားကို ဘယ်မှာထားခဲ့ပြီး ကြွ

တော်မူပါသလဲဘုရား" စသည် ပြောဆိုကာ ပြင်းစွာငိုကြွေးကြရာ အရှင်အာနန္ဒာသည် အနိစ္စနှင့်စပ်သော တရားစကားတော်ဖြင့် လူအပေါင်းကို နှစ်သိမ့်တော်မူသည်။

အရှင်အာနန္ဒာသည် ဇေတဝန်ကျောင်းတော်သို့ ဝင်တော်မူ၍ မြတ်စွာဘုရား သီတင်းသုံးတော်မူခဲ့သော ဂန္ဓကုဋီကို ရှိခိုးတော်မူသည်။ တံခါးကိုဖွင့်ကာ ညောင်စောင်းအင်ပျဉ်ကို ထုတ်ခါခြင်း၊ ဂန္ဓကုဋီကို တံမြက်လှည်းကျင်းကာ ညှိုးနွမ်းသော ပန်းအမှိုက်တို့ကို ပစ်ခြင်း၊ ညောင်စောင်းအင်ပျဉ်ကို မူလနေရာ၌ ပြန်ထားခြင်းစသော မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်က ပြုဖွယ်ဝတ်အလုံးစုံတို့ကို ပြုတော်မူသည်။

ထိုသို့ ပြုတော်မူစဉ်လည်း ဂန္ဓကုဋီကို ရှိခိုးတော်မူပြီး၍ "မြတ်စွာဘုရား၊ ယခုအခါသည် နောင်တော်ဘုရားတို့ ရေသပ္ပါယ်ချိန် မဟုတ်ပါလားဘုရား။ယခုအခါသည် တရားဟောတော်မူချိန် မဟုတ်ပါလားဘုရား။ ယခုအခါသည် ရဟန်းတို့အား သြဝါဒပေးတော်မူချိန် မဟုတ်ပါလားဘုရား။ယခုအခါသည် ခြင်္သေ့မင်း၏ အိပ်ခြင်းကဲ့သို့ ကျိန်းစက်တော်မူချိန် မဟုတ်ပါလားဘုရား။ ယခုအခါသည် မျက်နှာသစ်တော်မူချိန် မဟုတ်ပါလားဘုရား" စသည်ဖြင့် ပြောဆိုငိုကြွေးလျက် ပြုတော်မူသည်။ အဋ္ဌကထာဆရာပြုဆိုသော အရှင်အာနန္ဒာ၏ ငိုကြွေးပုံကို ဖတ်ရသောအခါ စာရေးသူပင် ရင်ထဲတွင် တစ်ဆို့ဆို့ခံစားရပါ၏။

အရှင်အာနန္ဒာသည် ဤကဲ့သို့ ဝမ်းနည်းငိုကြွေး ပြုရခြင်း၏ အကြောင်းအချက်ကို သီလက္ခန်ဓကထာဆရာက ဖွင့်ထားတော်မူသည်မှာ များစွာ သဘာဝကျပါသည်။ အရှင်အာနန္ဒာသည် မြတ်စွာဘုရား၏ ဂုဏ်တော်ပေါင်းတည်းဟူသော အမြိုက်အရသာကို သိသောကြောင့်လည်းကောင်း၊ မြတ်စွာဘုရားအပေါ်၌ စွဲမြဲတည်တံ့သောချစ်ခြင်း ရှိသောကြောင့်လည်းကောင်း၊အာသဝကင်းသော ရဟန္တာမဟုတ်သေးသောကြောင့်လည်းကောင်း၊ ဘဝ သိန်းပေါင်းများစွာတို့၌ အချင်းချင်းလျှော်သော ကျေးဇူးပြုခြင်း၏ အကျိုးဆက်အဖြစ် စိတ်နှုံးညံ့တော်မူသောကြောင့်လည်းကောင်း အရှင်အာနန္ဒာမှာ မျက်ရည်မဆည်နိုင်လောက်အောင် ဖြစ်ခဲ့ရသည်။

"အရှင်ဘုရားတို့က ဒီလောက် ငိုကြွေးနေရင် ဘယ်လိုနည်းနဲ့ တခြားသူတွေကို နှစ်သိမ့်အားပေးနိုင်ပါ့မလဲ"ဟု နတ်တစ်ဦးက သတိပေးကာ သံဝေဂရစေ၏။

နတ်၏ သတိပေးစကားကို ကြားရသောအခါ အရှင်အာနန္ဒာသည် သံဝေဂရကာ စိတ်ကိုတင်းထား၏။ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုရာနေ့မှစ၍ အရပ်၊ အထိုင်များခြင်းကြောင့် သလိပ်၊ သည်းခြေ၊ လေစသော ဓာတ်လွန်ကဲခြင်းမှ သက်သာစေရန် ဓာတ်သက်စေသောဆေးကို သုံးဆောင်တော်မူကာ ထိုနေ့အဖို့ဝယ် ကျောင်း၌ပင် အနားယူတော်မူသည်။

အရှင်အာနန္ဒာသည် သင်္ဂီယနာမတိုင်မီညဉ့် ကာယဂတာသတိဖြင့် တစ်ညလုံး အပြင်းအထန်အားထုတ်တော်မူ၏။ ဝိရိယလွန်သဖြင့် အထက်မဂ်ဖိုလ်များကို မရနိုင်သေးချေ။ ထို့ကြောင့် ဝိရိယနှင့် သမာဓိ ညီမျှစေရန် ညဉ့်၏မိုးသောက်အခါ၌ စကြီ်မှ ကျောင်းခန်းအတွင်းသို့ဝင်ကာ အမှတ်သတိဖြင့်ပင် ခေတ္တလဲလျောင်းရန် ပြု၏။ ခြေထောက်နှစ်ဖက်တို့လည်း ကြမ်းမှလွတ်ကာ ဦးခေါင်းလည်း ခေါင်းအုံးပေါ်သို့ မရောက်သေးသည့် ကြားကာလ အတွင်းပင် အာသဝေါကုန်ခန်းရဟန္တာ ဖြစ်တော်မူသည်။

အရှင်အာနန္ဒာသည် မြတ်စွာဘုရားနှင့် ဘဝသိန်းပေါင်းများစွာ အတူပါရမီဖြည့်ဖက်ဖြစ်သဖြင့် မြတ်စွာဘုရားအပေါ် နှစ်နှစ်ကာကာ ချစ်ခင်မြတ်နိုး၏။ ယခုဘဝတွင်လည်း ညီတော်ဝမ်းကွဲတော်စပ်သည့် ဖွားဖက်တော်လည်းဖြစ်သဖြင့် နောင်တော်ဘုရားအပေါ် အားကိုး၏။ မြတ်စွာဘုရားကို အနီးကပ်လုပ်ကျွေးပြုစုခွင့်၊ မြတ်စွာဘုရား၏ အဆုံးအမ တရားတော်များကို အနီးကပ်နာယူခွင့်ရထားပြီးသည့်အပြင် ကိုယ်တော်တိုင်လည်း သောတာပတ္တိမဂ်ဖိုလ် တရားထူးကို ရထားသူဖြစ်သဖြင့် မြတ်စွာဘုရား၏ ဂုဏ်တော်များကို ကိုယ်ပိုင်ဉာဏ်ဖြင့် လေးလေးနက်နက် သိပြီး သက်ဝင်ယုံကြည်ကာ မြတ်စွာဘုရားပေါ် လေးစားကြည်ညိုမှု အပြည့်အဝရှိ၏။ ရဟန္တာမဖြစ်သေး၊ အာသဝမကင်းသေးသဖြင့် ချစ်ခင်တွယ်တာမှု ပေမရောနှောကာ သံယောဇဉ်နှောင်ကြိုးတွယ်၏။ မိမိကိုယ်တိုင်က အထက်မဂ်ဖိုလ်များရရန် ကျင့်ဖွယ်ကိစ္စရှိသူ သေက္ခပုဂ္ဂိုလ်တစ်ပါးသာ ဖြစ်သေးချိန်တွင် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူသောအခါ သနားစောင့်ရှောက်သွန်သင်သူ ဆရာဘုရားမရှိတော့သဖြင့် အားကိုးတစ်ခု ပြိုလဲသွားသကဲ့သို့ ခံစားရ၏။ နုစဉ်ဘဝ

များမှအစပြု၍ ဘဝပေါင်းသိန်းနှင့် ချီကာ မြတ်စွာဘုရားနှင့်အတူ ရင်းနှီးစွာ နေလာခဲ့ကြသဖြင့် မြတ်စွာဘုရားမရှိတော့သောအခါ ဟာတာတာ ခံစားမှုမျိုး များစွာ ခံစားရ၏။ သံသရာဝယ် အမျိုးသမီးဘဝဖြင့် ကျင်လည်ခဲ့ရဖူးသဖြင့် နှလုံးသားနူးညံ့သိမ်မွေ့သူဖြစ်ရာ မျက်ရည်မဆည်နိုင် ဖြစ်ခဲ့ရ၏။ သို့သော် မိမိကိုယ်ကို စိတ်အားတင်းကာ မြတ်စွာဘုရား၏ အဆုံးအမကို အမှတ်ရ အောက်မေ့ခဲ့၏။

အထူးသဖြင့် သင်္ဂီယနာ မတင်မီညက အပြင်းအထန် အားထုတ်နေခဲ့ရာ ကျောင်းအပြင်ဘက်တွင် စကြီးလျှောက်နေချိန်၌ မြတ်စွာဘုရားမိန့်မှာမှုကို သတိရမိသည်။ "မြတ်စွာဘုရားက 'အာနန္ဒာ၊ သင်ဟာ ကောင်းမှုပြုပြီးသူဖြစ်တယ်၊ လုံ့လဝီရိယကို အားထုတ်လေ့၊လျင်မြန်စွာ အာသဝေါကင်းကွာ ရဟန္တာဖြစ်လိမ့်မယ်'လို့ မိန့်တော်မူခဲ့တယ်။ ဘုရားရှင်တို့ရဲ့ စကားဟာ ချွတ်ချော်ခြင်းမရှိဘူး၊ ငါကတော့ ဝီရိယလွန်နေလို့ စိတ်ပျံ့လွင့်နေတယ်၊ ဝီရိယနဲ့ သမာဓိကို ညီမျှစေမယ်"ဟု တွေးကာ အမှတ်သတိဖြင့် ခေတ္တအနားယူရန် ညောင်စောင်းပေါ်သို့ ကိုယ်ကို စောင်းလိုက်စဉ်အတွင်း အာသဝေါကုန်ခန်း ရဟန္တာဖြစ်တော်မူသည်။ အရှင်အာနန္ဒာသည် မြတ်စွာဘုရားအား လွမ်းဆွတ်နေရုံသက်သက်မဟုတ်ပါ။သတိသံဝေဂရကာ မြတ်စွာဘုရား မိန့်မှာထားသည့်အတိုင်း အားထုတ်တော်မူခဲ့သဖြင့် သင်္ဂီယနာ မတင်မီည၏ မိုးသောက်အချိန်တွင် အမြင့်ဆုံးပန်းတိုင်ကို ဆွတ်ခူးနိုင်ခဲ့ပေသည်။

မြတ်စွာဘုရားက "ချစ်ခင်မြတ်နိုးသူ အမိအဘညီကိုမောင်နှမစတဲ့ အားလုံးတို့နဲ့ ဇာတ်ချင်းမတူ ကွဲရခြင်း၊ သေကွဲ ကွဲရခြင်း၊ ဘဝချင်းကွဲရခြင်းတို့ဟာ ဖြစ်ရမြဲပဲ။ ထင်ရှားဖြစ်တဲ့ တရားတိုင်းဟာ ပျက်ခြင်းသဘောရှိတယ်။ ပျက်ခြင်းသဘောရှိတဲ့ တရားကို မပျက်ပါစေနဲ့လို့ တောင့်တလို့ မရဘူး။ မြတ်စွာဘုရားရဲ့ ခန္ဓာကိုယ်ကို တောင်မှ မပျက်စီးပါစေနဲ့လို့ တောင့်တလို့ မရဘူး"ဟု မိန့်တော်မူခဲ့သည်။

ချစ်ခင်မြတ်နိုးသူ မိဘညီအစ်ကိုမောင်နှမစသူနှင့် သေကွဲရှင်ကွဲ ကွဲကွာရမှုနှင့် ကြုံတွေ့ကြရာ၌ အနာဂါမ် ရဟန္တာမဖြစ်သေးပါက ပူဆွေးဝမ်းနည်းမှု အထိုက်အလျောက် ခံစားရသည်သာ။ကျောက်ရုပ် ကျောက်သားဖြင့် ထုထားသော သူမဟုတ်သဖြင့် ခွဲခွာရသော မိဘသားချင်းများကို လွမ်းဆွတ်တမ်းတမှု အထိုက်အလျောက် ရှိသေးသည်သာ။ တရားရှုမှတ်နှလုံးသွင်းကာ ပူဆွေးသောကကို မဖြစ်အောင်၊ ဖြစ်လာပါကလည်း အမြန်ဆုံးပြေပျောက်အောင် ရှုမှတ်နိုင်မှုသည် အရေးကြီးသော လိုအပ်ချက်တစ်ခုဖြစ်ကြောင်းလည်း မည်သို့မျှ မငြင်းနိုင်ပါ။ စိတ်အားတင်းကာ ဘဝရည်မှန်းချက်ပန်းတိုင်၊ သံသရာ့ရည်မှန်းချက်ပန်းတိုင်တို့သို့ ဇွဲသန်သန်ဖြင့် အရောက်လှမ်းရဦးမည်သာ။

■ ဒဿိနီ

သံဝေဂ ဆုံးမစာ

-- သို့စင်ပြုလို၊ နင်ကုသိုလ်၊ ဘယ်ကို ပေးလိမ့်မည်။
-- လောကုတ္တရာ၊ မြိုက်ဩဇာ၊ နင်သာဝေးလှသည်။
-- ဇောစိတ်သန်သန်၊ ကုသိုလ်မှန်၊ နင်ကြံပြုရမည်။
-- သို့ပြုမှသာ၊ ပြည်ခေမာ၊ နင်သာနီးရမည်။
-- ဤသို့စုံစေ့၊ ပြန်လှန်၍၊ စေ့စေ့ နှလုံးတည်။
-- အနမတဂ္ဂ၊ သံသာရကြာလှ လေကုန်ပြီ။
-- ဂဂ်ါဝါ၌၊ ပမာပြု၊သဲစုမကပြီ။
-- တဏှာ၏နောက်၊တကောက်ကောက်၊ လိုက်ထောက်မသင့်ပြီ။
-- တဏှာမြစ်မ၊ ပင်လယ်ဝ၊ နစ်ကြလေကုန်ပြီ။
-- တဏှာလည်းပွား၊ ဒုက္ခများ၊ သွား၍မဆုံးပြီ။

ထွင့်ခေါင်ဆရာတော်

နိုင်ငံခြားသား ဘုန်းတော်ကြီးတစ်ပါး၏ ဗုဒ္ဓဘာသာအရြင် အမေးအဖြေများ ချမ်းမြေ့ဆရာတော်

ယခင်လမှအဆက်

၅။ တမလွန်ဘဝ

မေး။ သင်ဟာ နောက်ဘဝအကြောင်း အများကြီး ပြောသွားတယ်။ဒါပေမယ့် နောက်ဘဝရှိကြောင်း သက်သေအထောက်အထား ပြနိုင်ပါသလား။

ဖြေ။ ဗုဒ္ဓဘာသာတို့ရဲ့ တမလွန်ဘဝ ယုံကြည်မှုကို ထောက်ခံဖို့ သိပ္ပံပညာဆိုင်ရာ အထောက်အထား သာမက တခြား အထောက်အထားတွေလည်း ရှိပါတယ်။ ဒီလိုရှိတာဟာ ဒီတမလွန်ဘဝ အယူအဆ တစ်ခုပဲရှိပါတယ်။ ကောင်းကင်ဘုံနန်း (Heaven) ရှိတယ်ဆိုတာ သက်သေပြဖို့ ဘာအထောက်အထားမျှ မရှိပါဘူး။ တကယ်တော့ လူသေရင် ပျက်စီးသွားပြီး နောက်ဘဝမဖြစ်တော့ဘူးဆိုတဲ့ အယူအဆတွေအတွက်လည်း သက်သေအထောက်အထား မရှိပါဘူး။

သို့သော်လည်း စိတ်နယ်လွန် ပညာရှင်တွေက တော့ လွန်ခဲ့တဲ့ နှစ်ပေါင်း (၃၀)အတွင်းမှာ အတိတ်ဘဝတွေကို ထင်ထင်ရှားရှား မှတ်မိတဲ့ လူတချို့ရဲ့ အကြောင်းကို လေ့လာခဲ့ပါတယ်။

ဥပမာ - အင်္ဂလန်မှာ ငါးနှစ်သမီး မိန်းကလေးတစ်ယောက်က သူမရဲ့ တခြား အဖေနှင့်အမေကို မှတ်မိကြောင်း ပြောပါတယ်။ မိန်းကလေးက တခြားပုဂ္ဂိုလ်တစ်ယောက်ရဲ့ ဘဝ အဖြစ်အပျက်တွေ ဖြစ်ပုံရတဲ့ အကြောင်းအရာတွေကို ကွင်းကွင်းကွက်ကွက် ပြောပြနိုင်တယ်။စိတ်နယ်လွန် ပညာရှင်တွေ ရောက်လာပြီး မေးခွန်း

ပေါင်း မြောက်မြားစွာ မေးကြတယ်။ မိန်းကလေးက အဲဒီ မေးခွန်းတွေကို ဖြေပါတယ်။

မိန်းကလေးက စပိန်နိုင်ငံမှာလို့ ထင်ရတဲ့ ရွာတစ်ရွာမှာ သူနေခဲ့ပုံကို ပြောပြတယ်။ သူနေခဲ့တဲ့ ရွာနာမည်၊ လမ်းနာမည်၊ အိမ်နီးချင်းတွေရဲ့ နာမည်၊အဲဒီမှာ သူနေခဲ့ရတဲ့ နေ့စဉ်ဘဝ အကြောင်း အသေးစိတ်တွေ ပြောပြတယ်။ ကားအတိုက်ခံရလို့ နှစ်ရက်ကြာတော့ သေရပုံကိုလည်း မျက်ရည်စက်လက်နဲ့ ပြောပြရှာတယ်။ သူပြောသမျှ အသေးစိတ်တွေကို စစ်ဆေးကြည့်တော့ အားလုံးမှန်နေကြောင်း တွေ့ရတယ်။ ဒီ ငါးနှစ်သမီးလေး ပြောပြတဲ့ နာမည်နဲ့ရွာလည်း စပိန်မှာရှိတယ်။ သူပြောတဲ့ နာမည်နဲ့ လမ်းထဲမှာလည်း သူပြောတဲ့ ပုံသဏ္ဌာန်နဲ့ အိမ်ရှိတယ်။ ပိုသေချာတာကတော့ အဲဒီအိမ်မှာ နေတဲ့ အသက် (၂၃)နှစ်ရှိတဲ့ အမျိုးသမီးတစ်ယောက် လွန်ခဲ့တဲ့ ငါးနှစ်က ကားတိုက်လို့ သေသွားတယ်ဆိုတာ သိရတယ်။ ဒီတော့ အင်္ဂလန်မှာနေတဲ့ ငါးနှစ်သမီးလေးက စပိန်ကို မရောက်ဖူးဘဲနဲ့ ဒါတွေအားလုံး အသေးစိတ် ဘယ်လို လုပ် သိနိုင်ပါ့မလဲ။

တကယ်တော့ ဒီလို ဘဝကြောင်း ပြောပြနိုင်တာဟာ ဒီတစ်ခုတည်း မဟုတ်ပါဘူး။ ဗာဂျီးနီးယားတက္ကသိုလ် စိတ်ပညာဌာနက ပါမောက္ခ အီယန်စတီဗင်ဆင်က သူရေးတဲ့ "တမလွန်ဘဝရှိကြောင်း ညွှန်ပြနေတဲ့ ဖြစ်ရပ်နှစ်ဆယ်"စာအုပ်နှင့် "တမလွန်ပုံစံ ဖြစ်ရပ်များ"ဆိုတဲ့ စာအုပ်တွေထဲမှာ ဒီလို ဖြစ်ရပ်ပေါင်း မြောက်မြားစွာကို ဖော်ပြထားပါတယ်။ သူဟာ အမျှားရဲ့ ယုံကြည်လေးစားမှုကို ခံရတဲ့ သိပ္ပံပညာရှင်ပါ။ ဘဝကြောင်းပြောနိုင်တဲ့ လူတွေရဲ့ အကြောင်းကို (၂၅)နှစ်လုံးလုံး သူလေ့လာခဲ့တဲ့ အချက်တွေဟာ ဗုဒ္ဓဘာသာဝင်တို့ရဲ့ တမလွန်ဘဝ အယူအဆအတွက် အလွန်ခိုင်မာတဲ့ အထောက်အထားတွေ ဖြစ်ပါတယ်။

မေး။ အတိတ်ဘဝတွေကို မှတ်မိတဲ့ စွမ်းရည်ကို နတ်ဆိုးရဲ့အလုပ်လို့ တချို့က ပြောမယ်ဆို ပြောနိုင်ပါတယ်။

ဖြေ။ အရာတိုင်းကို သင့်ယုံကြည်ချက်နှင့် မကိုက်တာနဲ့ နတ်ဆိုးရဲ့ အလုပ်ဆိုပြီး သင်မပယ်နိုင်ပါဘူး။

အယူအဆ တစ်ခုခုကို ထောက်ခံဖို့ တည်ငြိမ်ခိုင်မာတဲ့ အချက်အလက်မှန်တွေကို တင်ပြတဲ့အခါမှာ ဒီအယူအဆကို သင်ပယ်ချချင်ရင် ကြောင်းကျိုးညီညွတ်ပြီး ယုတ္တိသဘာဝကျတဲ့ ဆင်ခြေကိုသာ သင်အသုံးပြုရပါမယ်။ ယုတ္တိသဘာဝမတန်တဲ့ အစွဲအလမ်းဖြစ်တဲ့ နတ်ဆိုးနဲ့ ပတ်သက်တဲ့ စကားကို မပြောသင့်ပါဘူး။

■

မြတ်စွာဘုရား ဟောကြားတော်မူချက် အရဆိုရင် သင်ဒီဘဝမှာ နိဗ္ဗာန်မရသေးရင် နောက်ဘဝမှာ ထပ်မံကြိုးစားဖို့ အခွင့်ကောင်း ရပါလိမ့်မယ်။ သင် ဒီဘဝမှာ အမှားလုပ်မိရင် နောက်ဘဝမှာ သင်ပြန်ပြင်နိုင်ပါလိမ့်မယ်။

မေး။ နတ်ဆိုးအကြောင်း ပြောတာကို သင်က အစွဲအလမ်းလို့ ဆိုတယ်။ တမလွန်ဘဝအကြောင်း ပြောတာရော အစွဲအလမ်း မဟုတ်ဘူးလား။

ဖြေ။ အဘိဓာန်က 'အစွဲအလမ်း'ကို ဒီလိုအဓိပ္ပါယ်ဖွင့်ပါတယ်။ "ကြောင်းကျိုးသဘာဝနှင့်ဖြစ်ရပ် အမှန်ပေါ်မှာ အခြေမခံဘဲ မှော်အတတ်ပညာ လို အယူအဆချင်းနှီးနွယ်ဆက်သွယ်မှုပေါ်မှာ အခြေခံတဲ့ ယုံကြည်မှု"လို့ အဓိပ္ပါယ်ဖွင့်ပါတယ်။ သိပ္ပံပညာရှင် တစ်ယောက်ယောက်ရေးတဲ့ နတ်ဆိုးရှိကြောင်း သေသေ ချာချာ လေ့လာထားချက်ကို သင်ပြနိုင်ရင် နတ်ဆိုး ယုံကြည်မှုဟာ အစွဲအလမ်းမဟုတ်ဘူးလို့ ကျွန်ုပ်ဝန်ခံပါမယ်။

နတ်ဆိုးကို သုတေသနပြုတာ ကျွန်ုပ်တစ်ခါမှ မကြားဖူးဘူး။သိပ္ပံပညာရှင်များက ဒါမျိုးတွေကို လေ့လာဖို့ ဒုက္ခမရှာကြပါဘူး။ဒါကြောင့် နတ်ဆိုးရှိကြောင်း သက်သေ အထောက်အထား မရှိဘူးလို့ ကျွန်ုပ်ပြောတာပါ။ သို့သော်လည်း ကျွန်ုပ်တို့ သိခဲ့ကြတဲ့အတိုင်းပဲ တမလွန်ဘဝရှိတာကို ညွှန်ပြပုံရတဲ့ သက်သေ အထောက်အထား ကတော့ ရှိပါတယ်။ ဒီတော့ တမလွန်ဘဝယုံကြည်မှုဟာ အနည်းဆုံး ဖြစ်ရပ်အမှန်များပေါ်မှာ အခြေခံရင် အဲဒါ အစွဲအလမ်း မဖြစ်နိုင်တော့ဘူးပေါ့။

မေး။ ကောင်းပါပြီ၊ဒါဖြင့်ရင် တမလွန်ဘဝကို ယုံကြည်တဲ့ သိပ္ပံပညာရှင်များရော ရှိဖူးပါသလား။

ဖြေ။ ရှိပါတယ်၊ ၁၉-ရာစုနှစ် ကျော်စနစ်ကိုတီထွင်ပြီး ဒါဝင်ရဲ့ သီအိုရီကို ပထမဆုံးကာကွယ်တဲ့ သိပ္ပံပညာရှင် တောမတ်ဟတ်စ်လေးက တမလွန် ဘဝ အယူအဆဟာ အလွန်ချီးမွမ်းစရာကောင်းတဲ့ အယူအဆလို့ ဆိုပါတယ်။ သူ့ရဲ့ ကျော်ကြားတဲ့ စာအုပ်တစ်အုပ်မှာ ဒီလို ရေးထားပါတယ် -

"တမလွန်ဘဝ အယူအဆသည် ဗြာဟ္မဏဝါဒ အတွေးအခေါ်၌ အခြေခံသည်ဖြစ်စေ၊ ဗုဒ္ဓဝါဒအတွေး အခေါ်၌ အခြေခံသည်ဖြစ်စေ ယင်းအယူအဆ၌ စကြဝဠာနှင့် လူသားဆက်သွယ်ပုံကို ချီးမွမ်းဖွယ်ရာ ရှင်းပြထားခြင်းကို တွေ့ရသည်။ ဤရှင်းပြချက်၏ ချီးမွမ်းဖွယ်ကောင်းပုံမှာ တခြားအရာများ ချီးမွမ်းဖွယ်ကောင်းပုံထက် မလျော့နည်းပေ။ ယင်း အယူအဆကို ရေးကြီးသုတ်ပျာ စဉ်းစားတတ်သူများသာလျှင် မွေးရာပါ စွဲယူထားသည့် မဖြစ်နိုင်ပါဘူးဟူသော အကြောင်းပြချက်ဖြင့် ငြင်းပယ်ကောင်း ငြင်းပယ်ပေလိမ့်မည်။ ထိုသူများမှတစ်ပါး တခြား မည်သူကမျှ ငြင်းပယ်မည် မဟုတ်ပေ။ဤတမလွန်ဘဝအယူအဆသည် ဆင့်ကဲ တိုးတက်ဖြစ်ပေါ်ခြင်း သဘောတရားကဲ့သို့ပင် အမှန်တကယ်ရှိသော လောကၽ၌ အခြေခံထားခြင်း ဖြစ်သည်။"

ပြီးတော့ အိုင်စတိုင်းရဲ့ မိတ်ဆွေဖြစ်ပြီး ထင်ရှားကျော်ကြားတဲ့ ဆွီဒင်နိုင်ငံသား နက္ခတ္တဗေဒနှင့် ရူပဗေဒ ပညာရှင် ဂုစ်တပ်စတရုမ်းဘတ် (Gustaf Stromberg) ကလည်း တမလွန်ဘဝ အယူအဆကို သဘောကျပါတယ်။ သူ အယူအဆက -

"လူ၏ အသက်ဝိညာဉ်သည် ကမ္ဘာပေါ်၌ ပြန်ပြီး လူဖြစ်မဖြစ်နှင့် ပတ်သက်လို့ အယူအဆတွေ ကွဲပြားကြသည်။ ၁၉၃၆-ခုနှစ်၌ အိန္ဒိယအစိုးရအာဏာပိုင်များက အလွန်စိတ်ဝင်စားစရာကောင်းသော ဖြစ်ရပ်တစ်ခုကို သေသေချာချာ စုံစမ်းစစ်ဆေးပြီး အစီရင်ခံခဲ့ကြသည်။ ဒေလီမြို့မှ ရှန္တိဒေဝီ အမည်ရှိသော မိန်းကလေးတစ်ယောက်သည် (ဒေလီမြို့နှင့် မိုင် ၅၀၀ဝေးသော ပုတ္တရရွာ၌) သူ၏ အတိတ်ဘဝ အကြောင်းကို မှန်ကန်စွာ ပြောပြနိုင်သည်။ အတိတ်ဘဝ၌ ကွယ်လွန်ပြီး တစ်နှစ်အကြာတွင် ယခုဘဝ၌ မွေးဖွားသည်ဟု သိရသည်။ သူ့ခင်ပွန်း၏နာမည်၊ သူ့ကလေး၏ နာမည်တို့ကိုပြောပြသည်။ သူ့အိမ်ပုံသဏ္ဌာန်ကိုလည်း ပြောပြသည်။ သူ့ဘဝ အကြောင်းကိုလည်း ပြောပြသည်။ စုံစမ်းရေးကော်မရှင်က သူ့ကို သူ၏အတိတ်ဘဝက ဆွေမျိုးများထံ ခေါ်သွားသည်။ ဆွေမျိုးများက ရှန္တိဒေဝီပြောပြချက်များ အားလုံး မှန်ကန်ကြောင်း ထောက်ခံကြသည်။

"အိန္ဒိယလူမျိုးများအကြားတွင် တမလွန်ဘဝ ဆိုသည်မှာ ရိုးနေသော အရာဖြစ်သည်။ ဤဖြစ်ရပ်၌ သူတို့ကို အံ့ဩစေသော အချက်မှာ မိန်းကလေးက များပြားလှသော အကြောင်းအရာများကို မှတ်မိနေခြင်းပင်။ ဤဖြစ်ရပ်နှင့် အခြားအလားတူ ဖြစ်ရပ်များကို 'မှတ်ဉာဏ်ကို ဖျက်ဆီး၍မရ'ဟူသော သဘောတရားအတွက် နောက်ထပ် တိုးလာသော အထောက်အထားအဖြစ် မှတ်ယူနိုင်သည်။"

ကုလသမဂ္ဂ ယူနက်စ်ကိုအဖွဲ့ရဲ့ ဦးဆောင်ညွှန်ကြားရေးမှူးဖြစ်တဲ့ ထင်ရှားကျော်ကြားတဲ့ ဗြိတိသျှသိပ္ပံပညာရှင် ဂျူလီယန်ဟတ်စ်လေးက တမလွန်ဘဝ အယူအဆဟာ သိပ္ပံနည်းကျ တွေးခေါ်စဉ်းစားမှုနှင့် လုံးဝကိုက်ညီတယ်လို့ ယုံကြည်ပါတယ်။ သူ့အယူအဆက-

"လူသေသောအခါ အမြဲရှင်နေသော အသက်ဝိညာဉ်သည် တစ်နည်းနည်းဖြင့် ထွက်ခွာသွားသည် ဆိုသော အချက်ကို ဆန့်ကျင်သောအရာ ဘာမျှမရှိပေ။ တိကျသော ကြိုးမဲ့ကြေးနန်း သတင်းတစ်ခုကို တစ်နည်းနည်းဖြင့် အလုပ်လုပ်နေသော စက်က ပို့လွှတ်လိုက်သကဲ့သို့ပင်ဖြစ်သည်။ သို့သော်လည်း ကြိုးမဲ့ကြေးနန်း သတင်းသည် အသစ်ဖြစ်သော ရုပ်ပစ္စည်းဖြစ်သည့် အသံဖမ်းစက်နှင့် ဆက်သွယ်မိသောအခါ သတင်းတစ်ခုသာ လျှင် ပြန်၍ဖြစ်ကြောင်း မှတ်သားရမည်။ ဖြစ်နိုင်သော သဘောရှိသည့် ဝိညာဉ်ထွက်ခွာသွားခြင်းကို ဤနည်း

အတိုင်း မှတ်ယူသင့်သည်။ ဝိညာဉ်သည် ခန္ဓာကိုယ်ထဲ၌ တစ်နည်းနည်းဖြင့် ပြန်မဖြစ်လျှင် ၎င်းသည် မည်သည့်အခါမျှ စဉ်းစား ကြံတွေးတတ်မည် မဟုတ်ပေ။ မည်သည့်အခါမျှ ခံစားတတ်မည် မဟုတ်ပေ။

ခန္ဓာကိုယ်မရှိဘဲ မှန်ကန်သော အဓိပ္ပါယ်ဖြင့် ပုဂ္ဂိုလ်တစ်ဦးအဖြစ် ဘဝဆက်လက်ဖြစ်ခြင်းကို စဉ်းစားလို့ပင် မဖြစ်နိုင်ပေ။ အကြောင်းမှာ ပုဂ္ဂိုလ်အရည်အသွေးသည် ခန္ဓာကိုယ်၌ အခြေတည်သောကြောင့်ဖြစ်သည်။ ကြိုးမဲ့ကြေးနန်းတစ်ခုသည် အသံလွှင့်စက်နှင့် ဆက်သွယ်နေသကဲ့သို့ လူများနှင့် အလားတူ ဆက်သွယ်မှုရှိသော (ခန္ဓာကိုယ်မှ) ထွက်ခွာသွားသည့် တစ်စုံတစ်ရာကို ကျွန်ုပ် စဉ်းစားကြည့်နိုင်သည်။ သေခြင်းဆိုသည်မှာ ကျွန်ုပ်သိမြင်နိုင်သလောက် ပြောရလျှင် စကြဝဠာအတွင်း၌ လှည့်လည်သွားလာနေသော အမျိုးမျိုးသော သဘာဝတို့၏ ဖောက်ပြန်ခြင်းသာလျှင် ဖြစ်ပေသည်။ ထိုအမျိုးမျိုးသော သဘာဝတို့သည် စိတ်ကိုလက်ခံယူမည့် ကြိယာတစ်ခုအဖြစ်ဖြင့် အလုပ်လုပ်နိုင်သည့် တစ်စုံတစ်ရာနှင့် ဆက်သွယ်မိခြင်းအားဖြင့် အသိစိတ် အဖြစ်သို့ ပြန်လည်မရောက်သေးမီ စကြဝဠာအတွင်း၌ လှည့်လည်နေခြင်းဖြစ်သည်။"

အမေရိကန် စက်မှုပညာရှင် ဟင်နရီဖို့လို အလွန်လက်တွေ့ကျတဲ့၊ မြေကြီးဆန်တဲ့ ပုဂ္ဂိုလ်သည်ပင် တမလွန်အယူအဆကို လက်ခံနိုင်ကြောင်း တွေ့ရသည်။ တမလွန်အယူအဆက ထာဝရဘုရားဝါဒ၊ ရုပ်ဝါဒတို့နှင့် မတူဘဲ တိုးတက်အောင်လုပ်ဖို့ ဒုတိယ အခွင့်အရေးကို ပေးတဲ့အတွက် ဖို့ဟာ တမလွန်ဘဝ အယူအဆကို သဘောကျခြင်းပါပဲ။ ဟင်နရီဖို့က ဒီလိုပြောပါတယ်-

"ကျွန်ုပ် အသက်(၂၀)အရွယ်မှာ တမလွန်ဘဝ အယူအဆကို လက်ခံကျင့်သုံးပါတယ်။ ဒီအချက်နှင့် ပတ်သက်လို့ ခရစ်ယာန် ဘာသာတရားက ဘာမျှမဖော်ပြပါဘူး။ အလုပ်ကတောင်မှ ကျွန်ုပ်ကို လုံးဝကျေနပ်မှုကို မပေးနိုင်ပါဘူး။ ဘဝတစ်ခုမှာ ကျွန်ုပ်တို့ စုဆောင်းထားတဲ့ အတွေ့အကြုံကို နောက်ဘဝတစ်ခုမှာ အသုံးမပြုနိုင်ရင် အလုပ်ဟာ အကျိုးမရှိပါဘူး။

ကျွန်ုပ် တမလွန်ဘဝ အယူအဆကို တွေ့သိလိုက်ရတဲ့အခါမှာ စကြဝဠာတစ်ခုလုံးနှင့်ဆိုင်တဲ့ စီမံကိန်းကြီးကို တွေ့လိုက်ရသလိုပါပဲ။ ကျွန်ုပ်ရဲ့ အတွေးအခေါ်တွေကို အကောင်အထည်ဖော်ဖို့ အချိန်တွေ ရှိသေးတယ်လို့ ကျွန်ုပ်သိမြင်လာတယ်။ အချိန် ကန့်သတ်ချက်ဆိုတာ မရှိတော့ဘူး။ ကျွန်ုပ်ဟာ နာရီလက်တံရဲ့ ကျေးကျွန်မဟုတ်တော့ဘူး။ ပင်ကိုဉာဏ် ထက်တယ်ဆိုတာ အတွေ့အကြုံပါပဲ။ တချို့က ဒီ ပင်ကိုဉာဏ် ထက်တာကို ပါရမီလို့ဖြစ်စေ၊ ဗီဇလို့ဖြစ်စေ ထင်ကြပုံရတယ်။ အမှန်တော့ ဒါဟာ ဘဝပေါင်းများစွာမှာ စုဆောင်းလာတဲ့ ရှည်လျားများပြားလှတဲ့ အတွေ့အကြုံတွေကြောင့်ရတဲ့ အကျိုးတရားပါ။ တချို့က တခြားလူတွေထက် ပိုအသက်ကြီးတော့ ပိုပြီးသိနားလည်ကြတယ်။

တမလွန်ဘဝ အယူအဆကို တွေ့လိုက်ရခြင်းက ကျွန်ုပ်ရဲ့စိတ်ကို သက်သာရာ ရစေပါတယ်။ သင်ဟာ အခု စကားပြောကြတာကို မှတ်တမ်းတင်ချင်ရင် လူတွေ စိတ်သက်သာရာရအောင် တင်ထားပါ။ ဘဝကို အရှည်မြင်ရခြင်းက (ဘဝပေါင်းများစွာကို သိမြင်ရခြင်း)ကျွန်ုပ်တို့အား ပေးတဲ့ ငြိမ်းချမ်းမှုကို တခြားလူတွေကိုလည်း ကျွန်ုပ်ခွဲဝေ ပေးချင်ပါတယ်။"

ဒီတော့ ဗုဒ္ဓဘာသာက သင်ကြားပေးတဲ့ တမလွန်ဘဝ အယူအဆကို ထောက်ခံဖို့ သိပ္ပံနည်းကျ အထောက်အထားတွေ ရှိကိုရှိပါတယ်။ ဒီတမလွန်ဘဝ အယူအဆဟာ ယုတ္တိဗေဒနည်းအရ ကြောင်းကျိုးညီညွတ်လှပါတယ်။ ထာဝရဝါဒနှင့် ရုပ်ဝါဒက မဖြေနိုင်တဲ့ မေးခွန်းတွေကို ဖြေကြားရတာ ရှည်လျားလှပါတယ်။ သို့သော်လည်း စိတ်ကိုတော့ အလွန်သက်သာရာ ရစေပါတယ်။ ဒီဘဝမှာ သင်ပြုလုပ်မိတဲ့ အမှုတွေကို ပြန်ပြင်ဖို့ ဒုတိယ အခွင့်အရေးမရတဲ့၊ အခွင့်ကောင်းမရှိတဲ့၊ ဒီဘဝမှာ စုဆောင်းထားတဲ့ စွမ်းရည်နှင့် ကျွမ်းကျင်မှုတွေကို တိုးတက်အောင် ပြုလုပ်ဖို့ အချိန်မရှိတဲ့ ဘဝသဘောတရားထက် ပိုဆိုးတာ ဘာရှိနိုင်ဦးမလဲ။

မြတ်စွာဘုရား ဟောကြားတော်မူချက်အရဆိုရင် သင်ဒီဘဝမှာ နိဗ္ဗာန်မရသေးရင် နောက်ဘဝမှာ ထပ်မံကြိုးစားဖို့ အခွင့်ကောင်း ရပါလိမ့်မယ်။ သင် ဒီဘဝမှာ အမှားလုပ်မိရင် နောက်ဘဝမှာ သင်ပြန်ပြင်နိုင်ပါလိမ့်မယ်။ သင်ဟာ သင့်ရဲ့ အမှားတွေထဲက ပညာရမှာ အမှန်ပါ။ သင် ဒီဘဝမှာ မရနိုင်တဲ့ အရာတွေကို နောက်ဘဝမှာ ရနိုင်လာမှာပါ။ အလွန် အံ့သြစရာကောင်းတဲ့ သင်ကြားချက်ပါပဲ။

■ဆက်လက်ဖော်ပြပါမည်



သုတေသနသရုပ်ပြ
အဘိဓာန်ကျမ်းပြုဆရာတော်
အရှင်သြဘာသာဘိဝံသ

အမေးအဖြေကဏ္ဍ

စွန်းလွန်းဝိပဿနာ အမေးအဖြေကျမ်းနှင့် ယောဂီအခြေခံကျင့်စဉ်ကျမ်း

ယခင်လမှအဆက်

ဒကာ။ ကမ္မဋ္ဌာန်းတရား ပွားများ သူဟာ ဝေဒနာရှုမှတ်ရ လွယ်အောင်ဆိုတဲ့ စိတ်ထား နဲ့ သည်လို ကိုယ့်ကိုယ်ကို မြန်မြန် ဝေဒနာပေါ်အောင်လုပ်ပြီး ဝေဒနာ နုပဿနာသတိပဋ္ဌာန် ရှုမှတ်သွားတဲ့ ရှေးဟောင်းထုံးနည်းများ ရှိဖူးလို့ လားဘုရား။ ရှိရင်လည်း တိုတိုတုတ် တုတ်နဲ့ အမည်နာမကလေးတွေ ထုတ်ပြပါဦး။

ဆရာ။ အင်း . မင်းက ကိုယ့်ကိုယ် ကို မြန်မြန်ဝေဒနာပေါ် လာရေးအတွက် ဆင်းရဲ ပင်ပန်းအောင် လေ့ကျင့်တဲ့"အတ္တ ကိလမထာနုယောဂ အကျင့်ဆိုးကြီး မျိုးလို့ စွဲချက်တင်ဦးမလို့ သည်မေး ခွန်းကို ထုတ်တာလားကွ။ ဒါက တော့ တမင်လုပ်တာ မဟုတ်ပေ မယ် အခြေအနေအရ ဖြစ်သလိုလုပ် ပြီး ကျင့်သွားကြတဲ့ အရိယာသူတော် ကောင်းတွေ အများကြီးရှိပါတယ် ကွာ၊ သိချင်ရင် နားသာထောင်ပေ တော့ဟေ့။ မင်းနားလည်အောင် တို တိုတုတ်တုတ်နဲ့ပဲ ထုတ်ဆောင်ပြီး ပြပေးမယ်။

(၁) မြတ်စွာဘုရားလက် ထက်က ဆန္ဒခေါ်တဲ့ မထေရ်တစ်ပါး ဟာ ရောဂါဝေဒနာနှိပ်စက်မှုကြောင့် ခန္ဓာဝန်ကို စက်ဆုပ်ရွံရှာကာ "သူ ကိုယ်သူလည်း ရဟန္တာထင်မှတ်နေ ၍" မိမိလည်ဆစ်ကို ဓားနဲ့လှီးဖြတ် ကာ သေကြောင်းကြံရင်း လားရာ ဂတိနိမိတ်တွေ မြင်လာလို့ ပုထုဇဉ် ဖြစ်နေမှန်းသိသောကြောင့် ပုထုဇဉ် ဘဝကို စက်ဆုပ်ထိတ်လန့်ကာ ဝိပဿနာတရား ပွားများအားထုတ် လိုက်တာ စုတိစိတ်မကျခင်ကလေး မှာ ရဟန္တာဖြစ်သွားတဲ့ ထုံးတမ်းပုံစံ တွေ။

(၂) ဂေါဓိက မထေရ်တစ် ပါးဟာလည်း ရာဇဂြိုဟ်ပြည် ဂ္ဂသိ ဂိလိတောင်နံပါး၌ စျာန်ဝင်စားရင်း စျာန်တရားလက်ရှိနှင့် သေရတာက လားရာဂတိ မြဲသည်ဟု စိတ်အကြံ ဖြစ်ကာ စျာန်ဝင်စားပြီး စျာန်ရှိနေ သောအခိုက်မှာ သင်တုန်းဓားဖြင့် လည်ပင်းကို လှီးဖြတ်လျက် ညောင် စောင်းထက်မှာ ဝေဒနာနုပဿနာ တရား ရှုမှတ်ပွားများရင်း အရဟတ္တ မဂ်ဖိုလ်အထိ သမသီသီ ရဟန္တာ ဖြစ်သွားပုံများကို ဟောဆိုထားတာ တွေလည်းရှိတယ်။

(၃) သာဝတ္ထိပြည်မှာ သန်း ပေါင်း ၄၀၀-လောက်ချမ်းသာတဲ့ သူကြွယ်သား တိဿရဟန်းတော် တစ်ပါးဟာ သူခိုးဓားပြတို့က သတ် ပစ်ရန် သူ့ကိုဖမ်းထားခိုက် ခုချက် ချင်း မသတ်ကြရန်၊ တစ်ညတာမျှ အသက်ရှင်ခွင့် ပေးထားရန် တောင်း

ပန်လျက် သူတို့ယုံကြည်စေမှုအတွက် မိမိရဲ့ ပေါင်နှစ်ဖက်ကို မိမိကိုယ်တိုင် ကျောက်ခဲနဲ့ ထုနှက်ရိုက်ချိုးပြီး ပြင်းထန်စွာ နာကျင်မှုဝေဒနာကို ရှုမှတ်ပွားများ၍ မခံမရပ်နိုင်အောင် နာကျင်လာတဲ့အခါမျိုးမှာ မိမိ၏ သီလစတဲ့ အကျင့်ဓမ္မတို့ကို ဆင်ခြင်လျက် ပီတိပါမောဇ္ဇသို့တင်ပြီး ရွှင်လန်း ဝမ်းမြောက်စိတ်နဲ့ ဝေဒနာကို ခွာကာ ဖြစ်ပေါ်လာသော ရုပ်နာမ် တရားတို့၌ ဝိပဿနာတင်ဆင်ခြင်လျက် အရဟတ္တမဂ်ဖိုလ်ပန်းတိုင် ဝင်ရောက်သွားတာလည်းရှိတယ်။

(၄) ရဟန်းခုနစ်ပါး တရားအားထုတ်ရန် တောင်ကလပ်ပေါ်ကို လှေကားထောင်တက်ကြလျက် စျာန်မဂ်ဖိုလ်တရား မရမချင်း အောက်မဆင်းကြစတမ်းဟု သဘောတူပြုကာ မိမိတို့ ထောင်တက်လာတဲ့ လှေကားကြီးကို တွန်းလှန်ပစ်ချလိုက်လျက် ဆွမ်း၊ ရေစသည် ငတ်မွတ်ခြင်း၊ ဆင်းရဲဒုက္ခဝေဒနာတွေကို ရှုမှတ်သည်းခံကာ တရားကိုသာ ပြင်းပြင်းထန်ထန် အားထုတ်ပွားများ ရှုမှတ်သွားကြတဲ့ ရှေးဟောင်းသူတော်ကောင်း အကြောင်းတွေလည်း အများကြီးပဲရှိတယ်။

(၅) ရဟန်းသုံးကျိပ်တို့ မနီးမဝေး ကိုယ့်နေရာနဲ့ကိုယ် သစ်ပင်နွယ်ချို ဝါးရုံအောက်စသည်မှာ တရားအားထုတ်နေကြရာ ကျားကြီးတစ်ကောင်က နံနက်လင်းချိန်တိုင်း လာလာပြီး ရဟန်းတော်တစ်ပါး၊ တစ်ပါးကို ကိုက်ခြီဆွဲယူသွားတာကိုပင် ကျားဆွဲခံရတဲ့ ရဟန်းတော်များက မိမိကို ကျားကိုက်ကြောင်း အော်ဟစ်လိုက်လျှင် အခြားရဟန်းတော်များ သမာဓိတရားပျက်သွားမှာစိုး၍ တိတ်ဆိတ်စွာ ကျားဆွဲခံပြီး ကျားကိုက်စားတဲ့အခါ ပြင်းထန်ကြမ်းတမ်းသော နာကျင်မှုဝေဒနာကိုသာ သတိမလပ် အထပ်ထပ်ရှုမှတ်ပွားများလျက် အလွန်နာကျင်လွန်းသောအခါ ပီတိပါမောဇ္ဇစသည်တို့ဖြင့် ဝေဒနာကို ပယ်ခွာ၍ ဖြစ်ပေါ်ရာ ရုပ်နာမ်ဓမ္မကို အနိစ္စ၊ ဒုက္ခ၊ အနတ္တရှုမှတ်လျက် အရဟတ္တမဂ်ဖိုလ်တိုင် ကူးသွားဖူးတဲ့ ရှေးဟောင်းသူတော်ကောင်းတွေလည်း အများကြီးပဲရှိပါတယ်။ စွန်းလွန်းဆရာတော်ဘုရားကြီးပြပေးတဲ့ ရှုံးရှဲနည်းဆင်းရဲက အဲဒါမျိုးတွေလောက် မဆိုးပါဘူးကွာ။

အေး . . သည်နေရာမှာ မင်းအထူးသတိထားဖို့က ခုတို့များ သင်ပြပြောဆိုသွားတဲ့ ဝတ္ထုသာဓက ပုံစံမျိုးတွေဟာ သာသနာတော်မြတ်ကို အလွန်ကြည်ညိုထက်သန်တဲ့ စေတနာ၊ သဒ္ဓါဓာတ်တို့ကြောင့် သူတို့ရဲ့ ဘဝအခြေအနေအရ အဆင်ပြေသလို ပြုလုပ်ကျင့်ကြံသွားကြတာတွေသာ ဖြစ်တယ်။ သည်နည်းတွေကို အားကျပြီး အတုလိုက်လုပ်ဖို့ အားပေးပြောကြားနေတာ မဟုတ်ဘူး။ အမှန်က မင်းထုတ်မေးတဲ့ ပုစ္ဆာသဘောကို သည်လိုသည်လို ရှိကြောင်းများ ဖြေကြားနေခြင်းသာ ဖြစ်တယ်။ ကိုယ့်အသက်ကို သေကြောင်းကြံစည် ပြုလုပ်ကာ တရားအားထုတ်မှုမျိုးကို မြတ်စွာဘုရား သခင်လည်း မလိုလားဘူးဆိုတာ သိထားပေါ့ကွာ။ မင်းက ကျားစားခံ ရဟန်းမြတ်တွေကို အားကျကာ ခြင်ကိုက်ခံပြီးတော့များ အားထုတ်မနေပါနဲ့ဦး။

ဒကာ။ မှန်ပါ့။ တပည့်တော်ကလည်း ဝိရိယကောင်းကောင်းနဲ့ လှည့်ပတ်ပြေးရင်း ပြေးတယ်၊ ပြေးတယ်၊ လွှဆွဲပေးရင်း ဆွဲတယ်၊ ဆွဲတယ်၊ ကြိုးခုန်ပေးရင်းနဲ့ ခုန်တယ်၊ ခုန်တယ်လို့ ရှုမှတ်မှာပေါ့ဘုရား။ အဲဒါမျိုးကိုရော ဘာဝနာ ကမ္မဋ္ဌာန်းလို့ မခေါ်ရဘူးလား။

ဆရာ။ အင်း . . ကမ္မဋ္ဌာန်း အသစ်တစ်မျိုးထွင်ပြီး မင်းကြိုးစား အားထုတ်ချင်တဲ့ ထပြေး၊ လွှဆွဲ၊ ကြိုးခုန်ဆိုတာမျိုးကတော့ ခန္ဓာကိုယ်ရဲ့ သဘာဝဖြစ်ရိုးဖြစ်စဉ်မဟုတ်တဲ့အပြင် "လူမိုက်အားကိုးလှေထိုး၊ လွှတိုက်၊ ရေငုပ်၊ မီးလှုံ၊ တုံးခုန်၊ ဇယ်ခတ်"ဆိုတဲ့ ဒိဋ္ဌိအကျင့်မျိုးတွေထဲ သက်ရောက်နေပြန်တယ်။ သမာဓိလည်း ရလွယ်မယ် မဟုတ်ဘူး။ ရပြန်ဦးတော့ မိစ္ဆာသမာဓိမျိုးသာ ဖြစ်နိုင်တာကွ။

"အဲဒါမျိုးကိုတော့ ဘာဝနာ ကမ္မဋ္ဌာန်းလို့ မခေါ်ရဘူးလား" ဆိုတဲ့ မင်းရဲ့ နောက်ဆက်တွဲထပ်တွန့် မေးခွန်းကလေးကိုတော့ ဟောသည် ပါဠိစကားနဲ့ပဲ ဖြေလိုက်မယ်ကွာ။

တိလက္ခဏာ ဝိနိမုတ္တော ဓမ္မောနာမ နတ္ထိ။

စတုသစ္စ ဝိနိမုတ္တော ဓမ္မောနာမ နတ္ထိ။

ကမ္မဋ္ဌာန ဝိနိမုတ္တော ဓမ္မော နာမ နတ္ထိ။

လက္ခဏာရေးသုံးပါးမှ လွတ်သော တရားမည်သည်မရှိ။ သစ္စာလေးပါးမှ လွတ်သောတရားမည်သည် မရှိ။ကမ္မဋ္ဌာန်းဝိပဿနာတရားမှ လွတ်သောတရားမည်သည် မရှိတဲ့။

ဒါကြောင့် ယောဂီဟာ ကိုယ်ပြုမူ ကြံစည်၊တွေ့ကြုံ၊ခံစားရတဲ့

အရာဌာနတိုင်း၊ အမှုအရာတိုင်းမှာ အခြေအနေအရ ယောနိသောမနသိကာရဖြင့် ဆင်ခြင်ပွားများ မှတ်သားအောက်မေ့မှု ပြုတတ်ရင် အကုန်လုံးဟာ ကမ္မဋ္ဌာန်းထဲ ဝင်တာချည်းပဲ။ ကမ္မဋ္ဌာန်းခေါ်နိုင်တာချည်းပဲလို့ မှတ်ရမယ်။

ဥပမာ မိမိသန္တာန်၌ ကာမအလိုရှိသည်ကို ကာမအလိုရှိသည်ဟု သိမှတ်ကြည့်ရှု ဆင်ခြင်ရမယ်၊ မကောင်းမှု အကုသိုလ်ကို ပြုလုပ်ချင်စိတ်ပေါ်လာရင် မကောင်းမှု ပြုလုပ်ချင်စိတ် ဖြစ်နေသည်ဟု ရှုမှတ်ဆင်ခြင်ရမယ်၊ မကောင်းမှု အကုသိုလ်ကို ပြုမူနေလျှင် မကောင်းမှုအကုသိုလ်ကို ပြုမူနေသည်ဟု သိမှတ်ဆင်ခြင်ရမယ်။

ထို့အတူ ကုသိုလ်ဘက်မှာလည်း ရှုမှတ်ဆင်ခြင်ရမယ်တဲ့၊နောက် "ပြေးရင် ပြေးတယ်၊ လွှဆွဲရင် လွှဆွဲတယ်၊ ကြိုးခုန်ရင် ကြိုးခုန်တယ်လို့" ထိုထို ကိုယ်အင်္ဂါအစိတ်အပိုင်းအလုပ်အကိုင်တို့၏ ပြုမှု ပြောင်းလဲပုံ အလုံးစုံတို့ကိုလည်း သိမှတ်ဆင်ခြင် အောက်မေ့ရမယ်တဲ့။

နောက် ဘာကြောင့် လုပ်ရတယ်ဆိုတဲ့ အကြောင်းကိုလည်း ရှုဆင်ခြင်ရမယ်။

အဲသည်လို လုပ်လို့ရတဲ့ အကျိုးတရားရဲ့ ကောင်းမကောင်းကိုလည်း ရှုဆင်ခြင်ရမယ်။

မကောင်းတဲ့အလုပ် မကောင်းတဲ့အကျိုးမှန်းသိလို့ ပယ်စွန့်ရင်လည်း ပယ်စွန့်တာကို ပယ်စွန့်တယ်လို့ သိမှတ်ရမယ်။

ဤနည်းအားဖြင့် စျာန်မဂ်ဖိုလ်သမာဓိတို့၏ အပိတ်အပင် အတားအဆီးဖြစ်တဲ့ မကောင်းတရားစုတို့ကို ပြုလုပ်နေရင် မပြုလုပ်တော့ရန် တားမြစ်ရှောင်ရှားလိုက်ရမယ်။

နောက်ထပ်တစ်ဖန် မဖြစ်ပေါ်တော့ရန်နှင့် မိမိသန္တာန်၌ စင်ကြယ်သည်ထက် ပိုမိုစင်ကြယ်သည်အထိ စူးစိုက်မှတ်သား ဆင်ခြင်ပွားများ သွားရန်ဆိုတဲ့ အရာဌာနအားလုံးဟာ ဘာဝနာကမ္မဋ္ဌာန်းတရားမည်သည်ချည်းလို့သာ မှတ်သားပေရော့ကွာ။

ဒကာ။ မှန်ပါ့၊ သည်လိုဆိုရင် တပည့်တော်ကလည်း လုံ့လ ဝီရိယကောင်းကောင်းနဲ့ ခုန်ပေါက် လှည့်ပတ် ပြေးလွှားကာ ကြိုးစား၊ ကြိုးစားပြီး ရှုမှတ်ပွားများမှာပေါ့ဘုရား။ သာယာ ဘာဝနာ ဖြစ်တာပေါ့။

ဆရာ။ တို့များကတော့ "စိတ်ထားတတ် မြတ်ဆိုတာလို"တစ်စုံတစ်ခုနှင့် တွေ့ကြုံလာတဲ့ အခါမျိုးမှာ ဝိပဿနာ စိတ်ထားတတ်ဖို့၊ ကမ္မဋ္ဌာန်းအဖြစ် ရှုမှတ်တတ်ဖို့ ရိုးရိုးသားသား ဖြေကြားသင်ပြပေးနေတာဖြစ်တယ်။

ဒကာ။ ဒါထက် "ပေါက်ပေါက်ရှာ ရှာတွေ့ မေးတတ်ရန်ကော ဆိုလို့" ပေါက်ပေါက်ရှာရှာ ထဲကပဲ မေးစရာတစ်ခု သတိရလာ ပြန်ပြီဘုရား။ မေးဖို့ ခွင့်ပြုတော်မူပါဦး။

ဆရာ။ အေး . . မသိမေး အဖြေရ၊ မစင်ဆေး မပေရပေါ့ကွာ။ မင်းစိတ်ထဲမှာ သံသယရှိနေတာကို မေးနိုင်ပါတယ်။ မေးစမ်းကွာ။

ဒကာ။ မှန်ပါ့၊ ဟန်ကျလိုက်တာ ဘုရား၊တပည့်တော်ကလည်း မစင်ကို မေးမှာမို့ အံ့ကိုက်ပဲ။ ပေါက်ပေါက်ရှာရှာလို့ ဆိုချင်ရင်လည်း ဆိုနိုင်ပါတယ်။

ယောဂီတွေဟာ ကျင်ကြီး ကျင်ငယ်စွန့်တဲ့အခါမှာလည်း ကမ္မဋ္ဌာန်းနဲ့ မလွတ်ရအောင် ရှုမှတ်ပြီးတော့ စွန့်ရမယ်လို့ ဆိုကြပါတယ်။ ဒါတွင် မကသေးပါဘူး။ အဗြဟ္မစရိယာ ခေါ်တဲ့ ဟိုအမှုထဲမှာလည်း ပြုကျင့်ဆဲခဏမှာတောင်မှ ရတနာသုံးပါးရဲ့ ဂုဏ်တော်ကျေးဇူးတော်များကို မမေ့ရဘူးတဲ့၊ သားကောင်းရတနာများ ရတတ်တယ်လို့ အဘိုးတို့ ပြောစကားကို ငယ်ငယ်တုန်းက ကြားဖူးပါတယ်။ ဒါတွေဟာ ဘုရားဟောတာမှ ဟုတ်မှန်ရဲ့လားဘုရား။

ဆရာ။ အေး . . . သတိပဋ္ဌာန်ပါဠိ တော် ကာယာနုပဿနာ သမ္မဇညပိုင်းမှာ ကျင်ကြီး၊ ကျင်ငယ် စွန့်မှုနှင့် စပ်ပြီး ရှုမှတ်ဖို့ ဘုရားဟောတာ ဟုတ်မှန်ပါတယ်ကွ။ မင်းသိချင်ရင် ပါဠိရော အနက်ပါ ရေးမှတ်ဟေ့။

ဥစ္စာရ ပဿာဝ ကမ္မေ သမ္မဇာနကာရီ ဟောတိ။ ဥစ္စာရ ပဿာဝ ကမ္မေ=ကျင်ကြီး၊ကျင်ငယ် စွန့်မှုကို ပြုသောအခါတိုင်း၊ သမ္မဇာနကာရီ ဟောတိ=သိမှတ်မှုကို ပြု၍ စွန့်၏တဲ့။

ကဲ-အဲဒါ ဗုဒ္ဓ ပါဝစန ဘုရားဟောအစစ်အမှန်ပါပဲဗျား။ဘာများ စောဒကတက်ချင်သေးသလဲ။

ဒကာ။ သည်လို ညစ်ညမ်းယုတ်ညံ့တဲ့ ကမ္မဋ္ဌာန်းနည်းလမ်းတွေကို ဘယ်အတွက်ကြောင့် မြတ်စွာဘုရားသခင်က ဟောကြားတော်မူပါသလဲဘုရား။ ဝိပဿနာ ဘာဝနာတရားဆိုတာ အင်မတန် ဖြူစင်သန့်ရှင်း မြင့်မြတ်ခြင်းရှိတဲ့

တရားအလုပ်တွေ မဟုတ်ပါလား။

ဆရာ။ ဟာ . . . ဝိပဿနာတရား အလုပ်ဆိုတာ ယုတ်ညံ့တာတွေ၊ မြင့်မြတ်တာတွေ ရွေးချယ်စိစစ်နေရတာမျိုး မဟုတ်ဘူးကွ။ ကိုယ်ကာယနှင့်စပ်ပြီး ထင်ရှားဖြစ်ပေါ်လာသမျှ ရုပ်နာမ်ဓမ္မတို့ရဲ့ အမူအရာ သဘောလက္ခဏာတွေကို မိမိစိတ်ထဲက ခိုင်မြဲတယ်၊ ချမ်းသာတယ်၊ ငါစိုး ငါပိုင်အဖြစ်ရှိတယ်၊ ကောင်းစားတယ်၊ တင့်တယ်နေတယ်ဟု စွဲလမ်းထင်မြင်ယူဆကာ ဇိမ်ရှိရှိနဲ့ သာယာ၊ သာယာပြီးနေတတ်တယ်။ သကဘာယစွဲ၊ တဏှာစွဲ၊ မာနစွဲ၊ ဒိဋ္ဌိစွဲတွေ ဖြစ်ဖြစ်နေတတ်တယ်ကွ။

ဒကာ။ ဩော် . . သည်လိုပြုလုပ်ဖြစ်ပေါ်သမျှ အမူအရာတွေကို မခိုင်မြဲမှု၊ ဆင်းရဲမှု၊မတင့်တယ်မှု၊မသာယာမှုတွေနဲ့ လိုက်မှတ်နေရမှာလား။ တပည့်တော်တို့ကတော့ အကောင်းဘက်ကချည်း လိုက်ရှာပြီး ရှုမှတ်သာယာနေကြတာပဲ။ ဒါမှလည်း ဇိမ်ရှိမှာကိုဘုရား။

ဆရာ။ အေး . . အဲသည်လို နိစ္စ၊ သုခ၊ အတ္တ၊ သုဘဆိုတဲ့ အမှားစွဲ၊အမှားမှတ်၊ အမှားသိ၊ အမှားဇိမ်ရှိဟူသမျှတွေကို မမြဲမှု အနိစ္စ၊ ဆင်းရဲမှု ဒုက္ခ၊ ငါစိုး ငါပိုင်စရာ ဘာတစ်ခုမျှမရှိ အနတ္တ၊ မတင့်မတယ် ရွံစဖွယ်တွေသာဖြစ် ၍ အသုဘ၊ စိုးရိမ်ပူပန်မှု စိတ်မအေးစရာတွေ ဗရပွေဖြစ်နေသောကြောင့် ဇိမ်မရှိမှု၊ သောက စတဲ့ အမှန်ကြီ၊ အမှန်သိ၊ အမှန်စွဲ တရားထဲရောက်စေလိုတဲ့ အတွက်ကြောင့် မြတ်စွာဘုရားသခင်က-

ဥစ္စာရ ပဿာဝ ကမ္မေ သမ္ပဇာနကာရီ ဟောတိ။ ဥစ္စာရ ပဿာဝ ကမ္မေ=ကျင်ကြီးကျင်ငယ် စွန့်တိုင်း၊ စွန့်တိုင်း သမ္ပဇာနကာရီ ဟောတိ=ဝိပဿနာဉာဏ်မြင်ဖြင့် ဆင်ခြင်သိမှတ်လျက်သာ ပြုရမည်-လို့ ဟောကြားတော်မူခဲ့တာဖြစ်တယ်။ ဒါကြောင့် ရှေးဆရာတော်ကြီးတွေက "မင်းတို့ တစ်သက်လုံး ပြုတဲ့ ဒါနကုသိုလ်၊ သီလကုသိုလ်တွေဟာ တို့-ချေးတစ်ခါယိုမျှသာ ဖြစ်တဲ့ ဝိပဿနာကုသိုလ်ကိုတောင် မမီသေးပါဘူးလို့" ဆိုရိုးရှိတယ်ကွ။

ဒကာ။ မှန်ပါ့၊ သည်ပါဋ္ဌိတော် စကားအရတော့ တပည့်တော် နားလည်ပါပြီ။ကျေးဇူးတင်လိုက်တာ ဘုရား။ ခုမှပဲ တန်ဖိုးရှိမှန်း သိရတော့တယ်။

နို့ . . အပြဟ္မစရိယာဆိုတဲ့ ဟိုအမှုမျိုးပြုလုပ်တဲ့အခါမှာတောင် ရတနာသုံးပါးကို အောက်မေ့ရမယ် ဆိုတဲ့ ပါဋ္ဌိတော်ကလေးကိုတော့ ထုတ်မပေးတော့ဘူးလားဘုရား။

ဆရာ။ ဟာ . . သည်စကားကိုတော့ တို့မျှား ငယ်ငယ်တုန်းက လည်း ကြားဖူးတာပဲကွ။ ဒါပေမယ့် ပိဋ္ဌကတ်တော်မှာ ပါတယ်လို့တော့ သတိမထားမိပါဘူးကွာ။ သည်လို တိုက်ရိုက်ကြီးတော့လည်း ပါမယ် မထင်ပါဘူး။

ဒကာ။ ဒါဖြင့် ဘုရားဟော မဟုတ်မမှန်တာကို ရှေးလူကြီးတွေ ဟာ လုပ်ကြံပြီး ပြောခဲ့တာလို့ မှတ်ရမှာပေါ့။ သည်လိုဆိုရင် အပြစ်မရှိဘူးလားဘုရား။

ဆရာ။ အား . . ရတနာသုံးပါးရဲ့ ဂုဏ်တော် ကျေးဇူးတော်များ ဆိုတာ ဘယ်အခါမှာမဆို အစဉ်အမြဲ အောက်မေ့တသ အမှတ်ရစရာတရားမျိုးတွေ ဖြစ်နေတာက တစ်ကြောင်း၊ နောက်တစ်ကြောင်းက-

ကမ္မဋ္ဌာန ဝိနိမုတ္တော ဓမ္မောနာမ နတ္ထိ=ဝိပဿနာ ဘာဝနာ ကမ္မဋ္ဌာန်းလုပ်ငန်းမျိုးနဲ့ လွတ်တဲ့ တရားမည်သည် မရှိလို့ ဆိုထားပြန်တော့ လုပ်ကြံပြီး ပြောတာဖြစ်စေကာမူ ဘုရားဟောနဲ့ ကိုက်ညီနေလို့ မဟုတ်မမှန်ဘူးလို့တော့ မဆိုနိုင်ပါဘူး။ဘယ်နေရာမှာမဆို အောက်မေ့ပွားများ သတိထားမှုပြုနိုင်ပါတယ်။ အပြစ်လည်း မရှိပါဘူး။ ကောင်းကျိုးချမ်းသာကို ရမှာကတော့ သေချာပါတယ်။ အင်း . . မင်းပဲ ကတ်သီးကတ်သတ် ရှာရှာဖွေဖွေတွေ မေးတတ်ပလေတယ်ကွာ။ စွန်းလွန်းဝိပဿနာနဲ့လည်း ဘာမျှမဆိုင်ပါဘူး။

ဒကာ။ မှန်ပါ့။တပည့်တော်သံသယရှိတဲ့အချက်တွေ့ရင်တော့ မေးမှာပဲဘုရား။ အရွဲ့တိုက်မေးတယ်ထင်ပြီး စိတ်ပျက်တော်မမူပါနဲ့၊ နောက်တစ်ချက်မေးချင်တာကတော့-

တောထွက်ရဟန်းကြီးတွေ ရနိုင်ခက်သော ဒုလ္လဘတရားငါးပါးနှစ်နည်းကို ပဠုဂ်ုတ္တရပါဋ္ဌိတော် နိဝရဏဝဂ်မှာ ဘုရားရှင်ဟောကြားထားတာကို သည်လိုတွေ့ရပါတယ်။

ဆရာ။ အင်း . . ဆိုစမ်းပါဦး၊ မင်းဟာက အဂုံတ္တရတွေရော၊ ဘုရားဟောတွေရော ရှုပ်လို့ပါလား။ ဘယ်ကမျှား ထုတ်ကူးလာတာလဲကွ။ စွန်းလွန်းကမ္မဋ္ဌာန်းနဲ့ရော ဘာဆိုင်လို့လဲ။

■ဆက်လက်ဖော်ပြပါမည်

ဝိပဿနာခရီး

ကိုရင်တန်

ဝိပဿနာဆိုတာ-

ခန္ဓာရဲ့ အရှိသဘောကို ခွဲခြမ်းစိတ်ဖြာပြီး ဉာဏ်နဲ့ မြင်အောင် ကြည့်ရတာကို ဝိပဿနာခေါ်တယ်။

ခန္ဓာရဲ့ အရှိသဘောကို မြင်အောင်ကြည့်ပြီး၊ အသိဉာဏ်စွမ်းအား ထုတ်ယူရတဲ့အလုပ်ပါ။

နီးလျက်နဲ့ အရောက်အပေါက်နည်းနေတဲ့ ခန္ဓာထဲကို အသိဉာဏ်နဲ့ ရောက်အောင်သွားရတာပါပဲ။

ဒါကြောင့် -

အသိဉာဏ်ဖြင့် တစ်ခါမျှ မရောက်ဖူးသေးတဲ့ ခန္ဓာထဲကို ဝိပဿနာခရီးထွက်ကြပါ။

တိပိဋကရေ(ယော)ဆရာတော်

၂၀၀၃-ခုနှစ်၊နိုဝင်ဘာလထုတ် အပ္ပမာဒမဂ္ဂဇင်းတွင် တိပိဋကရေ(ယော)ဆရာတော်၏ 'ဝိပဿနာမြတ်ချမ်းသာ'တရားတော်မှ ကောက်နုတ်ချက်ဖြစ်သည်။

ဝိပဿနာ၏အဓိပ္ပါယ်ကို အတိုဆုံးဖြင့် အပေါ်လွင်ဆုံး၊ အထိမိဆုံးဖွင့်ဆိုပြပြီး၊ ခန္ဓာထဲသို့ ဝိပဿနာခရီးထွက်ရန် လမ်းညွှန်ချက်မှာ အသိဉာဏ်ကို ပွင့်လင်းသွားစေပါသည်။ ဆရာတော်ကိုလည်း (မနောဖြင့်)အကြိမ်ကြိမ် ရှိခိုးမိပါတော့သည်။

"ခရီး"

ဤဝေါဟာရကို သတိမထားမိ၍သာ၊ လူတိုင်းလူတိုင်း စက္ကန့်မိနစ်နှင့်မခြား ဖြစ်ပျက်ပြောင်းလဲနေခြင်းကို ဖော်ညွှန်းသည့်အမည်သညာ တစ်ခုပါကလား။

မွေးသည်မှ သေသည်အထိ တစ်ဘဝခရီး၊ နိဗ္ဗာန်မရောက်မချင်း သံသရာခရီး စသည်စသည်ဖြင့် ဓမ္မရေးရာတွင် ရေးကြ၊ သားကြ၊ ဟောကြ၊ ပြောကြ၊ ဆွေးနွေးကြသည်။ ခန္ဓာကိုယ်တွင် အပ်ဖျားထောက်စရာမျှမရှိအောင် လှုပ်လှုပ်ရွရွ မွမ္ဘဖြစ်ပျက်နေသည်ကိုမူ "ရူပ်နာမ်ခရီး"ဟု သတိမပြုမိကြ၊ ထိုရူပ်နာမ်ဖြစ်ပျက်ကို ရှုသည့် ဝိပဿနာကိုလည်း 'ဝိပဿနာခရီး'ဟု ခေါ်ဆိုရမှန်း အသိမဝင်ကြ။ ယခု(ယော)ဆရာတော်က ဖွင့်ဆိုပြလိုက်မှ 'ဝိပဿနာဆိုတာ ခန္ဓာထဲမှာ ဉာဏ်နဲ့ခရီးသွားခြင်းပါလား'ဟု အမှတ်သတိပြုမိပါတော့သည်။

ယခုကာလတွင် ကမ္မဋ္ဌာန်းနည်း၊ ကမ္မဋ္ဌာန်းရိပ်သာ လွန်စွာပေါများနေသည်။ ဝိပဿနာကျင့်စဉ်ကို ကိုယ့်မူ ကိုယ့်နည်းအသီးသီးဖြင့် ပြသနေကြသည်။ ထိုရောက်မှု၊ မထိရောက်မှုမှာ ပြသည့်နည်းစနစ်တွင် မူတည်သလို အားထုတ်သူ ယောဂီ၏ ပါရမီစရိုက်တွင်လည်း မူတည်ပါသည်။

စာရေးသူ ဝင်ရောက်အားထုတ်ဖူးသည့် ကမ္မဋ္ဌာန်းရိပ်သာများအနက် ဝိပဿနာခရီးသွားခြင်းကို ပေါ်လွင်အောင် ပြသသည့် ကမ္မဋ္ဌာန်းနည်းမှာ"လယ်တီမူ ဝိပဿနာ အနာဂါမ်ဆရာသက်ကြီးနည်း"ဟု ဆိုချင်ပါသည်။ လယ်တီမူ ကမ္မဋ္ဌာန်းရိပ်သာများမှာလည်း မြန်မာနိုင်ငံတွင် သာမက ကမ္ဘာအနှံ့ ကျယ်ပြန့်စွာရှိနေပြီဖြစ်ရာ အနည်းအများ မူကွဲများလည်း ရှိနေပါသည်။ ဤတွင် စာရေးသူ သဘောအတွေ့ဆုံးဖြစ်သည့် ဆရာကြီးဦးသန်းပြသသောနည်းဖြင့် 'ဝိပ-ဿနာခရီး' သွားပြပါတော့မည်။

ခန္ဓာအနှံ့ ခရီးဆန့်

အာနာပါန ဝင်လေထွက်လေကို သတိနဲ့ဉာဏ်ယှဉ်ကပ်လို့ ဝင်လေဟာလည်း မမြဲပါလားလို့ ဉာဏ်သက်ဝင်ဆင်ခြင်ရင်းနဲ့ ဝင်လေအနိစ္စ၊ ထွက်လေဟာ မမြဲပါလားလို့ ဉာဏ်သက်ဝင်ဆင်ခြင်ရင်းနဲ့ ထွက်လေအနိစ္စလို့ မှတ်ပါ။ ဝင်လေ အနိစ္စ၊ ထွက်လေ အနိစ္စလို့ အနိစ္စတရားကို နှလုံးသွင်း ပွားများပါ။

ဝင်တဲ့လေဟာ ဝင်ပြီးတဲ့နေရာမှာ တည်မြဲမနေဘဲ ပြန်ထွက်လာတာ မမြဲတဲ့သဘောအနိစ္စ၊ ထွက်ပြီး ပြန်တော့လည်း တည်မြဲမနေဘဲ ပြန်ပြီးရှူသွင်းရပြန်ပြီ၊ မမြဲတဲ့သဘော အနိစ္စလို့ ဆင်ခြင်ပြီး၊ ဝင်လေ အနိစ္စ၊ ထွက်လေအနိစ္စလို့ (၅)မိနစ်ခန့် အာရုံပြုထားပါ။

ဒီလို ဝင်လေအနိစ္စ၊ ထွက်လေအနိစ္စလို့ မှတ်နေရင်းက ဦးခေါင်းငယ်ထိပ်နေရာကို သတိပြုလိုက်ပါ။ ငယ်ထိပ်နေရာကို အာရုံစူးစိုက်ပြီး ရှုလိုက်ပါ။ အဲဒီ ငယ်ထိပ်နေရာ ဒဂ်ီးကျပ်ပြားဝိုင်းလောက်နေရာလေးမှာ ရွရွမွမွ လှုပ်နေတဲ့ ခံစားချက်ဝေဒနာလေး ပေါ်လာတာတွေ့ရလိမ့်မယ်။ တစ်ယောက်နဲ့တစ်ယောက် ပေါ်တာချင်းတူချင်မှ တူမယ်၊ မပေါ်ရင်လည်း ကိစ္စမရှိဘူး၊ ရှေ့ဆက်သွားမယ်။ ဆရာပြောတဲ့နေရာသို့ ပြောင်းမှတ်ပေးပါ။

ရှုမှတ်စိတ်ကို ငယ်ထိပ်ကနေပြီး ညာဘက်ပါးပြင်သို့ ရွှေ့လိုက်ပါ။ ဘယ်လိုခံစားနေရသလဲ၊ စူးစူးစိုက်စိုက် ရှုလိုက်စမ်းပါ။ ခံစားချက်တစ်မျိုးမဟုတ်တစ်မျိုးပေါ်နေတာ တွေ့ရလိမ့်မယ်။ မတွေ့ရင်လည်း စိတ်မပျက်နဲ့၊ နောက်ထပ်ပြောင်းမယ်။

ရှုမှတ်စိတ်ကို ညာဘက်ပါးပြင်မှ ဘယ်ဘက်ပါးပြင်သို့ ရွှေ့လိုက်ပါ။ ဘယ်လိုခံစားနေရမလဲ။ စူးစူးစိုက်စိုက် ရှုလိုက်စမ်းပါ။

(ဤသို့အားဖြင့် တစ်နေရာပြီး တစ်နေရာ အောက်ပါအတိုင်း ပြောင်း၍ ပြောင်း၍ ရှုမှတ်ခိုင်းသည်)

နောက်စေ့၊ လည်ပင်း၊ ညာလက်မောင်း၊ ညာလက်ဖျံ၊ ညာလက်ဖမိုး၊ ညာလက်မ၊ ညာလက်ညိုး၊ ညာလက်ခလယ်၊ ညာလက်သူကြွယ်၊ ညာလက်သန်း၊ ညာလက်ဖဝါး၊ ဘယ်လက်မောင်း၊ ဘယ်လက်ဖျံ၊ ဘယ်လက်ဖမိုး၊ဘယ်လက်မ၊ဘယ်လက်ညိုး၊ဘယ်လက်ခလယ်၊ ဘယ်လက်သူကြွယ်၊ ဘယ်လက်သန်း၊ ဘယ်လက်ဖဝါး၊ ရင်ဘတ်၊ ဝမ်းဗိုက်၊ နောက်ကြော၊ ခါး၊ ညာပေါင်၊ ညာခြေသလုံး၊ ညာခြေဖမိုး၊ ညာခြေမ၊ ညာခြေညိုး၊ ညာခြေခလယ်၊ ညာခြေသူကြွယ်၊ ညာခြေသန်း၊ ညာခြေဖဝါး၊ ဘယ်ပေါင်၊ ဘယ်ခြေသလုံး၊ ဘယ်ခြေဖမိုး၊ ဘယ်ခြေမ၊ ဘယ်ခြေညိုး၊ ဘယ်ခြေခလယ်၊ ဘယ်ခြေသူ ကြွယ်၊

ဘယ်ခြေသန်း၊ ဘယ်ခြေဖဝါး၊ အဲဒီငယ်ထိပ်က စပြီး ခြေဖဝါးကျအောင် ခေါင်း၊ လက်၊ ကိုယ်၊ ခြေ တစ်ကိုယ်လုံးကို တဖြည်းဖြည်းချင်း ရွှေ့ရွှေ့ပြီးတော့ ရှုကြည့်လိုက်ပါ။

အဲဒီတစ်ကိုယ်လုံးကို သမာဓိအားနဲ့ ကြည့်တဲ့အခါ ဘယ်နေရာကြည့်ကြည့် ရှိန်းရှိန်း၊ သုတ်သုတ်၊ လှုပ်လှုပ်ရွရွ၊ မွမွ တစ်နည်း အေးပြီးပူပြန်၊ လောင်စာဟန်သို့ ဖောက်ပြန်နေတဲ့ သဘောအမူအရာလက္ခဏာတွေကို မံသ-အသားမျက်စိနဲ့ မြင်တာမဟုတ်ဘဲ၊ သမာဓိအား ဉာဏ်မျက်စိနဲ့ ထိုးထွင်းသိမြင်နိုင်ကြပါပြီ။

နာကြားလို့ သိတာမဟုတ်ဘူး၊ နာကြားလို့သိတာကို သုတမယဉာဏ်လို့ခေါ်တယ်။ မှန်းဆတွေးကြံပြီး သိတာကို စိန္တာမယဉာဏ်လို့ခေါ်တယ်။ အဲဒီလိုနာကြားသိ၊ တွေးကြံသိမဟုတ်တော့ဘဲ ကိုယ်တိုင်ကျင့်ပွားလို့ သိတဲ့ဉာဏ်ကို ဘာဝနာမယဉာဏ်လို့ခေါ်တယ်။

ဘာဝနာမယဉာဏ်ကြောင့် လှုပ်လှုပ်ရွရွ မွမွပူအေး တောင့်တင်း၊ နာကျင်ကိုက်ခဲစတဲ့ သဘောအမူအရာလက္ခဏာတွေကို ထင်ထင်ရှားရှားသိလာပြီး အဲဒီသဘောအမူအရာတွေဟာလည်း တစ်ကိုယ်လုံးမှာရှိကြောင်း သိနေတယ်။

ဒါပေမယ့် အကြည်ဓာတ်မရှိတဲ့ ဆံပင်၊ ခြေသည်းများ၊ လက်သည်းများ၊ မွေးညင်းနဲ့ သွားများမှာတော့ မသိနိုင်ဘူး၊ ဒီနေရာတွေမှအပ တစ်ကိုယ်လုံးမှာ တွေ့နေရတယ်။

အဲဒီသဘော အမူအရာတွေဟာ နေရာအနှံ့ အပ်ချစရာမကျန်အောင် ဆိုသလိုပဲ ဖောက်ပြန်နေကြတာဟာ အချိန်ကာလနဲ့ ပြောရရင်လည်း မိနစ်၊ စက္ကန့် တစ်ခဏလေးမျှ ရပ်နားမှုမရှိပါလားလို့လည်း သိနေရတယ်။

ဒီလိုငယ်ထိပ်ကစ ခြေဖဝါးကျအောင် မမြဲတဲ့ သဘောလက္ခဏာ လှုပ်မှု၊ ရွမှု၊ မွမှု၊ ပူမှု၊ အေးမှုတောင့်တင်း ကိုက်ခဲမှု အမူအရာသဘောမမွတရားကို ထိုးထွင်းသိမြင်လို့ ဝိပဿနာမည်တာ၊ သုတမယဉာဏ်၊ စိန္တာမယဉာဏ်နဲ့ သိမြင်တာမျိုး မဟုတ်ဘူး၊ ထိုးထွင်းပြီး သိမြင်တာ၊ ဒါကြောင့် ဝိပဿနာဆိုတာ ပညာအစစ်ဖြစ်တယ်၊ သညာမဟုတ်ဘူး။

"တရားပျောက်တော့ ကိုယ်မှာရှာ၊ တရားရှာတော့ ကိုယ်မှာတွေ့"ဆိုတဲ့ စကားအတိုင်း၊ အလျားတစ်လံ၊ အနံတစ်ထွာ ခန္ဓာကိုယ်မှာ ကိုယ်ပိုင်သိတဲ့ ကိုယ်တွေ့ဝိပဿနာထင်ရှားပါပြီ၊ ကိုယ်တွေ့မို့ ဟုတ်မှ ဟုတ်ပါ့မလားလို့ သံသယပွားစရာလည်း မရှိတော့ဘူး။

ငယ်ထိပ်ကစ ခြေဖျားကျအောင် အစိတ်စိတ် အပိုင်းပိုင်း မိမိရဲ့သမာဓိနဲ့ ကြည့်လိုက်တိုင်း၊ ကြည့်လိုက်တိုင်း ရှိန်းရှိန်း၊ သုတ်သုတ်၊ လှုပ်လှုပ်ရွရွ တောင့်တင်း နာကျင်ကိုက်ခဲတဲ့ သဘာဝဓာတ်ကြီးလေးပါးရဲ့ ပင်ကိုယ်သတ္တိသဘော အမူအရာတွေကို ခံစားတွေ့ရှိတာနဲ့ တစ်ပြိုင်နက် မမြဲတဲ့သဘောအနိစ္စဝင်ပြီး ကြိမ်ဖန်များစွာ အစုန်၊ အဆန်၊ အပြန်အသွား၊ အနုလုံ၊ ပဋ္ဌိလုံ ရှုပွားချက် မှန်လာတော့ ခပ်မြန်မြန်သိတဲ့ အင်အားဖြစ်လာ

နာကြားလို့သိတာကို
သုတမယဉာဏ်လို့ခေါ်တယ်။
မှန်းဆတွေးကြံပြီးသိတာကို
စိန္တာမယဉာဏ်လို့ခေါ်တယ်။
အဲဒီလိုနာကြားသိ၊
တွေးကြံသိမဟုတ်တော့ဘဲ
ကိုယ်တိုင်ကျင့်ပွားလို့
သိတဲ့ဉာဏ်ကို
ဘာဝနာမယဉာဏ်လို့ခေါ်တယ်။

အောင် ခေါင်းတစ်ပိုင်း၊ လက်တစ်ပိုင်း၊ ကိုယ်တစ်ပိုင်း၊ ခြေတစ်ပိုင်းစီနဲ့ လေးပိုင်းပိုင်းပြီး ဆက်လက်ရှုပွားပါ။

ဒီလို လေးပိုင်းခွဲခြား ရှုပွားဖန်များလာတော့ သမာဓိအားတွေ၊ ဝိပဿနာ ပညာအားတွေဟာ တစ်ချိန်ထက်တစ်ချိန် အရှိန်အဟုန်အားကောင်းလာတော့ တစ်ကိုယ်လုံး ခြုံငုံပြီး၊ ငယ်ထိပ်ကစ ရေနဲ့လောင်းချလိုက်သလို သမာဓိအားနဲ့ တစ်ရှိန်ထိုး ခြေဖဝါးထိအောင် ရှုချလိုက်တာနဲ့ တစ်ကိုယ်လုံး အုန်းအုန်းထအောင် မွမှုတွေ၊ ရွှမှုတွေ၊ ပူမှုတွေ၊ အေးမှုတွေ၊ တောင့်တင်းမှုတွေ၊ နာကျင်မှုတွေ၊ ကိုက်ခဲမှုတွေ သဘာဝလွန်ကဲရာ သဘောအမူအရာ ထင်မြင်လာပြီး၊ လက္ခဏာတင်လို့ ဆင်ခြင်နိုင်တဲ့အထိ ရှုမှတ်ဆင်ခြင်ပွားများကြပါ။

ဆင်ခြင်တဲ့အခါမှာလည်း တစ်ကိုယ်လုံးမှာ ဆံပင်၊ ခြေသည်းများ၊ လက်သည်းများ၊ သွားစတဲ့ အကြည်ဓာတ်မရှိတဲ့ နေရာကလွဲလို့ အပ်ချစရာမကျန်အောင် ဖောက်ပြန်နေတဲ့ ရုပ်ဓာတ်ကို ရှုမြင်ရပြီး၊ အချိန်ကာလနာရီအားဖြင့် စက္ကန့်၊ မိနစ်မခြား မနားတမ်း ဖောက်ပြန်မှု ရုပ်အစုပါလားလို့ ထင်ထင်ရှားရှား ရှုပွားလို့ နေရတယ်။

အဲဒီလိုသိနေတဲ့ ရှုပွားနေရတဲ့ သဘောအမူအရာတွေကို ဉာဏ်သက်ဝင် ဆင်ခြင်လိုက်ရင် မမြဲတဲ့အနိစ္စ သဘောဆိုတာ သိရပြီ၊ဒုက္ခလက္ခဏာနဲ့ အနတ္တလက္ခဏာ တင်ပြီး ဆင်ခြင်ဖို့ ဉာဏ်သက်ဝင်ပုံကို ဥပမာနဲ့ပြရရင်၊ ကိုယ်ပေါ်မှာ ယင်ကောင်ကလေး တစ်ကောင်လာနားပြီး တရွရွလေး လျှောက်သွားနေရင် ငြိမ်ခံမနေဘဲ ချက်ချင်းပုတ်ထုတ်ပစ်တာပဲ မဟုတ်လား။ ချက်ချင်းပုတ်ထုတ်ပစ်တာဟာ နှစ်သက်ခံစားချင်လို့လား၊ မနှစ်သက် မခံစားချင်လို့လားမေးရင် မနှစ်သက် မခံစားချင်လို့ပါလို့ ဖြေတယ်။

နှစ်သက်တယ်၊ ခံစားချင်တယ်ဆိုရင် သုခခေါ်တယ်။ မနှစ်သက်ဘူး၊ မခံစားချင်ဘူးဆိုရင် ဒုက္ခလို့ခေါ်တယ်။

ဒီတော့ တစ်ကိုယ်လုံးက မွမွ၊ ရွရွ၊ ပူအေးကိစ္စဟာ ယင်ကောင် အကောင်ပေါင်း များစွာနားနေတာလို ဖြစ်လေတော့ ဒုက္ခအစစ်ဆိုတာ အဖြေထွက်ပြီပေါ့။ မှန်းအော်၊ ရမ်းအော်ဒုက္ခမဟုတ်ဘဲ ခန္ဓာအစဉ် ဉာဏ်မှာ မြင်လာတဲ့ ဒုက္ခအစစ်ပါ။ ဒုက္ခကိုမြင်လာတော့ ရှေ့ဆက်ပြီး ဒုက္ခမဖြစ်နဲ့လို့ အမိန့်ပေး တားမြစ်ကြည့်လိုက်စမ်းပါ။ မခံစားရပါစေနဲ့လို့လည်း ဆုတောင်းကြည့်လိုက်စမ်းပါ။ ဒုက္ခရယ် မဖြစ်ပါနဲ့တော့၊ တော်ပါတော့၊ ရပ်ပါတော့လို့ တောင်းပန်ကြည့်လိုက်စမ်းပါ၊ ရရဲ့လား။

မရပါဘူး၊ ဒီတော့ ကိုယ်ပိုင်တဲ့ ခန္ဓာကိုယ် ဟုတ်သေးရဲ့လား။ကိုယ်မပိုင်ဘူးဆိုတာ သေသေချာချာ အဖြေထွက်ပါပြီ။ သူ့သဘောအတိုင်း မွမွရွရွ ပူအေးတောင့်တင်းကြတာတွေဟာ တားလို့မရ၊ ဆီးလို့မနိုင်၊ ကိုယ်ပိုင်မဟုတ်ဘူးဆိုတဲ့ အနတ္တပါလားလို့ အဖြေထွက်ပြီပေါ့။ မှန်းကာ၊ ရမ်းကာ သူပြော၊ လူပြော၊ စာပြော အနတ္တမဟုတ်ဘူး။ ခန္ဓာကပြောတဲ့ ဓာတ်ကြီးလေးပါးရဲ့ အမူအရာကို မိမိကိုယ်တိုင် ခံစားသိရှိပြီး ဉာဏ်နဲ့ဆင်ခြင်သုံးသပ်တဲ့ အမှန်မြင်ပါ။

အဲဒီလို "တရားပျောက်တော့ ကိုယ်မှာရှာ၊ တရားရှာတော့ ကိုယ်မှာတွေ့"ဆိုတဲ့စကားအတိုင်း ကိုယ်တွေ့တရား ခန္ဓာဉာဏ်ရောက် ဓာတ်ပေါက်သိမြင်တဲ့ အရိယာနွယ်ဝင်တွေ ဖြစ်ကြပါပြီ။

ကမ္မဋ္ဌာန်းပြဆရာကြီး ဦးသန်းသည် ဝိပဿနာ အလုပ်ပေးတရားကို အထက်ပါအတိုင်း ငယ်ထိပ်မှ ခြေဖဝါး၊ ခြေဖဝါးမှ ငယ်ထိပ် အပြန်ပြန်အလှန်လှန် ရှုကွက်များစွာ ရှုပွားစေသည့်အပြင်၊ ခေါင်းပိုင်း၊ ကိုယ်ပိုင်း၊ လက်ပိုင်း၊ခြေထောက်ပိုင်း စသည်ဖြင့်လည်း ခန္ဓာကိုယ်ကို အပိုင်းလိုက်၊ အပိုင်းလိုက် ရှုပွားစေရာ ဝိရိယစိုက်အားထုတ်သည့် ယောဂီအားလုံးလိုလို ခန္ဓာကိုယ်၏ ဖောက်ပြန်နေမှုကို တစ်မျိုးမဟုတ် တစ်မျိုး တွေ့ကြသည်ကများလေသည်။

ဤလယ်တီမူ ဝိပဿနာ၊ အနာဂါမ်ဆရာသက်ကြီး နည်းသည် တိပိဋကဓရ(ယော)ဆရာတော် ဖွင့်ဆိုပြသည့် ဝိပဿနာအမိပ္ပါယ်နှင့် ကိုက်ညီပြီး၊ ခန္ဓာကိုယ်အနှံ့ ခရီးဆန့်လျက်၊ ဝိပဿနာခရီးသွားခြင်းလည်း ဖြစ်သည်။ သုတမယဉာဏ်၊ စိန္တာမယဉာဏ်အဆင့်တွင်သာမကဘဲ ဘာဝနာမယဉာဏ်ဖြင့် ခန္ဓာဖြစ်ပျက်ကို ကိုယ်တိုင် သိမြင်သဖြင့် ကျေနပ်မှုအပြည့်အဝ ရရှိကြသည်။

ထို့ကြောင့် -

ဘဝသံသရာခရီး အဆုံးသတ်နိုင်ရေးအတွက် နီးလျက်နဲ့ အရောက်အပေါက်နည်းနေသည့် မိမိခန္ဓာကိုယ်ထဲကို အသိဉာဏ်နှင့် ရောက်အောင် ဝိပဿနာခရီးထွက်ကြပါ။

■ကို ရင်တန်

စက်ဖဝါးတော် အစုံကို ဦးခိုက်၍
ကျော်နန္ဒအောင်

(၁)

မြောက်ပြန်လေညင်းသည် ခပ်ဖွဖွ ပြေးလွှားနေသည်။

အရှေ့အရပ်မှ နီစွေးစွေး အလင်းတန်း ခပ်ပျပျ ပေါ်ထွက်လာသည်။အရုဏ်ဦး၏လင်းရောင်ပင်ဖြစ်သည်။ ဤအရုဏ်အလင်းတန်းများသည် တောင်တန်းကြီးကို ကျော်၍ ရဲရဲဝံ့ဝံ့ ထွက်လာခြင်းဖြစ်သည်။ ခဏကြာသော အခါ နီစွေးစွေး အလင်းတန်းတို့သည် ရွှေဝါနုရောင်ဘက်သို့ လုံ့၍ ပြေးသွားကြသည်။

တစ်ညလုံး ကြယ်ရောင်ပျပျများကို အဖော်ပြု၍နေခဲ့သည့် တောင်တန်းကြီးသည် ရွှေဝါနုရောင် အလင်းတန်း၏အောက်တွင် အိပ်ရာမှ နိုးထခဲ့သည်။ ခုတော့ ထိုတောင်တန်းကြီးကို မှုန်ဝါးဝါးမြင်ရာမှ ထင်ထင်ရှားရှား မြင်ရပြီဖြစ်သည်။ အတန်ကြာသောအခါတွင် တောင်တန်းကြီးပေါ်သို့ ရွှေရောင်တောက်ပနေသည့် နေခြည်များ ဖြာ၍ ကျလာသည်။ စိမ်းလန်းနေသည့် အပင်ရိပ်များပေါ်သို့ ရွှေရည်များ ပက်ဖျန်းနေပုံသည် ပန်းချီကားတစ်ချပ်သဖွယ် ဖြစ်နေသည်။

နံနက်ခင်း၏ နေရောင်ခြည်သည် တောင်တန်းကြီးတစ်ခုလုံးကို ဖြန့်ကြက်၍ ထားသော်လည်း တောင်တန်း၏ တောင်ရိပ်များက ရောင်ခြည်အားလုံးကို လက်မခံကြ။ ဟိုတစ်ကွက် သည်တစ်ကွက်မျှသာ ဖြစ်သည်။ အချို့နေရာမှာ အစိမ်းရင့်ကွက်ကြားကြား၊ အချို့နေရာမှာ အစိမ်းနုရောင်တို့ ကွက်ကြားကြားဖြစ်နေသည်။ နေခြည်ပြောက်များသည် အချို့သော အပင်များပေါ်သို့ တိုက်ရိုက်ထိတွေ့နိုင်ခွင့်မရကြ။ ကြားခံအဖြစ် နှင်းငွေ့နှင့် မြူမှုန်တို့က ခံနေသေးသည်။

တောင်တန်းကြီးက မြင့်မြင့်မားမား ရှည်လျားလွန်းလှသည်။ နေရောင်ခြည်၏ စွမ်းအားသည် ဤတောင်တန်းကြီး တစ်ခုလုံးကို မစိုးမိုးနိုင်သေး၊ ကွက်တိကွက်ကြားမျှသာ ဖြစ်သည်။ အဝေးမြင်ကွင်းမှ ကြည့်လျှင် တောင်တန်းကြီးသည် အချို့ရွှေရောင်တောက်လျက်၊ အချို့ နှင်းခဲများ ဖုံးအုပ်နေသဖြင့် ဖြူလွလွ၊ အချို့စိမ်းလဲ့လဲ့၊ အချို့မှာ ရောထွေးညိုပြာပြာအရောင်တို့ဖြင့် ခြယ်မှုန်းထားသဖြင့် အရောင်မျိုးစုံ ဖိတ်လက်နေသည့် လှပညက်ညောသော တောင်တန်းကြီးဖြစ်နေသည်။ အလွန်တရာ လှပသိမ်မွေ့သည့် ပန်းချီကားကြီးတစ်ချပ်ဖြစ်နေသည်။

ဤတောင်တန်းတစ်ဝိုက်တွင် အရည်ဝါသီ တောရပ်မှီသည့် သူတော်စင်တို့များစွာ ရှိကြသည်။ ဘုရားရှင် မပွင့်မီကတည်းကပင် အရည်ကင် တောရဆောက်တည်သူများ ပေါများခဲ့သည်။ ဘုရားရှင် ပွင့်ထွန်းပေါ်ပေါက်ပြီးနောက်လည်း တောရမှီ ပုဂ္ဂိုလ်သူတော်စင်တို့ တရားဘာဝနာ ရှာမှီးရာအရပ်ဖြစ်ခဲ့သည်။ ကမ္ဘာကျော် ဇာတ်လမ်း တစ်ပုဒ်ဖြစ်သည့် ဝေသာလီပြည်ကြီးပျက်အောင် ဖန်တီးတဲ့သူ ဝဿကာရပုဏ္ဏားသည်လည်း နောက်ဆုံးတွင် သူ့ဘာဝကို ဤတောင်တန်းတွင် အဆုံးသတ်ခဲ့ဖူးသည်။ ဤမျှကျော်ကြားသော၊ ရာဇဝင်တွင်သော၊ အရည်ကင်ပုဂ္ဂိုလ်များ၊ သူတော်စင်များ မှီခိုအားထားရာဖြစ်သော တောင်တန်းကြီး၏ အမည်သည် ဟိမဝန္တာတောင်ကြီး ဖြစ်သည်။

ဟိမဝန္တာတောင်ခြေတွင် ယူဇနာ ငါးဆယ်ကျယ်ဝန်းသည့် ရေကန်ကြီးတစ်ကန်ရှိသည်။ ကန်၏အမည်သည် မဏ္ဍာကိနီဖြစ်သည်။ ကန်ရေပြင်က ညီညာပြန့်ပြူးသည်။ကြည်လဲ့၍ စိမ်းမြမြအရောင်ဖြစ်သည်။ဟိမဝန္တာတောင်တန်း၏ အစိတ်အပိုင်းအချို့သည် ထိုရေကန်တွင် အရိပ်ထင်ဟပ်ကြကုန်သည်။ ဟသ်ာ၊ ဝမ်းဘဲ၊ သောင်တင်း၊ ရေဘဲ စသည့် ကျေးငှက်မျိုးစုံရှိသည်။ သူတို့တစ်တွေ၏ စားကျက်ဖြစ်သည်။ အန္တရာယ်ပေးမည့် လူသူနှင့် ဝေးသဖြင့် ငှက်ပေါင်းစုံတို့ နေထိုင်ကျက်စားရာ ကန်သာကြီးဖြစ်နေသည်။ ထိုကန်တွင် ရေမှော်နှင့်အမှိုက်သရိုက် ကင်းစင်သည်။ ထို့ကြောင့် ပဒုမ္မာကြာ၊ ကုမုဒြာကြာ၊ ကြာဖြူ ကြာနီ၊ ကြာညိုပန်းတို့ ပွင့်လန်းကြကုန်သည်။ ကြာရွက်၊ ကြာစွယ်၊ ကြာရိုးတို့သည် ရေကန်ကြီး အလှကို တန်ဆာဆင်ထားကြသည်။ ထိုကြာများကြောင့် ကန်ရေပြင် ကြည်လဲ့သလို ထိုရေကြောင့်လည်း ကြာမျိုးစုံတို့ ငွားငွားစွင့်စွင့် ပွင့်ချင်တိုင်းပွင့်၊ လှချင်တိုင်း လှခွင့်ရနေကြခြင်းဖြစ်သည်။

မွန်းတည့်ချိန်မှလွဲ၍ ဟိမဝန္တာတောင်တန်းသည် သူ၏အလှကို ကန်ရေပြင်တွင် ကြည့်ခွင့်ရနေသည်။ ထို့ကြောင့် ကန်ရေပြင်တွင် ဟိမဝန္တာတောင်တန်း၏ အလှရိပ်များ၊ သစ်ပင်မျိုးစုံတို့၏ ပုံရိပ်များ၊နေရောင်ခြည်၏ ရွှေရည် ရွှေစက်များ ဖိတ်လက်နေကြသည်။ဟိမဝန္တာတောင်တန်းကြီး၊ နှင်းခဲဖြူလွလွများ၊ ရောင်စုံဖူးပွင့်နေသည့် သစ်ပင် ပန်းမန်များ၊ ဟသ်ာသောင်တင်းစသည့် ငှက်မျိုးစုံတို့၏ ပုံရိပ်များ၊ ကြာဖြူ ကြာနီ၊ ပဒုမ္မာ၊ ကုမုဒြာ

ကြာပန်းဖြူတို့၏ နိမိတ်ပုံများသည် မဏ္ဍာကိနီရေကန်တွင် အပူအပင် ကင်းစွာဖြင့် ကျက်စားနေကြကုန်သည်။

မဏ္ဍာကိနီ ကန်ရေပြင်ကို ကန်ဘောင်ကနှုတ်ခမ်းသတ်ထားသည်။ကန်ပတ်လည် တစ်ဝိုက်တွင် နံ့သာသလေး စပါးနီတောကြီးက အလေ့ကျလှပစွာပေါက်နေသည်။ စပါးတောကြီး အစပ်တွင် သခွား၊ ဘူး၊ ဖရုံ စသည်များကလည်း အလှချင်းပြိုင်နေကြသေးသည်။ သူတို့နှင့် မနီးမဝေးတွင် သဘာဝကြံပင်ကြီးများကလည်း အပြိုင်းအရိုင်း၊ တောဌက်ပျော၊ ပိန္နဲ၊ သရက်၊ ဩဇာ၊ မာလကာ၊ မင်းဂွတ်၊ သပြေပင်တို့သည်လည်း အစီအရီ ပေါက်နေကြပြန်သည်။ နံနက်ခင်း အအေးဓာတ်လျော့ပါး၍ ဆီးနှင်းတို့ ပြယ်ခါစ နေရောင်ခြည် အပြေးတွင် ဂမုန်း၊ သဇင်၊ သရဖီပန်းတို့၏ အနံ့က လေဒေ့တိုင်း ရနံ့သင်းနေကြပြန်သည်။ မြောက်ပြန်လေညင်းသည် တောတောင်ရနံ့နှင့် ပန်းပေါင်းစုံ ရနံ့တို့ကို မဏ္ဍာကိနီ ရေကန်တစ်ဝိုက်ဆီသို့ ဖြန့်ဖြူးပေးနေသည်။ အရည်ကင်တောရ ဆောက်တည်သည့် သူတော်စင်တို့အဖို့ ဟိမဝန္တာ တောင်တန်းနှင့် မဏ္ဍာကိနီရေကန်သည် လက်ကမ်းကြိုဆို နေသယောင်ဖြစ်နေသည်။

ဤတောနှင့် ဤရေကန်တဝိုက်တွင် ဆဒ္ဒန်ဆင်တွေ နေထိုင်ကျက်စားကြသည်။ အကောင်ရှစ်ထောင်ခန့်ဖြစ်သည်။ ဆဒ္ဒန်ဆင်မင်းတို့ နေထိုင်ရာအရပ်တွင် မည်သည့် သားရဲတိရစ္ဆာန်မျှ မနေထိုင်ရဲကြ။ လူသူလေးပါး လာရောက်နေထိုင်ဖို့ဆိုသည်မှာ သာ၍မဖြစ်နိုင်။အရိယာသူတော်စင်နှင့် ပစ္စေကဗုဒ္ဓါတို့သာ နေထိုင်ကျင့်ကြံရာအရပ်ဖြစ်သည်။ ဤဆင်မျိုးတို့သည် သူတို့ ဘိုးဘွား၊ ဘီဘင်လက်ထက်ကတည်းက ဤအရပ်၊ ဤဒေသတွင် နေထိုင်ခဲ့ကြခြင်းဖြစ်သည်။

ကြွရောက်လာသမျှသော ပစ္စေကဗုဒ္ဓါများကို ဆဒ္ဒန်ဆင်တို့သည် စဉ်ဆက်မပြတ် ဝေယျာဝစ္စပြု၍ ဆွမ်းကွမ်းလုပ်ကျွေးသမှု ပြုခဲ့ကြသည်။ သူတို့အဖို့ ဝေယျာဝစ္စကုသိုလ် ယူကြသည်မှာ အလေ့အကျင့်လို ဖြစ်နေကြသည်။ယခုလည်း သူတို့တစ်တွေ မထေရ်မြတ်ကြီးတစ်ပါးကို ဆွမ်းကွမ်းဝေယျာဝစ္စ လုပ်ကျွေးသမှု ပြုခွင့်ရနေကြသည်။ ဤအရှင်မြတ်ကြီး ဤအရပ်တွင် သီတင်းသုံးတော်မူနေသည်မှာ အချိန်ကာလအားဖြင့် တစ်ဆယ့်နှစ်နှစ် ရှိခဲ့ပြီဖြစ်သည်။ ဆဒ္ဒန်ဆင်မျိုးတို့ နေ့စဉ် ကုသိုလ်ပြုခွင့်၊ ဝေယျာဝစ္စအခွင့်အရေးများ ရနေသည်မှာ ကြာမြင့်ခဲ့ချေပြီ။

သလေးစပါးတို့ ပေါက်ရာအရပ်၏ မလှမ်းမကမ်းတွင် တောညိုအုံ့ဆိုင်းဆိုင်း ရှိသည်။ အပင်မျိုးစုံသည်။ ထီးထီးမားမား အပင်ကြီးများရှိသလို အုံ့ဆိုင်းဆိုင်းအပင်ပျို-အိုများလည်း ရှိသည်။ ထီးဝိုင်းသဏ္ဌာန်ပေါက်နေသည်။ သစ်ပင်စိမ်းစိုစို၏ အောက်တွင် တောရကျောင်းသခ်မ်း တစ်ကျောင်းရှိသည်။ ထိုကျောင်းသခ်မ်းကလေးတွင် ဤအရှင်မြတ်ကြီး သီတင်းသုံးတော်မူနေသည်။ ဆဒ္ဒန်ဆင်မျိုးတို့ အုပ်စုဖွဲ့၍ ဝေယျာဝစ္စကုသိုလ်ပြုကြသည်။ နံနက်စောစော ရောင်နီပျို့သည်နှင့် အရှင်မြတ်ကြီး သွားတိုက်၊ မျက်နှာသစ်၊ ရေချိုး၊ သင်္ကန်းလဲလှယ်ဖို့ ဆင်တစ်ကောင်က တာဝန်ယူသည်။ အခြားသောဆင်များကလည်း တာဝန်ကိုယ်စီဖြင့် မထေရ်မြတ်ကြီး အရုဏ်ဆွမ်း ဘုဉ်းပေးဖို့၊ နေ့ဆွမ်း ဘုဉ်းပေးဖို့၊ သင်္ကန်းလျှော်ဖွပ်ဖို့၊ ကျောင်းသင်္ကန်းဝန်းကျင် သန့်ရှင်းရေးလုပ်ဖို့ အသီးသီးဆောင်ရွက်ကြသည်။

ဆွမ်းလုပ်ကျွေးသည့် ဆင်များကလည်း ကြံရည်၊ ကြာရိုး၊ ကြာစွယ်၊ တောဌက်ပျော၊ ကြာမုံ၊ ကြာဖတ်စသည်တို့ကို သူတို့နည်း သူတို့ဟန်ဖြင့် စီမံကြသည်။ မထေရ်မြတ်ကြီးအဖို့ ဆွမ်းအတွက် ဘာမျှမကြောင့်ကြရ။ ဆင်တို့သည် ဝေယျာဝစ္စပြုလုပ်ခြင်း၊ မုန့်မျိုးစုံ ပြုလုပ်၍ ဆက်ကပ်ခြင်း စသည့် ဒါနကုသိုလ် ကိစ္စသာ မကသေး၊နေ့စဉ်လည်း ငါးပါးသီလကို ခံယူဆောက်တည်ကြသေးသည်။ သီလအမှုကိုလည်း တိရစ္ဆာန်ပင် ဖြစ်လင့်ကစား ဆောက်တည်ကြသည်။ ဤတော ဤတောင်တွင် ဆဒ္ဒန်ဆင်မျိုးတို့နှင့် ဤအရှင်သာလျှင် နေ့စဉ် ရှိနေကြသည် ထိတွေ့နေကြသည် မဟုတ်သေးပါ။ တခြားပုဂ္ဂိုလ်တစ်ဦးလည်း မကြာမကြာ ရောက်လာတတ်သေးသည်။ ဟိမဝန္တာ၏ ကေလာသတောင်တွင် နေထိုင်သည့် နာဂဒတ္တနတ်သားဖြစ်သည်။ ထိုနတ်သားသည် ကာလအတော်ကြာလျှင် တစ်ခေါက်တလေ ရောက်လာတတ်သည်။ ရောက်လျှင်လည်း မထေရ်မြတ်ကြီးအားဖူးမြော်ပြီး ယနာဆွမ်း၊ ထောပတ် စသည်တို့ကို သပိတ်အပြည့် လောင်းလှူပူဇော်တတ်သေးသည်။ ရံဖန်ရံခါ အရှင်မြတ်ထံမှ တရားဒေသနာများကို နာယူတတ်ပါသေးသည်။

ထို့ကြောင့် ဤဟိမဝန္တာတောင်ခြေတွင် ငှက်မျိုးစုံ၊ ကြာပင်မျိုးစုံ၊ အသီးအပွင့်မျိုးစုံ၊ ရနံ့မျိုးစုံ၊ ဆဒ္ဒန်ဆင်

မျိုးပေါင်းအကောင်ရှစ်ထောင်ကျော်၊နာဂဒဠ္ဌနတ်သားနှင့် အရှင်မြတ်တို့သာ ရှိကြသည်။ အရှင်မြတ်ကြီးသည် နေ့ဆွမ်းဘုဉ်းပေးပြီးသည်နှင့် ရေကန်စပ်ရှိ အရိပ်ကောင်းသည့် သစ်ပင်ကြီးအောက်သို့ ကြွရောက်တော်မူလေ့ရှိသည်။ ဆင်းများအဆင့်သင့်ခင်းထားသည့် နေရာတွင် ထိုင်တော်မူပြီး ဖလသမာပတ်ကို ဝင်စားတော်မူလေ့ရှိသည်။ ယနေ့လည်း ဤအရှင်မြတ်ကြီး သစ်ပင်ကြီးအောက်တွင် ဖလသမာပတ် ဝင်စားတော်မူနေသည်။ သစ်ရွက်ကလေးများ၊ ပန်းပွင့်လေးများ မြောက်ပြန်လေညင်းဖြင့် တလွေ့လွေ့ ကြွေနေသည့် အပင်အောက် တွင် ဖလသမာပတ် ဝင်စားတော်မူနေပုံသည် ငြိမ်းချမ်း ရေးပန်းချီကားတစ်ချပ်သဖွယ် ဖြစ်နေသည်။

ဤအရှင်မြတ်ကြီး၏ ဘွဲ့တော်သည် အရှင်ကောဏ္ဍညဖြစ်ပါသည်။

(၂)

အရှင်မြတ်သည် ဖလသမာပတ်ဝင်စားနေစဉ်၌ သခ်ါရအလုံးစုံ ချုပ်ငြိမ်းသော နိဗ္ဗာန်အာရုံမှာသာလျှင် စိတ်သည် တည်တံ့လျက်ရှိနေသည်။ ထိုမှတစ်ပါး အခြားဘယ်အာရုံကိုမျှ မသိ၊ နိဗ္ဗာန်ဟူသည်မှာလည်း ဤလောက၊ တစ်ပါးသောလောကတို့နှင့် ဆိုင်သည့် ရုပ်နာမ် သခ်ါရတရား၊ ပညတ်တရားတို့မှအလွတ် သီးခြားဖြစ်သော သဘောတရားသာတည်း။ ဖိုလ်ဝင်စားခိုက် တွင် မိမိကိုယ်ခန္ဓာစသည့် ဤလောက၊ တစ်ပါးသော လောကတို့အကြောင်းကို ဘာမျှ သတိမရပြီ၊ မသိပြီ၊ ကြံစည် စဉ်းစားမှုလည်း အလုံးစုံကင်း၏။ မြင်၊ကြား၊နံ၊ တွေ့စရာ အာရုံများ ထင်ရှားရှိနေသော်လည်း ဘာကိုမျှ မသိတော့ပြီ။ မသိသည်မှာလည်း သညာကင်း၍ မဟုတ်၊ မနသိကာရခေါ် နှလုံးသွင်းမှု မရှိသောကြောင့်ပါတည်း။ ထိုသည့် ဣရိယာပုတ်သည် မူလအတိုင်း တည်တံ့လျက်ရှိ၏။ ယိမ်းယိုင်ခြင်း၊ ညွှတ်ကျခြင်း၊ ယွင်းပျက်ခြင်း မရှိပြီ။

ယခုအခါ အရှင်မြတ်သည် အလုံးစုံသော သခ်ါရ နိမိတ်ကို နှလုံးသွင်းခြင်းအားဖြင့် လည်းကောင်း၊နိမိတ်ကင်းသော နိဗ္ဗာနစိတ်ကို နှလုံးမသွင်းသောအားဖြင့် လည်းကောင်း သမာပတ်မှ ထခဲ့ပြီဖြစ်သည်။ အရှင်မြတ်သည် အိုမင်းလာပြီဖြစ်သည်။ အကျိုးခန္ဓာကိုယ်ကြီးကို သုံးသပ်လိုက်သည်။ ခန္ဓာကိုယ်ကြီး၏ အဆုံးသတ်တော့ မည့်အရေးကို သတိပြုမိလိုက်သည်။

တစ်ချိန်တွင် ဤအရှင်မြတ်သည်-

ဤမြေပြင် လူပြည်လောက၌ ဆန်းကြယ်များ ပြားကုန်သော အာရုံတို့သည် လည်းကောင်း၊ တင့်တယ်သော ရာဂနှင့်စပ်ယှဉ်သော ကာမဝိတက်သည်လည်း ကောင်း အချင်းချင်း ထွေးလုံးရစ်ပတ်ကုန်မိသကဲ့သို့ တည်နေကြကုန်၏။

နွေဥတု၏ နောက်ဆုံးလ၌ လေကြောင့် တက်လာသော မြူကို ရွာသွန်းလိုက်သော မိုးကြီးသည် ငြိမ်းအေးစေသကဲ့သို့ အရိယာတပည့်သည် ဆန်းကြယ်သော အာရုံတို့ကို ဟုတ်တိုင်းမှန်စွာ ပညာဖြင့် ရှုမြင်နိုင်သော အခါ မိစ္ဆာဝိတက်တို့သည် ငြိမ်းကုန်၏။

အလုံးစုံသော သခ်ါရတရားတို့သည် အမြဲမရှိကုန်၊ ဆင်းရဲကုန်၏။ အတ္တမဟုတ်ကုန်ဟု ဝိပဿနာ ပညာဖြင့် ရှုမြင်နိုင်သောအခါ သံသရာဝဋ်ဆင်းရဲ၌ ငြီးငွေ့၏။ဤသို့ ငြိမ်းအေးခြင်းသည် ဉာဏ်အမြင်စင်ကြယ်ခြင်းကို ရခြင်း၏ အကြောင်းတည်း။

တုန်လှုပ်ပျံ့လွင့်လျက် လျှပ်ပေါ်လော်လီသော ရဟန်းသည် ယုတ်ညံ့သော အဆွေခင်ပွန်းတို့ကို အမှီပြု၍ သံသရာရေယာဉ်ကြီး၌ အမျက်ထွက်ခြင်းစသော လှိုင်းတံပိုးတို့ လွှမ်းမိုးဖိစီးခံရလျက် နစ်မြုပ်ရ၏။

ပျံ့လွင့်တုန်လှုပ်ခြင်း မရှိ၊ လျှပ်ပေါ် လော်လီခြင်း မရှိဘဲ မိမိအကျိုးစီးပွား၊ သူတစ်ပါးအကျိုးစီးပွား၌ လိမ္မာ၍ ဣန္ဒြေတို့ကို စောင့်စည်းပိတ်ဆို့ထားသော အဆွေခင်ပွန်းကောင်းရှိသော ပညာရှိ ရဟန်းသည် ဆင်းရဲ၏ အဆုံးကို ပြုနိုင်ရာ၏။

ဆင်ပြောင်ကြီးသည် စစ်မြေဦး၌ လက်နက်တို့ဖြင့် ပုတ်ခတ်မှုကို သည်းခံ၍ သူတစ်ပါးစစ်သည်ကို ဖျက်ဆီးသကဲ့သို့ ရဟန်းသည် တောနက်ကြီးအတွင်းဝယ် သတိနှင့်ပြည့်စုံသည်ဖြစ်၍ မှက်၊ ခြင်တို့ တွေ့ထိ ကိုက်ခဲမှုကို သည်းခံလျက် မာရ်စစ်သည်ကို ဖျက်ဆီးရာ၏ဟူသည့် ဥဒါန်းစကားကို ကျူးရင့်ခဲ့ဖူးသည်။

ဤသို့ ကျူးရင့်ခဲ့ဖူးသည့် အရှင်သည် ခန္ဓာကိုယ်ကြီးကို ပြန်လည် သုံးသပ်မိသောအခါတွင် တရား၏ သဘောနှင့်အညီ -

- ငါရဲ့ ဇီဝိတသန္တာန်အစဉ်ဟာ ဒီနေ့မှာပဲ ကုန်ဆုံးတော့မှာပါလား။

- အာယုသခ်ါရလွှတ်ဖို့ကိစ္စကို ပေါ့ပေါ့တန်တန်

သားတော်ဟာ ဟိမဝန္တာ တောင်မြင့်တန်းကြီးရဲ့ တစ်ခုသောဒေသ ဆဒ္ဒန်ဆင်မျိုးရှစ်ထောင် နေကြသည့် မဏ္ဍာကိနီရေကန် ရှိရာဆီကိုသွားပြီး အသက်ထက်ဆုံး နေပါမယ်ဘုရား

မလုပ်အပ်ပေဘူး။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို လျှောက်ထားအသိပေးပြီး ခွင့်ပန်ဦးမှတော်ပေ မှန်ပေ လိမ့်မည်။

- မြတ်စွာဘုရားရှင်ကိုလည်း နောက်ဆုံးအကြိမ် အဖြစ် ဖူးမြော်ချင်ပါသေးတယ်ဟု ဆင်ခြင်တော်မူလိုက်သည်။

ဘုရားရှင်ကိုယ်တော်မြတ်ကြီးအထံသို့ မကြွသေးခင်တွင် အရှင်၏ ခန္ဓာကိုယ်ကို အပြန်ပြန်စစ်ဆေး၍ ဆင်ခြင်ကြည့်လိုက်ပါသေးသည်။ ဒီဘဝ၊ ဒီအဖြစ်၊ ဒီလို ပရိနိဗ္ဗာန်စံဖို့ ကိစ္စဖြစ်သည့် အကြောင်းခန္ဓာ၊ အကျိုးခန္ဓာ ကွင်းဆက်ပုံရိပ်များကို ပုဗ္ဗေနိဝါသအဘိညာဉ် အစွမ်းဖြင့် မြင်နေရပြန်တော့သည်။ လွန်ခဲ့သည့် ကမ္ဘာတစ်သိန်းမှစပြီး ယခုအချိန်အထိ ဖြစ်ပျက်ခဲ့သည့် ခန္ဓာအစဉ်သည် ဤအရှင်၏ ဟဒယလိုဏ်ဂူတွင် ပီပြင် ကြည်လင်စွာ ပေါ်လာခဲ့သည်။

(၃)

ဤဘဒ္ဒကမ္ဘာမှာ ပြန်လည်ရေတွက်လိုက်လျှင် လွန်ခဲ့သည့် ကမ္ဘာတစ်သိန်းအထက်တွင် ပဒုမုတ္တရဘုရားရှင် ပွင့်ထွန်းတော်မူခဲ့သည်။ ပဒုမုတ္တရ ဘုရားရှင်သည် "ငါ့ရဲ့ချစ်သား ဘိက္ခု-ဘိက္ခုနီများတို့၊ ငါဘုရားကိုထား၍ တစ်ပါးသောသူဟာ ဒီဘိက္ခုထက် ရှေးဦးစွာ ထိုးထွင်းပြီး သိအပ်တဲ့ တရားရှိသူမည်သည် မရှိပြီ"ဟူ၍ သာဝက တစ်ပါးကို ရတ္တညူဧတဒဂ်ဘွဲ့ထူး ချီးမြှင့်ပေးသနားတော်မူလိုက်သည်။ ဤအဖြစ်ကို ဤအရှင်လောင်းလျှာ မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရသည်။ ဝီတိဖြစ်သွားခဲ့သည်။

ထို့နောက် ဤအရှင်လောင်းလျှာသည် ပဒုမုတ္တရဘုရားရှင်နှင့်တကွ သံဃာတော်များကို အမွန်မြတ်ဆုံးသော ပဏီတဘောဇဉ်များ ဆက်ကပ်လှူဒါန်းခဲ့သည်။ ထို့နောက် ပဒုမုတ္တရဘုရားရှင်ကို ဤသို့လျှောက်ထားခဲ့သည်-

"ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ လွန်ခဲ့သည့် ခုနစ်ရက်တွင် အရှင်ဘုရားသည် တပည့်သာဝကတစ်ပါးကို ရတ္တညူဧတဒဂ်ဘွဲ့ထူးကြီးတစ်ခု ထိုက်ထိုက်တန်တန် ချီးမြှင့်ပေးသနားတော်မူလိုက်တာ တပည့်တော်ရဲ့ ဓမ္မာရုံမှာ စွဲလမ်းထင်မြင်လျက် ရှိနေပါတယ် ဘုရား"

"တပည့်တော်သည် အရှင်ဘုရားနှင့်တကွ သံဃာတော် မထေရ်မြတ်အပေါင်းကို စေတနာသုံးတန် ပြဋ္ဌာန်း၍ ဒါနကုသိုလ်လည်း ပြုခဲ့ပြီးပါပြီ ဘုရား၊သီလ ကုသိုလ်လည်း ပြုခဲ့ပြီးပါပြီ ဘုရား၊ ယခုလိုပြုပြီးသည့် ကုသိုလ်ကံ စေတနာတို့ကြောင့် တပည့်တော်သည် နောင်အခါ ပွင့်တော်မူမည့် မြတ်စွာဘုရားတော် တစ်ဆူဆူ ထံတော်မှာ ထိုးထွင်းပြီး သိအပ်၊ မြင်အပ် မျက်မှောက်

ပြုအပ်တဲ့ တရားတော်များကို သူတစ်ပါးထက် ပထမဦးဆုံး သိရ၊ မြင်ရ၊ မျက်မှောက်ပြုရပါစေသား အရှင်ဘုရား”

ဤအရှင်လောင်းလျှာ ဤသို့လျှောက်ထားပြီးနောက် ပဒုမုတ္တရာဘုရားရှင်သည် အနာဂတံသ ရွှေဥာဏ်တော်ဖြင့် ကြည့်ရှုတော်မူလိုက်သည်။ ထို့နောက် ဘုရားရှင်သည် ဤအရှင်လောင်းလျှာအား -

“အလှူရှင် ဒါယကာ၊ နောင်အခါ ဒီကမ္ဘာကစပြီး ရေတွက်ရင် ကမ္ဘာပေါင်းတစ်သိန်းအလွန်မှာ ဂေါတမအမည်ရှိတဲ့ မြတ်စွာဘုရားတစ်ဆူ ပွင့်တော်မူပေလိမ့်မယ်။ အဲဒီမြတ်စွာဘုရားဟာ ငါဘုရားလိုပဲ ဓမ္မစကြာတရားတော်ကို ဦးစွာဟောတော်မူလိမ့်မယ်။ အသင်ဟာ ကောဏ္ဍညလို့ခေါ်တဲ့ ရသေ့တစ်ဦးအဖြစ်နဲ့ ဓမ္မစကြာတရားကို နာကြားရပေလိမ့်မယ်။ ဒေသနာတော်ရဲ့ အဆုံးရောက်လျှင်ရောက်ချင်း အသင်အလှူရှင် ဒါယကာဟာ သူတကာတွေထက် ဦးစွာ သစ္စာလေးပါး တရားတော်မြတ်ကို မုချဧကန် အမှန်စင်စစ် ထိုးထွင်းပြီး သိမြင်ရပေလိမ့်မယ်”ဟူ၍ နိယတဗျာဒိတ်တော်ကို မိန့်ကြားတော်မူခဲ့သည်။ ဤဗျာဒိတ်တော်အတိုင်းပင် ဤအရှင်သည် ကောဏ္ဍညဟူသည့် မထေရ်ကြီးအဖြစ်သို့ ရောက်ခဲ့သည်။

ထို့ပြင် ဂေါတမဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် ဇေတဝန်ကျောင်းတော်တွင် သီတင်းသုံးစံနေတော်မူစဉ် ဤအရှင်အား “ရဟန်းတို့၊ ညဏ်အပိုင်းအခြားကို သိကုန်သော သာဝကတို့တွင် အညာသိ ကောဏ္ဍညသည် အမြတ်ဆုံးဖြစ်၏”ဟူ၍ ရတ္တညူဧတဒဂ်ဘွဲ့ကို ပေးသနားတော်မူလေပြီ။ ဂေါတမဘုရားရှင်၏ သာသနာတွင် ဤအရှင်ထက်ဦး၍ ရဟန်းပြုသော ပုဂ္ဂိုလ်မရှိရကား၊ ဤအရှင်သည် ညဉ့်၏ အပိုင်းအခြားကို သိကြသူတို့တွင် အသာဆုံး၊ အမြတ်ဆုံးဖြစ်ခဲ့ချေပြီ။ ဆိုလိုသည်မှာ ရဟန်းသိက္ခာ ဝါအကြီးဆုံးဟူ၍ ဆိုလိုရင်းဖြစ်သည်။

ဤအရှင်၏ ဟဒယတွင် ဟိမဝန္တာတောင်၏ မဏ္ဍာကိနီရေကန်အနီး ဆဒ္ဒန်ဆင်တို့၏ အလုပ်အကျွေးကို ခံယူဖို့ ရောက်ရှိလာပုံများ တဖျတ်ဖျတ် ပေါ်လာပြန်ပါသည်။

ဘုရားရှင်သာသနာတော်သည် ဤအရှင်အပါအဝင် ပဉ္စဝဂ္ဂိုဏ်းဦးအစပြု၍ မိဂဒါဝုန်တောတွင် ပြုစုပျိုးထောင်ခဲ့ရသော်လည်း တစ်ဝါရရှိပြီးသောအခါတွင်မူ သာသနာတော်တွင် ရဟန်းတော်ပေါင်း သောင်းချီ၍ ပြန့်ပွားထွန်းကားလာခဲ့သည်။ အစစအရာရာ စည်းကမ်းရှိဖို့ လိုအပ်လာခဲ့သည်။ ထို့ကြောင့်ပင် ဝါစဉ်အလိုက်၊ ရာထူးအလိုက်၊ နေရာထိုင်ခင်း စီစဉ်ခဲ့ကြသည်။

ဝေဠုဝန်ကျောင်းတော်ကြီး၏ အလယ်ဗဟိုတည့်တည့်တွင် ဘုရားရှင်၏ နေရာတော်ကို သီးသန့်တန်ဆာဆင်ထားလိုက်ကြသည်။ ဘုရားရှင်၏ လက်ယာဘက်နံပါး၌ ပထမ အဂ္ဂသာဝက အရှင်သာရိပုတ္တရာမထေရ်၊ လက်ဝဲနံပါးတွင် အဂ္ဂသာဝက အရှင်မဟာမောဂ္ဂလာန်မထေရ်ထိုအရှင် အဂ္ဂသာဝကတို့ နောက်ကျောဘက်နားတွင် ဤအရှင်မြတ်ကြီး၏ နေရာတော်ကို စီစဉ်ခင်းကျင်းထားကြသည်။ ထို့နောက်တွင်မှ အခြားသော ထေရ်အရှင်တို့၏ နေရာတော်များကို ဝန်းရံ၍ ဝါစဉ်အလိုက် စီစဉ်ထားကြသည်။ ဤမျှဖြင့် ဤအရှင်ကို မည်မျှအရေးပေးကြောင်း သိသာနေပြီဖြစ်သည်။

ထေရ်အရှင်တို့သည် အကြောင်းကိစ္စရှိ၍ ခန်းမဆောင်ကြီးသို့ ကြွရောက်တော် မူလာကြသောအခါ မိမိတို့အတွက် စီစဉ်ထားသော နေရာတို့တွင် အသီးသီးစနစ်တကျ ထိုင်နေတော်မူကြရသည်။ ထိုအခါတွင် အဂ္ဂသာဝက မထေရ်နှစ်ပါးတို့သည် မိမိတို့၏ နောက်ကျောနားတွင် ထိုင်နေတော်မူသည့် ဤအရှင်ကို ကွက်ကြည့်ကွက်ကြည့်ဖြင့် မကြာခဏလှည့်ကြည့်ခဲ့ကြသည်။ မလုံမလဲ ဖြစ်ကြရသည်။ ဘွဲ့တံဆိပ်အလိုက် နေရာချထားပေးပါသော်လည်း ဤအရှင်မြတ်ကြီးသည် သာသနာတော်ဝယ် အဦးအစဆုံး သစ္စာလေးပါးကို သိမြင်ခဲ့သည့် ပုဂ္ဂိုလ်ကြီးဖြစ်သည်။ သက်တော်ကလည်း အကြီးဆုံးဖြစ်သည်။ ဤအရှင်ကို မဟာဗြဟ္မာကြီးကဲ့သို့လည်းကောင်း၊ မီးပုံကြီးကဲ့သို့လည်းကောင်း၊ အဆိပ်လျင်သော မြွေနဂါးကဲ့သို့လည်းကောင်း အောက်မေ့လေးစားကာ မရဲမဝံ့ရှိနေတော်မူကြသည်။ ရှက်နိုး အားနာတော်မူကြရသည်။

ထိုအခါတွင် ဤအရှင် စဉ်းစားရပါသည်။ အဂ္ဂသာဝကကြီးနှစ်ပါးဟာ ယခုအခါ နေရာဦး၌ ထိုင်နေကြရသော်လည်း ငါ့အား မဝံ့မရဲ ရှိနေကြရသည်။ ရှက်နိုးအားနာ ဖြစ်နေကြရသည်။ အဂ္ဂမဟာသာဝက မထေရ်နှစ်ပါး ချမ်းသာစွာနေနိုင်အောင် ငါပြုလုပ်မည်ဟု ကြံစည်တော်မူခဲ့သည်။

ထို့ပြင်လည်း မြတ်ဗုဒ္ဓ၏ ဂုဏ်သတင်းသည် စကြဝဠာတိုက်တစ်သောင်း၌ ပျံ့နှံ့နေသကဲ့သို့ ဤအရှင်၏ ဂုဏ်သတင်းကလည်း အတူလိုက်၍ ပျံ့နှံ့နေခဲ့သည်။

ဤသို့ ပျံ့နှံ့နေသည်နှင့်အမျှ မြတ်ဘုရားထံတော်ပါးသို့ လာရောက် ပူဇော်ကြသည့် နတ်လူတို့သည် ဤအရှင်ထံသို့ အဖူးမြော်လာရောက်ကြသည်။ ရောက်လာသူတို့အား အတွေ့အမြင်ခံ၍ အထိုက်အလျောက် တရားဟောကြား ရသေးသည်။ ဤအရှင်၏ အလိုတော်မြတ်မှာ ဖလသမာ ပတ်ဖြင့်သာ ချမ်းသာစွာ နေလိုခဲ့သည်။ထို့ကြောင့် မန္တာဏီ ပုဏ္ဏားမကြီး၏သား တူတော်သူ ပုဏ္ဏလုလင်ကို ရှင် ရဟန်းပြုပေးသည်။ ဘုရားရှင်ထံ အပ်နှံထားခဲ့သည်။ ထို့နောက် ဘုရားရှင်ကို လျှောက်ထားခဲ့ပါသည်။

"ကျေးဇူးတော်ရှင် ဘဘုရား၊ တပည့်တော်အဖို့ ရွာနီးကျောင်းဟာ သပ္ပါယမဖြစ်ပါ။ လူသူလေးပါးနှင့် ရောပြွမ်း၍ တာရှည်စွာ နေရန်မစွမ်းပါ။ မဟာကရုဏာ တော်ရှေ့ထား၍ တပည့်တော်ကို လျော်ရာအရပ်သို့ မြန်း ခွင့်ပြုတော်မူပါဘုရား"ဟူ၍ လျှောက်ထားဖြစ်သည်။

ထိုအချိန်တွင် ဤအရှင်၏အလိုကို ဘုရားရှင်နှင့် အဂ္ဂသာဝကကြီး နှစ်ပါးသာလျှင် အဓိပ္ပါယ်သိတော် မူကြသည်။ အကြောင်းမသိသော သာဝကများအဖို့ ထူးဆန်းနေကြသည်။ နားချမ်းသာကြမည် မဟုတ်ကြ။

ဘုရားစင်စစ် ဧကန်ဖြစ်မည်ဟု လက်ညှိုးတစ် ချောင်းတည်းထောင်၍ ဝေဒပညာဖြင့် အတတ်ဟောခဲ့ သည်။ အလောင်းတော် တောထွက်အလာကို တစ် ယောက်တည်း နှစ်ဆယ့်ကိုးနှစ်တိုင်တိုင် ရသေ့ဘဝဖြင့် ဆင်းရဲခံကာ စောင့်ဆိုင်းလာခဲ့သည်။ အလောင်းတော် ဒုက္ကရစရိယာ မကျင့်မီတုန်းကလည်း တစ်ယောက်တည်း ဆွမ်းတာဝန်ယူခဲ့ဖူးသည်။

သစ္စာလေးပါးတရားတော်ကို နာကြားပြီးလျှင် ပြီးချင်း၊ ဤအရှင်သည် အဦးဆုံး အရိယာသာဝကဖြစ် ခဲ့သည်။ ယနေ့အထိ ဘုရားရှင်၏ ခြေတော်ရင်းတွင် ဝတ်ကြီးဝတ်ငယ် ပြုဆဲဖြစ်ခဲ့သည်။ ခုတော့ ဘုရားရှင်၏ ခြေတော်ရင်းမှ အပြီးအပိုင် ခွဲခွာသွားရတော့မည်။

"ငါ့သားတော်ကြီး အညာသိ ကောဏ္ဍည၊ဘယ် အရပ်ကို သွားပြီး သီတင်းသုံးမယ်လို့ အာရုံပြုသလဲ"

"သားတော်ဟာ ဟိမဝန္တာတောင်မြင့်တန်းကြီး ရဲ့ တစ်ခုသောဒေသ ဆဒ္ဒန်ဆင်မျိုး ရှစ်ထောင်နေကြသည့် မဏ္ဍာကိနီရေကန်ရှိရာဆီကိုသွားပြီး အသက်ထက်ဆုံး နေပါမယ်ဘုရား"

■ဆက်လက်ဖော်ပြပါမည်

ချမ်းမြေ့မြိုင်ဆရာတော်ဘုရား

၈

ဩဝါဒကောက်နှတ်ချက်

ခါးဝတ်ပမာ သီလမြဲပါစေ

ခါးဝတ်မပါလျှင် လူထဲသူထဲမှာ မတင့်တယ်ဘူး။ အရှက်တကွဲ အကျိုးနည်းဖြစ်ရတယ်။ခါးဝတ်ပါတာတောင် ဟိုနား၊ သည်နားက ပေါက်နေ ပြဲနေမယ်ဆိုလျှင် မဝံ့ တဝံ့ ဖြစ်နေရသေးတယ်။ ဒီလိုပါပဲ ကိုယ်ကျင့်သီလမရှိ လျှင်၊ မလုံခြုံလျှင်၊ သူတော်ကောင်းတို့ အလယ်မှာ မတင့်တယ်ပါဘူး။ အရှက်ကွဲရတယ်။ သံသရာမှာ အခက် ကြုံရတယ်။ လူနုံလူမွဲ၊ လူဆင်းရဲဖြစ်ရတယ်။ ငရဲတိရစ္ဆာန် ပြိတ္တာဖြစ်ရတယ်။ ဒါကြောင့် ကိုယ်ကျင့်သီလ ကောင်းမွန် စွာ ကျင့်သုံးကြ၊ သီလလုံခြုံကြပါစေ။

■

(က)

မီးမီး။ "ဘုန်းဘုန်း . . သူက ဘာလို့ ငိုတာလဲ . . ."

ဘုန်းဘုန်း။ "သြော် . . ဟိုဘက်မှာ တွေ့လား . . ."

မီးမီး။ "ဟုတ်တယ်လေ၊အဲဒါ ဘုရားအိပ်နေတာ မဟုတ်ဘူးလား။သူက ဘုရားအိပ်နေတဲ့ အနားလာပြီး ဘာလို့ ငိုနေတာလဲ . . ."

ဘုန်းဘုန်း။ "ဘုရားအိပ်နေတယ်လို့ မပြောရဘူး၊ဘုရား အိပ်တာကို ဘုရားကျိန်းစက်တော်မူတယ်လို့ ပြောရတယ်။ ဒါကတော့ ဘုရားကျိန်းစက်တော်မူတာလည်း မဟုတ်ဘူး။ ပရိနိဗ္ဗာန်ပြုတာ . . ."

မီးမီး။ "အိပ်တာမဟုတ်ဘူး၊ ဘာပြုတာ။ဘုန်းဘုန်း ရော အဲလိုလုပ်တတ်လား။

ဘုန်းဘုန်း။ "ဟာ . . မလုပ်တတ်ပါဘူး၊ ဘုရားပရိနိဗ္ဗာန်ပြုတယ်ဆိုတာ၊ အဲ. . ဘုရားသေတာကို ပြောတာ"

မီးမီး။ "သြော် ဒါကြောင့်မို့ ငိုတာလား၊ ဒါဆို သူက ငိုပြီး၊ ဟော ဟို သူကတော့ ဘာလို့ မငိုတာလဲ"

ဘုန်းဘုန်း။ "သူက ကလေးမို့ ငိုတာလေ၊ သူကတော့ လူကြီးမို့ မငိုတော့ဘူး"

မီးမီး။ "ဟုတ်တယ် ၊ ဟုတ်တယ်။ သမီးလည်း ငယ်ငယ်က ငိုတယ်။ ကြီးလာတော့ မငိုတော့ပါဘူး"

(ခ)

ကလေးကလား အမေးစကား

ရှင်အာဆာရ

အခ်ိန်က (၈-၂-၂၀၀၂) ဖြစ်ပါတယ်။ ဓမ္မစေတီဆရာတော် ဘဒ္ဒန္တကောသလ္လ(M.A)ရဲ့ အာဘော် အတိုင်း ပြောရရင် ကမ္ဘာမှာ တစ်ခုတည်းရှိတဲ့ မရမ်းကုန်း ထေရဝါဒ ဗုဒ္ဓသာသနပြုတက္ကသိုလ်က မြန်မာနိုင်ငံ သံဃာ သုံးသိန်းထဲမှာ ဆယ့်နှစ်ပါးပဲရှိတယ် ဆိုတဲ့ Ph.D ဘွဲ့ကြို ဆရာတော်များ သာသနာရေးမှာ အရမ်းတက်ကြွနေတဲ့ အချိန်ပေါ့။ ခရီးစဉ်ကတော့ အညာလောက် နေမပူပေမယ့် အညာထက် နှစ်ဆ သုံးဆလောက်ပိုပြီး ဖုန်ထူတဲ့ ခရီးပါပဲ။ သာသနာပြုခရီးစဉ်၊ ဘုရားဖူး ခရီးစဉ်၊ လေ့လာရေးခရီးစဉ် . . ။ အမည်အမျိုးမျိုး ပေးလို့ ရပါတယ်။ အဓိကအကြောင်းရင်းကတော့ ဓမ္မစေတီဆရာတော် ဘဒ္ဒန္တကောသလ္လရဲ့ တရားပွဲခရီးစဉ်ပါ။ ဓမ္မခရီးစဉ်ပဲ ဆိုပါစို့။ ခရီးစဉ်မှာ ဓမ္မကထိကဆရာတော် အပါအဝင် ရဟန်းငါးပါးနဲ့ ဆရာတော်ရဲ့ တပည့် ဒကာ၊ ဒကာမများ ပါဝင်ကြပါတယ်။ တရားပွဲက ဇလွန်မှာ ဖြစ်ပါတယ်။ရန်ကုန်-ဇလွန်ဓမ္မခရီးမှာ ပထမဆုံး ဘုရားဖူး ဖြစ်ကြတာက ဓနုဖြူမြို့ ကျိုက်ကလွန်ဗွန်းစေတီတော်ဖြစ်ပါတယ်။

စေတီတော် ဝင်းထဲက ဗုဒ္ဓဝင် ပြခန်း တစ်ခုအရောက်မှာ အဖွဲ့ထဲက အင်ယန်ဆုံး ဒုတိယတန်းကျောင်းသူ လေး မခင်မေစိုး သွက်လက်စပ်စုတတ်တာကို စတွေ့ရတော့တာပါပဲ။

ဗုဒ္ဓဝင်ပြခန်းမှာ ဘုရားလောင်း ဖွားတော်မူခန်းကနေ ဘုရားရှင် ပရိနိဗ္ဗာန် စံတော်မူခန်း အထိ သရုပ်ဖော်ထားပါတယ်။ ပရိနိဗ္ဗာန်စံခန်းမှာ ဘုရားရှင် ပရိနိဗ္ဗာန်စံနေတော်မူဟန်၊ ဘုရားရှင်ရဲ့ခေါင်းရင်းဘက်မှာ အရှင်မဟာကဿပ ရဟန္တာအရှင်မြတ် ဘုရားရှင်ပရိနိဗ္ဗာန်စံတော်မူတာကို အကြောင်းပြုပြီး ဓမ္မသံဝေဂပွားကာ ရင့်ကျက်တဲ့ ဂ္ဂန္ဒြေနဲ့ တည်တည်ကြည်ကြည် ထိုင်နေတော်မူဟန်၊ ဘုရားရှင်ရဲ့ ခြေတော်ရင်းမှာ သောတာပန်မျှသာ ဖြစ်တဲ့ အရှင်အာနန္ဒာ ကိုယ်တော်မြတ် ဘုရားရှင် ပရိနိဗ္ဗာန်စံယူသွားပြီမို့ ပူဆွေးသောကနဲ့ ငိုမဲ့မဲ့ဖြစ်နေဟန်တို့ကို သရုပ်ဖော်ထားပါတယ်။ တွေ့ရခဲတဲ့ ဗုဒ္ဓဝင်သရုပ်ဖော်ပုံတော်ပါပဲ။ အဲဒါကိုကြည့်ပြီး မခင်မေစိုးက စပ်စပ်စုစု မေးတာပါ။ သူမေးသမျှကို အလိုက်သင့် ဖြေပေးနေတော့ သဘောကျ ပျော်ရွှင်နေပုံရပါတယ်။

(၇)

ဗုဒ္ဓဝင်ပြခန်းထဲမှာ စပ်စုတတ်တဲ့ ကလေးငယ်ကို သူလက်ခံနိုင်ရုံ အလိုက်သင့် ဖြေပေးခဲ့ရပါတယ်။ တကယ်တော့ အဲဒီ ကလေးကလား အမေးစကားတွေဟာ အပြည့်အစုံ ဆိုရင်တော့ ကြီးကျယ်လေးနက်တဲ့ မေးခွန်းတွေပါပဲ။ စိတ်ဝင်စားစရာလည်း ကောင်းပါတယ်။

ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူတာကို ကလေးနားလည်အောင် ဘုရားသေတာလို့ ဖြေလိုက်ရပေမယ့် တိကျတဲ့ အဖြေမှန် မဟုတ်ပါဘူး။ အဘိဓမ္မာသဘောအရကြည့်ရင် သတ္တဝါတစ်ဦး တစ်ယောက်သေဆုံးတဲ့အခါ လက်ရှိဘဝရဲ့ နောက်ဆုံးစိတ်ဖြစ်တဲ့ စုတိစိတ် ဖြစ်ချုပ်ပြီးတာနဲ့ ဆက်တိုက်ကာလမခြားဘဲ၊ နောက်ဘဝအသစ်ရဲ့အစ ပဋိသန္ဓေစိတ် ဖြစ်ပေါ်လာပါတယ်။ဘဝဟောင်း စုတိစိတ်နဲ့ ဘဝသစ် ပဋိသန္ဓေစိတ်တို့ဟာ ဖြစ်စဉ်တစ်ဆက်တည်းပါ။ သေခြင်းရဲ့ နောက်ဆက်တွဲအဖြစ် မွေးဖွားခြင်း လာရပါတယ်။ ဒီလိုနဲ့ သတ္တဝါတွေ ဘဝသံသရာလည်ကြရတာပါ။ ဘုရားရဟန္တာတို့ရဲ့ စုတိစိတ်နောက်မှာတော့ ပဋိသန္ဓေစိတ် မရှိတော့ပါဘူး။ ဘုရားရဟန္တာ အရိယာသူတော်မြတ်တွေဟာ လက်ရှိဘဝ၊ လက်ရှိခန္ဓာ ချုပ်ငြိမ်းပြီးရင် နောက်ထပ်ဘဝဒုက္ခ ခန္ဓာအသစ် မရရှိတော့ပါဘူး။ လုံးဝငြိမ်းအေးသွားပါတယ်။ ဒါကြောင့် သာမန်သတ္တဝါတွေရဲ့ သေဆုံးခြင်းနဲ့ သံသရာဝဋ်မြစ်ကို တူးဖြိုဖြတ်တောက်ပြီးဖြစ်တဲ့ ဘုရားရဟန္တာ အရှင်မြတ်တို့ရဲ့ ပရိနိဗ္ဗာန်ဟာ မတူပါဘူး။

လောကမှာ သူသူငါငါ နားလည်လက်ခံထားတဲ့ သေဆုံးမှုကို သမ္မုတိမရဏလို့ ခေါ်ပါတယ်။သတ္တဝါတို့ရဲ့ ခန္ဓာအစဉ် ခဏမစဲ ဖြစ်ချုပ်ပြောင်းလဲနေတာကို ခဏိကမရဏလို့ ခေါ်ပါတယ်။ ဘုရားရဟန္တာ အရှင်သူမြတ်တို့ ပရိနိဗ္ဗာန် စံတော်မူတာကိုတော့ သမုစ္ဆေဒမရဏလို့ ခေါ်ပါတယ်။ ဒီလိုသတ်မှတ်ချက်ရှိနေတော့ ဘုရားရှင်ရဲ့ ပရိနိဗ္ဗာန်ကို နောက်ဆုံးသေခြင်းလို့ ခေါ်မယ်ဆိုရင်တော့ ရနိုင်ပါတယ်။ သမုစ္ဆေဒ မရဏပေါ့။

(ဃ)

နောက်တစ်ခုက ဘုရားရှင် ပရိနိဗ္ဗာန်စံတဲ့အခါ အရှင်အာနန္ဒာက ကလေးမို့ငိုတယ်၊ အရှင်မဟာကဿပကတော့ လူကြီးမို့ မငိုဘူးလို့ ကလေးနားလည်အောင် လွယ်လွယ်ပဲ ဖြေခဲ့ရပါတယ်။ဒီနေရာမှာလည်း အသက်အရွယ်အားဖြင့် ကြည့်မယ်ဆိုရင်တော့ ဘုရားရှင်ရဲ့ ဖွားဖက်တော်ဖြစ်တဲ့ ညီတော် အာနန္ဒာဟာ ဘုရားရှင် ပရိနိဗ္ဗာန်ပြုချိန်မှာ သက်တော်ရှစ်ဆယ်ရှိနေပြီမို့ မငယ်တော့ပါဘူး။ ကလေးမဟုတ်တော့ပါဘူး။ "အာနန္ဒာထေရ၊ ဘွဲ့ငါးထွေ၊ရလေတေဒဂ်"ဆိုတဲ့ အတိုင်း ဗဟုသုတအများဆုံး၊သတိအကောင်းဆုံး၊ ပညာအတတ်ဆုံး၊ လုံ့လအကြီးဆုံး၊ ဘုရားရှင်ကို လုပ်ကျွေးတဲ့ နေရာမှာ အကျွမ်းကျင်ဆုံး ဖြစ်တော်မူတာကြောင့် ဂုဏ်အားဖြင့်လည်း ထိပ်တန်းကပါပဲ။ ဒါပေမယ့် မဂ်အဆင့်၊ဖိုလ်အဆင့်၊အရိယာအဆင့်နဲ့ ကြည့်မယ်ဆိုရင်တော့ သောတာပန်မျှသာ ဖြစ်သေးတဲ့ အရှင်အာနန္ဒာဟာ ငယ်ပါသေးတယ်။ကလေးပါပဲ။ ရဟန္တာဖြစ်တဲ့ အရှင်မဟာကဿပ လောက် မရင့်ကျက်၊ မတည်ငြိမ်သေးပါဘူး။

လောကမှာ ငိုတယ်ဆိုတာ ကလေးတွေအလုပ်လို့ ယေဘုယျ သတ်မှတ်ထားကြပါတယ်။ အငိုမျက်ရည်ကို အားနဲ့သူ မိန်းမသားတွေရဲ့ သင်္ကေတလို့ ဆိုကြပါသေးတယ်။ တကယ်တော့ အငိုဆိုတာ ကလေး လူကြီး၊ ယောကျ်ားမိန်းမ အားလုံးနဲ့

သက်ဆိုင်ပါတယ်။ မင်ဖူးတဲ့သူ မရှိပါဘူး။အားငယ် အားနွဲ့တတ်ရင် ငိုကြတာပါပဲ။ အားငယ်တယ်ဆိုတာ ကြောက်တာပါပဲ။ မကျေမနပ် မခံမရပ်ဖြစ်တဲ့အခါ ငိုကြပါတယ်။ကြောက်တယ်၊ မကျေမနပ် မခံမရပ်ဖြစ်တယ်ဆိုတာ ဒေါသကြောင့် ဖြစ်ရတာပါ။ လိုချင်တာ မရရင်၊ နှစ်သက်မြတ်နိုးတဲ့အရာ ပျက်စီးဆုံးရှုံးသွားရင် သောကပွားရတတ်ပါတယ်။ ပူဆွေးသောက ရောက်တဲ့အခါ ငိုကြပါတယ်။သောက ဆိုတာလည်း ဒေါသပါပဲ။ ဘယ်လို အကြောင်းကြောင့်ပဲ ဖြစ်ဖြစ် ကြောက်ရွံ့အားငယ်တယ်၊ မခံမရပ် မကျေမနပ်ဖြစ်တယ်၊စိုးရိမ်သောက ပွားတယ်ဆိုရင် အရင်းခံ အကြောင်းက ဒေါသဖြစ်ပါတယ်။ ဘယ်ပုံစံနဲ့ ငိုငို၊ ဘယ်သူပဲငိုငို ဒေါသကြောင့် ငိုတယ်လို့ သတ်မှတ်ရပါမယ်။

ဒီတော့ ဒေါသရှိရင် ငိုရမယ်။ ဒေါသမရှိရင် မငိုရတော့ဘူး။ ဒေါသကို ထိန်းထားနိုင်ရင် အငိုကို မျိုသိပ်ထားနိုင်မယ်။ဒေါသတွန်းအားကို မခံနိုင်ရင် ဖွင့်အန်ငိုချမိမယ်။ ရင်ထဲမှာ ကျိတ်ငိုနေတယ် ဆိုရင်လည်း ဒေါသမီး၊တမြည့်မြည့် စွဲနေပြီလို့ နားလည်ရပါမယ်။ အကြောက်အလန့်၊ အငိုအရှိုက်နဲ့ မကျေနပ်မှုတွေကို သိမ်မွေ့တဲ့ဒေါသလို့ ဆိုပါတယ်။ ပယ်ဖို့ ခက်ပါတယ်။ အရိယာမဂ်နဲ့ သုံးကြိမ်ဖြတ်မှ အမြစ်ပြတ်ပါတယ်။

ဘုရားရှင် ပရိနိဗ္ဗာန်စံချိန်မှာ အရှင်အာနန္ဒာဟာ သောတာပန်အဆင့်သာ ရှိသေးတာမို့ ဒေါသကို အမြစ်ပြတ် မသုတ်သင်ရသေးပါဘူး။ ဒါကြောင့် ဗုဒ္ဓဝင် ပရိနိဗ္ဗာန်စံခန်းမှာ အရှင်အာနန္ဒာ ငိုနေတဲ့ဟန် သရုပ်ဖော်ထားတာ ဖြစ်ပါတယ်။ အငိုကို ဖြစ်စေတတ်တဲ့ ဒေါသကို အနာဂါမ်ဖြစ်ရင် အမြစ်ပြတ်သုတ်သင်နိုင်တာမို့ ရဟန္တာအဆင့် ရောက်နေပြီဖြစ်တဲ့ အရှင်မဟာကဿပကိုတော့ သောကကင်းကင်းနဲ့ လေးနက်တည်ကြည်နေတဲ့ဟန် သရုပ်ဖော်ထားတာပါ။ အရိယာသူမြတ်တို့ရဲ့ သဘာဝနဲ့ ဒေါသရဲ့ စွမ်းအားကို ဖော်ညွှန်ထားတဲ့ ဗုဒ္ဓဝင် သရုပ်ဖော်ပုံဖြစ်ပါတယ်။

(၈)

ဒီလောက် ရှည်ရှည်ဝေးဝေးတော့ စပ်စုတတ်တဲ့ ကလေးငယ်ကို ရှင်းမပြခဲ့ရပါဘူး။ ဒါပေမယ့် သူမေးသမျှကို အလိုက်သင့် ဖြေပေးပြီး သူ့ရဲ့စပ်စုမှုကို ထောက်ခံအားပေးခဲ့ပါတယ်။ စပ်စုတာဟာ အသိဉာဏ်တိုးပွားကြောင်းပါ။ အထူးသဖြင့် ကလေးငယ်မျှားအတွက် အလွန်ကောင်းတဲ့ လက္ခဏာပါပဲ။ စပ်စုခြင်းဟာ ထက်မြက်တဲ့ ဗီဇဉာဏ်ရဲ့ လှုံ့ဆော်မှုကြောင့် ဖြစ်ပေါ်လာရတာပါ။ အသိဉာဏ်ကို အခြေခံတဲ့ စောကြောမေးမြန်း စပ်စုခြင်းဟာ အသိဉာဏ်တိုးပွားကြောင်း ဖြစ်ပါတယ်။ ဒါပေမယ့် အသိဉာဏ်အခြေခံ အားနည်းရင်တော့ ပတ်ဝန်းကျင်အကြောင်းလောကအကြောင်း စိတ်ဝင်စားမှုနည်းပြီး မမေးမြန်း မစပ်စုတတ်ပါဘူး။ အသိဉာဏ် ပွင့်လင်းဖို့ လမ်းပိတ်နေပါတယ်။ ဒီတော့ ဉာဏ်ရည်အခံကောင်းလို့ စပ်စုတတ်တဲ့ ကလေးတွေရဲ့ ပင်ကိုယ်ဉာဏ်ရည်ကို နှိုးဆွမြှင့်တင်ပေးနိုင်အောင် ကလေးတွေ စပ်စုတာကို လူကြီးတွေ စိတ်ရှည်ကြရပါမယ်။ သူတို့သိလိုသမျှ၊ သူတို့ မေးမြန်းတိုင်း သူတို့ဉာဏ်ရည်နဲ့ ထိုက်တန်တဲ့အဖြေမျိုး စိတ်ရှည်ရှည်နဲ့ ဖြေပေးဖို့လိုပါတယ်။

အထူးသဖြင့် ဘာသာရေးမှာ ကလေးတွေစပ်စုတာကို အားပေးသင့်ပါတယ်။ ဘာသာရေးနဲ့ ပတ်သက်လို့ စပ်စုမေးမြန်းတာကို ပိတ်ပင်တားမြစ်ခံရတဲ့ ကလေးဟာ ဘာသာရေးကို စိတ်ပျက်သွားနိုင်ပါတယ်။ ဘာသာရေးကို ကလေးတွေ စိတ်ပျက်သွားရင် ကလေးရော သာသနာပါ နစ်နာပါတယ်။ ဒါမှမဟုတ် ဘာသာရေးက စစ်ကြောဆင်ခြင်ကောင်းတဲ့ အရာမဟုတ်ဘူး၊မျက်စိမှိတ် ယုံကြည်ရမယ့်အရာဖြစ်တယ်လို့ စွဲမြဲထင်မှတ်သွားနိုင်ပါတယ်။ ပတ်ဝန်းကျင်ကောင်းလို့ အစဉ်အလာအရ ဘာသာရေးနဲ့ ဆက်နွယ်ကြီးပြင်းလာဦးတော့ ဘာသာရေးမှာ ပေါ့ပျက်ပျက် ဖြစ်သွားနိုင်ပါတယ်။ ဘယ်အရာမဆို ပညာဦးဆောင်မှ အဓိပ္ပါယ်လေးနက်ပါတယ်။ အစဉ်အလာ လက်ခံယုံကြည်မှုနဲ့တော့ အနာဂတ် သာသနာဟာ အဓိပ္ပါယ်ရှိမလာနိုင်ပါဘူး။ ကလေးတွေရဲ့ ဘာသာသွေးစင်ကြယ် မွန်မြတ်လာအောင် ကလေးတွေကို အစဉ်အလာလမ်းကြောင်းပေါ် တင်ပေးရပါမယ်။ ဒါ့ပြင် အစဉ်အလာလမ်းပေါ်မှာ ပညာအလင်းအားကိုးနဲ့ မားမားမတ်မတ် လျှောက်လှမ်းနိုင်အောင် ပံ့ပိုးပေးရပါမယ်။ဒါမှသာ အနာဂတ်သာသနာဟာ အဓိပ္ပါယ်ရှိရှိ တည်တံ့ပြန့်ပွားနိုင်ပါလိမ့်မယ်။ လေးနက် ခန့်ညားနေပါလိမ့်မယ်။ သာသနာ့ဝန် ပခုံးပြောင်းယူမယ့် သွေးသစ်တွေကို အဖိုးတန်တဲ့အမွေ ထားပေးခဲ့နိုင်အောင် ဆောင်ရွက်ကြပါစို့။

■ ရှင်အာစာရ

အဆွေခင်ပွန်းကို ပူဇော်ပါ

ကျော်လှိုင်

လောကၽ် ထင်ပေါ်ကျော်စောသူများရှိသည်။ ထို ထင်ပေါ်ကျော်စောသူတိုင်း မီးတောက်မီးလျှံကြီးလို လျှမ်းလျှမ်းတောက်သည် မဟုတ်ပါ။ မီးတောက် မီးလျှံကြီးလို လျှမ်းလျှမ်းတောက်သူကို ထိုထင်ပေါ်ကျော်စော သူများကပင် လေးစားချစ်ခင်ရသည်။ ထင်ပေါ်ကျော်စော သူတွေထက် သာလွန်သည်မှာ အဘယ့်ကြောင့်ပါနည်း။ အဆွေခင်ပွန်းကို မပြစ်မှားၗ်ဖြစ်သည်။ အဆွေခင်ပွန်းကို ပူဇော်ၗ် ဖြစ်သည်။ အဆွေခင်ပွန်းကို ပြစ်မှားသူမှာ လဆုတ်ရက်ထွက်သော လကဲ့သို့ မှောင်နေတတ်သည်။ အသရေ ယုတ်လျော့တတ်သည်။ မှိန်နေတတ်သည်။

အဆွေခင်ပွန်းဆိုရာၗ် လူသာမဟုတ်၊ အဟိတ် တိရစ္ဆာန်လည်း ပါသည်။ ဆင်၊ မြင်း၊ ကျွဲ၊ နွား စသည် တို့မှာ ပျိုနုစဉ်က သခင်စေရာ တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည်။ သခင့်စီးပွားကို ရွက်ဆောင်ခဲ့ကြ သည်။ တိရစ္ဆာန်ပင်ဖြစ်သော်လည်း လူတို့၏ မိဘ၊ ဆွေ မျိုးညာတိဖြစ်ခဲ့သည်။ ဤသို့ ကျေးဇူးရှိသော တိရစ္ဆာန် တို့ကိုပင်သော်လည်း အိုမင်းမစွမ်း ရှိသောအခါ မပစ်ပယ် သင့်ချေ။ ပစ်ပယ်က အဆွေခင်ပွန်း ပြစ်မှားသည်မည် ၏။ ထိုထက်အလွန် ယုတ်မာသောအားဖြင့် သတ်စား

ပါမူကား အသရေလျှော်၏။ အသရေ ညှိုးမှိန်၏၊ တန်ခိုးယုတ်၏။ ထို့ကြောင့် မယဒေဝလက်ာသစ် (ပိုဒ်ရေ ၁၉၈) ၌ -

"ကျေးဇူးချေကာ၊ မပြုရာတည့်၊
လူသာမဟုတ်၊ အယုတ်တိရစ္ဆာန်၊
မှုဝန်ဆောင်ဘိ၊
ဟတ္ထိ' အ-ဿ' ဂေါဏ' မဟိသာ၊ စသည်
မှာလည်း၊
ပျိုခါစေစား၊ အိုခါရှား၍၊
စွန့်ထားပယ်ကာ၊ မပြုရာဘူး၊
ပြုပါတုံက၊ မိတ္တဒုဗ္ဗိ၊
မညီ ဓမ္မ၊ လူပါပတည့်၊
ထိုမှတစ်ပါး၊ ထို့အသားကို၊
သတ်စား၊ ဖြတ်စား၊ ပြုငြားတတ်မူ၊
ထိုသည့် သူကား၊
လူတွင်မိုက်လှ၊ လူဗာလတည်း၊
ပါပတရာ၊ လွန်ယုတ်မာရှင့်၊
မာတာ' ပိတု၊ ဗဒ္ဓါ' ဉာတိ၊
စရှိအလား၊ ထိုကျွဲနွားတို့၊
လုပ်စားအတူ၊ လူနှင့်တကွ၊
ကိစ္စဆောင်ရွက်၊ သက်မွေးဖက်ဖြင့်၊
ဆက်ဆက်စင်စစ်၊ မိတ်ရင်းဖြစ်၏။
ဤလူ့ဘဝ၊ လူ့လောကနှိုက်၊
ကတညုတ၊ ကတဝေဒီ၊
မသိတတ်သူ၊လူမသမ္မာ၊ ထိုမျှားစွာတို့၊
ချမ်းသာစီးပွား၊ လျော့ပါးယိမ်းယိုင်၊
မြေမခိုင်ဘူး၊ဓမ္မကရိဏ်စစ်ရေ၊ ကျဖျားရေသို့၊
သရေမတိုး၊ ဘုန်းရောင်ညှိုးလျက်၊
တန်ခိုး နေ့ည၊ ဆုတ်လပမာ၊
ယုတ်တတ် စွာ၏။"

ဟု မန်လည်ဆရာတော်ဘုရားကြီး ရေးစပ်တော်မူပါသည်။

ရှင်ဖြစ်စေ၊ လူဖြစ်စေ၊ အဆွေခင်ပွန်းကို ပြစ်မှားသူမှန်က အရောင်အဝါ မတောက်ပချေ။ မှိန်တတ်သည်။ အဆွေခင်ပွန်းကို ပြစ်မှားခြင်း၊ ကျေးဇူးကို ချေဖျက်ခြင်းကြောင့် လူချင်းမတူဘဲ နေရာတကာမှာ သိမ်ငယ်နေရတတ်သည်။ ထို့ကြောင့် အနည်းငယ်သော ကျေးဇူးကိုပင်သော်လည်း သိတတ်ရသည်။ ဆပ်နိုင်ရသည်။

ကျေးဇူးသိတတ်သူထဲတွင် ရှင်သာရိပုတ္တရာလည်း ပါသည်။ (ရာဓ)ပုဏ္ဏား ရဟန်းအဖြစ်တောင်းသောအခါ ထောက်ခံမည့်သူမရှိ ဖြစ်နေ၍ ပုဏ္ဏားခမျာ အခက်တွေ့နေရသည်။ သူ့ခမျာ ရဟန်းအဖြစ်မရ၍ ပိန်ကြုံညှိုးလျော်နေရပါသည်။ မြတ်စွာဘုရားက သူ့ကို မြင်တော်မူလျှင် ရဟန်းတို့ကို ခေါ်၍ အကျိုးအကြောင်း မေးတော်မူပါသည်။ ရဟန်းတို့က သူ့ကို မထောက်ခံ၍ ရဟန်းမပြုရသဖြင့် ဤသို့ ပိန်ကြုံ ညှိုးလျော်နေရကြောင်း လျှောက်ထားကြပါသည်။ ထိုအခါ မြတ်စွာဘုရားက-

"ထို ပုဏ္ဏား၏ ကျေးဇူးကို မည်သူသတိရသနည်း"ဟု မေးတော်မူပါသည်။ ရှင်သာရိပုတ္တရာက-

"တပည့်တော် သတိရပါသည်"ဟု လျှောက်သည်။

"ဘာကို သတိရပါသနည်း"ဟု မေးတော်မူသောအခါ ရှင်သာရိပုတ္တရာက-

"ဤ ရာဇဂြိုဟ်မြို့တွင်း၌ တပည့်တော် ဆွမ်းခံဝင်သော် တပည့်တော်အား ဤပုဏ္ဏားသည် ဆွမ်း တစ်ယောက်မ လောင်းဖူးပါသည်။ ဤကျေးဇူးကို သတိရပါသည်"ဟု လျှောက်၏။ ထိုအခါ မြတ်စွာဘုရားက-

"ကောင်းလေစွ သာရိပုတ္တရာ၊ ကျေးဇူးကို သိတတ်ပေ၏။ ကျေးဇူးပြုဖူးသည်ကို သိတတ်ပေ၏" ဟု ချီးမွမ်းတော်မူပြီး ထိုပုဏ္ဏားကို ဥ ဗ္ဘိစတုတ္ထကမ္မဝါ အဖြစ် ရဟန်းပြုပေးစေတော်မူပါသည်။

(ဝိနယ၊ မဟာဝဂ္ဂ၊ ၇၀)

အဆွေခင်ပွန်းကို ပူဇော်သဖြင့်လည်းကောင်း၊ သူ့ကျေးဇူးကို သိတတ်သဖြင့်လည်းကောင်း တန်ခိုးအရောင်အဝါ ထွန်းထိန်တောက်ပသည်မှာ ဘယ်လိုမျိုးပါနည်း။ ကိုးကွယ်ထားသည့် နတ်တွေ သပ်သပ်ရပ်ရပ်နှင့် အင်မတန်မှ တောက်ပတင့်တယ်သလို တောက်ပတင့်တယ်လှပေ၏။

လောကဌ် မိသားစုအတွက်လည်းကောင်း၊အဖွဲ့အစည်း တစ်ခုခုအတွက်လည်းကောင်း၊ ရပ်ကွက်ကျေးရွာအတွက်လည်းကောင်း၊ မြို့နယ်၊ တိုင်း၊ ခရိုင်အတွက်လည်းကောင်း၊ နိုင်ငံအတွက်လည်းကောင်း ကျေးဇူးဆောင်ဖူးသော ပုဂ္ဂိုလ်(များ) ကမ္ဘာ့အနှံ့အပြား၌ အထင်အရှား ရှိခဲ့ဖူးသည်။ ရှိလည်း ရှိနေကြသည်။ ဤပုဂ္ဂိုလ်(များ)သည် ထိုထိုမိသားစု စသည်တို့၏ အဆွေခင်ပွန်းကြီးများ ဖြစ်၏။ ကျေးဇူးရှင်ကြီးများ ဖြစ်၏။ မြန်မာလူမျိုးတို့မှာ အကျင့်တစ်ခုရှိသည်။ ထိုအကျင့်ကား သက်တော်

အဆွေခင်ပွန်းကို ပြစ်မှားခြင်းမရှိ၊ လေးမြတ်ကော်ရော် ပူဇော်သူမှာ လျှမ်းလျှမ်းတောက် ကျော်စောရုံမျှမက ဘုန်းကျက်သရေလည်း တိုးသည်။ ဘုန်းတန်ခိုး၊ ပညာ၊ အသရေ အထွေထွေတိုးတက်သည်။ အလွယ်ဆုံးဆိုရလျှင် သိဒ္ဓိမြောက်နေသည်။

ရှည် မစိုးရိမ်ဆရာတော်ကြီး၏ စကားတော်အတိုင်း ဆိုရပါလျှင် -

"ယနေ့ အဓိပတိ၊
နက်ဖြန် အသိမရှိ"

ဖြစ်ပါသည်။ ယနေ့ တန်ခိုးရှိန်ဝါကြီးမားနေသော ပုဂ္ဂိုလ်ပင် ဖြစ်စေ၊ ထိုအရှိန်အဝါ မရှိတော့ပြီဆိုပါက လူရာမသွင်းချင်တတ်ကြချေ။ ရှိခဲ့ဖူး၊ တင်ခဲ့ဖူးသော ကျေးဇူးတရားတွေကို မေ့ပစ်လိုက်ကြသည်။ မိမိတို့နှင့် ဆက်စပ်ပတ်သက်မှု လုံးဝမပြုတတ်ကြချေ။ ထိုပုဂ္ဂိုလ်(များ) မကျန်းမမာ ရှိသောအခါတောင်မှ မေးဖော်မြန်းဖော်မရ၊ ဆေးဖော်ကြောဖက်မလုပ်ဘဲ လူ့ဝတ်တရား အပျက်ခံတတ်ကြသည်။ ကျေးဇူးတရားကို ကျောခိုင်း၍ လူရိုင်းကြီးများ လုပ်တတ်ကြသည်။ မိရင်း၊ ဖရင်းကိုပင် ကျေးဇူးကန်းတတ်သူများ အထင်အရှား ရှိနေရာ ဤသို့ ကျေးဇူးရှိသူ ခင်ပွန်းကောင်းကြီး(များ)ကို ပစ်ပယ်ရာ၌ အဘယ်ဆိုဖွယ်ရာ ရှိပါအံ့နည်း။ ဤသို့ကျေးဇူးကန်းသူများ၊ အဆွေခင်ပွန်းပြစ်မှားသူများသည် မကောင်းသတင်းသာ ကျော်စောမည်။ ကောင်းသတင်း မှိန်နေမည်။ လူအများ၏ မုန်းတီးမှုကို ခံရတတ်သည်။

အဆွေခင်ပွန်းကို ပြစ်မှားခြင်းမရှိ၊ လေးမြတ်ကော်ရော် ပူဇော်သူမှာ လျှမ်းလျှမ်းတောက် ကျော်စောရုံမျှမက ဘုန်းကျက်သရေလည်း တိုးသည်။ ဘုန်းတန်ခိုး၊ ပညာ၊ အသရေ အထွေထွေ တိုးတက်သည်။ အလွယ်ဆုံးဆိုရလျှင် သိဒ္ဓိမြောက်နေသည်။ ဘာမဆို လိုရာရသည်။ စေတစ်လုံးပိုင်နေတတ်သည်။ သိရိနတ်သမီး၏ အစောင့်အရှောက်ကိုရ၍ ကိစ္စအဝဝမှာ တန်ခိုးကျွဒ္ဓိပါဒိနှင့် ပြည့်စုံနေသည့်အလား ထင်ရှားရအောင်ဖြစ်သည်။

လောကဌ် ပညာတကယ်ရှိသူ၊ဘုန်းကျက်သရေ တကယ်ရှိသူသည် ကုသိုလ်ပုညစက်နှင့် ပြည့်စုံနေသည်။ သမ္ဘတ္တိစက်ဖြစ်နေရကား သိရိနတ်သမီးသည် အဘယ်မှာ မစောင့်ဘဲ ရှိရာအံ့နည်း။

ထို့ကြောင့် ဘုရားအလောင်းတေမိမင်းသားက မိမိကို မြှုပ်သတ်မည်ဟု ကျင်းတူးနေသော သုနန္ဒာရထားထိန်းကို အဆွေခင်ပွန်းကို ပူဇော်သင့်ကြောင်း မိတ္တပူဇာ ဆယ်ဂါထာ ဟောတော်မူရာတွင် သတ္တမဂါထာအဖြစ် အောက်ပါအတိုင်း ဟောတော်မူခဲ့ပါသည်။

အဂ္ဂိ ယထာ ပဇ္ဇလတိ၊
ဒေဝတာ စ ဝိရောစတိ။
သိရိယာ အဇဟိတော ဟောတိ၊
ယော မိတ္တာနံ နဒုဗ္ဘတိ။ ။

ယော-အကြင်ပုဂ္ဂိုလ်သည်၊ မိတ္တာနံ=ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ အရိယာသာဝက၊ မိဘဘိုးဘွား၊ ဆရာသမားတို့အား၊ အဆွေခင်ပွန်းကြီးများအား၊ နဒုဗ္ဘတိ=ပြုခဲ့ရှေးဦး၊ ကျေးဇူးကိုသိ၊ သိတိုင်း ထုတ်ပြန်၊ ဟုတ်မှန်လှစ်ကြား၊ မပြစ်မှား။

သော=ထို ပုဂ္ဂိုလ်သည်။ အဂ္ဂိယထာ ပဇ္ဇလတိ=မီးတောက်မီးလျှံကဲ့သို့ လျှမ်းလျှမ်းတောက်၏။

ဒေဝတာ စ ဝိရောစတိ=ကိုးကွယ်ထားသည့်နတ်တွေ သပ်သပ်ရပ်ရပ်နဲ့ အင်မတန်မှ တောက်ပတင့်တယ်သလို တောက်ပတင့်တယ်ပါပေ၏။

သိရိယာ=ဘုန်းအသရေသည်လည်း၊ သိရိယာ=သိရီမည်သော နတ်သမီးသည်၊ ဗြီ-ဆိုတဲ့ နတ်သမီးသည်။ သိရိယာ=ဘုန်းအသရေသည်၊ ဘုန်းပညာသည်၊ အဇဟိတော=မစွန့်အပ်သည်။ ဟောတိ=ဖြစ်ပါပေ၏။

(ဆရာကြီး ဦးဆန်းထွန်း၏ နိဿယ)

ဤဂါထာအရ အဆွေခင်ပွန်းကို ပူဇော်သူသည်-

- မီးပုံကြီးကဲ့သို့ လျှမ်းလျှမ်းတောက်ကျော်စောသည်။
- နတ်တွေကဲ့သို့ တောက်ပတင့်တယ်သည်။
- ဘုန်း၊ ကံ၊ ပညာ၊ ကျက်သရေ အထွေထွေ တိုးတက်သည်၊

ထို့ကြောင့် အဆွေခင်ပွန်းတို့၏ ကျေးဇူးကိုသိ၊ သိသည့်အတိုင်း ထုတ်ဖော်၊ တတ်အားသမျှ ပူဇော်သင့်လှပေသည်။

■ကျော်လှိုင်

ဘဝကုန်သည်

နေသစ်မှူး (ငွေသာတွင်း)

(၁)

ကျုပ်နာမည်က "မဟာဓနဝါဏိဇ"လို့ ခေါ်တယ်။ မြန်မာလိုဆိုရင် "ဥစ္စာကုန်သည်ကြီး"လို့ပြောရင် ရတာပေါ့။

"ပညတ်သွားရာ ဓာတ်သက်ပါ"ဆိုသလို ကျုပ်အလုပ်ကလည်း အဝတ်ကုန်သည် အလုပ်ပါပဲ။ နေတာကတော့ ဗာရာဏသီမြို့မှာ နေတယ်။ ဗာရာဏသီကထွက်တဲ့ အဝတ်တွေကို မြို့တကာလှည့်ရောင်း၊ တစ်ခါ အဲဒီမြို့တွေကထွက်တဲ့ ကုန်တွေ ပြန်ဝယ်ပြီး ကျုပ်ဇာတိ ဗာရာဏသီမှာ ပြန်ရောင်းတယ်။အဲဒီလိုနဲ့ ကျုပ်တစ်နေ့တော့ သာဝတ္ထိမြို့သွားပြီး အဝတ်ရောင်းထွက်ဖို့ စိတ်ကူးရတယ်။ လှည်းငါးရာနဲ့ အဝတ်တွေအပြည့်တင်၊ နေ့ကောင်းရက်သာလေး ဘာလေးရွေးပြီး ဗာရာဏသီက ထွက်ခဲ့တယ်။

ကျုပ်တို့ ဗာရာဏသီနဲ့ သာဝတ္ထိကလည်း ဝေးတော့အဝေးသား၊ ကြားမှာ မြစ်တစ်စင်းက ရှိသေးတယ်။ ကျုပ်လည်း မြစ်ရောက်တော့ စဉ်းစားမိတယ်။"ခရီးကလည်း အတော်ပေါက်ပြီ၊ ဒီမြစ်ကို ကူးပြီး ဟိုဘက်ကမ်းရောက်ရင် သာဝတ္ထိမြို့က မဝေးတော့ဘူး၊ ခု-ငါတို့တစ်တွေရော၊ နွားတွေရော ပင်ပန်းလှပြီ။ ဒီမြစ်ကို ဒီနေ့မကူးသေးဘဲ နောက်နေ့မှပဲ ကူးမယ်၊ ဒီနေ့ည ဒီနေရာစခန်းချ အနားယူရရင် ကောင်းမယ်"လို့ စဉ်းစားမိတယ်။ ဒါနဲ့ ကျုပ်လှည်းသမားတို့ကို ဒီနေရာ တစ်ညနားမယ်၊ နွားတွေဖြုတ်ပြီး အစာတွေ ကျွေးကြ၊ ရေတိုက်ကြလို့ အော်ပြောလိုက်တယ်။

အခု ကျုပ်တို့ စခန်းချတဲ့ နေရာက မြစ်ဘေးဆိုတော့ သဘာဝရှုခင်းတွေက လှတယ်။ မြစ်ရေကတော့ အပြည့်မရှိပါဘူး။ အပေါ်ယံ

နည်းနည်းပဲ စီးဆင်းနေတယ်။ ကျုပ်တို့ ဖြတ်ကူးမယ်ဆိုရင် ကူးလို့ရတာပေါ့။ လှည်းဘီးတစ်ဝက် မရောက်တရောက်လောက်ပဲ ရေက နက်မယ်ထင်တယ်။ တဖြည်းဖြည်းနဲ့ နေလုံးကြီးက ဝင်လုဝင်ခင်ဖြစ်နေပြီပေါ့။ မြစ်ကြောင်းဆိုတော့ သစ်ပင်အကာအကွယ်မရှိတော့ လေကလည်း တဟူးဟူးတိုက်ခတ်နေတယ်။

ပထမတော့ လေလေးတဟူးဟူးပဲဆိုတော့ ကျုပ်ဘာမျှမပူပင်ပါဘူး၊ သိပ်မကြာခင်လည်းရောက်ရော မိုးနံ့တွေက ပါလာတယ်။ ဒါနဲ့ ကျုပ်က အပြင်ကို အကဲခတ်လိုက်တော့ "မိုးစနေ၊ လေရာဟု"ဆိုသလို စနေထောင့်မှာ မိုးသားတွေ မည်းမည်းမှောင်လို့။ ကျုပ် စိုးရိမ်စိတ်တွေဝင်ပြီး ကျုပ်ရဲ့ လှည်းသမားတွေကို သတိပေးလိုက်တယ်။ 'မိတ်ဆွေတို့ မိုးသားတွေ တရိပ်ရိပ်တက်လာပြီ၊ အဝတ်တွေ မိုးမရွှဲအောင် ဂရုစိုက်ကြ'လို့။

ကျုပ်ပြောပြီး မကြာပါဘူး၊ မိုးခြိမ်းသံတွေက တဂျိန်းဂျိန်းနဲ့လျှပ်စီးတွေကလည်း တဝင်းဝင်း၊ ကျုပ်ဘဝမှာ ဒီလောက်သဲကြီးမဲကြီး ရွာတဲ့ မိုး၊မကြုံဖူးသလောက်ပါပဲ။ရွာတော့လည်း ညလုံးပေါက်ကို ရွာချထားတာဆိုတော့ မြစ်ရေကလည်း တစ်လုံးပြည့် စီးဆင်းတယ်။ အထက်ဒေသတွေမှာလည်း မိုးသဲကြီးမဲကြီး ရွာတော့ မြစ်ရေက ကျမသွားဘူး။ တစ်ရက်ကျနိုး၊ တစ်ရက်ကျနိုးနဲ့ မျှော်ကိုးနေပေမယ့် ခုနစ်ရက်ပြည့်မှပဲ မြစ်ရေက ကျတယ်။ မြစ်ရေကျကျခြင်း ကျုပ်တို့ ဖြတ်မကူးရဲသေးဘူး။ တော်တော်လေးကြာ မြစ်ရေ အခြေအနေအကဲခတ်ပြီးမှ ဖြတ်ကူးကြတယ်။

သာဝတ္ထိမြို့ တစ်ဖက်ကမ်းရောက်တာနဲ့ ကျုပ်တို့တစ်တွေ သာဝတ္ထိမြို့ဆီ ဦးတည်မောင်းတယ်။ သာဝတ္ထိမြို့လည်းရောက်ရော နက္ခတ်ပွဲသဘင် ကစားနေတာနဲ့ ကြုံပြန်ရော။ "ကံဆိုးမသွားရာ မိုးလိုက်လို့ ရွာ"ဆိုသလို ကျုပ်တော့ ကံဆိုးမိုးမှောင်ကျပြီပေါ့။ နက္ခတ်ပွဲသဘင်ကလည်း တစ်ရက်လည်းမဟုတ်၊ ခုနစ်ရက်ကြီးများတောင်၊ မြစ်ရေကြီးလို့ ခရီးဖင့်နေတာက ခုနှစ်ရက်၊ နက္ခတ်ပွဲသဘင်နဲ့ဆုံလို့ ရောင်းမရတာက ခုနစ်ရက်ဆိုတော့ (၁၄)ရက်ကြီးတောင် အချိန်တွေ အလဟသကုန်တယ်။ အသွား၊ အပြန် ကုန်တဲ့ ရက်တွေ ထည့်ရေတာ မဟုတ်သေးပါဘူး။

ကျုပ်ကိုယ်တိုင်ရဲ့ အပြစ်ပါပဲ၊ မြစ်ကို ကူးလို့ ရလျက်နဲ့ နေ့ရွှေ့ညရွှေ့လုပ်မိတာပဲကိုး၊ မြစ်ကို တန်းကူးရင် (၁၄)ရက်ကြီး အလကားဘယ်ဖြစ်မလဲ။ခုတော့ (၁၄)ရက်တွင်ဘယ်ကတော့မလဲ၊ ကျုပ်မှာပါတဲ့ ပစ္စည်းတွေရောင်းပြီး သာဝတ္ထိမြို့ ထွက်ကုန်တွေက ဝယ်ရဦးမယ်ဆိုတော့ အချိန်တွေ အများကြီး ကုန်ရဦးမယ်။ ဘယ်သူမပြု မိမိမှုပါပဲလေ။

ဒါနဲ့ ကျုပ် အခြေအနေ အရပ်ရပ်ကို ပြန်သုံးသပ်တယ်။ဗာရာ



ဏာသီက ထွက်လာတာလည်း ကြာပြီ၊ ခုထိ ကုန်ရောင်း၊ ကုန်ဝယ် ဘာမျှမလုပ်ရသေးဘူး။ ဒီအတိုင်း လှည့်ပြန်ရင်လည်း ကျုပ်ရှုံးမှာပေါ့၊ အင်းလေ ဒီမှာပဲ နေပြီး အလုပ်လေး ဘာလေးလုပ်၊ တစ်ဖက်ကလည်း အဝတ်အထည်တွေ အရင်ကုန်အောင် ရောင်းရတော့မှာပေါ့။ အဲဒီလို ကျုပ်စဉ်းစားပြီး လှည်းတွေ့ချွတ်ခိုင်းပြီး သင့်တင့်မယ့်အရပ်ကို ရှာကြတယ်။

(၂)

ဘုရားအမှုးရှိတဲ့ သံယာတော်တွေ ဆွမ်းခံကြွရင်း ကျုပ်ရဲ့ အကြံအစည်တွေကို သိတော်မူလို့ ပြုံးတော်မူတယ်ဆိုပဲ။ အဲဒါကို အရှင်အာနန္ဒာက မေးလျှောက်တော့ ကျုပ်သာဝတ္ထိမြို့မှာ တစ်နှစ်နေမယ်ကြံတယ်။ ဒါပေမယ့် ကျုပ်အသက် (၇)ရက်ပဲ ရှင်မယ်ဆိုတာသိလို့ ပြုံးတော်မူတာပါတဲ့။ ဒါတွေအားလုံး ကျုပ်ကို အရှင်အာနန္ဒာ လာပြောလို့ သိရတာပါပဲ။ ကျုပ်လည်း သိသိချင်း သေရမှာကို တော်တော်ကြောက်သွားတယ်။အေးလေ. . ကျုပ်မှာ ကုသိုလ်ကောင်းမှုတွေ လုပ်မိမှာ မဟုတ်ဘူး။ ခုတော့ ကျုပ် ဘုရားအမှုးရှိတဲ့ သံယာတွေပင့်ပြီး ဆွမ်းကပ်ကြ၊ ဝေယျာဝစ္စကုသိုလ်တွေပြုကြနဲ့၊ ဒီနေ့ပါဆိုရင် (၇)ရက်တိတိ ပြည့်ပြီလေ။ ကျုပ်အသက်ရှင်ရမယ့် (၇)ရက်တိတိလုံး ကုသိုလ်တွေချည်း ကျုပ်ပြုလုပ်တာပေါ့၊။ကျုပ်သေရမယ်ကို ကျုပ်မသိရခင် ကျုပ်သာဝတ္ထိမြို့မှာ တစ်နှစ်နေဖို့ ကြံစည်တယ်။ ဒီအလာတုန်းကလည်း မိုးရွာမယ်မှန်း မသိဘဲ နားလိုက်မိလို့ ကျုပ်ခရီးစဉ်တွေ ကစဉ့်ကလျားဖြစ်ခဲ့ရတယ်။ ခုတော့ ကျုပ်ပြုထားတဲ့ ကုသိုလ်ကောင်းမှုတွေက ကျုပ်သွားရမယ့် သံသရာခရီးမှာ ကစဉ့်ကလျား မဖြစ်အောင် ပြုလုပ်ပေးမှာ အသေချာပါပဲ။

အနုမောဒနာတရား နာကြားဖို့အတွက် ဘုရားရှင်ရဲ့ သပိတ်တော်ကို လှမ်းယူလိုက်တယ်။ ဘုရားရှင်က "လူမိုက်တွေဟာ မမြဲတဲ့ ခန္ဓာကိုယ်နဲ့ အသက်မြဲတယ်ထင်ပြီး ဒီနေရာမှာ မိုးဥတု၊နွေဥတု၊ ဆောင်းဥတုတွေမှာ နေဖို့ တွေးကြံကြတယ်။ မိမိရဲ့ အသက်နဲ့ခန္ဓာရဲ့ အန္တရာယ်ကို မသိကြဘူး"လို့ ဟောတယ်။ ကျုပ်ရဲ့ အကြောင်းကို သိတော်မူထားတော့ ကျုပ်နဲ့လျှောက်ပတ်တဲ့ ဒေသနာကို ဟောတော်မူတာပါပဲ။

တရားဒေသနာအဆုံးမှာ ကျုပ် ရတနာသုံးပါးအပေါ်မှာ အသက်နဲ့အမျှ ကိုးကွယ်ဆည်းကပ်သူ ဖြစ်သွားရသလို ငါးပါးသီလကိုလည်း ခါးဝတ်ပုဆိုးလို မြဲမြဲစွာ ကျင့်တဲ့သူ ဖြစ်ပြီဆိုတာ ကျုပ်ကိုကျုပ် သိလိုက်တယ်။

အဝိဇ္ဇာတွေ ပိတ်ဖုံးနေတဲ့ ကျုပ်ရဲ့စိတ်တွေ၊ အသက်နဲ့ခန္ဓာမြဲမယ်ထင်ပြီး ပမာဒ-မေ့လျော့နေတဲ့ စိတ်တွေကို ခုမှပဲ ကျုပ်သတိပြုမိသွားတယ်။ ဟုတ်ပါတယ်။ ယခုခရီးစဉ်ဟာ ကျုပ်အတွက် မပြောပလောက်တဲ့ လောကီကုန်တွေ ရှုံးပေမယ့် သံသရာမှာ အဖိုးဖြတ်မရတဲ့ အမြတ်တွေ ကျန်ခဲ့တယ်လေ။ကျုပ်ရင်းနှီးလိုက်ရတာက မုံညင်းစေ့လောက်လေး၊ ကျုပ် ပြန်ရလိုက်တဲ့ အမြတ်တွေက မြင်းမိုရ်တောင်ပေါင်းရာထောင်မကတဲ့ အမြတ် လောကုတ္တရာ ဥစ္စာတွေပါပဲ။

ဘုရားရှင်က ကျုပ်သာဝတ္ထိမှာ နေမယ် ကြံစည်တာကို သိလို့ အရှင်အာနန္ဒာကို မိန့်တော်မူတဲ့အခါ တရားတစ်ပုဒ်ဟောတယ်တဲ့။ "နက်ဖြန်မှာ ကိုယ့်အသက်ရှင်ရမယ်၊ သေရမယ် ဆိုတာ မည်သူမျှ မသိနိုင်၊ဒါကြောင့် ကိုယ်အသက်ရှင်နေရတဲ့ ယနေ့မှာ အပွမာဒဆိုတဲ့ မမေ့မလျော့ မပျေ့မဆတဲ့ သတိနဲ့ ကုသိုလ်တွေ ပြုလုပ်သင့်တယ်၊ သေမင်းဆိုတာ တံစိုးလက်ဆောင်တွေ၊ ချော့မြူတဲ့ စကားတွေနဲ့ ဖြားယောင်းလို့ မရဘူး" လို့ ဟောတော်မူပါတယ်။

ကျုပ်ဘဝကို ကျုပ်တွေးကြည့်တဲ့အခါ ဒီနေ့မှာ (၇)ရက်လည်းစေ့ပြီမို့ ကျုပ်အသက်ရှင်ဖို့ နာရီပိုင်းပဲ ကျန်တော့တယ်လေ။ ဘုရားရှင်ပေးတော်မူတဲ့ မဂ္ဂင်ယာဉ်ကြီးနဲ့ တစ်ဆင့်ပြီးတစ်ဆင့် မြင့်သည်ထက် မြင့်အောင် အပွမာဒတရား လက်ကိုင်ထားပြီး သံသရာခရီးလက်ကျန်ဘဝတွေကို ကျုပ်သွားရဦးမယ်။ခင်ဗျားတို့ တစ်တွေလည်း ကျုပ်ဘဝဇာတ်လမ်းကိုကြည့်ပြီး အပွမာဒတရားနဲ့ မဂ္ဂင်လှေကားတွေ တစ်ထစ်ပြီးတစ်ထစ် နိဗ္ဗာန်ကို တက်လှမ်းနိုင်ကြပါစေဗျာ။

ယထာကမ္မံ ဂတော . . . .

■နေသစ်မှူး (ငွေသာတွင်း)

စာကြွင်း -

ခမ္မပဒအဋ္ဌကထာ (၃) မဟာခနေဝါဏိဇဝတ္ထုကို မှီးပါသည်။ ကုန်သည်သည် ဘုရားရှင်ဒေသနာအဆုံး သောတာပန်ဖြစ်သွားပြီး၊ ညနေစောင်းအခါ ရုတ်တရက် ခေါင်းကိုက်ဝေဒနာဖြင့် ကွယ်လွန်သွားပါသည်။ ကုန်သည်သည် သောတာပန် ပုဂ္ဂိုလ်ဖြစ်သဖြင့် (၇)ဘဝသာ အလွန်ဆုံး ဘဝခန္ဓာရှိ၍ နောက်ဆုံး (၇)ဘဝမြောက်၌ ပရိနိဗ္ဗာန်စံရပါမည်။ ဤစာကို ကုန်သည်နေရာမှ ခံစားရေးဖွဲ့ပါသည်။

စွန်းလွန်းဆရာတော် ဦးကဝိ

(၁၂၃၉-၁၃၁၄)

မမ္မာစရိယဦးဌေးလှိုင်

(ရဟန္တာနှင့်ပုဂ္ဂိုလ်ထူးများမှ ထုတ်နုတ်တင်ပြပါသည်။)

(ယခင်လမှအဆက်)

ကြွေးရှင်းနေပြီ ကြားမဝင်စေနှင့်

ယောဂီတို့ သတိပြုရမည်မှာ တရားအလုပ်ခွင် ၌ (ရိုးရိုးယဉ်ယဉ်ကလေးဖြင့်) အနှောင့်အယှက် အမ္မေ ဓာတ်ဝင်ပုံမှာ သိမ်မွေ့လှပေသည်။ ယောဂီတိုင်း နားမ လည်နိုင်ပေ။ ယခု ဒေါ်ရွှေရည် ပြုလုပ်နေပုံများမှာ "ဒါ ဘာဆန်းလဲ၊ လူတိုင်း ဒီလိုပဲ လုပ်မှာပဲ၊ ကိုယ့်လင်သား ပဲဟာ" စသည်ဖြင့် လောကခ် ဖြစ်ရိုးဖြစ်စဉ်ဟု ထင်ဖွယ် ရှိ၏။

လူ့သဘောစရိုက် ရှုထောင့်အရလည်း တစ်ပိုင်း က မှန်ကန်လျက် ရှိသည်ဖြစ်၍ "ဒါ အမ္မေဓာတ်သဘော" ဟု ပြောလျှင် လွယ်လွယ်ဖြင့် လက်မခံနိုင်ကြပေ။ ထို့ကြောင့် "သိမ်မွေ့ပိရိသည်"ဟု ကျွန်ုပ်တို့ ဆိုရခြင်းဖြစ် ၏။

အမ္မေဓာတ်တို့၏ သဘောသည် ရုတ်တရက် ပယ်ချ၍ မရအောင် တစ်စွန်းတစ်စ မှန်ကန်လျက်ရှိသည် ဟု ထင်ရကာ၊ အနည်းငယ် အားနည်းချက် ယိုပေါက်ရှိ သော ဟာကွက်များကို ဆုပ်ကိုင်ပြီး တက်နင်းလာတတ် သည်။ ဗြောင်အထင်မခံချေ။ သွေးရိုးသားရိုးဟု ထင် စေသည်။ မတတ်သာမှ တဲ့တိုး ဗြောင်ဝင်လုပ်တတ်၏။ မှောင်ရိပ်ခိုနိုင်သမျှ ခိုရှောင်လုပ်သည်။ ရနိုင်သမျှ တရားခံ အဌားရှာ၏။ လက်ကိုင်တုတ်များကို ရှာ၍ သုံးလေ့ရှိ၏။

ယောဂီအား "ငါ့စိတ်နှင့် ငါဖြစ်နေသည်၊ အစား မှား၍ နေမကောင်းခြင်း ဖြစ်သည်။ ငါလုပ်ချင်၍ လုပ် သည်၊ သူဖြစ်ချင်၍ ဖြစ်သည်"ဟု လှည့်စား၍ မရလျှင် ယောဂီနှင့် အနီးစပ်ဆုံးသူများကို အဌားတရားခံလုပ်၏။ ထိုသူများကို တုတ်လုပ်၍ ယောဂီအား ရိုက်တတ်သည်။ ယောဂီ၏ ဆရာသမား၊ မိဘ၊ တပည့်၊ သားမယား၊ ဆွေမျိုး မိတ်ဆွေစသည်။ ယောဂီ သံယောဇဉ်ကြီး သလောက်၊ လေးစားသလောက်၊ ထိုသူများက အင်အား နည်းသလောက် (ဝါ၊ လောဘ၊ ဒေါသ၊ မောဟကြီးသ လောက်) တစ်မျိုးပြီး တစ်မျိုး အကွက်ဆင်၍ မ္မေတတ် သည်။

တရားရှုမှတ်ရာ၌ အရေးကြီးသော အပိုင်းရောက်လေ၊ ဝင်လာလေပင်တည်း။ တရားဌာနသွားရန် စိတ်မကူးဖြစ်အောင်၊ စိတ်ကူးလျှင် မသွားဖြစ်သေးအောင်၊ သွားဖြစ်လျှင် အလုပ်မတွင်အောင် အကွက်ဆင်ပုံမှာ ယဉ်လှ၏။ မယုံနိုင်အောင် ပိရိလှ၏။ ထို့ကြောင့် "တစ်ဖက်ကမ်းသို့ ကူးမြောက်နိုင်သူက အလွန်နည်းပါး၍ ဤမှာ ဘက်ကမ်း၌ပင် ကျန်ရစ်ခဲ့သူကများကြောင်း၊ မုဆိုး ပိုက်ကွန်မှ လွတ်ထွက်သွားသော ငှက်ကနည်း၍ ပိုက်ကွန်ထဲမှာပင် သေရသောငှက်က များလှကြောင်း" ဟောတော်မူခြင်း ဖြစ်သည်။ ထိုအခါ ယောဂီသည် "ငါ့ဘက်က ဘယ်လိုမှန်သည်၊ ငါ ဘယ်ရွှေ့ဘယ်မျှ အနွံအတာ ခံထားသည်"စသည်ဖြင့် မဆုပ်ကိုင်ရာ။ ယခုမှန်လည်း ရှေးရှေးဘဝ များစွာက မှားခဲ့၍သာဟု ဖြေဆည်ပါ။ ဘယ်သူမပြု မိမိမှု။

အမ္မေဓာတ်ကို နိုင်ရန် သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း၊ သနားခြင်း၊ မေတ္တာပွားခြင်းက လွဲ၍ အခြားနည်းမရှိ။ ပုဂ္ဂိုလ် သတ္တဝါ ပညတ်ကို မကြည့်ရ။ မသုံးသပ်ရ။

မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ၊ ကောင်းသည်ဖြစ်စေ အရှုံးပေးပြီး မိမိအလုပ်ကိုသာ ဆက်လုပ်ပါ။ မရလျှင် မေတ္တာနာနာပွားပို့ပါ။ အဆိုးလာလျှင် မေတ္တာနှင့် ဓာတ်သဘာဝကို ဆင်ခြင်၍ ဒေါသကိုလည်း သည်းခံ။ အကောင်း (လာဘ်၊ ဝိသဘာဂ)လာလျှင် အနိစ္စ အသုဘ ဆင်ခြင်၍ လောဘကို သည်းခံ။ ကြပ်ကြပ် ပြင်းထန်လျှင် မြန်မြန်တက်တော့မည် အောက်မေ့။ အထူးသဖြင့် ကျေးဇူးတင်၍သာ ပျော်ပျော်ကြီး လုပ်ပါလေ။

၅၅၀-ဇာတ်ပေါင်းခန်းကို သတိပြုရန်လို၏။ သံသရာ၌ ဆက်၍သွားရန် မရှိ။ ဤဘဝ၌ စာရင်းရှင်းကြရလိမ့်မည်။ ပေးဆပ်စရာရှိလျှင် ပေးဆပ်ရ၏။ ကြွေးအသစ်အဟောင်းလုပ်ရမည့်သူများမှာ အဝေး၌မရှိ၊ ယောဂီနှင့်ကပ်နေ၏။ ကျေးဇူးခံ ကျေးဇူးစား မိဘဆရာသမား၊ တပည့်သားသမီး မိတ်ဆွေများသာလျှင် ဖြစ်ကုန်၏။ သူတို့သည်သာ မာရ်နတ်ကိုယ်စားလှယ်အဖြစ် သင်နှင့် ရင်ဆိုင်လာတတ်ကြသည်။ မာရ်နတ်ကား အမှောင်ရိပ်၌သာ နေလိမ့်မည်။ အိမ်ကြက်ချင်း အိုးမဲသုတ်၍ ခွပ်ခိုင်းနေ၏။

ထို့ကြောင့် နီးစပ်သူများတွင် အင်အားနည်းသူများ မရှိရအောင် မေတ္တာဖြင့် တရားလမ်းသို့ ပို့ပါလေ။ ထိုသူတို့အပေါ် ကြပ်ကြပ် မေတ္တာပွားပါလေ။ (ပဉ္စဂုံတ္တရ၊ လိစ္ဆဝီ ကုမာရက သုတ်၌) အိမ်ခေါင်းဆောင်တို့အတွက် ကြီးပွားကြောင်း တရားငါးမျိုးကို ဟောတော်မူ၏။

၁။ မိဘဘိုးဘွား၊

၂။ သားမယား ကျေးကျွန်ဆွေမျိုး၊

၃။ အိမ်နီး၊ ယာနီး လုပ်ဖော်ကိုင်ဖက်၊

၄။ ရိုးရာနတ် စသောနတ်များ၊

၅။ သူတော်ကောင်းများအား-

တရားသော ပစ္စည်းဖြင့် ခိုးမြောက်ပေးလျှ၍ ထိုသူများ၏ အချစ်ခံရအောင် နေပါဟု ဆိုလိုတော်မူသည်။

နီးစပ်သူများထံမှ မေတ္တာတို့ ရယူမှုသည် အရေးကြီးသည့် သဘောပင်တည်း။ တစ်နည်းအားဖြင့် မေတ္တာမနောကံမျှသာမက မေတ္တာဝစီကံ (ချိုချိုသာသာ ပြော၊ နှုတ်၏စောင်မခြင်းပြု)၊ မေတ္တာကာယကံ (ကိုယ်ထိလက်ရောက် ပေးကမ်းကူညီ၊ လက်၏စောင်မခြင်းပြု) ပေးနိုင်ပါမှ ပို၍ ခရီးရောက် အောင်မြင်သည့်သဘောပင် ဖြစ်သည်။

"မိဘ၊ သားမယား၊ ဆွေမျိုးများနှင့်၊ စေပါးလုပ်ဖော်၊ နတ်-သူတော်၊ သင့်ပေါ်ချစ်ပါစေ"

ဒုတိယအကြိမ် နိဗ္ဗာန်ရောက်ခြင်း

ဦးကျော်ဒင်သည် ဒေါ်ရွှေရည်၏ အမျိုးမျိုးသော နှောင့်ယှက်ခြင်းကို မေတ္တာဖြင့် သည်းခံကာ အချိန်ရသမျှ ရှုမှတ်ပွားများရာ ယခင်ကထက် ပို၍ အသိဉာဏ်များ လင်းလာ၏။ သွားဖူးပြီးသော လမ်းဖြစ်၍ အခက်အခဲလည်း မရှိတော့ပေ။ "အတွင်းဝေဒနာ ပို၍ တက်ခြင်းမျှလောက်သာ ထူးတော့သည်"ဟု ဟောကြားဖူး၏။ (ယောဂီတိုင်း ဤသို့ဖြစ်ရမည်ဟုကား တစ်ထစ်ချ မမှတ်သင့်။)

တစ်ညတွင် ဦးကျော်ဒင်သည် သတိဖြင့်ပင် အိပ်ပျော်သွားခိုက် အိပ်မက်ထဲတွင် မီးရထားဘူတာရုံ တစ်ခုကို ရောက်သွား၍ လက်မှတ်ယူရာ၊ မိမိက တစ်ခုသာ ယူဆောင်သော်လည်း လက်မှတ်ပေးသူက လေးခုပေးပုံ၊ ထို့နောက် လေးခုလုံး အိတ်ထဲထည့်ပြီး ရထားသို့လျှောက်ခဲ့ရာ ရထားမှာ ထွက်ခါနီးနေ၍ အမြန်လိုက်ပါ တက်စီးရပုံကို မြင်မက်၏။ နောက် မကြာမီ ရက်အတွင်း

အိပ်မက်မက်ပြန်သည်မှာ ယာခင်းသို့ ရောက်သွားခိုက် နွားတစ်ကောင် ပြေးလာသည်ကို မြင်၍ လိုက်ဆွဲရာ၊ အမြီးကို ဆွဲမိသဖြင့် အမြီးရင်းမှ ပြုတ်ပါလာသည်ကို မြင်မက်၏။ (ယောဂီ၌ အိပ်မက်များသည် တစ်နည်းတစ်ဖုံအားဖြင့် အကျိုးပြုပုံကို ကျွန်ုပ်တို့ ပြခဲ့ပြီ။)

ဦးကျော်ဒင်သည် အဆိုပါ အိပ်မက်များကို အတိတ်ကောက်၍ "သာသနာနောက်ပိုင်းမှာ အပြုတ်ဟ"ဟု ကြိမ်းဝါးကာ ဝင်လာသမျှ အာရုံပညတ်တို့ကို သတိဖြင့် ဖမ်း၍ ပညာဖြင့် ဖြတ်လျက် ပထမအကြိမ်နှင့် တစ်လတိတိအကြာ-

"၁၂၈၂-ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃- ရက်၊ စနေနေ့ ညဉ့် ၁၀-နာရီ အချိန်ခန့်တွင် ဒုတိယ အကြိမ် နိဗ္ဗာန်ကို မျက်မှောက်ပြုတော်မူ၏။"

သကဒါဂါမ် အိမ်တွင်းရေး

ဦးကျော်ဒင်သည် ဒုတိယအဆင့်သို့ ရောက်ပြီးကတည်းက ဉာဏ်အမြင်တို့သည် ပို၍ ရှင်းလင်း၏။ စကားပြောလည်း ပို၍ကြီးကျယ်လာသည်။ ပရမတ္ထသဘာဝကျကျ ဝေဖန်နိုင်လာ၏။ ဗဟိဒ္ဓကို မြင်ရာ၌လည်း ပို၍ အမြင်သန်လာသည်။ ရပ်ထဲရွာထဲ၌ တစ်စုံတစ်ယောက် နေမကောင်းဟု ကြား၍ "ဒီလူသေမှာပဲ" ဟု ဦးကျော်ဒင်က ပြောလျှင် သေသွားသည်ပင် ဖြစ်သည်။ မသေဟုပြောလျှင် မသေ။ သူပြောတိုင်း မှန်နေသဖြင့် ဦးကျော်ဒင်နားသို့ မကပ်ရဲကြ။ ဦးကျော်ဒင်မှာ ပို၍ နေရာကျကာ မိမိတရားကိုသာ ဇောက်ချ၍ ရှုမှတ်ရလေ၏။

သံသရာတစ်လျှောက်လုံးက အမြစ်တွယ်လာခဲ့သော အကုသိုလ်ကိလေသာ အပူမာတ်၊ အငုပ်၊ အဝပ်၊ အကိန်းဓာတ်တို့ကို အဆင့်ဆင့်သတ်ရာ၌ အလွန်စိတ်ဝင်စားဖွယ် ကောင်းလှပေ၏။ လက်နှီးစုတ်ကို အထပ်ထပ်ဖွပ်လျှော်ရပုံ၊ အလွှာလွှာ သံချေးကပ်နေသော သံချောင်းကြီးကို အကြိမ်ကြိမ် မီးဖုတ်သန့်စင်ရပုံ၊ ခဲ၊ သလဲ ရွှံ့ညွန်များကို မိုက်ထုတ်၍ ရွှေကျင်ယူရပုံ၊ အလေးမလေ့ကျင့်သူသည် တဖြည်းဖြည်းချင်း တိုး၍တိုး၍ မ'လာနိုင်ပုံ ဥပမာများကဲ့သို့ ရှိပေ၏။ အကြမ်းစား၊ အလတ်စား၊ အနုစား ကြေးညှော်များ အဆင့်ဆင့် ကွာ၍၊ ကွာ၍ သွားသကဲ့သို့ ဖြစ်ပေသည်။

၁။ **သောတာပတ္တိမဂ်**က ဒိဋ္ဌိဝိစိကိစ္ဆာ၊သီလဗ္ဗတပရာမာသ (အယူအဆ အတွေးအခေါ်၊ ရတနာသုံးပါး၊ အကျင့်တရားနှင့် ဆရာသမားအပေါ် ချီတုံချတုံ ရှိမှု၊ မိစ္ဆာဒိဋ္ဌိ အမူအကျင့်)များကို ပယ်သည်ဟု ဆိုရစေကာမူ သီလစောင့်ခြင်း စသော ရှေ့ပြေးကိစ္စများကပင် အဆင့်ဆင့် ပယ်ခဲ့ရပြီးဖြစ်၏။ ထိုနေရာ မရောက်မီကပင် နေမှု၊ စားမှု၊ ဝတ်မှု၊ လောကရေး၊ ဓမ္မရေး၊ ဆရာအမျိုးမျိုး ဘေး၊ အတွေးမှား၊ အယူမှား၊ ချီတုံချတုံများ ဘတစ် ပြန်၊ ကျားတစ်ပြန် ဖြစ်ခဲ့ရ၏။ လမ်းမှန် လမ်းမှား စမ်းတဝါးဝါးဖြစ်ခဲ့ရ၏။ သီလစောင့်ရခြင်းမှအစ ဝိသုဒ္ဓိခုနစ်ပါးဖြင့် သန့်ရှင်းရေး လုပ်ပြီးမှသာ သောတာပတ္တိမဂ်က အမြစ်ပြတ် သတ်ချလိုက်နိုင်သည်။ သောတာပတ္တိမဂ်ဓားသည် မည်မျှပင် ထက်စေကာမူ စဉ်းတီတုံးပမာ သီလစသော အခြေခံမပါဘဲ ဖြတ်၍ရသည် မဟုတ်ချေ။

ထို့ပြင် လောဘ၊ ဒေါသ၊ မောဟ၊ မာနစသော ကိလေသာတို့ကိုလည်း အထက်မဂ်များက အဆင်သင့် အမြစ်ဖြတ်နိုင်ရန် အခက်၊ အရွက်၊ အလက်များ ချိုးနိုင်သမျှ ကြိုတင်၍ ချိုးပေးထားနှင့်ရသည်။ မည်သို့ဖြစ်စေ သောတာပန်အဖြစ်သို့ ရောက်လျှင်ပင် အယူဝါဒရေးရာ၌ ကွင်းလုံးကျွတ် ခွင်လုံးပိုင် တိတိကျကျကြီး အမြင်ရှင်းသွားလေပြီ။ 'ဒဿနဋ္ဌ'ဟုခေါ်၏။(ယထိန္ဒခီလော-ရှု။)

၂။ **သကဒါဂါမိမဂ်**ကား သီးသန့် အမြစ်ဖြတ်ခြင်း တာဝန်မရှိသော်လည်း လောဘ၊ ဒေါသ စသည်တို့ကို အင်အားနည်းနိုင်သမျှ နည်းသွားအောင် ကြိုတင်၍ ဆုံးမထားနှင့်ရ၏။

ဤနေရာ၌ လူများစုကား 'သကဒါဂါမ်သည် (အထူးပယ်သတ်သော ကိလေသာ မရှိလှသဖြင့်) သောတာပန်နှင့် မထူး'ဟု ထင်တတ်ကြ၏။ မဟုတ်ချေ။ သစ်ပင်များ အသားအပွေး တစ်ရစ်တက်လျှင် အနှစ်အသား တစ်ဆင့် ရင့်ကျက်လာသကဲ့သို့ မျက်မြင်၌ မထူးလှဟု ထင်ရစေကာမူ တရားအနှစ်အသား တက်မှုမှာ မည်သို့မျှ မတူနိုင်ပေ။

သကဒါဂါမ် ပုဂ္ဂိုလ်၏ လောဘ၊ ဒေါသတို့သည် (အမြစ်ပြတ် မပယ်သတ်ရသေးစေကာမူ) အလွန်ဖြစ်ခဲမျှသာ ရှိတော့၍ လွန်ကျူးနိုင်လောက်သော စွမ်းအား မရှိတော့ကြောင်း 'ပဋ္ဌသမ္ဘိဒါမဂ္ဂ အဋ္ဌကထာ' (ပ၊ ၂၅၇-မဂ္ဂဉာဏနိဒ္ဒေသ)၌ ထူးထူးခြားခြား ဖွင့်ပြထားသည်ကို

တွေ့ရသည်။ သကဒါဂါမ်၌ 'ထိုကိစ္စ'မရှိတော့ပြီ။

၃။ **အနာဂါမိမဂ်**ကား ဒေါသကို အမြစ်ပြတ်ပယ်သတ်၍ လောဘကို အားနည်းနှင့်အောင် နှိပ်ပေးထားရ၏။

၄။ **အရဟတ္တမဂ်** ရောက်မှ လောဘ၊ မောဟကို အကြွင်းမဲ့ သတ်နိုင်သည်။ (ဤကား အကြမ်းစားပြသခြင်းသာတည်း။) တောင်ယာ ခုတ်ထွင်သူသည် မိမိလက်နက်အင်အားအလိုက် အမြစ်ပါ တူးနိုင်သည်ကို တူး၍၊ မတူးနိုင်သေးသော အပင်ကြီးများကို နောင်အခါ အမြစ်ပြတ် ခုတ်ပိုင်းရန်အတွက် မီးရှို့ခြင်း၊ ခက်လက်ချိုင်ခြင်း၊ အခွံအပွေး ခွာထားနှင့်ရခြင်း စသည်ဖြင့် လုပ်ရသကဲ့သို့တည်း။

ဒုက္ခပေးမည့် တွေးခေါ် ဝါဒရေးရာ ဆရာကြီး

ပရိယတ္တိ ဗဟုသုတရှိသော ယောဂီတို့ တရားရှုမှတ်ရာ၌ ဝိသုဒ္ဓိခုနစ်ပါး အခိုက်အတန့်၊ ဉာဏ်စဉ်များ အခိုက်အတန့်လိုက်၍ ဖြစ်လေ့ဖြစ်ထရှိသော ကျင့်စဉ်များမှာ စိတ်ဝင်စားဖွယ်ရှိသကဲ့သို့၊ မဂ် လေးဆင့်တက်ရာ၌လည်း ပယ်သတ်ရမည့် အနုသယ (အငုပ်ဓာတ်) ကိလေသာတို့၏ အနှိုးအဆွ အထအကန် သဘောကလေးများကို မြင်တတ်လျှင် အလွန်အရသာရှိပေလိမ့်မည်။

ဒေါ်ရွှေရည်သည် ဦးကျော်ဒင်၏ ဒေါသကို ဒုတိယအဆင့်၌ ပြင်းပြင်းထန်ထန် နှိုးဆွပေးခဲ့၏။ ထိုအနှိုးအဆွကို ခံနိုင်ရည်ရှိသည်နှင့် အကြီးစား ဒေါသကို အောင်နိုင်ကာ ဒုတိယအဆင့်သို့ တက်လာနိုင်ခဲ့သည်။ ဒေါ်ရွှေရည်ကား ကျေးဇူးတင်စရာ။

တစ်သံသရာလုံးက ငုပ်ကိန်း၍ နှိပ်စက်ကြသော ကိလေသာရန်သူဆယ်ယောက်တို့ကို စစ်သူကြီး လေးဦးလေးသုတ်ခွဲ၍ အဆုံးစီရင်ကြရာ၌ သူ့အသုတ်နှင့်သူ ငုပ်နေ၍၊ ပုန်းနေ၍မရ။ တစ်နည်းနည်းဖြင့် ထွက်လာရကာ စစ်သူကြီးရှေ့မှောက် မရောက်မီ အတုပ်အချည်ခံရစဉ် ရုန်းကန်ပုံ၊ ရှိသမျှ အင်အား အကုန်ထုတ်၍ ရန်လုပ် ထိုးကြိတ်ပုံ၊ နောက်ဆုံး မတတ်သာ၍ လည်စင်းခံရပုံများမှာ အလွန်စိတ်ဝင်စားဖွယ်၊ ဉာဏ်ပထျာဖြန့်ဖွယ် ကောင်းလှ၏။

သောတာပတ္တိမဂ် စက်တိုင်တက်ခါနီးလာပြီဖြစ်သော သံသရာဝင် ဒိဋ္ဌလူဆိုးကြီးသည် လောဘက အဖော်ညှိတိုင်း သာသနာ့ဒါယကာ လုပ်ရကောင်းနိုးနိုး၊ ဘုရားဆုပန်ကာ ကယ်တင်ရှင် လုပ်ရကောင်းနိုးနိုး၊ ထွက်ရပ်ပေါက်ဆရာ လုပ်ရကောင်းနိုးနိုး၊ သူဌေး၊ သူကြွယ်၊ စာတတ်ပုဂ္ဂိုလ် လုပ်ရကောင်းနိုးနိုး၊ ကောင်းကင်ပျံရကောင်းနိုးနိုး၊ အမျိုးမျိုးသဝေထိုးကာ ယောက်ယက်ခတ်သည်ကို ယောဂီတို့သိခဲ့ရပြီ။ ဤကား ဒိဋ္ဌ ရုန်းကန်ပုံတည်း။

ဆိုလိုသည်ကား ယောဂီသည် ကိုယ်တိုင်ပင်သိနိုင်ပါ၏။ စျာန်အစဉ်၊ ဝိသုဒ္ဓိအစဉ်၊ ဉာဏ်အစဉ်၌ သူ့အချိန်နှင့်သူ ရုပ်နာမ်သဘာဝဖြစ်ပျက်ပုံများ၊ ထိုသို့ဖြစ်ပျက်ရာ၌ ပညတ်ကောင် လူနတ်သတ္တဝါတို့ပါ ရောထွေးပါဝင်တတ်ကြပုံများကို သိရသကဲ့သို့ မဂ်လေးပါး အဆင့်ဆင့်၌ ရုပ်နာမ်ဓမ္မ သဘာဝတို့၏ အနှိုးအဆွ အထအကန် ဖြစ်ပျက်မှု သဏ္ဌာန်ကို ဉာဏ်အမြင်၌ အလွန်ပင်သိသာလှပေရာ၏။

ဦးကျော်ဒင်ရှေ့ မိုးကြိုးခ'ခြင်း

ဦးကျော်ဒင်သည် ဒုတိယအဆင့်ရောက်ပြီး တစ်လတိတိ ကြာသောအခါ-

"၁၂၈၂-ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၁၃)ရက်၊ တနလ်ာနေ့ ညဉ့် (၁၀)နာရီ အချိန်ခန့်၌ တတိယအကြိမ် နိဗ္ဗာန်ကို မျက်မှောက်ပြုလေ၏။"

(၁၀)နာရီမထိုးခင်ကလေးတွင် ဦးကျော်ဒင်တစ်ကိုယ်လုံးရှိ အကြောအခြင်များ တုတ်တုတ်ဆွဲကာ ပြတ်သွားမတတ် အလွန်ပြင်းထန်လှသော ဝေဒနာကို ခံစားရသည်။

"ဒီနေရာမှာ ခံနိုင်ရင်ခံ၊ မခံနိုင်ရင် လန်ရော၊ ဒါကျော်မှ ငါ သာဓုခေါ်မည်"ဟုလည်း ပြန်လည် ဟောကြားဖူး၏။

ဤအဆင့်တွင် ယောဂီများသန္တာန်၌ မည်သို့မည်ပုံ ဖြစ်သည်ဟု ရုပ်ဝတ္ထုဆန်ဆန် ပြောဆို သုံးနှုန်းတတ်သော စကားများရှိရာ ထိုစကားများကို နားမယောင်ကြရာ။ ရုပ်ဝတ္ထုသည် ပဓာနမဟုတ်၊ ထို လိုရင်းမဟုတ်သော ရုပ်ဝတ္ထုဖြစ်ပုံကိုသာ တစ်ထစ်ချယူသော် "ဤသို့ဖြစ်မှသာ အနာဂါမ်ဖြစ်သည်"ဟု မလိုလားအပ်သော နိယာမတစ်ခု ထွက်လာစရာ ရှိပေသည်။

နောက်တစ်နေ့တွင် ဦးကျော်ဒင်၏ ရှေ့၌ပင် ပြင်းထန်သော မိုးကြိုးကျ၏။ ဦးကျော်ဒင်ကား မည်သို့မျှ မတုန်လှုပ်၊ မထိတ်လန့်။ စိတ်ဆိုးခြင်း၊ ကြောက်ရွံ့တုန်လှုပ် ထိတ်လန့်ခြင်းသည် ဒေါသပင်ဖြစ်၏။ ဦးကျော်ဒင်ကား ဒေါသကို အမြတ်ပြတ် သတ်နိုင်လေပြီ။ထိုအဆင့်သို့ ရောက်ပြီးဖြစ်ကြောင်း ထောက်ခံချက် ပေးလှာသော မိုးကြိုးပင်တည်း။ ဤမိုးကြိုးမှ တကယ့် သိကြားမိုးကြိုး ဖြစ်ပေရာ၏။

'သာသနာ အညာဆန်သည်'ဆိုသည့်အတိုင်း သာသနာတစ်ခုခု မိမိသန္တာန်၌ ကိန်းအောင်းမိပါလျှင် တစ်ဆင့်ထက်တစ်ဆင့် မြင့်သည်ထက် မြင့်၍သာ ဆန်တက်ရမြဲပင်တည်း။ လောကီရတနာကဲ့သို့ ဆုတ်ယုတ်လျှောကျရိုးမရှိ။

သေလောက်အောင် ပူသော လူ၏ဘဝနှင့် ပတ်ဝန်းကျင်

ဦးကျော်ဒင်သည် တတိယအဆင့်သို့ရောက်ပြီးဆက်၍ အားထုတ်ပြန်ရာ လူအများ၏ အပြောအဆို၊ အလုပ်အကိုင်၊ အနေအထိုင် စရိုက်များကို နေ့စဉ်နှင့်အမျှ မြင်နေရရာ ပို၍ ထိတ်လန့် ကြောက်ရွံ့လာ၏။ (ဤကြောက်ရွံ့ ထိတ်လန့်ခြင်းကား ဒေါသမဟုတ်။ ဘယတုပဌာန=‘ကြောက်စရာ တွေပါကလား’ဟု စိတ်၌ ထင်လာသော အသိဉာဏ် အကြောက်ဖြစ်သည်။)အလွန်ရှည်လျားလှသော ဥမင်လိုဏ်ခေါင်းမကြီးထဲသို့ ဝင်သွားသူသည် ဝေးလေ အအေးဓာတ်ရလေဖြစ်ကာ အပူရှိန်များကို မခံချင်လေ ဖြစ်လာသည်။ ဦးကျော်ဒင်သည် လူဝတ်ကြောင်ဘဝကို ရွံ့မုန်းကာ ရဟန်းပြုချင်နေ၏။ ရဟန်းပြုရန်လည်း မလွယ်ကူ။

“လူဝတ်ကြောင်များ ရဟန္တာဖြစ်လျှင် ရဟန်းပြုလျှင်ပြု၊ မပြုရသော် ထိုနေ့မှာပင် ပရိနိဗ္ဗာန်ပြုရသည်” ဟု မိလိန္ဒပဉှာ၌လာ၏။ အရိယာတို့သည် မည်မျှအေးမြ၍ လူတို့၏ဘဝနှင့် ပတ်ဝန်းကျင်သည် မည်မျှ ပူလောင်ကြောင်း သတိပြုနိုင်ပေသည်။ ပူသည်မှာ သေလောက်အောင် ပူပေ၏။

ထိုအကြောင်းနှင့်စပ်၍ အနည်းငယ် ဆိုရသော် မိလိန္ဒပဉှာ၌ လူဝတ်ကြောင် အသွင်အပြင် အားနည်းမှုကြောင့် (လိင်ဒုဗ္ဗလ)ဟု ဆို၏။ ဂုဏ်နှင့်ဘဝ ခံနိုင်ရည် အင်အားမမျှကြောင်း ဥပမာများဖြင့် ပြသည်။ မိလိန္ဒပဉှာစကားသည် အကြောင်းရင်းသို့ မထိဆိုက်လှ။ ကျွန်ုပ်တို့ သဘောကျသည်မှာ တရား၏ အင်အား အပူဓာတ်၊ အအေးဓာတ်တို့၏ ကွာခြားမှုပင်တည်း။ (သမ္မော၊ ၌-၅၀၅-စသည်လည်းကောင်း။)

ရဟန္တာ၏ဘဝ (ခန္ဓာကိုယ်)သည် ကိလေသာအပူ အားလုံး ကင်းစင်ကာ အသခ်ိတအငြိမ်းဓာတ်ကြီး အပြည့်ရှိနေသူဖြစ်၏။ အသခ်ိတ အင်အား လေးပုံတစ်ပုံ ရှိနေသူ (သောတာပန်)သည် လူ့အဝတ်၊ လူ့ဘဝ၊ လူ့ပတ်ဝန်းကျင်၌ လေးပုံတစ်ပုံ စိတ်ကုန်နေပေပြီ။ ဓာတ်ချင်း မတူတော့ပေ။

လူညံ့လူပေများ ဘုန်းကြီးကျောင်း မသွားလို။ ရောက်လျှင်လည်း ကြာကြာမနေလိုကြ။ နတ်ပြဟ္မာများ လူ့ပြည်လာရာ ဘုရားရှင် ရှေ့တော်၌ပင် မတ်တတ်ရပ်နေသည်က များ၏။ တစ်ယူဇနာက လူစော်နံသတတ်။

သောတာပန်သည် ဘဝခြားသွား၍ “ငါ သောတာပန်”ဟု မသိစေကာမူ ပိုးရွ၊ ခြပုန်းမျှကိုပင် သတ်လိုစိတ် အလျှင်းမရှိ။ သံတွေခဲရဲရဲ၌ ယင်ကောင် မကပ်ရဲ သကဲ့သို့ ကံငါးပါးနှင့် အလိုလို ကင်းကွာနေ၏။ ဓမ္မသဘာဝပင်။

အနာဂါမ်စုတေလျှင် လူ့ပြည်၊ နတ်ပြည်၌မနေ၊ ပြဟ္မာပြည်သို့သာ သွား၏။ ဘုရားရှင်ပင် ရဟန်းများနှင့် ထာဝစဉ် မနေလို။

အသခ်ိတနိဗ္ဗာနဓာတ်သည်လည်း အကုသိုလ် အခိုးအငွေ့ အရှိန်အစော်များကိုပင် ငြိမ်းသတ် ပယ်ခွာနိုင်သော သတ္တိ (နိဿရဏပဟာန်)ထူး ရှိ၏။ ပြဒါးသည် မီးနှင့်နီး၍မရ။ ဒေဝဒတ်၊ စိဉ္စမာနနှင့် ကောကာလိကတို့ ဘုရားရှင်ရှေ့၌ မြေမျိုမခံရ၊ ရုပ်ပျက်ဆင်းပျက် အဖုအပိမ့်မထွက်။ မျက်ကွယ်ရောက်မှသာ ဖြစ်ကြရသည်။ အသခ်ိတဓာတ်၏ နိဿရဏပဟာန် သဘောဟု ဆိုသင့်၏။ အချုပ်အားဖြင့် အသခ်ိတအငြိမ်းဓာတ်၏ နယ်သတ်ခွဲခြားသည့် သဘောပင်တည်း။

■ဆက်လက်ဖော်ပြပါမည်

နိဗ္ဗာန်လိုက သည်းခံကြ

ရှင်ဇနက (ကျောက်မဲ)

"အရှင်ဘုရား၊တပည့်တော် မေးချင်တာလေးတွေ ရှိလို့ပါဘုရား"

"ဘာများလဲ ဒကာကြီးရဲ့"

"သြော် . . ဒီလိုပါဘုရား၊ မြတ်စွာဘုရားက သည်းခံခြင်းကို အလွန်မြတ်တဲ့ အကျင့်လို့ ဟောတော်မူတယ်လို့ ကြားဖူးပါတယ်။ အဲဒီ သည်းခံခြင်းနဲ့ ပတ်သက်တဲ့ အကျိုးကျေးဇူး ကြီးမြတ်ပုံတွေကို တပည့်တော် သိချင်လို့ပါဘုရား"

"အင်း . . ဒကာကြီးက လျှောက်တော့လည်း သည်းခံခြင်း အကြောင်းကို သိသလောက် ပြောရတာပေါ့လေ"

"တင်ပါ့ဘုရား"

"မြတ်စွာဘုရားက သြဝါဒ ပါတိမောက် ဒေသနာမှာ 'ခန္တီ ပရမံ တပေါ တိတိက္ခာ' တိတိက္ခာ-လွန်လွန်ကဲကဲ အမြဲသည်းခံခြင်းဟူသော၊ ခန္တီ-သည်းခံခြင်းတရားသည်၊ပရမံ-မြတ်သော၊ တပေါ-အကျင့်မည်၏ လို့ ဟောတော်မူတယ်။ ဒါ့ပြင် ဓမ္မပဒ၊ ဗုဒ္ဓဝဂ်မှာလည်း 'သည်းခံခြင်း နှင့်တူသော အခြားအကျင့်မည်သည် ဤလောကဌ် အခြားမရှိတော့ပေ'လို့ လည်း ဟောတော်မူသေးတယ် ဒကာရဲ့"

"ဒါဆို တပည့်တော် လျှောက်တာ မှန်တာပေါ့ဘုရား"

"မှန်တယ် ဒကာရဲ့၊သက်တော်ရှည် စံကင်းဆရာတော်ဘုရားကြီးကလည်း 'ခန္တီ ကင်းသွားရင် ဒေါသဘက် ပါသွားမယ်။ ခန္တီ ကင်းသွားရင် မကောင်းတဲ့ အပြစ်တွေ ကျရောက်လိမ့်မယ်။ ဒေါသသည် မီးနှင့်တူသည်။ထိုမီးသည် ခန္တီ သည်းခံခြင်း မြဲသူထံ မရောက်နိုင်၊ မလောင်မြိုက်နိုင်။ ခန္တီ လက်စွဲရှိရင် ကုသိုလ်တရား တိုးပွားတယ်။ ဘေးမရှိဘူး။ အန္တရာယ် မရှိဘူး။ သည်းခံခြင်းရှိသောသူကို မကောင်းသော သူယုတ်မာက ဘယ်လိုမျှ မပြုနိုင်ဘူး' လို့ဆိုပြီး သည်းခံခြင်းရဲ့ ကောင်းမြတ်ပုံတွေကို ဆုံးမသြဝါဒ ပေးတော်မူခဲ့တယ်။

အင်္ဂုတ္တရနိကာယ် ပါဠိတော်မှာ သည်းခံခြင်း၏ အကျိုးတရား (၅)ပါးကိုလည်း ဟောတော်မူသေးတယ်။ အဲဒါတွေက-

၁။ ဗဟုပိယော - ချစ်ခင်သူများခြင်း၊

၂။ အပ္ပဝေရီ - ရန်နည်းခြင်း၊

၃။ အပ္ပဝေဒေါ - အပြစ်နည်းခြင်း၊

၄။ အမောဟမတ - မတွေမဝေ သေရခြင်း၊

၅။ သုဂတိ ယန္တိ - သုဂတိသို့ လားရခြင်း၊

ဒါကြောင့် သည်းခံခြင်းဟာ မြတ်တဲ့အကျင့် ဖြစ်ရုံသာမဟုတ်၊ အကျိုးလည်း ကြီးမြတ်လှတယ် ဒကာရဲ့"

"တင်ပါ့ဘုရား။ သည်းခံခြင်းဟာ မြင့်မြတ်ပါတယ်ဘုရား။ ဒါပေမယ့် တပည့်တော်က တချို့နေရာတွေမှာ မဟုတ်ရင် သိပ် သည်းမခံ

တတ်ဘူးဘုရား”

“အဲဒီလိုဆိုရင် သာသနာပိုင် မြောင်းမြဆရာတော်ရဲ့ အဆုံးအမလေးကိုနားထောင်ကြည့်ဦးပေါ့။ ဆရာတော်က-

‘မဟုတ်တာကို သည်းမခံနိုင်ဘူး။ မဟုတ်တာကို သည်းမခံနိုင်ဘူးနဲ့ ပြောကြတယ်။ ဟုတ်တာကို သည်းခံဖို့ လိုသေးလား။ မဟုတ်တာမှ သည်းခံရတာ၊ မဟုတ်တာကို သည်းမခံနိုင်လျှင် နင်တို့ သည်းခံတာ ဘာရှိသေးလဲ။ ဒါ အင်မတန်စဉ်းစားစရာ ကောင်းတယ်။ဒါကြောင့် မဟုတ်တာကို သည်းခံနိုင်အောင် ကြိုးစားကြပါ’လို့ ဟောတော်မူခဲ့တယ်”

“ဒ့ါပြင် အဖြစ်အပျက်လေးတစ်ခုကိုလည်း ဖတ်မှတ်ခဲ့ရဖူးသေးတယ်”

“ဘယ်လိုပါပဲဘုရား”

‘‘တစ်ချိန်ကပေါ့။ ပါဠိပညာရေးအဖွဲ့ အစည်းအဝေးတစ်ခုမှာ တရားဝန်ကြီးချုပ် ဦးသိန်းမောင်နှင့် ဦးစိုးမြင့်တို့ ကိစ္စတစ်ခုနှင့်ပတ်သက်ပြီး အပြင်းအထန် ငြင်းခုံကြသတဲ့။ အစည်းအဝေးပြီးတဲ့အခါမှာ မစိုးရိမ်ဆရာတော်က ဦးစိုးမြင့်ကို ကျောင်းခေါ်ပြီး သည်းခံရန် ဆုံးမသြဝါဒ ပေးတာပေါ့။အဲဒီမှာ ဦးစိုးမြင့် က-

‘တပည့်တော်က မဟုတ်ရင် မခံဘူး ဆရာတော်။ ဟုတ်ရင်တော့ ဘယ်လိုလုပ်လုပ် ခံမှာပဲ’လို့ လျှောက်သတဲ့။ အဲဒီမှာ ဆရာတော်က-

သြော်၊ မင်းက မဟုတ်ရင် မခံချင်တတ်ပဲကိုး။ အဲဒီလိုဆိုရင် မင်းတစ်သက်လုံး တစ်လောကလုံးနဲ့ ငြင်းခုံခိုက်ရန် ဖြစ်နေပေရော့။ ဒီလောကကြီးက ဟုတ်တဲ့ လောကကြီးမှ မဟုတ်ဘဲ၊မဟုတ်တဲ့ လောကကြီး။ ဟုတ်ဟုတ် မဟုတ်ဟုတ် သည်းခံမှပေါ့လို့ မိန့်သတဲ့ ဒကာရဲ့”

“မှတ်သားထိုက်တဲ့ သြဝါဒတွေပဲနော် ဘုရား”

“ဟုတ်တာပေါ့ ဒကာရဲ့။ လူတော်တော်များများက သည်းခံခြင်းဟာ ကောင်းတယ်ဆိုတာကို ကြားဖူးနားဝ ရှိနေကြပေမယ့် မဟုတ်ရင် မခံဘူးဆိုပြီး သည်းခံခြင်းကို ဂရုမစိုက်ကြဘူးလေ။ ဒါကြောင့် ဆရာတော်ကြီးတွေက သြဝါဒတွေကို ထိထိရောက်ရောက် ဆုံးမခဲ့ကြတာပေါ့”

“ဒါပေမယ့် ဘုရား။သည်းခံရင် အရှုံးပေးရတာနဲ့ တူတယ်လို့ တချို့က ပြောကြသေးတယ်ဘုရား”

‘‘ဒါကတော့ လူတွေရဲ့ လောကအမြင်ကိုး ဒကာရဲ့။ ခန္ဓာဝါဒီ ဇာတ်မှာ ကြည့်ပါလား။ ခန္ဓာဝါဒီ ရသေ့ကို ကလာဗုမင်းက နှိပ်စက်တဲ့ အတွက် ကလာဗုမင်းက လောကအမြင်မှာတော့ အောင်နိုင်သူပေါ့။ ဒါပေမယ့် ဓမ္မအမြင်မှာတော့ ကလာဗုမင်းက ကျရှုံးသူပဲ။ အဲဒီမှာ ခန္ဓာဝါဒီ ရသေ့ ဘုရားအလောင်းဟာ ခန္ဓာပါရမီကို အခက်ခဲဆုံး ဖြည့်ကျင့်နိုင်ခဲ့တယ် မဟုတ်လား။

ဒ့ါပြင် ဓမ္မာစရိယ ဦးဌေးလှိုင်က-

‘အဓိဝါသန ခန္ဓာ-သူတစ်ပါးအပေါ် အညံ့ခံ ခေါင်းထိုး၍ ခံသော်လည်း မိမိသန္တာန်၌ ခန္ဓာဟူသော သူတော်ကောင်းတရားက နေရာယူထားသဖြင့် ဒေါသ စသော အယုတ်တရားများ ရပ်တည်ခွင့်မရ။ ပြုလုပ်သူအပေါ်၌သာ ပြန်၍ ကျသွားတတ်တယ်လို့ ရေးထားတာ ပေါ့ ဒကာရဲ့။ ဒါကြောင့် သည်းခံခြင်းဟာ အရှုံးပေးခြင်း ဟုတ်မဟုတ် သိနိုင်တာပေါ့ ဒကာရဲ့”

‘‘တပည့်တော် သဘောပေါက်ပါပြီ ဘုရား”

“သဘောပေါက်ရုံနဲ့ မပြီးသေးဘူးလေ ဒကာရဲ့။ လက်တွေ့ ဘဝထဲမှာလည်း ကျင့်ကြံဖို့ လိုတာပေါ့။

‘သဒတ္ထ- ပရမာ အတ္တာ ခန္တာ သိယျော နဝဇ္ဇတိ’တဲ့ ဒကာရဲ့။

အတ္တာ-အကျိုးစီးပွား ဟူသမျှတို့သည်၊ သဒ္ဓတ္တ ပရမာ-မိမိ၏ အကျိုးစီးပွားသာလျှင် အမြတ်ဆုံးရှိကုန်၏။ ကေသု-ထိုအကျိုးစီးပွားတို့တွင်၊ ခန္ဓာ-သည်းခံခြင်းထက်၊ ဘိယျော-သာလွန်သော အကျိုးစီးပွားသည်၊ နဝဇ္ဇတိ-မရှိပေ။

အကျိုးစီးပွားတွေထဲမှာ သည်းခံခြင်းဟာ အသာလွန်ဆုံးပဲ ဒကာရဲ့"

"တင်ပါ့ဘုရား၊တပည့်တော်လည်း တတ်နိုင်သမျှ ကျင့်ပါ့မယ် ဘုရား"

"ကောင်းတာပေါ့ ဒကာရဲ့။ မြတ်စွာဘုရားက မူလပဏ္ဏာသ ပါဠိ သဗ္ဗာသဝသုတ် စသည်မှာ-

'ဘိက္ခवे-ရဟန်းတို့၊ကျွမ ဘိက္ခု-ဤသာသနာတော်၌ ရဟန်းသည်၊ ယောနိသော-အကြောင်းမှန်ဖြင့်၊ ပဋိသင်္ခါ-ဆင်ခြင်၍၊ သီတသ ဥဏှ သ-အအေးအပူကို၊ ခမာ ဟောတိ - သည်းခံသည်ဖြစ်၏။ ဇိယစ္ဆာယ ပိပါသာယ-အစာဆာခြင်း၊ ရေတပ်ခြင်းကို သည်းခံ၏။ ဍံသမကသ ဝါတာတပ သရိသပသပ-ဖ ဿာနံ-မှက်၊ ခြင်၊ လေ၊ နေပူ၊ မြွေကင်းတို့၏ အတွေ့တို့ကို သည်းခံ ၏။ ဒုရုတ္တာနံ ဒုရာဂတာနံ ဝစန ပထာနံ-ကြိမ်းမောင်း ဆိုဆဲ စွပ်စွဲ စကားတို့ကို သည်းခံ၏။ ဥပ္ပန္နာနံ သာရီရိကာနံ ဝေဒနာနံ ဒုက္ခာနံ-ကိုယ်ထဲ၌ ဖြစ်ပေါ်လာသော ဒုက္ခ ဝေဒနာတို့ကို သည်းခံ၏။ တိဗ္ဗာနံ ခရာနံ ကဋုကာနံ-ကြမ်းတမ်းပြင်းထန် အခံခက်သော ဒုက္ခဝေဒနာတို့ကို သည်းခံ၏။ အသာတာနံ အမနာပါနံ ပါဏဟရာနံ-မခံသာ၍ မုန်းဖွယ်ဖြစ်သည့်ပြင် သေစေနိုင်လောက်သော ဒုက္ခဝေဒနာတို့ကို၊အခိဝါသက ဇာတိကော-သည်းခံခြင်း သဘောရှိသည်၊ ဟောတိ-ဖြစ်၏'လို့ ဟောတော်မူပါတယ်။

ဒါက ဘယ်လိုပြသလဲဆိုတာ၊ ဘယ်လိုပဲဖြစ်ဖြစ်၊ ဘာကြောင့်ပဲ ဖြစ်ဖြစ်၊ အကြောင်းမှန်ဖြင့် သည်းခံဖို့ကို ပြတာပဲ ဒကာရဲ့"

"တင်ပါ့ဘုရား"

"ဩော် . . ဒါနဲ့ ဘုရား။ 'သည်းခံရင် နိဗ္ဗာန်ရောက်တယ်'ဆိုတာကရော ဘုရား။ဆက်ရှင်းပြပါဦးဘုရား"

"ဒါက ရှင်းပြနေစရာတောင် မလိုပါဘူး။ကျေးဇူးတော်ရှင်မဟာစည် ဆရာတော်ဘုရားကြီး ဟောထားတာကိုသာ သေသေချာချာ ဂရုစိုက်နားထောင်လိုက်ရင် ရှင်းသွားမှာပါ။ ဆရာတော်ဘုရားကြီးက-

'သည်းခံရင် နိဗ္ဗာန်ရောက်တယ်ဆိုတဲ့ စကားဟာ ဝိပဿနာ တရား အားထုတ်ရာမှာ မှန်ကန်ကြောင်း အလွန်ထင်ရှားပါတယ်။ တရားအားထုတ်ခါစမှာ ညောင်းမှု၊ ပူမှု၊ နာကျင်မှု စသော အတွေ့ဆိုးကို အများအားဖြင့် တွေ့ရတတ်ပါတယ်။ အဲဒီလို တွေ့ရတဲ့အခါ ကျွရိယာပုတ်ကို မပြုပြင်ဘဲ သည်းခံပြီး ရှုမှတ်ရတယ်။

ဒုက္ခဝေဒနာဖြစ်တိုင်း၊ ဖြစ်တိုင်း သည်းမခံဘဲ၊ အမှတ်တမဲ့ ပြုပြင်နေရင် သမာဓိမဖြစ်နိုင်ဘူး။ သမာဓိ မဖြစ်တော့ ဉာဏ်လည်း မဖြစ်ဘူး။ဒါကြောင့် သည်းခံနိုင်သမျှ သည်းခံပြီး ရှုမှတ်ရတယ်။ သည်းမခံနိုင်လောက်အောင် လွန်ကဲလာတော့မှ အမှတ်သတိ မလွတ်ဘဲ ရှုမှတ်ရင်း ပြုပြင်ရတယ်'လို့ ဟောတော်မူပါတယ်။ လေ့သင်းမင်းကျောင်းဆရာတော်ကလည်း-

'နိဗ္ဗာန်လိုက သည်းခံကြ၊ တွင်းပ အရာရာ'ဆိုပြီး ဆုံးမခဲ့သေးတယ်လေ"

"တင်ပါ့ဘုရား"

"ဒကာကြီးက လက်တွေ့ကျင့်သုံးတဲ့အခါမှာ မဟာဗောဓိမြို့ဆရာတော်ကြီးရဲ့ ဆုံးမသြဝါဒကို ကောင်းစွာ နှလုံးသွင်းထားပေါ့။ ဆရာတော်ကြီးက-

'ပါရမီဆယ်ပါးမှာ ခန္တီပါရမီဟာ အခက်ဆုံးဖြစ်ပါတယ်။ ခန္တီပါရမီဆိုတာ သူများပေးမှ ရတာပါ။ ကြုံတောင့်ကြုံခဲ ဖြည့်ခွင့်ရတဲ့ ပါရမီကြီးလို့သာ သိမှတ်ပြီး ဘယ်သူ ဘာပြောပြော သည်းခံပြီးတော့သာ အပြောမှန်၊ အလုပ်မှန်၊ အကျင့်မှန် အောင်သာ ကြိုးစားပါ'တဲ့"

"တင်ပါ့ဘုရား၊ တပည့်တော် ကောင်းစွာ မှတ်သားထားပါမယ်"

"အေး . . အေး၊ အိန္ဒိယ ခေါင်းဆောင်ကြီး မဟတ္တမဂန္ဒီရဲ့ စကားလိုပါပဲ။ 'သည်းခံခြင်းသည် ခါးသီးသည်။ သို့သော် ၎င်း၏ အသီးမှာမူ ချိုမြိန်လှပေသည်'တဲ့။

ဒါကြောင့်မို့ ကိုယ့်ဘဝထဲမှာ သည်းခံခြင်းကို မွေးမြူကျင့်ကြံပြီး ချိုမြိန်လှတဲ့ နိဗ္ဗာန်အမြိုက် အရသာကို ရရှိပါစေကွယ်"

"ပေးတဲ့ဆုနဲ့ ပြည့်ပါရစေ ဘုရား"

(သာဓု . . သာဓု . . သာဓု)

■

ရှင်ဇနက(ကျောက်မဲ)

ဝိပဿနာနှင့် ကျန်းမာရေး စမ်းသပ်မှုများ

ဆရာဝန်သိန်းလွင်(ပြည်)

နိဗ္ဗာန်ချမ်းသာ မရသေးမီ ကြားကာလတွင် ဒေါသစသည့် ကိလေသာမီးများကို ဝိပဿနာတရား တော်ဖြင့် မိမိတို့ နေ့စဉ်ဘဝတွင် ရင်ဆိုင်ပြီး ငြိမ်းအေးမှုရရှိရန် ဖြစ်ပါသည်။

ဝိပဿနာတရား ရှုမှတ်မှု သည် နိုင်ငံခြားတိုင်းပြည်များတွင် ပျံ့နှံ့လျက်ရှိပါသည်။

အာရှတိုက်၊ အိန္ဒိယပြည်မှ စတင်ပေါက်ဖွားလာသည့် ဝိပဿနာ တရားတော်သည် ဥရောပနိုင်ငံများ၊ အမေရိက၊ ဩစတြေးလျှတိုက် စသည်တို့တွင် တရားရိပ်သာများ၊ တရားရှုမှတ်သူ ယောဂီများ တိုးပွားလျက်ရှိပါသည်။ တောင်အာဖရိက တိုက်မှာပင်လျှင် ဝိပဿနာတရား ရိပ်သာများ ရှိလာပါသည်။ ထိုနည်း တူစွာပင် ဇင်ယောဂ၊ Tai Chi စသည် ကျင့်စဉ်များသည်လည်း လေ့ကျင့်ရှုမှတ်သူများ တိုးပွားလျက် ရှိပါသည်။

သိပ္ပံထွန်းကားသော တိုင်း ပြည်များတွင် ဝိပဿနာတရားတော် ပျံ့နှံ့မှုရှိနေသဖြင့် သိပ္ပံဆရာကြီးများ သည် ဝိပဿနာတရား ရှုမှတ်မှုကို သိပ္ပံနည်းပညာဖြင့် လက်တွေ့စမ်း သပ်မှုများ ရှိလာကြောင်းကို စာရေး သူ သတိထားမိပါသည်။ အထူးသ ဖြင့် ဝိပဿနာနှင့် ကျန်းမာရေး မည်ကဲ့သို့ ဆက်သွယ်မှုရှိကြောင်းကို စမ်းသပ်ကြပါသည်။

စာရေးသူ နောက်ဆုံးဖတ် ရှုထားသည့် ဝိပဿနာနှင့်ကျန်းမာ ရေး လက်တွေ့စမ်းသပ်မှုနှစ်မျိုးကို အတိုချုပ် ဖော်ပြလိုက်ပါသည်။

READER'S DIGEST - DECEMBER - 2003 စာစောင် MEDITATION AS MEDICATION ခေါင်းစဉ်ဖြင့် သတင်းတစ်ခုကို ဖတ်ရပါသည်။ UNIVERSITY OF WISCONSIN မှ စိတ်ရောဂါ အထူးကု RICHARD DAVIDSON နှင့် အဖွဲ့သည် လူ ပေါင်း (၄၁)ဦးကို တုပ်ကွေးရောဂါ ကာကွယ်ဆေး

(FLU VACCINE) ထိုးပေးပါသည်။ ၎င်း ကာကွယ်ဆေးထိုးထားသူများထဲမှ တစ်ဝက်ကို တရားရှုမှတ်စေပါသည်။ တစ်နေ့ (၁)နာရီ တစ်ပတ်ကို (၆)ရက် တရားမှတ်ရပါသည်။ကျန်လူတစ်ဝက်မှာ ကာကွယ်ဆေးထိုးထားသော်လည်း တရားရှုမှတ်မှုမရှိပါ။ (၂)လခန့်အကြာတွင် ကာကွယ်ဆေး ထိုးထားသူများအား ရောဂါကာကွယ်စေသော ANTI-BODIES တိုးတက်မှု ရှိ/မရှိ စမ်းသပ်ပါသည်။ ၎င်းဆရာကြီး၏ အဆိုအရ ကာကွယ်ဆေးထိုးထားပြီး တရားရှုမှတ်မှု ရှိသူများတွင် ကိုယ်ခံအား စွမ်းရည် ANTIBODIES များသည် တရားရှုမှတ်မှု မရှိသူများထက် ပိုမို တိုးတက်လျှက်ရှိကြောင်းကို တွေ့ရပါသည်။စမ်းသပ်သူ ဆရာကြီး၏ မှတ်ချက်တွင် တရားရှုမှတ်မှုကြောင့် ကိုယ်ခန္ဓာတွင် ပြောင်းလဲမှုများရှိကြောင်း၊ (BIOLOGICAL CHANGES)တို့ ပြောင်းလဲမှုများအတွက် ကိုယ်ခန္ဓာတွင် အကျိုးရှိနိုင်ကြောင်း၊ ယခုသုံးစွဲလျက်ရှိသော ကုထုံးများနှင့် တရားရှုမှတ်မှု တွဲဖက်သုံးသင့်ကြောင်း အကြံပြုပါသည်။ ထိုဆရာကြီးမှပင်STRESS ခေါ် စိတ်သောကဖိစီးမှုကို တရားရှုမှတ်သူများသည် လျော့ပါးစေနိုင်ကြောင်း တင်ပြပါသည်။

JANUARY 2004 ထုတ် MJ CMP ဆေးပညာ စာစောင်တွင်လည်း THE THERAFEUTIC EFFECTS OF MEDITATION ခေါင်းစဉ်ဖြင့် ဆောင်းပါးတိုလေး ပါလာပါသည်။ BRIT MED.J VOL.326 17 MAY 03 မှ ဆောင်းပါးကို ထပ်ဆင့်ဖော်ပြခြင်းဖြစ်ပါသည်။ လေ့လာသောအဖွဲ့မှ MINDFULNESS MEDITATION အပါအဝင် အခြား MEDITATION ၂-မျိုးကို သွေးတိုးရောဂါလူနာ၊ ဝက်ရူးပြန်ရောဂါလူနာ၊ ပန်းနာရင်ကျပ်လူနာ၊ သွေးတွင် အဆီများသော လူနာ၊ စိတ်ရောဂါ (IRRITABLE BOWEL SYNDROME)ရောဂါရှင်များအား တရားရှုမှတ်စေပါသည်။(MJ CMP ဂျာနယ်တွင် စမ်းသပ်ပုံ အသေးစိတ်ကို ဖော်ပြမထားပါ။) လေ့လာသူ၏ မှတ်ချက်ကို ဖော်ပြရာတွင် တရားရှုမှတ်ပြီး STRESS ခေါ် စိတ်သောကဖိစီးမှု လျော့ပါးမှုကြောင့် ကောင်းကျိုးများ ရရှိနိုင်ကြောင်း၊ သို့သော် ခိုင်လုံတိကျသော အဖြေ၊ ရလဒ်ကောင်းများ ရရှိရန်အတွက် ပိုမို ပြည့်စုံသော လေ့လာစမ်းသပ်မှုများ လိုအပ်နေသေးကြောင်း မှတ်ချက်ချပါသည်။ (FUTURE TRAILS WITH IMPROVED DESIGN MAY YET PROVIDE MORE CONCRETE POSITIVE RESULTS)

သိပ္ပံဆရာကြီး ၂-ဦးသည် တရားထိုင်မှုကြောင့် STRESS ခေါ် စိတ်သောကဖိစီးမှု လျော့ကျမှုအပေါ်တွင် ၂-ဦးစလုံး သဘောတူကြသည်။သို့သော် FLUVACCINE ဖြင့် စမ်းသပ်သော ဆရာကြီးမှာ တိကျသော အဖြေကိုရပြီး၊ ဒုတိယဆရာကြီးမှာ ဖော်ပြပါ ရောဂါစုံရှိသူများကို တရားရှုမှတ်စေခြင်းဖြင့် ရေရာတိကျသော အဖြေမရခဲ့ပါ။

ဤတွင် MJ CMP အယ်ဒီတာမှ ထိုဆောင်းပါး၏နောက်ပိုင်းတွင် ယခုလိုရှင်းလင်းပြပါသည်။

ဗုဒ္ဓဘာသာများ တရားရှုမှတ်သည်ဆိုရာတွင် ရည်ရွယ်ချက်မှာ ကုသိုလ်ကောင်းမှုရရှိရန်၊ စိတ်ငြိမ်းချမ်းမှု (INNER PEACE)ရရှိရန်နှင့် နိဗ္ဗာန်ချမ်းသာရရှိရေးဖြစ်သည်။ တရားရှုမှတ်မှုကို ရောဂါများအား ပျောက်စေရန် ဆေးကုထုံးတစ်ရပ်အနေဖြင့် မပြုလုပ်ပါ။ (NOT NECESSARILY FOR THERAPEUTIC EFFECT ON DISEASES)

စာရေးသူမှ ထပ်လောင်းတင်ပြလိုသည်မှာ -

ဝိပဿနာ တရားတော်မြတ်သည် ကျန်းမာရေး လေ့ကျင့်မှုထက် ပိုမိုလေးနက်ပါသည်။ ဝိပဿနာတရား ရှုမှတ်မှုတွင် ပါဝင်သော သီလ၊ သမာဓိ၊ ပညာ၊ ကျင့်စဉ်များကို ဝိရိယစိုက်ထုတ်ပြီး ရှုမှတ်ပါက သစ္စာ(၄)ပါး မြတ်တရားကို မိမိကိုယ်တိုင် သိရှိရပါမည်။သို့မှသာ သံသရာဝဋ္ဋ ဆင်းရဲဒုက္ခမှ လွတ်ကင်းပြီး၊နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုရန်ဖြစ်ပါသည်။ နိဗ္ဗာန်ချမ်းသာ မရသေးမီ ကြားကာလတွင် ဒေါသစသည့် ကိလေသာမီးများကို ဝိပဿနာတရားတော်ဖြင့် မိမိတို့ နေ့စဉ်ဘဝတွင် ရင်ဆိုင်ပြီး ငြိမ်းအေးမှုရရှိရန် ဖြစ်ပါသည်။

ကျန်းမာရေးစသည့် ကောင်းကျိုးများမှာ ဝိပဿနာကုသိုလ်တရား၏ ရလဒ်ဖြစ်ပါသည်။ (BY PRODUCTS)

ဝိပဿနာတရားမြတ်အပေါ် အမြင်ကြည်လင်ပြီး ရှုမှတ်သူယောဂီအားလုံး ဝိပဿနာ၏ ပန်းတိုင်အမြတ်ဆုံးချမ်းသာ ရရှိကြပါစေ။

■ဆရာဝန်သိန်းလွင်(ပြည်)

ကျောင်ကြီးသား အမြတ်ကိုးဇတ်

"သူတောင်းစားရဲ့ ဆန်းကြယ်တဲ့ခွက်"ဆိုတဲ့ ပုံပြင်ကလေးက E-Mail နဲ့ ပို့လိုက်တဲ့အထဲက ဖြစ်ပါတယ်။

တစ်နေ့ မနက်ခင်း ခပ်စောစောအချိန်မှာ သူတောင်းစားတစ်ယောက်က ဘုရင်ဧကရာဇ်တစ်ပါးရဲ့ တံခါးကို သွားပြီးခေါက်ပါတယ်။ ဘုရင်ကြီးက သူ့ရဲ့လှပသာယာတဲ့ ပန်းဥယျာဉ်ထဲမှာ မနက်ခင်း လမ်းလျှောက်ထွက်လာတဲ့အချိန် ဖြစ်နေပါတယ်။ တခြားအချိန်မှာဆိုရင် ဘုရင်ကြီးနဲ့ တွေ့ဆုံဖို့ ခွင့်တောင်းရမှာဖြစ်တဲ့အတွက် တွေ့ဆုံဖို့ လွယ်ကူမယ်မဟုတ်ပါဘူး။ သူ့ကို တားဆီးမယ့် သူ တစ်ယောက်မျှ မရှိတဲ့အချိန်နဲ့ တိုက်ဆိုင်သွားပါတယ်။

ဘုရင်ကြီးက "သင်ဘာကို အလိုရှိသလဲ"လို့ မေးလိုက်ပါတယ်။သူတောင်းစားက"ဘုရင်ကြီး၊ ဒီမေးခွန်းကို မမေးခင် နှစ်ခါလောက်ပြန်ပြီး စဉ်းစားပါဦး"လို့ ပြောလိုက်ပါတယ်။ ဘုရင်ကြီးအဖို့ ခြေသော့်လိုရဲရင့်တဲ့ ဒီလိုလူမျိုးနဲ့ တစ်ခါမှ မတွေ့ကြုံဖူးပါဘူး။ သူဟာ စစ်ပွဲတွေကို တိုက်ခိုက်ခဲ့ပြီး အောင်ပွဲတွေ အကြိမ်ကြိမ်ရခဲ့သူဖြစ်ပါတယ်။ သူ့ထက်ပိုပြီး သြဇာအာဏာကြီးတဲ့သူ မရှိခဲ့ တာသေချာပါတယ်။ သူတောင်းစားက ပြောပြန်ပါတယ်။ "သင်ပြောမယ့်စကားကို နှစ်ခါစဉ်းစားပြီးမှ ပြောပါ၊ ဘာကြောင့်လဲဆိုတော့ ပြန်ပြီးပြင်ဆင်ချင်လို့ရမှာ မဟုတ်လို့ပါပဲ"

ဘုရင်ကြီးက "သင်ပူပန်စရာမလိုပါဘူး။ ဒါကငါ့အလုပ်ပါ။ သင်လိုချင်တာကိုသာ တောင်းပါ။ ရရစေမယ်"လို့ ခိုင်ခိုင်မာမာပြောပြန်တယ်။

သူတောင်းစားက "ကျွန်ုပ်တောင်းစားတဲ့ခွက်ကို မြင်တယ်နော်။ ဒီခွက်ကို ပြည့်တာအလိုရှိတယ်။ ဘာကိုပဲ ထည့်ထည့် အရေးမကြီးပါဘူး။ ခြွင်းချက်တစ်ခုက ဒီခွက်က ပြည့်နေရမယ်။ လုပ်မပေးနိုင်ဘူးဆိုရင် ငြင်းလို့ရသေးတယ်နော်၊ လုပ်ပေးမယ်လို့ ပြောလိုက်တာနဲ့ သင့်တာဝန်သင်ယူရတော့မယ်"လို့ ထပ်ပြီးပြောပါတယ်။

ဘုရင်ကြီးက ရယ်မောလိုက်တယ်။ သူတောင်းစားရဲ့ခွက်ကို ဖြည့်ဖို့များ သူက ခြိမ်းခြောက်နေသေးတယ်။ သူ့ရဲ့ ဝန်ကြီးချုပ်ကို သူတောင်းစားရဲ့ခွက်ထဲကို စိန်တွေနဲ့ ဖြည့်ပေးဖို့ အမိန့်ပေးလိုက်တယ်။ ငါလို ဘုရင်ရဲ့ အကြောင်းကို သိစေရမယ်လို့ ကြိမ်းဝါးလိုက်ပါတယ်။

သူတောင်းစားကတော့ "နှစ်ခါစဉ်းစားနော်"လို့ ထပ်ပြီး ပြောလိုက်ပါတယ်။ မကြာခင်မှာပဲ သူ့ရဲ့ပြောစကားက မှန်ကန်ကြောင်း ပေါ်လွင်ပါတော့တယ်။ ဘာ့ကြောင့်လဲဆိုတော့ စိန်တွေကို သူတောင်းစားရဲ့ ခွက်ထဲကို သွန်ချလိုက်တာနဲ့တစ်ပြိုင်နက် ပျောက်ကွယ်သွားပါတော့တယ်။

ဒီအကြောင်းက မြို့ထဲမှာ တောမီးလောင်သလို တစ်ခါတည်း ပျံ့နှံ့လို့သွားပါတော့တယ်။ လူထောင်ပေါင်းများစွာလာပြီး ကြည့်ကြပါတယ်။ ရှိသမျှစိန်တွေနဲ့ ကျောက်သံပတ္တမြားတွေ ကုန်သွားတဲ့အခါ ဘုရင်ကြီးက ရှိသမျှ ရွှေတွေငွေတွေယူခဲ့ကြ၊ ရှိရှိသမျှ အားလုံးအားလုံး သာယူခဲ့၊ ငါတိုင်းပြည်တစ်ခုလုံး ကုန်သွားပါစေ၊ ငါ့ရဲ့ဂုဏ်သိက္ခာကို စိန်ခေါ်တာ ငါမခံနိုင်ဘူး"လို့ အမိန့်ပေးပါတယ်။

ညနေလည်းရောက်ရော ရှိသမျှ အကုန်ပျောက်ကွယ်သွားပါတော့တယ်။ ကျန်ရစ်ခဲ့တာက သူတောင်းစားနှစ်ယောက်၊ တစ်ယောက်က မွဲတေသွားတဲ့ ဘုရင်ကြီးပဲ ဖြစ်ပါတယ်။

ဘုရင်ဟောင်းကြီးက "သင်သတိပေးတာကို နားမထောင်ခဲ့တဲ့အတွက် သင့်ကို မတောင်းပန်ခင်မှာ သင့်ရဲ့ တောင်းစားတဲ့ခွက်ရဲ့ လျှို့ဝှက်ချက်ကို ငါ့ကိုတစ်ဆိတ်လောက် ပြောပြစမ်းပါ"လို့ တောင်းပန်လိုက်ပါတယ်။

သူတောင်းစားက "ဘာလျှို့ဝှက်ချက်မှ မရှိပါဘူး၊ ကျွန်ုပ်က ခွက်နဲ့တူအောင် ပြောင်လက်နေအောင် တိုက်ချွတ်ထားတာပါ။ တကယ်တော့ ဒါကြီးက လူရဲ့ဦးခေါင်းခွံကြီးဖြစ်ပါတယ်။ သင်ဘာကိုပဲထည့်ထည့် အားလုံးဟာ ပျောက်ကွယ်သွားမှာပါပဲ"လို့ ရှင်းပြလိုက်ပါတယ်။

ဒီပုံပြင်လေးက အဓိပ္ပါယ်အများကြီးရှိပါတယ်။ သင်ရော သင့်ရဲ့သူတောင်းစားခွက်အကြောင်းကို စဉ်းစားမိပါရဲ့လား။ အကုန်ပျောက်ကွယ်သွားတယ်။ ဂုဏ်၊ အာဏာ၊ လေးစားခြင်း၊ ပစ္စည်းဥစ္စာ ဘာမျှမကျန်ပါဘူး။ သင့်ရဲ့ခွက်က နောက်ထပ်ရဖို့ ပါးစပ်ဟပြီးတောင်းခံနေတယ် မဟုတ်ပါလား။ "နောက်ထပ်"၊ "နောက်ထပ်" ဆိုတာတွေက သင့်ဆီက အကုန်ယူသွားမှာပါပဲ။ အာသာပြင်းပြတဲ့ဆန္ဒ၊ တစ်ခုခုကို တောင့်တခြင်းက သင့်ဆီက အချိန်တိုင်း ယူသွားနေမှာ သေချာပါတယ်။

ကမ္ဘာပေါ်မှာ လူနှစ်မျိုးပဲရှိကြပါတယ်။ လူအများစုက အရိပ်တွေနောက်ကို ပြေးလိုက်နေကြတယ်။ သူတို့ကို သချိုင်းထဲမှာ မြှုပ်နှံခံရတဲ့အထိ သူတို့ရဲ့တောင်း

သင်တစ်ခုခုကို
လိုချင်တဲ့ဆန္ဒဖြစ်ပေါ်လာတဲ့အခါမှာ
သင့်ရဲ့ပျော်ရွှင်ကျေနပ်မှုဟာ
အဲဒီတစ်ခုခုအပေါ်မှာ
မူတည်ပါတယ်။ အဲဒီတစ်ခုခုကို
သင့်ဆီက ယူသွားခြင်းကို
ခံရပြီဆိုရင်
သင်စိတ်ဆင်းရဲရပြီဖြစ်ပါတယ်။
အဲဒီတစ်ခုခုကို သင်ရမယ်ဆိုရင်
သင်ပျော်ရွှင်မှာ ဖြစ်ပါတယ်။
ဒါပေမယ့် ဒါဟာ
တစ်ခဏပဲခံမှာဖြစ်ပါတယ်။

တဲ့ခွက်တွေက ရှိနေဦးမှာ ဖြစ်ပါတယ်။

သိပ်နည်းတဲ့လူနည်းစုက ဆိုပါစို့၊ လူတစ်သန်းမှာ တစ်ယောက်ကတော့ အပြေးကို ရပ်မယ်၊ လိုချင်တဲ့ဆန္ဒတွေကို စွန့်လွှတ်မယ်၊ ဘာကိုမျှ လိုချင်ပါတယ်လို့ မတောင်းခံတော့ဘူး၊ သူက သူ့ရဲ့အတွင်းကမ္ဘာထဲမှာရှိတာတွေကို တွေ့ရှိသွားလို့ ဖြစ်ပါတယ်။

ဒါကြောင့် သင်တစ်ခုခုကို လိုချင်တဲ့ဆန္ဒဖြစ်ပေါ်လာတဲ့အခါမှာ သင့်ရဲ့ပျော်ရွှင်ကျေနပ်မှုဟာ အဲဒီတစ်ခုခုအပေါ်မှာ မူတည်ပါတယ်။ အဲဒီ တစ်ခုခုကို သင့်ဆီက ယူသွားခြင်းကို ခံရပြီဆိုရင် သင်စိတ်ဆင်းရဲရပြီဖြစ်ပါတယ်။ အဲဒီတစ်ခုခုကို သင် ရမယ်ဆိုရင် သင်ပျော်ရွှင်မှာ ဖြစ်ပါတယ်။ ဒါပေမယ့် ဒါဟာ တစ်ခဏပဲခံမှာဖြစ်ပါတယ်။ ဒါကို သင်နားလည်ထားရမှာပါ။

သင့်ရဲ့ ဆန္ဒတစ်ခုပြည့်သွားတိုင်း သင် ပျော်ရွှင်ရတာဟာ တစ်ခဏပါပဲ။ မြန်မြန်ကြီးပြောင်းလဲနေတဲ့အတွက် တစ်ခုခုကို သင်က ရလိုက်တာနဲ့ သင့်စိတ်က ပိုပြီး ရချင်တဲ့ ဆန္ဒကို ပြန်ပြီး စ'ပြန်တာပါပဲ။ နောက်တစ်ခုပြီး၊ နောက်တစ်ခု . . . ။

စိတ်က လိုချင်တောင့်တခြင်းထဲမှာ တည်ရှိနေတယ်။ ဒါကြောင့် လိုချင်တောင့်တခြင်းမရှိဘဲ စိတ်က သင့်ဆီက ဖယ်ရှားမသွားနိုင်ပါဘူး။ သင့်မှာ လိုချင်တောင့်တခြင်း မရှိတော့ရင် စိတ်ကလည်း တိတ်သွားတော့တယ်။ "That's the whole secret of meditation" ဒါဟာ တရားအားထုတ်ခြင်းရဲ့ အဓိကလျှို့ဝှက်ချက်ဖြစ်တယ်။

ဒီ "Desire" ဆိုတဲ့ ပုံပြင်ကလေးက တွေးစရာ၊ ဆင်ခြင်စရာတွေ အများကြီးပေးသွားပါတယ်။ ဘာသာရေးဘက်က တွေးစရာ၊ ဆင်ခြင်စရာတွေ အများကြီးပေးသွားပါတယ်။ဘာသာရေးဘက်က တွေးဆသင်ခန်းစာယူဖွယ်တွေလည်း ရပါတယ်။ လောဘဆိုတဲ့ လိုချင်တပ်မက်ခြင်းရဲ့ သဘော၊ သဘာဝကိုက ဘယ်လောက်ပဲ ဖြည့်ပေးနေပါစေ အလိုပြည့်သွားတယ်လို့ မရှိဘူးဆိုတာကို အထက်ပါပုံပြင်က သရုပ်ဖော်ပေးပါတယ်။ ခံစားစရာ အာရုံတွေ၊ ပိုင်ဆိုင်လိုတဲ့ ဂုဏ်သိက္ခာနဲ့ ဥစ္စာပစ္စည်းတွေကို ရပြီးရင်း ရချင်ရင်း ဖြစ်တတ်ပါတယ်။ ရသင့်တာထက် ပိုပြီး လိုချင်တဲ့စိတ်ကို ဖြတ်တောက်နိုင်ဖို့က တင်းတိမ်ရောင့်ရဲမှုရှိမှ ဖြတ်နိုင်ပါတယ်။လောဘဆိုတာ ကိလေသာမှန်းသိပြီး မပယ်သတ်နိုင်သေးပေမယ့် တဖြည်းဖြည်းပါး

သွားအောင် နည်းသွားအောင် ဆင်ခြင်ဖို့ကတော့ တရားသဘောနဲ့ယှဉ်ပြီး သိနေမှသာ ဖြစ်နိုင်ပါတယ်။

ကျွန်မဘဝနဲ့ယှဉ်ပြီး ပြောရရင် တရားအားထုတ်လာတာနဲ့အမျှ ရောင့်ရဲတင်းတိမ်တဲ့စိတ်ကို တစ်စတစ်စ မွေးမြူတတ်လာပါတယ်။ စားသောက်နေထိုင်မှုတွေမှာ သတိရှိလိုက်တဲ့အခါ လောဘနည်းပါးသွားတာ တွေ့ရပါတယ်။ ကိုယ်သေသွားရင် ပါသွားမှာက ဘာလဲဆိုတာကို သိလာပြီးတဲ့အခါ ပိုင်ဆိုင်သမျှ မြေတွေနဲ့အိမ်ကို သားသမီးလေးယောက်ကို ခွဲဝေပေးလိုက်ပါတယ်။ နောက်ပိုင်းရလာတဲ့ အမွေပစ္စည်းတွေကိုလည်း သားရဟန်း အရှင်ဆန္ဒာဓိက အပါအဝင် သားသမီးငါးဦးကို ခွဲဝေစွန့်ကြဲလိုက်တာပါပဲ။ ကိုယ့်အတွက်တော့ စာအုပ်တွေကလွဲ ပြီး အဝတ်အစား၊ အသုံးအဆောင်နည်းနည်းပဲ ထားပြီး ရောင့်ရဲစွာ နေတတ်အောင် ကြိုးစားပြီးနေခဲ့ပါတယ်။

ကျွန်မရဲ့ ဘဝတစ်ဆစ်ချိုးက လုံးဝပြောင်းလဲသွားပါတယ်။ ဆရာတော်တွေရဲ့ တရားအဆုံးအမများနဲ့ အတူ ချီးမြှောက်ခြင်းကိုလည်း ခံယူရပါတယ်။ စာရေးတာ အရှိန်ရလာတဲ့အခါ စာအုပ်ကလေးတွေလည်း အကောင်အထည်ပေါ်ခဲ့ပါပြီ။ ကိုယ်တိုင်ထုတ်ဝေတာရှိသလို Unity စာပေက ထုတ်ဝေပေးတာတွေလည်း ရှိပါတယ်။ အခုအခါမှာတော့ တခြားသောရင်းနှီးတဲ့ စာပေတိုက်လေးငါးတိုက်က စာအုပ်ထုတ်ချင်လို့ ကျွန်မဆီက စာမူများ တောင်းခံလာကြပါတယ်။ အဲဒီမှာတွင် ကျွန်မရဲ့စိတ်တွေက ပေးလည်းပေးချင်၊ အရင်ကထုတ်ခဲ့သလို အရည်အသွေးကောင်းကောင်းမှ ထွက်လာပါ့မလား။ စက္ကူကောင်းကောင်းမှ သုံးပါ့မလား၊ မျက်နှာဖုံးက လှပါ့မလားဆိုတဲ့ အတွေးတွေဝင်လာခဲ့ပါတယ်။ ပြီးတော့မှ မဟုတ်သေးပါဘူး။ ပစ္စည်းဥစ္စာတွေတောင် စွန့်ခဲ့ပြီး အေးချမ်းတဲ့စိတ်နဲ့ နေနိုင်ပြီးမှ "ငါ"၊ "ငါ့စာ"၊ "ငါ့စာအုပ်"ဆိုတာတွေကို စွဲလမ်းနေပြန်တာလား။ သူတို့က ကြိုက်နှစ်သက်လို့ စာအုပ်ထုတ်ချင်ကြတာပဲ၊ အကောင်းဆုံးဖြစ်အောင် စေတနာထားပြီး လုပ်ကြမှာပေါ့လို့ ကိုယ့်စိတ်ကို ပြန်ကြည့်နေရာက၊ အရှင်ဆန္ဒာဓိကရဲ့ "အနှိုင်းမဲ့ချမ်းသာ"စာအုပ်အတွက် ဆရာမြသန်းစံရေးခဲ့တဲ့ အမှာစာထဲက စကားလုံးတွေကို ဖျတ်ခနဲ သတိရမိသွားပါတယ်။ အဲဒီစကားစုလေးတွေကို ဆင်ခြင်လိုက်မိတာနဲ့ ကျွန်မစိတ်တွေ ကြည်လင်သွားပြီး နှလုံးသွင်းမှန်သွားပါတယ်။

"မိမိ ဟောပြောရေးသားချက်တွေကို ပရိသတ်စွဲမက်နှစ်သက်ခံရသူတို့၌ 'ငါ'ဟူသော သကဒ္ဓယဒိဋ္ဌိနှင့် 'ငါ့တရား'၊ 'ငါ့စာအုပ်'ဟူသော ဥပါဒါန်လေးများသည် အနုသယကိလေသာဝင်ပေါက်မှတစ်ဆင့် 'ငါသာသနာ ပြုနေတာပဲ'ဟူသော မျက်နှာဖုံးလေးစွပ်လျက် ပုံဖျက်ကာ ဝင်လာတတ်ပါသည်။

ထိုသို့ဝင်လာခြင်းအပေါ် သတိမထားမိပါက "ငါ့ တရား၊ ငါ့စာအုပ်၊ ငါဘယ်နှအုပ်တောင်ရေးခဲ့ပြီးတာ၊ ဘယ်စာအုပ်မှာတော့ ဘယ်လိုရေးခဲ့တာ၊ ဘယ်စာအုပ်ကျရင်တော့ ဘယ်လိုရေးလိုက်ဦးမှ၊ အဖုံးလေးကိုတော့ ဘယ်လိုလုပ်လိုက်ဦးမှ၊ အတွင်းပုံလေးတွေ အရောင်လေးတွေနဲ့ လုပ်လိုက်ဦးမှ၊ ဒါဆိုရင် ပရိသတ်က ဘယ်လိုသဘောကျ ချီးကျူးဦးမှာ၊ ဒါဆိုရင် ငါ့ကိုကြိုက်တဲ့ ပရိသတ်တွေ နောက်ထပ် ဘယ်လောက်ထပ်တိုးဦးမှာ စသည်ဖြင့် "ငါ့တရား"ဟု သတ်မှတ်လိုက်မိသော ဒိဋ္ဌိကြောင့် ကိလေသာနှင့်ယှဉ်သော နောက်ဆက်တွဲအတွေးတွေသည် တသီကြီး ဝင်ချလာပေမည်။" (မြသန်းစံ)

ကျွန်မရဲ့စိတ်ကို ဘရိတ်ကလေးနဲ့ ပြန်ပြီး ထိန်းနိုင်သွားပါတယ်။ စိတ်ကို ပြန်ကြည့်တတ်တဲ့ အလေ့အကျင့်ကြောင့် လောဘကို လောဘမှန်း သိနိုင်တာဟာ မြတ်စွာဘုရားရဲ့ သတိပဋ္ဌာန်တရားရဲ့ အကျိုးကျေးဇူးကြောင့်ပဲ ဖြစ်ပါတယ်။ သားရဟန်း အရှင်ဆန္ဒာဓိကရဲ့ စကားနဲ့ပြောရရင် "ရသင့်တာထက် ပိုလိုချင်ရင် ရသင့်တာပါ ဆုံးရှုံးတတ်ပါတယ်။ ရသမျှနဲ့ ကျေနပ်တတ်တဲ့ တင်းတိမ်ရောင့်ရဲခြင်း တရားကို နှလုံးသားမှာ မွေးမြူ မထားနိုင်သမျှတော့ ရသင့်တာထက် ပိုလိုချင်နေဦးမှာ ပါပဲ။"

❋ လောဘကြီးသော် ဒုက္ခကြီး၏။
❋ လောဘသေးသော် ဒုက္ခသေး၏။
❋ လောဘမရှိသော် ဒုက္ခမရှိပြီ။
❋ လောဘကို အောင်နိုင်သူသည်၊
❋ လောကကို အောင်နိုင်သူမည်၏။
❋ သန္တုဋ္ဌိ ပရမံ ဓနံ၊
- ရောင့်ရဲခြင်းသည် အမြတ်ဆုံးဥစ္စာတည်း။

■ ခင်စောတင့်

ဓမ္မဒူတအရှင်ဆေကိန္ဒ
နေရာလည်းကောင်း
စိတ်လည်းကောင်း

ကြီးပွားမှု၊ တိုးတက်မှု၊ အောင်မြင်မှု အစရှိသော စကားရပ်တို့သည် စီးပွားရေး၊ ပညာရေး၊လူမှုရေး၊ ကုသိုလ်ရေး စသည်တို့နှင့် တွဲဖက်လျက် ကောင်းမြတ်သော အဓိပ္ပါယ်တို့ကို ဖြစ်ပေါ်စေပါသည်။ လောကလူသားတိုင်းက လောကရေးရာ အဖြာဖြာတို့တွင် ကြီးပွားတိုးတက်အောင်မြင်မှုကို ရယူပိုင်ဆိုင်လိုကြသည်သာ ဖြစ်၏။ ထိုအရေးတို့၏ ပျက်စီးမှု၊ ဆုတ်ယုတ်မှု၊ ကျရှုံးမှုဟူသော စကားရပ်တို့ကို မိမိတို့အတွက် တွေ့ဆုံရဖို့ မဆိုထားဘိ၊ ကြားရုံမျှပင် မကြားလိုကြပါပေ။

ဘုရားရှင်ဟောကြားတော်မူခဲ့သော တရားတော်တို့တွင် အသိဉာဏ်ရရှိစေရေးအတွက် ကြီးပွားမှု၊ ပျက်စီးမှု၊ တိုးတက်မှု၊ ဆုတ်ယုတ် မှု၊ အောင်မြင်မှု၊ ကျရှုံးမှုတို့ကို ဟောပြတော်မူခဲ့ပါသည်။ ထိုတိုးတက်မှု၊ ဆုတ်ယုတ်မှု၊ အောင်မြင်မှု၊ ကျရှုံးမှုတို့၏ အကြောင်းရင်း အခြေခံအချက်အလက်များကိုလည်း ဟောကြားပေးတော်မူခဲ့ပါသည်။

အသိဉာဏ်ရှိသူတို့အတွက် ဘုရားရှင်ဟောကြားတော်မူသော တရားတော်တို့ကို နာကြားရသည်ရှိသော် အသိဉာဏ်တို့ တိုးတက်လာကြ၍ အကောင်းအဆိုး၊အမှားအမှန်တို့ကို ခွဲခြားနားလည်လာကြပါသည်။ ထိုသို့ ကွဲကွဲပြားပြား၊ ခွဲခွဲခြားခြားနားလည်လာသည်နှင့်အမျှ အကောင်းကို ပြု၊ အမှန်ကို ရှေ့ရှုကြလျက် အဆိုးကို ရှောင်၊ အမှားပယ်ခွာ၍ နေထိုင်လာနိုင်ကြပေသည်။

"အရှင်ဘုရား၊ တပည့်

တော်တို့ကို တရားလေး ဘာလေး ဟောပေးပါဦးဘုရား”

ဤကား မိမိကို တရားဟော ပြောနေသူတစ်ပါးအနေဖြင့် သိထားသူတို့နှင့် တွေ့တိုင်း၊ ဆုံတိုင်း အလျှောက်ခံရသော စကားဖြစ်ပါသည်။

“အင်း . . တရားဟောဖို့ လျှောက်ထားရင်လည်း တရားတော့ ဟောပေးရတာပေါ့”

“မှန်ပါ့ဘုရား”

“တရားဟောတယ်ဆိုတာ ကလည်း အခုလို တွေ့တုန်း၊ဆုံတုန်း စကားပြောသလို စကားပြေအပြောနဲ့ အကျိုးရှိတဲ့ စကားတွေကို နားလည်အောင် ပြောပေးတာကလည်း တရားဟောတာပါပဲ”

“ဟုတ်ပါတယ်ဘုရား၊အရှင်ဘုရား ပြောပြတဲ့ စကားတွေက စကားပြေဟော ဟောတာဆိုတော့ တပည့်တော်တို့ နားထောင်ရတဲ့သူတွေအတွက် ဗဟုသုတလည်း ရပါတယ်။ အသိဉာဏ်တွေလည်း တိုးတက်ပါတယ်။ ဒါကြောင့် အရှင်ဘုရားနဲ့ တွေ့ခိုက်၊ ဆုံခိုက်မှာ တပည့်တော်တို့အတွက် အကျိုးရှိဖို့ ဒီလိုပဲ တရားပြောပြပေးဖို့ လျှောက်ထားရတာပါဘုရား”

“အင်း . . အင်း အဲဒီလိုဆိုရင်လည်း ကနေ့၊ အခုပဲ တရားစကား ဟောပေး၊ပြောပေးတာပေါ့”

“မှန်လှပါ အရှင်ဘုရား”

“ယခု ဟောပေးမယ့် ပြောပေးတရားက အားလုံးသော ပရိသတ်တွေ ကြားဖူးပြီးသားပါ။ နာကြားပြီးသား တရားတော်ပါ။ အရင် နာကြားပြီးခဲ့တုန်းကလည်း အသိတရားတွေ တိုးခဲ့ကြမှာပါပဲ။ နာကြားဖူးပေမယ့် အခုလို ထပ်ပြီး ဟောပြောပေးရတာဟာ ဒီတရားစကားက အလွန်အရေးကြီးလွန်းလို့ပါ။ ဘဝသစ်အတွက် ကြီးပွားမှု၊တိုးတက်မှုတွေကို မရရအောင် အထောက်အကူပြုပေးနိုင်တဲ့ အသိတွေကို ထပ်ပြီး ရစေချင်လို့ပါ”

“မှန်လှပါ အရှင်ဘုရား၊ မိန့်တော်မူပါဘုရား”

“ကဲ . . ဒီလိုဆိုရင်လည်း မိန့်ရုံပေါ့၊ ဘုရားရှင်ရဲ့ သားတော်ရဟန်းတစ်ပါးအနေနဲ့ ဗုဒ္ဓမြတ်စွာ၏ ပါဠိတော် တရားစကားကို မူတည်ပြီး ဟောမှာ၊ပြောမှာပါ။ဒါကြောင့် အဲဒီ ပါဠိတော်ကို အရင်ပြောပါမယ်၊‘ပတိရူပဒေသဝါသောစ’တဲ့”

“မှန်လှပါဘုရား၊ မင်္ဂလသုတ်တရားတော်ထဲကပါ ဘုရား”

“ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ ဒီတရားစကား ပါဠိတော်ဟာ ပါဠိတော်နေရာများများမှာ ဟောထားတော်မူပေမယ့် လူအများသိထားကြတာက မင်္ဂလသုတ်ပါဠိတော်ထဲမှာလို့ သိထားကြပါတယ်”

“ဩော် . . တခြား ပါဠိတော်တွေမှာလည်း ဟောထားသလားဘုရား”

“ဟောထားပါတယ် ဒကာကြီး၊ အလွန်လည်း တန်ဖိုးရှိလွန်းတဲ့ ဘုရားစကားတော်ပါ။ ဘုရားရှင်ရဲ့ စကားတော်တိုင်းဟာ အလွန်ပဲတန်ဖိုးကြီးမားလှပါတယ်။ အခု ဒီ‘ပတိရူပဒေသဝါသောစ’ဆိုတဲ့ စကားကိုရွေးပြီး ဟောပေးမယ်လို့ စိတ်ထဲပေါ်လာတာကတော့ အမျှားနှင့် ရင်းနှီးပြီးသား စကားဖြစ်လို့ကတစ်ကြောင်း၊ နောက် ဒကာကြီးတို့လို တရားနဲ့ ရင်းနှီးပြီး အားထုတ်နေတဲ့သူတွေအတွက်ရော၊ တရားအားထုတ်ရမှာကို ကြောက်နေသေးလို့ ဒါမှမဟုတ် မအားသေးလို့ဆိုပြီး အားမထုတ်ရသေးသူတွေအတွက်ရော၊ နှစ်မျိုးလုံးအတွက် အရေးကြီးတာကြောင့် ဟောမယ်လို့ စိတ်ဖြစ်တာပါ”

“အဲဒီလိုဆိုရင် ကောင်းပါတယ် ဘုရား။ ဟောသာ ဟောပါတော့ဘုရား”

“ကဲ . . ဟောပြီ၊ ‘ပတိရူပဒေသဝါသောစ’ဆိုတဲ့ ပါဠိစကားကို မြန်မာနားတွေအတွက် မြန်မာစကားပြောင်းလိုက်ရင် ‘နေရာကောင်း’လို့ ခေါ်ပါတယ်”

“မှန်လှပါဘုရား”

“ဘုရားရှင်ကိုယ်တော်မြတ်ကြီးက မင်္ဂလသုတ္တန်တရားတော်ကြီးမှာ မင်္ဂလာရှိဖို့၊ မင်္ဂလာဖြစ်ဖို့ အတွက် ‘လူမိုက်ကိုရှောင်ဖို့၊ ပညာရှိကို ပေါင်းဖို့၊ ပူဇော်ထိုက်သူကို ပူဇော်ဖို့’တွေကိုလည်း ဟောတော်မူခဲ့ပါတယ်။ အခု မင်္ဂလာကတော့ ‘အဲဒီ နေရာကောင်းမှာ လူမိုက်မဖြစ်ဖို့ရော လူမိုက်ကို ရှောင်ဖို့ပါ ကျင့်ရင် မင်္ဂလာရှိတယ်လို့ ဆိုပါတယ်။

အခုအခါမှာ မင်္ဂလာရှိတယ်ဆိုတဲ့ စကားရဲ့အဓိပ္ပါယ်ကို အကုသိုလ်မဖြစ်တာ၊ မကောင်းမှုတွေကို ပယ်နိုင်၊ ဖျောက်နိုင်တာလို့ပဲ ပြောပေးပါဦးမယ်။ ဟိုဘက်လူငယ်တွေ အတွက်တော့ ဒီလိုပြောရုံနဲ့ နားလည်ဦးမှာ မဟုတ်ပါဘူး”

“သိပ်ပြီး နားမလည်သေးပါဘုရား”

“ဟုတ်ပါတယ်၊ သိပ်ပြီး နားလည်ဦးမှာ မဟုတ်ပါဘူး၊လူမိုက်ကို ရှောင်တာ မင်္ဂလာရှိတယ်လို့ မသိသေးရင် လူဆိုးတွေ လူမိုက်

တွေနဲ့ ပေါင်းရသင်းရတဲ့အခါ စိတ်ချမ်းသာလား၊ စိတ်ဆင်းရဲလား"

"ဟာ. . . အဲဒါတော့ စိတ်ဆင်းရဲတာပေါ့ဘုရား"

"ဟုတ်ပြီ၊ လူဆိုးလူမိုက်တွေနဲ့အတူတူ မပေါင်းချင်၊ မနေချင်ဘဲနဲ့ ပေါင်းနေရတယ်။နေနေရတယ်ဆိုရင် စိတ်ဆင်းရဲကြပါတယ်။အဲဒါ မင်္ဂလာမရှိပါဘူးလို့ ပြောတာပေါ့။ စိတ်ဆင်းရဲနေရရင် မင်္ဂလာမရှိပါဘူး၊ သူတို့တွေနဲ့ မတွေ့ရ၊ မမြင်ရ၊ မပေါင်းသင်းရရင် စိတ်ချမ်းသာပါတယ်။ အဲဒီလို စိတ်ချမ်းသာနေရင် မင်္ဂလာရှိတယ်လို့ ခေါ်ပါတယ်။ အဲဒီလောက်ပဲ သာမန်မျှလောက်ကို သဘောပေါက်ထားလိုက်ပါဦး"

"ဩော် . . အဲဒီလိုဆိုရင်တော့ သဘောပေါက် နားလည်ပါပြီဘုရား"

"အင်း . . နားလည်တယ်ဆိုပေမယ့် ထပ်ပြီး နားလည်စေချင်ပါသေးတယ်။ အဲဒါကတော့ လူဆိုးလူမိုက်တွေနဲ့ ပေါင်းရသင်းရတဲ့အခါ ကိုယ်က မပေါင်းသင်းချင်ရင် စိတ်ဆင်းရဲတယ်ဆိုပေမယ့် ကိုယ်က သဘောကျပြီး အလိုတူ၊ အလိုပါ ပေါင်းသင်းဆက်ဆံနေတဲ့အခါ အပျော်ကြီး ပျော်နေတတ်ကြပါတယ်။ အဲဒီအခါကျတော့ စိတ်မဆင်းရဘူးထင်ပြီး အဲဒီလူဆိုး၊ လူမိုက်တွေနဲ့ ပျော်နေရတာကို မင်္ဂလာရှိတယ်လို့ ထင်သွား တတ်ကြပါတယ်။ အဲဒါမျိုးက မင်္ဂလာရှိတာ မဟုတ်ဘူး။ မင်္ဂလာမရှိတာပဲ ဖြစ်နေတယ်"

"ဟင်. . အရှင်ဘုရား၊ အဲဒီလို ကိုယ့်အပေါင်းအသင်းနဲ့ကိုယ် ပေါင်းပြီး ပျော်နေတာက မင်္ဂလာမရှိဘူးလား ဘုရား"

"ကဲ . . ဆိုပါစို့၊ အရက်သောက်တဲ့ အဖွဲ့တွေလည်း အပေါင်းနဲ့ အသင်းနဲ့ စုပေါင်းပြီး သောက်ကြတာပဲ၊ ပျော်ကြတာပါပဲ။ ဖဲရိုက်တဲ့ အဖွဲ့တွေလည်း စုပေါင်းပြီး ဖဲရိုက်ကြတာပဲ၊ ပျော်ကြတာပါပဲ။ မဟုတ်တာ လုပ်တတ်တဲ့ အဖွဲ့တွေလည်း စုပေါင်းပြီး လုပ်ကြတာပဲ၊ ပျော်ကြတာပါပဲ"

"ဟုတ်ပါတယ် ဘုရား"

"အဲဒါကြောင့် ပြောတာပေါ့။ ပျော်တယ်ဆိုတာ ပျော်ဖို့စီစဉ်တုန်းကလည်း ပင်ပန်းကြတယ်၊ပျော်နေတုန်းလည်း ပင်ပန်းကြတယ်။ပျော်ပါးပြီးတော့လည်း ပင်ပန်းကြတယ်"

"စိတ်ချမ်းသာတာကျတော့ရော ဘုရား"

"စိတ်ချမ်းသာမှုအတွက် ကြိုတင်စီစဉ်တုန်းကလည်း စိတ်ချမ်းသာတယ်၊ စိတ်မပင်ပန်းဘူး။ စိတ်ချမ်းသာစရာအလုပ်လုပ်နေကြတုန်းမှာလည်း စိတ်ချမ်းသာကြတယ်။ မပင်ပန်းဘူး။ ဒီအလုပ်မျိုး လုပ်ပြီးတဲ့အခါမှာလည်း တစိမ့်စိမ့် ပြန်တွေးတိုင်း၊ ပြန်စဉ်းစားတိုင်း စိတ်ချမ်းသာတယ်၊ စိတ်မပင်ပန်းဘူး။ အရှယ်ဘယ်လောက်ပဲ ကြီးတဲ့အထိ ဖြစ်ပါစေ၊ ဒီစိတ်ချမ်းသာမှုပြုခဲ့တဲ့အလုပ်ကို ဘယ်နေရာမှာပဲ ဖြစ်ပါစေ၊ တွေးလိုက်တိုင်း စိတ်အေးတယ်၊ စိတ်ချမ်းသာရတယ်"

"ဩော် . . အဲဒီလိုကိုးဘုရား"

"ဟုတ်ပါတယ်၊ ဒီပျော်တာနဲ့ ချမ်းသာတာကို အခုလောက်ကလေးပဲ သိထားပါဦး၊နောက်တော့လည်း ဒီအသိကနေ တစ်ဆင့်ပြီး တစ်ဆင့် သဘောပေါက်လာပါလိမ့်မယ်"

"မှန်လှပါဘုရား"

"ဘာပဲပြောပြော၊ လူဆိုးလူမိုက်နဲ့ ပေါင်းရသင်းရ ဆက်ဆံရတာ စိတ်ဆင်းရဲရတယ်။ ဒုက္ခမျိုးစုံ ဖြစ်ရတယ်၊ အဲဒါကြောင့် ဘုရားရှင်က လူမိုက်နဲ့မပေါင်းနဲ့၊ မင်္ဂလာရှိတယ်၊ စိတ်ဆင်းရဲမှုတွေ၊ ဒုက္ခမျိုးစုံတွေ မကြုံရဘူးလို့ ညွှန်ပြပေးတော်မူခဲ့တာပါ"

"အရှင်ဘုရား၊ လူမိုက်တွေက နေရာတကာမှာ ရှိနေကြတာပဲ ဘုရား၊ ကုန်ကုန်ပြောရင် တပည့်တော်တို့ရဲ့ ဘေးမှာရော၊ တပည့်တော်တို့ရဲ့ အိမ်မှာရော ရှိနေတာပဲ၊ လူမိုက်ကို မပေါင်းဖြစ်အောင် လူမိုက်နဲ့ မတွေ့ရအောင် ဘယ်လိုကျင့်ရ မလဲဆိုတာကိုလည်း မိန့်ပေးပါဦးဘုရား"

"ကဲ . . ဘုရားရှင်ဟောတဲ့ အတိုင်းပဲ ထပ်ပြောပါမယ်။ လူမိုက်ကို ရှောင်ချင်ရင်၊ ပညာရှိလူလိမ္မာတွေနဲ့ပဲ ပေါင်းပေါ့'တဲ့"

"ဩော် . . ."

"ဩော် . . လုပ်မနေကြနဲ့တော့၊ လူလိမ္မာ ပညာရှိနဲ့ ပေါင်းသင်းနေမှတော့ ဘယ်လိုလုပ်ပြီး လူမိုက်နဲ့ ပေါင်းသင်းနေရတော့မလဲ ဒါက ရှင်းရှင်းလေးပဲ၊ နားလည်လွယ်ပါတယ်"

"ဟုတ်ပါတယ် ဘုရား၊ တပည့်တော်တို့ကလည်း အဲဒီလို ရှင်းရှင်းလင်းလင်း သိနိုင်ပါလျက်နဲ့ မေးမိတာကို အံ့ဩလို့ပါဘုရား"

"ဒါကတော့ မသိသေးရင် မေးရမှာပဲ၊ အခု သိပြီးရင် ဒါနဲ့ ပတ်သက်ပြီး ထပ်မေးစရာ မလိုတော့ဘူးပေါ့၊နောက်မသိသေးတာပဲ မေးဖို့ လိုတော့တာပေါ့"

"အဲ . . ပူဇော်ထိုက်သူကို ပူဇော်တာ မဂ်လာဆိုတာနဲ့ ပတ်သက်လို့ ဒီအထဲမှာ သားသမီးရှိကြတဲ့ မိဘတွေဟာ ကိုယ်လည်း အပူဇော်ခံထိုက်တဲ့ မိဘတွေ ဖြစ်နေကြပြီလား၊ မဖြစ်သေးဘူးလားဆိုတာ ပြန်ပြီးတော့ သတိထား ဆင်ခြင်သင့်ပါတယ်"

"သမီးဆိုတာက အမှေ့လိုပဲ ဖြစ်လာတတ်ပါတယ်။ အဲဒီလိုပဲပေါ့ သားဆိုတာကလည်း အဖေ့လိုပဲ ဖြစ်လာတတ်ပါတယ်။ များသောအားဖြင့်ပေါ့၊ သားသမီးတွေဟာ ငယ်ကတည်းက သိတတ်စကတည်းက မိဘတွေကို သိမြင်သမျှ အတုယူလာကြပါတယ်၊ မြင်ပါ၊ တွေ့ပါများတော့ ဒီအတိုင်းလိုက်တု၊လိုက်ကျင့်လာတတ်ကြပါတယ်"

"ဟုတ်ပါတယ်ဘုရား"

"ဟုတ်တယ်ဆိုရင် မိဘတွေက ကိုယ်ရဲ့ရင်သွေး သားသမီးတွေအတွက် အလွန်ပဲ သတိထားရပါမယ်။ လွယ်လွယ်ပြောရရင် သားသမီးတွေကို လိမ်မာစေချင်ရင် မိဘတွေ ကိုယ်တိုင်က လိမ်လိမ်မာမာ နေရပါမယ်၊ ယဉ်ကျေးစေချင်ရင်လည်း မိဘတွေကိုယ်တိုင်က ယဉ်ယဉ်ကျေးကျေး နေရပါမယ်"

"ကုန်ကုန်ပြောရရင် လင်နဲ့မယား၊ လျှာနဲ့သွားဆိုသလို အခိုက်အတန့်အားဖြင့် ရန်ဖြစ်တာမျိုး၊စကားများတာမျိုးတွေ ဖြစ်ခဲ့ ရှိခဲ့ရင်တောင်မှ မိဘတွေဟာ သားသမီးတွေရဲ့ ရှေ့မှာ လုံးဝရန်မဖြစ်ပါနဲ့၊ စကားမများပါနဲ့၊ မမြင်ကွယ်ရာမှာဖြစ်ပေါ့၊ အိပ်ခန်းထဲမှာ ဖြစ်ပေါ့။ စကားများပေါ့။ ဒါပေမယ့် ရန်မဖြစ်၊စကားမများတာ အကောင်းဆုံးပါပဲ"

"ဩော်. . ဟုတ်လိုက်တာဘုရား၊ မိဘတွေစကားများ ရန်ဖြစ်တာကို သားသမီးတွေ မြင်ရရင် အတော်ကိုပဲ စိတ်ပျက်မိကြတာပေါ့ဘုရား"

"ဒါက ကိုယ်ငယ်ငယ်တုန်းကလည်း ကိုယ့်မိဘတွေကို ကြည့်ပြီး ခံစားဖူးကြမှာပါပဲ။ ဆိုရိုးစကားရှိခဲ့သားပဲ။ 'လင်နဲ့မယား၊ လျှာနဲ့သွား' တဲ့။ ကိုက်မိတာပဲ၊ ဒါပေမယ့် ကိုက်မိတဲ့အခါ ပါးစပ်အပြင်ဘက်မှာ တစ်ခါမျှ မကိုက်မိကြပါဘူး။ ပါးစပ်ထဲမှာပဲ လူမမြင်၊ သူမမြင် ကိုက်မိတာပေါ့"

"ဟုတ်တယ်၊ ဒါတွေက အလွန်သတိထားရမှာတွေ၊နောက်ဆုံး အိမ်တွင်းရေးကိစ္စ စိတ်ညစ်စရာတွေ၊ အိမ်အပြင်ရေးကိစ္စ စိတ်ရှုပ်စရာတွေကို ခင်ပွန်းယောက်ျား၊ဇနီးမယားတွေ ပြောစရာရှိရင် သားသမီးတွေ မသိအောင်ပြောပါ၊ ဘာတွေပဲ ကြုံနေကြုံနေ သားသမီးတွေအတွက် မိသားစုဘဝကြီးကို စိတ်ပျက်စရာလို့ မတွေ့မြင်စေဘဲ စိတ်ချမ်းသာစရာ မိသားစုဘဝဖြစ်အောင် ပြောပေးရပါမယ်၊ နေထိုင်ရမယ်"

"ဟာ . . အဲဒီလိုဆိုရင် ကောင်းတာပေါ့ဘုရား၊ ဒါကို တပည့်တော်တို့က မစဉ်းစားမိဘူး၊ အရှင်ဘုရားက မိဘတွေကိုယ်စား စဉ်းစားပေးတာကို အလွန်ပဲ ကျေးဇူးကြီးလှပါတယ်ဘုရား"

"စဉ်းစားပေးတာ မဟုတ်ပါဘူး။ သိနေတာလေးကို တစ်ဆင့်ပြီးတစ်ဆင့် ပြောပေးတာပါ။သိထားတာတွေကို ထပ်ပြီး ပြောရဦးမယ်။ လူဆိုတာမျိုးဟာ အတူနေ အချင်းချင်း တစ်ဦးအပေါ်တစ်ဦး လေးစားနိုင်ခဲတယ်။ တစ်ဦးရဲ့ အားနည်းချက် တွေ၊ အပြစ်တွေကို တစ်ဦးက အနီး ကပ်မြင်ပြီး လေးစားမှုတွေလျော့ လာတတ်တယ်၊ ပျောက်လာတတ် တယ်"

"မိဘကို လေးစားတဲ့ သားသမီးက အလွန်ရှားပါတယ်။အဲဒီလိုပဲ သားသမီး လေးစားခံရတဲ့ မိဘလည်း ရှားပါတယ်။ ဘာဖြစ်လို့ဆိုတော့ မိဘရဲ့အပြစ်၊ မိဘရဲ့ အားနည်းချက်တွေကို သားသမီးတွေက တွေ့ပါ၊ မြင်ပါများလို့ပါပဲ"

> ဝိပဿနာဆိုတာကတော့ သတိဉာဏ်အစစ်ရှိနေရင် ဘယ်အာရုံတွေနဲ့ပဲဆုံဆုံ လောဘ၊ ဒေါသ၊ မောဟ စိတ်ဆိုး၊ စိတ်ညစ်၊ စိတ်ညံ့တွေမဖြစ်ဘဲ အေးအေးဆေးဆေးနဲ့ အမှန်အတိုင်းသိအောင် မြင်အောင်နေနိုင်တဲ့ နေနည်းကို ခေါ်ပါတယ်။

"ငါ့ အဖေလို ဖြစ်ချင်တယ်၊ ဖြစ်ရမယ်ဆိုတဲ့ 'သား'၊ ငါ့ အမေလို ဖြစ်ချင်တယ်။ ဖြစ်ရမယ်ဆိုတဲ့'သမီး' အလွန်ရှားပါတယ်။ မိဘတွေဟာ သားသမီးတွေရဲ့ စံပြဖြစ်ပြီး သားသမီးတွေ အလေးစားခံ၊ အပူဇော်ခံ၊ အမြတ်နိုးခံ မိဘတွေ ဖြစ်အောင် နေကြရပါမယ်"

"သိပ်တော့ မလွယ်ဘူးနဲ့ တူပါတယ်ဘုရား"

"လွယ်ပါတယ်၊ ဘာလို့ မလွယ်ရမှာလဲ။ ရှေ့ကနေ စံပြဖြစ်အောင် နေပေါ့။ အဲဒီလို သားသမီးရဲ့ စံပြ၊ သားသမီးရဲ့ အားကိုးစရာ၊ အတုယူစရာ၊ အပူဇော်ခံစရာ ဖြစ်လာရင် ဘယ်လောက်ကောင်းလိုက်မလဲ၊ အဲဒီကမှတစ်ဆင့် မိဘတွေကို ကြည့်ပြီး တို့လေးစားတဲ့ မိဘတွေက ဘယ်သူ့ကို လေးစားသလဲ၊ ဘုရား၊ တရား၊သံဃာကို လေးစားတယ်။ တို့ ပူဇော်မြတ်နိုးတဲ့ မိဘတွေက ဘယ်သူ့ကို ပူဇော်မြတ်နိုးသလဲ၊ ရတနာမြတ်သုံးပါးကို ပူဇော်မြတ်နိုးတယ်"

"သားသမီးတွေရဲ့ စိတ်ထဲမှာ အဲဒီလို သိလာတာနဲ့အမျှ မိဘကို လေးစားမြတ်နိုးရာကနေ ဘုရား၊ တရား၊ သံဃာကို လေးစားမြတ်နိုးလာမယ်၊ ပူဇော်ချင်စိတ်တွေ ပေါက်လာခဲ့မယ်၊အဲဒီအခါမှာ ဘုရား၊တရား၊ သံဃာကို မိရိုးဖလာ လေးစားတာထက် ပိုပြီးလေးစားလာကြလိမ့်မယ်"

"ဟုတ်လိုက်တာ ဘုရား၊ အဲဒီအစီအစဉ်တိုင်းသာဖြစ်ရင် တကယ်ကိုပဲ ကောင်းလှပါတယ်"

"ဒါထက် ပိုကောင်းတာ ရှိသေးတယ်၊ အဲဒီလိုသာ ဖြစ်လာရင် သားသမီးတွေရဲ့ စိတ်ဟာ လေးစားထိုက်၊ မြတ်နိုးထိုက်၊ ပူဇော်ထိုက်တဲ့ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ဆရာတွေဆီကိုပဲ စိတ်ရောက်နေမယ်၊ လူလိမ္မာ ပညာရှိတွေဆီကိုပဲ စိတ်ရောက်နေမယ်၊ သူတို့ရဲ့စိတ်ကို ကောင်းတဲ့နေရာမှာပဲ ထားနိုင်လာမယ်"

"ဩော် . . ဟုတ်သားပါလားဘုရား"

"အဲဒါ ပြောတာပေါ့၊ ပတိရူပဒေသဝါသောစ နေရာကောင်းတဲ့၊ ကြီးပွားဖို့၊ တိုးတက်ဖို့ အောင်မြင်ဖို့ အတွက် နေရာကောင်းဆိုတဲ့ အရပ်ဒေသတစ်ခုဟာ အလွန်ပဲ အရေးကြီးပါတယ်။ တချို့ဆိုရင် နေရာကောင်းကို ရောက်သွားလို့ နေရာကောင်းရသွားလို့ နေ့ချင်းညချင်း ကြီးပွားတိုးတက် အောင်မြင်သွားကြတာတွေဟာ အများကြီးပါပဲ"

"လူတစ်ဦးတစ်ယောက်ဟာ ဆိုးနေရင်၊ ညံ့နေရင် ကောင်းလာအောင်၊တော်လာအောင် နေရာကောင်းကို ရှာရတယ်။ အဲဒီလို နေရာကောင်းမှာ နေရင်း၊ ထိုင်ရင်းကနေ လူကောင်းဖြစ်လာတယ်၊လူတော်ဖြစ်လာတယ်။ အဲဒီလို စီးပွားရေး၊ လူမှုရေး၊ ပညာရေးတွေမှာ လူကောင်းဖြစ်လာပြီဆိုရင် ရောက်လေရာရာ အရပ်ဒေသဟာ သူ့အတွက် နေရာကောင်းဖြစ်သွားပြီပေါ့၊ လူကောင်းတစ်ယောက်အတွက် နေရာတိုင်းဟာ နေရာကောင်းဖြစ်သွားပါပြီ"

"ဟုတ်ပါတယ်ဘုရား၊နေရာကောင်းကြောင့် လူကောင်းဖြစ်သလို လူကောင်းတွေ ရောက်နေတဲ့ နေရာ အရပ်မှန်သမျှလည်း နေရာကောင်းဖြစ်ကုန်တာပေါ့ဘုရား"

"အဲဒီလို သဘောပေါက်ရင် ဆက်ပြီးပြောစရာရှိလာတာပေါ့၊ နေရာနဲ့လူ တွဲပြီး ရှိနေတတ်သလို စိတ်နဲ့ကမ္မဋ္ဌာန်းဆိုတာလည်း တွဲပြီး ရှိနေတတ်ပါတယ်။ ကမ္မဋ္ဌာန်းဆိုတာ ဒီနေရာမှာ အာရုံကိုပြောတာပါ"

"ဩော် . . အရှင်ဘုရား အရင်က ပြောဖူးတဲ့ စိတ်နဲ့ အဲဒီစိတ်ရဲ့ နေရာ အာရုံဆိုတာလားဘုရား"

"ဟုတ်ပါတယ်၊ တရားအားထုတ်ဖို့ စပြီးအားထုတ်တဲ့လူတွေဟာ ကမ္မဋ္ဌာန်းအာရုံကောင်းနေရာ ရှိရပါတယ်။ ဒါကြောင့် ကမ္မဋ္ဌာန်းတရား အားထုတ်တယ်ဆိုတာ 'စိတ်ကို ပေါက်လွှတ်ပဲစား မထားဘဲ နေရာကောင်း ပေးထားတာပါ'လို့ တရားအားထုတ်တဲ့သူတွေကို ပြောချင်ပါတယ်"

"ဟာ . . ဟုတ်ပြီ၊ တရားအားထုတ်တယ်ဆိုတာ စိတ်ကို နေရာပေးတာ၊စိတ်ကို နေရာကောင်းပေးတာ၊ ဟုတ်ပြီ၊ ဟုတ်ပြီ သဘောပေါက်ပြီဘုရား"

"အင်း . . သဘောလည်း ပေါက်သင့်ပါပြီ၊ လူတွေဟာ မျှားသောအားဖြင့် စိတ်ကို နေရာမပေးဘဲ ပေါက်လွှတ်ပဲစား ထားတတ်ကြတာ မျှားပါတယ်။ ဟိုအာရုံရောက်၊ သည်အာရုံရောက်နဲ့ မကောင်းတဲ့ အာရုံတွေကိုပဲ အရောက်မျှားတတ်ကြပါတယ်။ အဲဒီတော့ စိတ်ဆင်းရဲမှုတွေ၊ စိုးရိမ်သောက ပူပန်မှုတွေ ဖြစ်ကုန်ကြရတာပေါ့"

"ဒါကြောင့် နံနက်ဘုရား ရှိခိုး၊ နေ့လယ် ဘုရားရှိခိုး၊ ညဘုရား ရှိခိုးပြီး စိတ်ကို ဘုရားအာရုံ နေရာကောင်းပေးကြရတာပေါ့။ စိတ်ချမ်း

သာတယ်၊ စိတ်ဆင်းရဲမှု မဖြစ်ဘူးပေါ့”

“ဩော် . . ဟုတ်သားပဲ”

“ဟုတ်တယ်လေ၊ ဘုရားအာရုံပြုနေကျဆိုရင်လည်း အာရုံပြုပေါ့၊ ဘာဝနာတရားအလုပ် ဖြစ်တာပါပဲ၊ ဘုရားဖြစ်ဖြစ်၊ တရားဖြစ်ဖြစ်၊ သံဃာဖြစ်ဖြစ်၊ ဒါမှမဟုတ် ကိုယ်လျှုခဲ့တဲ့ ဒါနနဲ့ပတ်သက်တာတွေဖြစ်ဖြစ်၊ ကိုယ့်ရဲ့ ကိုယ်ကျင့်သီလ စင်ကြယ်မှုတွေကို ဖြစ်ဖြစ်၊ ကိုယ်စိတ်ရဲ့ သူတော်ကောင်းဓာတ်တွေပဲဖြစ်ဖြစ် အာရုံပြုပြီး စိတ်နေရာကောင်း ပေးထားလို့ ရတာပါပဲ”

“ဒါမှမဟုတ်၊ ကမ္မဋ္ဌာန်းလေးဆယ်ဆိုတာ ကြားဖူးကြသားပဲ၊ ဘယ်ကမ္မဋ္ဌာန်းအာရုံပဲ အာရုံပြုဖြစ်ပြုဖြစ်၊ စိတ်ကောင်းကလေးဖြစ်လို့ လာတာပေါ့”

“အရှင်ဘုရား၊ အဲဒါက သမထလား၊ဝိပဿနာလားဘုရား”

“ဒကာကြီးရဲ့ အမေးကို ဖြေပေးပါမယ်၊ ဒါပေမယ့် ဒကာကြီးကို အရင်မေးစရာ မေးချင်သေးတယ်”

“မေးပါဘုရား”

“အင်း. . နေရာကောင်းလို့ လူကောင်းတာရယ်၊ လူကောင်းလို့ နေရာကောင်းတာရယ် ဘယ်ဟာ ကြိုက်သလဲပြော”

“အင်း . . လူမကောင်းသေးရင်တော့ နေရာကောင်းရှာ၊အဲ. . လူကောင်းရင်တော့ နေရာတိုင်း၊ကောင်းတာပေါ့၊ လူကောင်းတာ ပိုကြိုက်ပါတယ် ဘုရား”

“ဟုတ်ပြီ၊ ဒီလိုဆိုရင် ကမ္မဋ္ဌာန်းအာရုံ နေရာကောင်းလို့ စိတ်ကောင်းတာနဲ့၊ စိတ်ကောင်းရှိလို့ အာရုံမျိုးစုံ နေရာတိုင်းဟာ ကမ္မဋ္ဌာန်းနေရာကောင်းဖြစ်တာ ဘယ်ဟာ ပိုကြိုက်သလဲ”

“ဟာ . . တပည့်တော် သဘောပေါက်ပါပြီဘုရား၊ နေရာကောင်း ကမ္မဋ္ဌာန်းအာရုံဆိုတာ သမထ ကမ္မဋ္ဌာန်းတွေပဲ၊ စိတ်ကောင်းအောင် နေရာကောင်းပေးတာကသမထပေါ့၊ ဝိပဿနာဉာဏ်ရှိနေရင် ဒီစိတ်ကကောင်းနေတော့ ဘယ်အာရုံ၊ဘယ်နေရာမျိုးစုံနဲ့ ဆုံဆုံ နေရာကောင်းတွေဖြစ်လို့၊ တရားသဘောတွေ ဖြစ်လို့ပေါ့ဘုရား၊ တပည့်တော် ပြောတာ ဟုတ်သလားဘုရား”

“ဟုတ်ပါတယ် ဒကာကြီး၊ ဟုတ်ပါတယ်၊ သမထဆိုတာ စိတ် ကိုထိန်းချုပ်ထားရတာ မဟုတ်ဘူး။ နေရာကောင်း ကမ္မဋ္ဌာန်းအာရုံတစ်ခုခုကို တစ်ခုမဟုတ် တစ်ခု အာရုံပြုနေရပါတယ်။ ဝိပဿနာဆိုတာကတော့ သတိဉာဏ်အစစ်ရှိနေရင် ဘယ်အာရုံတွေနဲ့ပဲဆုံဆုံ လောဘ၊ ဒေါသ၊ မောဟ စိတ်ဆိုး၊ စိတ်ညစ်၊ စိတ်ညံ့တွေမဖြစ်ဘဲ အေးအေးဆေးဆေးနဲ့ အမှန်အတိုင်းသိအောင် မြင်အောင် နေနိုင်တဲ့ နေနည်းကို ခေါ်ပါတယ်”

“ဟာ ဒီလိုဆိုရင် ဝိပဿနာ စိတ်နဲ့ နေရတာက လွယ်လည်းလွယ်၊ ကောင်းလည်းကောင်းတာပေါ့နော်”

“ဟုတ်ပါတယ်၊ ဝိပဿနာက ဉာဏ်ရှိသူအတွက် ပိုပြီးသင့်တော်ပါတယ်၊ ဒါပေမယ့် သတိ၊သမာဓိ၊ ဝီရိယတွေမရှိဘဲ ပေါက်လွှတ်ပဲစားဖြစ်နေတဲ့ စိတ်ကိုတော့ သမထ အနေနဲ့ နေရာကောင်းပေးတတ်ရဦးမှာပေါ့၊ဒါမှ စိတ်ကောင်းဖြစ်လာမှာ”

“ဩော် . . ဟုတ်ပါတယ် ဘုရား”

“အေး. . ဒါပေမယ့် နဂိုစိတ်ကောင်း၊ ဉာဏ်ကောင်းရှိတဲ့သူတွေ အတွက်ကတော့ ဘယ်အာရုံနဲ့ဆုံဆုံ၊ ဘယ်နေရာရောက်ရောက် အာရုံမျိုးစုံကြောင့် စိတ်ဟာ မတုန်မလှုပ် နေနိုင်ရင်လည်း နေလိုက်ရုံပါပဲ၊ဝိပဿနာ စိတ်နဲ့ နေတတ်ရတယ်ပေါ့”

“လူတိုင်းကိုတော့ သမထ အားထုတ်ပြီးမှ ဝိပဿနာအားထုတ်ရမယ်လို့ မဆိုလို၊ မပြောလိုပါဘူး။ ဝိပဿနာ သက်သက်ချည်းလည်း အားထုတ်လို့ ရတယ်ဆိုတာကိုလည်း သိသင့်သေးတာပေါ့”

“နေရာအာရုံကောင်းလို့ စိတ်ကောင်းရှိသလို၊ စိတ်ကောင်းရှိရင်လည်း အာရုံတိုင်းဟာ တရားသမားအတွက် နေရာကောင်းတွေ ဖြစ်နေတာပါပဲ”

“ကျေးဇူးကြီးလိုက်တာ ဘုရား၊ တပည့်တော်တို့က အာရုံ နေရာကောင်းကို စိတ်ကလေး ချုပ်ထိန်းပြီး တင်းထားနိုင်ရင်ပဲ ဝိပဿနာ ဖြစ်နေပြီ အောက်မေ့တာ၊ အခုမှပဲ သမထနဲ့ဝိပဿနာ ရှင်းရှင်းလင်းလင်း ကွဲကွဲပြားပြား သိရတော့တယ်၊ အရှင်ဘုရားရဲ့ ကနေ့ ဟောပြောဆုံးမပေးတဲ့ ‘နေရာကောင်း’ဆိုတဲ့ တရားဟာ တပည့်တော်ရဲ့ အသိဉာဏ်မှာ တရားအားထုတ်ဖို့ အလွန်ပဲ ရှင်းသွားပါပြီဘုရား”

“အင်း . . ကောင်းပါတယ် ဒကာကြီး”

“သာဓု၊ သာဓု၊ သာဓု”

သတိလည်းရှိ၊ ဉာဏ်လည်းရှိ၊ အသိပြည့်စုံကြပါစေ။

■ ဓမ္မဒူတအရှင်ဆေကိန္ဒ

မနုစ်သက် မခင်တွယ် ဖြစ်ပျက်မြင်တယ်

ကံ့ကော်ခင်

မိမိကိုယ်ကို ကိုယ်ရည်သွေးလိုသောကြောင့် ဤဆောင်းပါးကို ရေးသားရခြင်းမဟုတ်ပါ။

၂၀၀၄-ခုနှစ်၊ ဇန်နဝါရီလထုတ် အပ္ပမာဒဓမ္မ မဂ္ဂဇင်းပါ ဆရာမကြီး (ဒေါ်)ဂျူနီယာဧမောင်(သုံးဆယ်)၏ 'အကျိုးယုတ်မတဲ့လား မိုးကုတ်ရဲ့တရား'ဆောင်းပါးကို ဖတ်လိုက်ရသောအခါ . . . . .

အဖိုးမဖြတ်နိုင်သော မြတ်စွာဘုရားရှင်၏ သစ္စာလေးပါးတရားတော်များကို ကျွန်မလို သာမန်လူပြိန်းတစ်ယောက်၏ နှလုံးအိမ်ထဲ၌ စွဲမြဲစွာ ထင်ဟပ်လာအောင် အရပ်သုံးစကားများဖြင့် ဟောကြားပေးတော်မူခဲ့ပါသော အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး၏ ကျေးဇူးတရား ကြီးမားတော်မူပုံ၊ ဆရာတော်ဘုရားကြီး၏ ဥပနိဿယအတိုင်း အနည်းအကျဉ်းမျှ လိုက်နာအားထုတ်ရုံမျှဖြင့် အထိုက်အလျောက် ကောင်းကျိုးတရားများ ခံစားရရှိခဲ့ပုံတို့ကို ရေးသားတင်ပြလိုစိတ်များ ဖြစ်ပေါ်လာခဲ့မိပါသည်။

လွန်ခဲ့သော (၇)နှစ်ခန့်က ဖြစ်သည်။

ထိုအချိန်က ကျွန်မတို့ မြို့ကလေးတွင် မိုးကုတ်ဝိပဿနာတရားစခန်းဟူ၍ မရှိသေးပါ။ မိခင်၏ဦးလေး ဖြစ်သူ (ကျွန်မအခေါ်)အဘလေးနှင့် မိတ်ဆွေတစ်စုတို့သည် အခြားမြို့ရွာဒေသများရှိ မိုးကုတ်ဝိပဿနာရိပ်သာများသို့ အခါအားလျော်စွာ သွားရောက်၍ တရားစခန်းဝင်လေ့ရှိပါသည်။ထိုစဉ်ကဝိပဿနာတရားနှင့်ပတ်သက်၍ ကျွန်မ ဘာမျှမသိသေးပါ။ ပညာရေးဝန်ထမ်းတစ်ဦး ဖြစ်သည်နှင့်အညီ ကလေးများ စာသင်ကြားရေးကိုသာ အဓိကထားနေမိသည်။

တစ်နေ့ အဘလေးတို့ ဓမ္မမိတ်ဆွေတစ်စု တရားဆွေးနွေးနေကြရာမှ 'ဖြစ်ပျက်'ဟူသော စကားတစ်ခွန်းကို စတင်ကြားလိုက်မိသည်။ ကျွန်မ စိတ်ဝင်စားသွားမိ၏။ ဘယ်လိုအရာကို ဖြစ်ပျက်ခေါ်တာလဲ၊ ဖြစ်ပျက်ကို မြင်အောင် ဘယ်လိုရှာဖွေမလဲဟူသော မေးခွန်းများက ကျွန်မအတွေးအိမ်တွင် ထင်ဟပ်လာမိသည်။

အတွေးနှင့်အတူ ဖြစ်ပျက်ရှာဖွေရေးလုပ်ငန်း စတင်ရန် ဆုံးဖြတ်ချက်ချလိုက်မိသည်။

ပထမဦးစွာ မီးဖိုဆောင်၌ ဖြစ်ပျက်ကိုရှာဖွေမိ၏။ ထမင်းချက်သည့်အခါ၌ ထမင်းအိုးဆူနေသည်ကို ကြည့်မိသည်။ ထမင်းအိုးသည် တစ်ပွက်ပြီးမှ တစ်ပွက် ဆူခြင်းဖြစ်၏။ ပထမတစ်ပွက် ပျက်သွားချိန်တွင် ဒုတိယ တစ်ပွက်ဆူခြင်းဖြစ်၏။ ဒုတိယတစ်ပွက်ပျက်သောအခါ တတိယတစ်ပွက် ဖြစ်လာပြန်သည်။ ဒုတိယတစ်ပွက်သည် ပထမတစ်ပွက်မဟုတ်သလို၊ တတိယတစ်ပွက်သည်လည်း ဒုတိယတစ်ပွက်မဟုတ်သည်ကို တွေ့လာရ၏။ ဤသည်ပင်လျှင် ဖြစ်ပျက်လေလား။

ကျောင်းသွားသည့်အခါတွင်လည်း ခြေလှမ်းများ ထဲ၌ ဖြစ်ပျက်ကို ရှာဖွေမိပြန်သည်။ ပထမဆုံး ခြေတစ်လှမ်း လှမ်းလိုက်သည်။ ထို ပထမခြေလှမ်းသည် ဒုတိယ ခြေလှမ်း လှမ်းလိုက်သည်နှင့် ပျက်သွားသည်။ အဟောင်း ပျက်သွားပြီ၊ အသစ်အစားထိုးရောက်ရှိလာသည်။ ဤသည်ပင် ဖြစ်ပျက်လေလား။

တစ်ဖန် ခန္ဓာကိုယ်ကြီးကို ကြည့်မိပြန်သည်။ အမိဝမ်းမှ ကျွတ်ခါစ ကျွန်မသည် ကျောင်းနေသည့် အရွယ်၌ မရှိတော့၊ ကျောင်းသူကျွန်မ ဖြစ်လာခဲ့သည်။ ထိုမှတစ်ဆင့် တရွေ့ရွေ့ကြီးထွား ရင့်သန်လာချိန်၌ ငယ်ငယ်က ခန္ဓာကိုယ်ပျက်ကာ ကြီးရင့်သည့်ခန္ဓာကိုယ် ဖြစ်လာခဲ့သည်။ အချိန်တိုင်း၊ နာရီတိုင်း၊ စက္ကန့်တိုင်းမှာ အကြားအလပ်မရှိအောင် အဟောင်းခန္ဓာချုပ်၊ အသစ်ခန္ဓာဖြစ်၊ အသစ်ခန္ဓာချုပ်၊ နောက်အသစ်ခန္ဓာဖြစ်၊ ဤသည်ပင် ဖြစ်ပျက်လေလား။

လားပေါင်းများစွာဖြင့် ကျွန်မ ချာချာလည်နေမိတော့သည်။

"မြင်တာ၊ ကြားတာ၊ နံတာ၊ စားတာ၊ တွေ့ထိတာ၊ ကြံတွေးတာတွေအားလုံးဟာ တစ်ခုမျှ တည်မြဲမနေဘူး၊ ဖြစ်ပြီးတာနဲ့ ပျက်ကြတာချည်းပဲ"

ထိုစကားစုကို အဘလေးတို့ စကားဝိုင်းမှ ကြားရသောအခါ ကျွန်မ မနေနိုင်တော့။

"အဲဒါကို ဘယ်လိုလုပ်ပြီး မြင်အောင်ကြည့်ရမလဲ အဘလေး"

မထင်မှတ်ဘဲ မေးလိုက်သော ကျွန်မ၏ မေးခွန်းကြောင့် အဘလေးတို့ အံ့ဩသွားကြသည်။

"ဟေ . . ခင်ခင်၊ ညည်းက စိတ်ဝင်စားလို့လား၊ စိတ်ဝင်စားရင် လုပ်ကြည့်ပေါ့။ မြင်ရင် မြင်တယ်၊ ကြားရင် ကြားတယ်၊ နံရင် နံတယ်၊ စားရင်စားတယ်၊ တွေ့ထိ ရင် တွေ့ထိတယ်၊ ကြံတွေးရင် ကြံတွေးတယ်လို့ ရှုမှတ် ရတယ်၊ ရှုမှတ်ပါများလာရင် ဖြစ်ပျက်ကို မြင်လာလိမ့် မယ် သမီးရဲ့"

ကျွန်မအတွက် မျှော်လင့်ချက်ရောင်ခြည်လေး ရခဲ့ပြီမို့ လက်တွေ့စမ်းသပ်မှုကို ပြုလုပ်ပါတော့သည်။ အလုပ်လုပ်နေရင်းဖြင့် သတိရသည့်အခါတိုင်း မြင်မှု၊ ကြားမှု၊ နံမှု၊ စားမှု၊ တွေ့ထိမှု၊ ကြံတွေးမှုတို့ကို ရှုမှတ်ကြည့်နေမိသည်။

တစ်ခုသော စာသင်ချိန်တွင် ဖြစ်သည်။

တပည့်များအား သချိုင်းတွက်ရန်ပေးထားပြီး ထိုင်ခုံတွင် ထိုင်လိုက်စဉ် နံရံမှ ရုပ်ပုံကားချပ်ဆီ အကြည့်ရောက်မိ၏။ "မြင်ရင် မြင်တယ်မှတ်"ဟူသောအသိ ဝင်ရောက်လာသောကြောင့် ရုပ်ပုံကားချပ်ကို ကြည့်နေရင်းမှ 'မြင်တယ်၊ မြင်တယ်'ဟု မှတ်နေလိုက်မိသည်။ ခဏအကြာ မြင်မှုလေးသည် ဆက်တိုက်မဟုတ်ဘဲ ပြတ်တောင်း၊ ပြတ်တောင်းဖြစ်လာသည်။ မြင်တယ်ဟု သိလိုက်ချိန်တွင် ပျက်သွားပြန်သည်။ ဤသို့ဖြင့် (၂)မိနစ်ခန့် ရှုမှတ်ကြည့်မိပြန်သည်။ သာမန်ကြည့်လျှင် တစ်ဆက်တည်း မြင်နေရသည်ဟု ထင်ရသော်လည်း ဉာဏ်ဖြင့် ကြည့်လိုက်သောအခါ တစ်ဆက်တည်း မဟုတ်ဘဲမြင်လိုက်၊ ပျက်လိုက် ဖြစ်နေသည်ကို တွေ့လာရတော့သည်။

တင်ပါးနှင့်ထိုင်ခုံ ထိမှုအပေါ်၌ ရှုမှတ်ကြည့်ပြန်သည်။ ထိမှုလေးသည်လည်း တစ်ဆက်တည်းမဟုတ်ဘဲ ထိလိုက်၊ ပျက်လိုက်ဖြစ်နေသည်ကို တွေ့လာရတော့သည်။

ရွှင်လန်းအားရမှုများဖြစ်ပေါ်လာကာ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးအားလည်းကောင်း၊ တရားတော်အားလည်းကောင်း၊ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးအားလည်းကောင်း စိတ်တွင်းမှ ရှိခိုးဦးခိုက်မိလိုက်ပါတော့သည်။

* * * * *

(၁၉၉၉)ခုနှစ်။

ခါးရိုးဆစ်ကင်ဆာရောဂါဖြင့် ကြည့်မြင်တိုင် အရိုးရောဂါကုဆေးရုံကြီး၌ ခွဲစိတ်ကုသမှု ခံယူ၍လည်း

ကောင်း၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ကင်ဆာဆောင်တွင် ဓာတ်ရောင်ခြည် ကုသမှုခံယူ၍လည်းကောင်း အတွင်းလူနာအဖြစ် တက်ရောက်ခဲ့ရပါသည်။ ရောဂါဒဏ်ကြောင့် ခြေထောက်များ လှုပ်ရှား၍မရသည်အထိ ဝေဒနာကို ခံစားခဲ့ရသည်။ ဝေဒနာခံစားနေရင်းမှ ရံဖန်ရံခါ ဖြစ်ပျက်ရှုမှတ်ရန် သတိရမိသည်။ ရှုမှတ်မှုလည်း ပြုလုပ်မိခဲ့ပါ၏။

မိမိခန္ဓာကိုယ်ကို မိမိမသယ်နိုင်သည့်အခါ အစိုးမရသည့် အနတ္တသဘော၊ဝေဒနာဆိုးများ ခံစားနေရချိန်၌ ခန္ဓာကိုယ်၏ ဆင်းရဲခြင်း ဒုက္ခသဘော၊ကောင်းကောင်းမွန်မွန် လှုပ်ရှားသွားလာနေခဲ့ရာမှ မလှုပ်ရှားနိုင်ဘဲ အိပ်ရာထက်လဲရသည့် အနိစ္စသဘောတို့ကို လက်တွေ့သိမြင်ကာ သံဝေဂရခဲ့ပါသည်။ ထို့ပြင် မမျှော်လင့်ဘဲ ကျရောက်လာခဲ့သည့် ဗျာဓိတရား၊ နောင်တစ်ချိန်မှာ ကျရောက်လာမည့် မရဏတရားတို့ကိုလည်း ဝေဖန်ဆန်းစစ်မိခဲ့ပါသည်။

သို့သော် အရိုးဆေးရုံအဆောင် (၂)မှ တာဝန်ခံဆရာဝန်ကြီး ဒေါက်တာဦးခင်မောင်ဟန်၊ ပထမလက်ထောက် ဆရာဝန် ဒေါက်တာဦးဝင်းသိန်းနှင့် ဆရာဝန်ဆရာမများ၊ အမှတ်(၂) စစ်ဆေးရုံမှ ကင်ဆာအထူးကုဆရာဝန်ကြီး ဗိုလ်မှူးအေးဖေ၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဓာတ်ရောင်ခြည်ဌာနမှ ပါမောက္ခ ဒေါက်တာဒေါ်သီတာစန်းနှင့် ဆရာဝန်ဆရာမများ၏ မေတ္တာ၊ စေတနာ၊ ကရုဏာတို့ဖြင့် အစွမ်းကုန် ကုသပေးမှုကြောင့် ကျွန်မ၏ ခြေထောက်များ ပြန်လည်လှုပ်ရှားလာနိုင်ခဲ့သည့်အပြင် အနည်းငယ် လမ်းလျှောက်နိုင်စပြုလာခဲ့ပါသည်။ (၁၉၉၉) ခု၊ အောက်တိုဘာလတွင် ဆရာဝန်ကြီး ဦးခင်မောင်ဟန်၏ ခွင့်ပြုချက်အရ ဆေးရုံမှဆင်းခဲ့ပါသည်။

အိမ်ပြန်ရောက်သည်နှင့် အဘလေးထံမှ မိုးကုတ်ဆရာတော်ဘုရားကြီး၏ တရားတော် တိပ်ခွေများကို ဌားရမ်းနာယူခဲ့သည်။ ဆရာတော်ဘုရားကြီး၏ တရားတော်နှင့်အညီ စွမ်းနိုင်သရွေ့ အားထုတ်မှုများလည်း ပြုလုပ်ခဲ့သည်။

ယခင်က ဦးခေါင်းမှစ၍ ခြေဖျားအဆုံး၊ တစ်လံစာမျှရှိသော (ဆရာတော်ဘုရားကြီး၏ မိန့်ဆိုတော်မူချက်အရ ခွေးဟောင်သော)ခန္ဓာကိုယ် (ပညတ်ခန္ဓာ)ကို ရုပ်ဟု ထင်ခဲ့သည်။ ယခုအခါ ဤတစ်လံမျှသော ခန္ဓာကိုယ်အတွင်း ဖြစ်ပေါ်လာသည့် ပူမှု၊ အေးမှု၊ နာမှု၊ ကျင်မှု၊ ယားယံမှု၊ တောင့်တင်းမှုတို့သည်သာ ပရမတ်ရုပ်ခန္ဓာအစစ်များ ဖြစ်ကြပြီး ထိုရုပ်တရားများ၏ ပြောင်းလဲဖောက်ပြန်မှုတိုင်းကို သိနေမှုသည် နာမ်တရားဖြစ်ကြောင်း သိလာခဲ့ပြီ။ ထို့အတူ မြင်မှု၊ ကြားမှု၊ နံမှု၊ စားမှု၊ ထိတွေ့မှု၊ ကြံတွေးမှုတို့ကို သိနေခြင်းသည် နာမ်တရားသာဖြစ်ကြောင်း ကွဲပြားစွာသိလာခဲ့ပြီ။ ယခင်က ရှုမှတ်တွေ့ရှိခဲ့သော ဖြစ်မှု၊ ပျက်မှုသည် ရုပ်၊ နာမ်မကွဲပြားသည့် အကြမ်းစားတွေ့ရှိမှုဖြစ်ပြီး ယခုတွေ့ရှိမှုသည် ရုပ်ဓမ္မ၊ နာမ်ဓမ္မတို့၏ သိမ်သိမ်မွေ့မွေ့ ဖြစ်ပျက်နေမှုဖြစ်ကြောင်း သိရှိလာခဲ့ပါတော့သည်။

* * * * *

ကံကောင်းသည်ဟု ဆိုရမည်လားမသိ။

(၂၀၀၀)ပြည့်နှစ်၊ ဖေဖော်ဝါရီလတွင် နေအိမ်နှင့် မလှမ်းမကမ်းရှိ ရွှေဆံတော်စေတီဝင်းအတွင်း 'ဝေနေယျသုခ'တန်ဆောင်းတော်ကြီး၌ အမှုဆောင်လူကြီးမင်းများ၏ ဦးဆောင်မှုဖြင့် ပထမအကြိမ် မိုးကုတ်ဝိပဿနာ (၇)ရက်စခန်းပွဲကို ကျင်းပဖွင့်လှစ်ဖြစ်ခဲ့ပါသည်။

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်မှ ကမ္မဋ္ဌာနာစရိယဆရာတော် ဦးပညာဝံသ၊ မိုးကုတ်ဓမ္မကထိကများဖြစ်ကြသော ဆရာကြီး ဒေါက်တာဦးကျော်မြင့်၊ မယ်တော်ကြီး ဒေါ်ဝိမလစာရီတို့မှ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဥပနိဿယအတိုင်း ပဋ္ဌိစ္စသမုပ္ပါဒ်၊ သစ္စာလေးပါးသင်တန်းတရားနှင့် အလုပ်ပေးတရားတော်များကို ဟောပြောပို့ချပေးခဲ့ပါသည်။ ကျွန်မမှာ ကျန်းမာရေးအခြေအနေအရ နေအိမ်မှပင် တရားတော်များကို နာကြားရပါသည်။ အသေးစိတ် ရှင်းလင်းဟောကြားပေးနေကြသော ဆရာတော်နှင့် ဆရာကြီး၊ မယ်တော်ကြီးတို့၏ ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ၊ ပဋ္ဌိစ္စသမုပ္ပါဒ်တရားတော်များကို နာကြားရသည်ဖြစ်ရာ ကျွန်မအဖို့ ရေတတ်တုန်း ရေတွင်းထဲ ကျသူပမာ မျက်ရည်များလည်းကာ ကြက်သီးဖြန်းဖြန်းထသည်အထိ ကျေနပ်ဝမ်းမြောက်နေမိပါတော့သည်။ ရွှေဆံတော် ဂေါပကလူကြီးမင်းများ၏ ဦးဆောင်ကြိုးပမ်းမှုဖြင့် တစ်နှစ်လျှင် တရားစခန်း (၂)ကြိမ်ကျဖြင့် (၅)နှစ်တာအတွင်း တရားစခန်း (၁၀)ကြိမ်အထိ အောင်မြင်စွာ ဖွင့်လှစ်ကျင်းပနိုင်ခဲ့ပါပြီ။

ကျွန်မအဖို့မူ ကျန်းမာရေးအခြေအနေအရ တရားစခန်းများတွင် အချိန်ပြည့်ဝင်ရောက်၍ တရားအားမထုတ်

နိုင်သော်လည်း အချိန်ပိုင်းယောဂီအဖြစ် ဝင်ရောက်ရှုမှတ်နိုင်ခဲ့သလို မိုးကုတ်ဆရာတော်ဘုရားကြီး၏ တရားတော်များကိုလည်း နေအိမ်၌ နာကြားနေခဲ့ပါသည်။ နာကြားသည့်အတိုင်းလည်း အာစိဏ္ဏကံအားထုတ်မှု ပြုလုပ်ခဲ့ပါသည်။

ထိုသို့ ဆရာတော်ကြီး၏ တရားတော်များကို နာကြားခြင်း၊ ပွားများအားထုတ်ခြင်းတို့ကြောင့် ဘုရား၊ တရား၊ သံဃာ ရတနာမြတ်(၃)ပါးအပေါ် ပို၍ယုံကြည်ကိုးကွယ်ဆည်းကပ်လာမိပါသည်။ ရတနာမြတ်(၃)ပါးမှ အပ ဖြစ်သော သာသနာပကိုးကွယ်မှုများဖြစ်သည့် ဘိုးတော်ကိုးကွယ်မှု၊ နတ်ကိုးကွယ်မှုတို့အပေါ် လုံးဝ ယုံကြည်မှု မရှိတော့ပါ။

အတ္တဒိဋ္ဌိမှ ဆင်းသက်လာသော ဗေဒင်မေးခြင်း၊ ယတြာချေခြင်း၊ အဆောင်လက်ဖွဲ့ ဓာတ်ရိုက်ဓာတ်ဆင် ယုံကြည်ခြင်းများ၊ အမျှော်နှင့် အကြောက်အပေါ် အခြေခံသည့် သာသနာပ ဥံ၊ သြောင်းခံသော ဂါထာ မန္တန် ရွတ်ဖတ်မှု၊ပြဿဒါး၊ရက်ရာဇာ၊အတိတ်၊ နိမိတ် ယုံကြည်မှုတို့ကို အပြီးတိုင် စွန့်လွှတ်နိုင်ခဲ့ပါသည်။

မတော်လောဘဖြင့် စီးပွားဥစ္စာရလိုမှုထက် ရသမျှနှင့် တင်းတိမ်ရောင့်ရဲလိုသော စိတ်ဓာတ်၊အပိုအလျှံ ရှိလာလျှင် ဆေးကုသရန် စုဆောင်းလိုမှုထက် သာသနာတော်အတွက်သာ လျှုဒါန်းလိုသော စိတ်ဓာတ်များလည်း နှလုံးသားထဲ၌ အထိုက်အလျောက်ဖြစ်တည်လာခဲ့ပါသည်။ ယခင်က အကြောက်ကြီးကြောက်ခဲ့သော နာမှု၊ သေမှုတို့အပေါ် အထိုက်အလျောက် အကြောက်တရား လျော့ပါးလာသည်ကိုလည်း တွေ့ရှိခဲ့ရပါသည်။

ကျွန်မစဉ်းစားမိပါသည်။

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတမိုးကုတ်ဆရာတော်ဘုရားကြီး၏ ဥပနိဿယကို ခံယူကာ ကျွန်းမာရေးအရ အချိန်ပိုင်းယောဂီအဖြစ်လည်းကောင်း၊ နေ့စဉ် အာစိဏ္ဏကံရှုမှတ်၍လည်းကောင်း အားထုတ်နေရပါသော ကျွန်မအတွက်ပင် ထိုက်သင့်အားလျော်စွာ ကောင်းကျိုးတရားများ ရရှိခံစားခဲ့ရပါလျှင် အချိန်ပြည့်တရားစခန်းဝင်ကာ ကြိုးစားအားထုတ်နေကြသော ကျေးဇူးရှင် မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဝေနေယျများဆိုလျှင် မူကား . . . . . ။

■ကို့ကော်ခင်

ရန်ကုန်မြို့ ၊ ပုဇွန်တောင်မြို့နယ်
ရွှေကျင်ကျောင်းတိုက်

သပြေကန်ဆရာတော်ကြီး၏ အဆိုအမိန့်များ

ချောမောစွာ ပြီးသောအလုပ်

အလုပ်တစ်ခုကို သူ့အချိန်နှင့်သူ မှန်မှန်လုပ်လျှင် ထိုအလုပ်မှာ ချောမောစွာ ပြီးမြောက်ရာ၏။ ထိုသို့ မဟုတ်ပါဘဲ အချိန်လွန်မှ စလုပ်လျှင် အလုပ်သေသပ်မှု မရှိနိုင်၊ အချိန်မီ မပြီးဘဲ တစ်ပိုင်းတစ်စနှင့်သော်လည်း သိမ်းလိုက်ရပေလိမ့်မည်။

Work Well Done

Work, to be done well, must be work done in a timely manner. If one delays and starts too late, work done hastily becomes work done badly, and may have to be abandoned poorly finished.

■

နောက်ဆုံးစကားတစ်ခွန်း၏ တန်ဖိုး

ရှေ့ပြည်ဟိန်းဆရာတော်

ကာလ-

ရှင်တော်မြတ်ဘုရား ထင်ရှားပွင့်တော်မူဆဲ အချိန်၊

ဒေသ-

မဂဓတိုင်း ရာဇဂြိုဟ်မြို့တော် သူဌေးတန်းရပ်ကွက်အတွင်း၊

ပုဂ္ဂလ-

ကုဋေလေးဆယ် ချမ်းသာကြွယ်ဝသော မိသားစုတစ်စု၊

လောကကြီး၏ သဘာဝတရားတို့သည် ဆန်းကြယ်လှပါ၏။ တချို့သော မိသားစုများမှာ သားသမီး(၁၀)ယောက်၊ (၁၅)ယောက်ထိ ရှိကြ၍ သိုက်သိုက်ဝန်းဝန်းရှိကြသော်လည်း ပစ္စည်းဥစ္စာမပြည့်စုံကြပါ။

တချို့မှာ ပစ္စည်းအသုံးအဆောင်ပေါများ ပြည့်စုံသော်လည်း သားသမီးအခြွေအရံနည်းပါးကြကုန်၏။

ပစ္စည်းအသုံးအဆောင်လည်းပေါများ၊ သားသမီးအခြွေအရံလည်းများပြားသူများလည်း ရှိကြပါ၏။

ရာဇဂြိုဟ်မြို့၊ သူဌေးတန်းရပ်ကွက်အတွင်း နေထိုင်ကြသော သူဌေးလင်မယားမှာ ရှားရှားပါးပါး သားယောက်ျားလေးတစ်ဦးသာ ထွန်းကား၍ တစ်ဦးတည်းသောသားအပေါ် မျိုထားမတတ် ချစ်ရှာကြသည်။ သား၏ အလိုဆန္ဒအတိုင်း လိုက်လျောကာ နေကြပါ၏။အလိုလိုက်ခံရသော သားသမီးတို့သည် ထုံးစံအတိုင်း မိဘအပေါ် နွဲ့ဆိုးဆိုး၏။ ပတ်ဝန်းကျင်၏ မြှောက်ပင့်မှုကလည်း ပို၍ ဆိုးသွမ်းဖို့ ဖန်တီးပေးသလိုဖြစ်ခဲ့ပါ၏။ ကံကောင်းသည်မှာ ထိုသူဌေး လင်မယားနှစ်ဦးစလုံးတို့သည် ဘုရားရှင် ကိုယ်တော်မြတ်၏ တရားတော်ကို နာရ၍ သောတာပန်အရိယာ သာဝက ဖြစ်လာကြသဖြင့် ဗုဒ္ဓသာသနာအပေါ် ယုံကြည်မှုမှာ မည်သည့် အကြောင်းကြောင့်မျှ တုန်လှုပ်ယိမ်းယိုင်မှု မရှိတော့ခြင်းပင်။

သို့ဖြစ်၍ သားအပေါ်ချစ်ခင်မှုမှာ တဏှာပေမ အဆင့်တွင် မရပ်ဘဲ၊ ဤဘဝတွင်သာမက သံသရာနောင်ရေးအထိ မျှော်တွေးချစ်ခင်သောအဖြစ်သို့ ပြောင်းသွား၏။ သို့သော် ငယ်စဉ်က အလိုလိုက်ခဲ့မိ၍ အလိုလိုက်ခံခဲ့ရသော သားအားပြောင်းလဲအောင် လုပ်မရပါလေတော့။ သားမှာ အရွယ်လေးရောက်လာလျှင် သူငယ်ချင်းအပေါင်းအသင်းများနှင့် တရုန်းရုန်း။ တစ်ခါတစ်ရံ အိမ်သို့ပင် ပြန်မလာ။ မိမိတို့နှစ်ဦးမှာ လည်း ဇရာပိုင်းရောက်လာကြပြီ။

သား၏ဘဝ ပြောင်းလဲစေဖို့ မိမိတို့၏ ဓမ္မအမြင်ဖြင့် မိမိတို့ ယုံကြည်သော ဗုဒ္ဓသာသနာတော်အပေါ် သားဖြစ်သူအား ယုံကြည်စေလို၏။ သို့ဖြစ်၍ မိမိတို့နဲ့အတူ ဘုရားကျောင်းတော်သို့ အတူလိုက်ရန် ခေါ်ကြည့်ရာ ခေါင်းသာတွင်တွင်ခါပြ၏။

အထက်ဖော်ပြပါ ရာဇဂြိုဟ်က သူဌေးလင်မယား၏ မူလအမည်မှာ မထင်ရှား။ သားဖြစ်သူအား ချစ်စနိုးဖြင့် သိဂ်ိလ (မောင်ခွေး)ဟု ခေါ် ဝေါ်ရာမှ သားဖြစ်သူအမည်ကပို ထင်ရှားသဖြင့် နောက်ပိုင်းသူတို့၏ အမည်ကိုပါ သိဂ်ိလပိတာ၊သိဂ်ိလမာတာဟု ခေါ်ဝေါ်လာကြ၏။

သားဖြစ်သူ သိဂ်ိလအား အိမ်သို့ ဆွမ်းခံကြွလာသော ကိုယ်တော်များထံ ချဉ်းကပ်ဖို့ စည်းရုံးသော အခါ သိဂ်ိလ၏ အကြောင်းပြ ငြင်းပယ်ပုံမှာ အံ့သြဖွယ်ပင်ကောင်းလှ၏။

"အို. . အဖေတို့ကို ကြည့်ပြီး ကျွန်တော်အံ့သြတယ်ဗျာ၊ ကိုယ်တော်တွေ ကြွလာတာနဲ့ မြေပေါ် နိမ့်တဲ့နေရာမှာထိုင်လိုက်တော့ ပုဆိုးဖုန်လူးလို့ ပုဆိုးလည်း နွမ်းတယ်၊ ရှိခိုးတော့ ခါးနာတယ်၊ ဒူးပွန်းတယ်၊ နဖူးပွန်းတယ်၊ကိုယ်က ဆွမ်းလောင်းတာတောင် အောက်ကျို့ပြီးလောင်းတယ်။ ကျွန်တော်တော့ အဖေတို့လို ပုဆိုးနွမ်းမခံနိုင်ဘူး။ ခါးအနာမခံနိုင်ဘူး။ ဒူးအပွန်းမခံနိုင်ဘူး။ နဖူးအပွန်းမခံနိုင်ဘူး။ ကိုယ်တော်တွေနဲ့ ရင်းရင်းနှီးနှီးလည်း မနေချင်ဘူး။ ရင်းနှီးလာရင် အလျှုံခံလိမ့်မယ်။ ဒီတော့ ပစ္စည်းကုန်တယ်"လို့ ခုခေတ်လူငယ်တွေထက်စောပြီး ခေတ်မီမီအတွေးမျိုးနဲ့ အဖေကို ပြန်ပြောတယ်။

အဖေဦးသိဂ်ိလဟာ သူတတ်နိုင်သလောက် စည်းရုံးတာ မရပေမယ့် တစ်နေ့နေ့တော့ သူ့ဆန္ဒဖြစ်ကို ဖြစ်စေရမယ်လို့ ယုံကြည်ထားတယ်။ နောက်ဆုံး သူ့အသက်ထင်ရှားရှိစဉ် မအောင်မြင်တောင်မှ သူ့မရှိတဲ့နောက် သူ့ရဲ့ဆန္ဒအောင်မြင်စေဖို့ စိတ်ကူးပြီး သေခါနီးအချိန်မှာ သားကို အနားခေါ်၊ ပစ္စည်းအမွေလွှဲအပ်ရင်း -

"ငါ့သား၊ အဖေမသေခင် စကားတစ်ခွန်းလောက် ပြောခဲ့ချင်တယ်၊ ရတနာသုံးပါးကို ရှိမခိုးချင်နေပါ။ ငါ့သား လောကမှာ ကြီးပွားတိုးတက်အောင် အရပ်ခြောက်မျက်နှာကိုတော့ နေ့တိုင်း လူမြင်ကွင်းမှာ ရှိခိုးရစ်ပါကွယ်"လို့ တစ်ခွန်းတည်းသော စကားကို နောက်ဆုံးမှာကြားပြီး ကွယ်လွန်သွားရှာတယ်။ သိဂ်ိလ အနေနဲ့ သူ့အဖေ အသက်ရှင်စဉ် နေ့တိုင်း သူ့ကိုပြောတာကို နားပူတယ်လို့ ထင်ပေမယ့်၊ သေခါနီး အလေးအနက်မှာသွားတဲ့ စကားကိုတော့ သူ့စိတ်ထဲ စွဲသွားတယ်။ အမြဲ

တမ်း အမှတ်ရနေတယ်။

တို့အဖေ သေခါနီး မှာသွားခဲ့တယ်၊ တို့အမေ သေခါနီး မှာခဲ့တယ်။ တို့ဆရာ မှာခဲ့တယ် စသည်ဖြင့် သေခါနီးပြောသွားတဲ့ ဒီစကားလေးတွေဟာ နှလုံးသားမှာစွဲပြီးကျန်ရစ်တတ်တာ သဘာဝပါ။

သိဂ်ါလအဖေကလည်း ဒီရည်ရွယ်ချက်ပါပဲ။ငါ့သားဟာ အရပ်ခြောက်မျက်နှာကို လှည့်ပြီး ရှိခိုးရစ်မှာ သေချာတယ်။ ဒါကိုမြင်ရင် ဘုရားရှင်က ငါရဲ့အယူအဆအမှန်ကို ရှင်းပြတော်မူပေလိမ့်မယ်။ ဒါဆို ငါ့သားလိမ္မာဖို့ သေချာသွားပြီလို့ အရှည်မျှော်တွေးပြီး စိမ်ချက်နဲ့ မှာသွားခဲ့တာ ဖြစ်ပါတယ်။

သားသိဂ်ါလဟာ ဖခင်ရုပ်အလောင်း သင်ျှိုဟ်ပြီးတဲ့အခါ ကျွန်ရစ်သူအားလုံး အဝတ်မည်းကြီးတွေဝတ်၊ တစ်ကိုယ်လုံး ခေါင်းကနေ ရေနဲ့ စိုရွှဲသွားအောင် လောင်းရတဲ့ အဲဒီကာလ ထုံးစံအတိုင်း သူ့တစ်ကိုယ်လုံး ခေါင်းပေါ်ကနေ ရေနဲ့လောင်း၊ ဆံပင်ကို နောက်ကို ဖြန့်ကြဲချပြီး၊ စိုသောအဝတ်၊ စိုသောဆံပင်နဲ့ မနက်စောစောထကာ လမ်းမပေါ်မှာ အရှေ့၊ အနောက်၊ တောင်၊ မြောက်၊ အထက်၊အောက်၊ အရပ်ခြောက်မျက်နှာကိုလှည့်ပြီး ရှိခိုးလို့ နေပါတော့တယ်။

ဘုရားရှင် ကိုယ်တော်မြတ်ကြီးကလည်း အဲဒီနေ့နံနက်စောစောကပဲ သတ္တလောကကြီးကို သဗ္ဗညုတ ရွှေဉာဏ်တော်ကွန်ရက်နဲ့ ဖြန့်ကြက်ပြီး မဟာကရုဏာတော်နဲ့ လွှမ်းခြုံကြည့်တော်မူတဲ့အခါ သိဂ်ါလ မောင်ဖိုးခွေးကို ဒီကနေ့ ဆွမ်းခံကြွရင်း လမ်းမပေါ်မှာပဲ တရားဟော ချေချွတ် ရမယ်ဆိုတာ ဉာဏ်တော်နဲ့ မြင်တော်မူလို့၊ သိဂ်ါလလုလင် အရပ်ခြောက်မျက်နှာလှည့်ရှိခိုးနေချိန်မှာပဲ အရောက်ကြွတော်မူလာပါတယ်။ အနားရောက်ရင်ပဲ ဘုရားရှင်က စတင်လို့ "အို. . သူကြွယ်သားသိဂ်ါလ၊ အရပ်မျက်နှာတွေကို ဘယ်ရည်ရွယ်ချက်နဲ့ လှည့်ပြီး ရှိခိုးနေရတာလဲ"လို့ မေးတော်မူတော့ သိဂ်ါလကလည်း "အရှင်ဘုရား၊တပည့်တော်ရဲ့ အဖေ သေခါနီးမှာ မှာသွားခဲ့တယ်။ မင်း အရပ်ခြောက်မျက်နှာ လှည့်ရှိခိုးပါ။ လောကမှာ ကြီးပွားတိုးတက်လိမ့်မယ်လို့ မှာခဲ့တာမို့ အဖေ့စကား နားထောင်တဲ့ အနေနဲ့ ရှိခိုးရပါတယ်" လို့ သူ့ရည်ရွယ်ချက်ကို ပြန်လည်လျှောက်ထားတဲ့အခါ မြတ်စွာဘုရားရှင်က "အို. . သူကြွယ်သား သိဂ်ါလ၊ ငါဘုရားရှင်ရဲ့ သာသနာတွင်းသားတစ်ယောက်ဖြစ်တဲ့ သင့်အဖေဟာ ပကတိအရပ်ခြောက်မျက်နှာကို ရှိခိုးစေလိုတဲ့ ရည်ရွယ်ချက်နဲ့ မှာခဲ့ခြင်းမဟုတ်"

"အို. သူကြွယ်သား သိဂ်ါလ၊

အရှေ့အရပ်ဟူသည် မိဘနှစ်ပါးကို ဆိုလိုတယ်။

တောင်အရပ်ဟူသည် ဆရာသခင်ကို ဆိုလိုတယ်။

အနောက်အရပ်ဟူသည် သားမယားတို့ကို ဆိုလိုတယ်။

မြောက်အရပ်ဟူသည် အဆွေခင်ပွန်းတို့ကို ဆိုလိုတယ်။

အောက်အရပ်ဟူသည် အလုပ်သမား၊ အစေအပါးတို့ကိုဆိုလိုတယ်။

အထက်အရပ်ဟူသည် သူတော် သူမြတ်၊ ရသေ့ ရဟန်းတို့ကို ဆိုလိုတယ်"

"အို. . သူကြွယ်သား သိဂ်ါလ၊ အဲဒီအရပ်ခြောက်မျက်နှာလို့ သတ်မှတ်ရတဲ့ ပုဂ္ဂိုလ်ခြောက်မျိုးတို့အပေါ် ဝတ္တရားကျေပွန်အောင် ပြုစုရခြင်းကို အရပ်ခြောက်မျက်နှာကို ရှိခိုးပါလို့ ဆိုလိုတယ်"စသည်ဖြင့် ဂိဟိဝိနယသုတ္တန် သို့မဟုတ် သိဂ်ါလောဝါဒသုတ္တန်ကြီးကို ရှင်းလင်းဟောပြတော်မူပါတယ်။

ဤသိဂ်ါလသုတ္တန်တွင်-

၁။ ကမ္မကိလေသလေးပါး၊

၂။ အဂတိတရားလေးပါး၊

၃။ စီးပွားဥစ္စာပျက်ကြောင်းခြောက်ပါး၊

၄။ အရပ်ခြောက်မျက်နှာ ရှိခိုးခြင်းအကြောင်းဟူ၍ အခန်းကဏ္ဍလေးမျိုးခွဲခြား၍ ရှင်တော်ဘုရားက ဟောကြားတော်မူခဲ့ပါတယ်။ တရားတော်ကို နာယူအပြီးမှာ သိဂ်ါလသတို့သားဟာ ဖခင်ကြီးမျှော်လင့်သလို အာစာရကုလပုတ္တအဖြစ်သို့ ရောက်ရှိခဲ့ပါတော့တယ်။

ဤသို့လျှင် သိဂ်ါလပိတာဥပါသကာ အမြော်အမြင်ကြီးစွာဖြင့် ပြောဆိုမှာကြားခဲ့သော နောက်ဆုံးစကားတစ်ခွန်း၏ တန်ဖိုးကြောင့် ဗုဒ္ဓဘုရားရှင်၏ ရွှေနှုတ်တော်မှ ကမ္ဘာ့လူသားအားလုံးတို့အတွက် တန်ဖိုးကြီးမားလှသော၊ ရယူတတ်သူတို့အတွက် ရတနာထုပ်ကြီးသဖွယ်ဖြစ်သော ဤဂိဟိဝိနယသုတ္တန်ကြီးဖြစ်ပေါ်လာရပါတော့တယ်။

(ဒီဃနိကာယ်၊ ပါထိကဝဂ္ဂ ပါဠိတော်နှင့် အဋ္ဌကထာကို ဆီလျော်အောင် ပြန်ဆိုတင်ပြပါသည်။)

ရွှေပြည်တော်ကိန်း
အေးဇြိမ်းပါစေ။
မေတ္တာဖြင့်
■ရွှေပြည်ဟိန်းဆရာတော်



လိုအင်များကို သန့်စင်စေမယ်

မြသန်းစံ

ဝိပဿနာတရားအလုပ်မှာ စိတ်အနှစ်အမြုပ်များလာတဲ့အခါ အရာရာဟာ တရားခမ္မဖြစ်နေတော့ တာပါပဲ။ မြင်-မြင်သမျှ၊ ကြား-ကြားသမျှ၊နံ-နံသမျှ၊ စား-စားသမျှ၊ ထိ-ထိသမျှ၊ကြံ-ကြံစည်တွေးတောသမျှ အရာခပ်သိမ်းဟာ တရားတွေချည်းပါပဲ။

အာရုံပေါ်သမျှ စိတ်ကလိုက်သိရတာ မှန်သရွေ့ တရားခမ္မကလွဲလို့ ဘာမျှမဖြစ်နိုင်ပါလားဆိုတာ ပိုသဘောပေါက်လာခဲ့ပါတယ်။အာရုံရှိလို့ စိတ်ကသိ၊ စိတ်ကသိနေသမျှ အာရုံကလည်း ရှိနေရနဲ့ အာရုံနဲ့စိတ်ရဲ့ ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ သဘာဝဟာ ထင်ရှားသည်ထက် ထင်ရှားလာပါတော့တယ်။

သည်တော့ကာ အာရုံတွေ တွေ့ထိ၊ ပွတ်တိုက်ခွင့်ရတဲ့ အာရုံခံကိရိယာတွေဟာ ခေတ်သုံးပစ္စည်းတွေဖြစ်တဲ့ ရေဒီယို၊ တီဗီ၊ ဗြိုဟ်တု စလောင်းတွေနဲ့ တူနေမှန်း သတိထားမိပါရဲ့။ ဒါပေမယ့် လျှပ်စစ်ခေတ်ဦးက ပေါ်ခဲ့တဲ့ ရေဒီယိုဟာ အသံသက်သက်ကိုပဲ ဖမ်းနိုင်ခဲ့ပါတယ်။သောတအာရုံသက်သက်ပေါ့။ရုပ်မြင်သံကြားလို့ခေါ်တဲ့ တီဗီပေါ်လာတဲ့အခါကျတော့ အရုပ်ရော၊ အသံရော မြင်ခွင့်ရလေရဲ့။ စက္ခုအာရုံရော၊ သောတအာရုံရော ယှဉ်တွဲခံစားခွင့် ရခဲ့ပြီ

ပေါ့။ ကိုယ့်နိုင်ငံရဲ့ ရှုပ်မြင်သံကြား အသံလွှင့်ဌာနက အစီအစဉ်တွေနဲ့ ကျေနပ်တင်းတိမ်မှု မရကြတဲ့သူတွေ အတွက်တော့ နိုင်ငံတကာ ရုပ်မြင်သံကြားအစီအစဉ်တွေ ကြည့်ခွင့်ရဖို့ အတွက် ဗြိုဟ်တုစလောင်းတွေက ဖြည့်စွမ်းပေးရပြန်ရော။

သည့်ထက်ပိုပြီး အသေးစိတ်၊ အနုစိတ်သိချင်ရင်တော့ ကိုယ်သိချင်တဲ့ဘာသာရပ်၊ ကိုယ်စိတ်ဝင်စားတဲ့အကြောင်းအရာ၊ ကိုယ်လေ့လာချင်တဲ့ ပညာတွေကို လေ့လာနိုင်ဖို့အတွက် (တစ်နည်းအားဖြင့် ကိုယ့်အာရုံဖြန့်ကြက်လိုရာ ဖြန့်ကြက်နိုင်ဖို့အတွက်) ကွန်ပျူတာနဲ့ဆက်စပ်တဲ့ အင်တာနက် အစီအစဉ်တွေ ထပ်တိုးလာပြန်ရော။ ဒီလိုနဲ့ အသစ်အဆန်းပေါ်လာသမျှ အာရုံတွေနောက်ကို တကောက်ကောက်လိုက်နေရတာနဲ့ပဲ ဘဝထဲက အချိန်တွေဟာ ပဲ့မှန်းမသိ ပဲ့ပါသွားနေပါတော့တယ်။

ဒါဖြင့်ရင် ဒါတွေကို မတွေ့မထိရ၊ မသင်ကြားရ၊ မလေ့လာရ တော့ဘူးလားလို့ဆိုတော့ သည်လိုတော့လည်း မဟုတ်ပါဘူး။ မင်္ဂလသုတ်ထဲမှာ ဘုရားရှင်က "ဗာဟုသစ္စဉ္စ၊ သိပ္ပဉ္စ"လို့ ဟောတော်မူခဲ့တာရှိပါတယ်။ အကြားအမြင် ဗဟုသုတများခြင်း၊ အပြစ်ကင်းသောလက်မှုပညာ(သိပ္ပံပညာ)တို့ကို တတ်မြောက်ခြင်းဟာ မင်္ဂလာတစ်ပါးပါပဲ။ ဘုရားရှင်က ပယ်မြစ်တော်မမူခဲ့ပါဘူး။

ဆိုလိုချင်တာက အာရုံတွေကို ဖြန့်ကြက်သည်ထက် ဖြန့်ကြက်ခွင့်ရနေတဲ့အပေါ်မှာ စဉ်းစားချင့်ချိန်နိုင်ဖို့ပါပဲ။ ခေတ်အလျောက်ပေါ်လာတဲ့ ခေတ်သုံးပစ္စည်းတွေကိုတော့ ကျွမ်းကျွမ်းကျင်ကျင် ကိုင်တွယ်အသုံးပြုတတ်ဖို့တော့ လိုတာအမှန်ပါပဲ။ တစ်နည်းအားဖြင့် အာရုံတွေကိုတော့ အသုံးပြုနေရဦးမှာပါပဲ။ ဒါပေမယ့် အဲဒီအာရုံတွေအပေါ်မှာ 'အစွဲ'မထားဖို့ပါ။ အာရုံတွေများတာဟာ ကောင်းသလား၊ မကောင်းဘူးလားဆိုတဲ့ အပေါ်မှာ 'သတိ'ထားတတ်ဖို့ပါ။

သတိမပါဘဲနဲ့ အာရုံတွေနဲ့ ထိတွေ့နေတာဟာ အန္တရာယ်များလွန်းလှပါတယ်။ မျက်စိနဲ့ အဆင်းတစ်ခုတိုက်မိပြီ။ အဲဒီအချိန်မှာ သတိလေး မထားဖြစ်ခဲ့ဘူးဆိုတာနဲ့ အဲဒီ 'အဆင်း'ပေါ်မှာ ကြိုက်စိတ်ဝင်၊ လောဘဖြစ်၊ လက်ဖျစ်တစ်တွက် ကုဋေတစ်သိန်း (စိတ်၊ စေတသိက် ကုဋေတစ်သိန်းဟာ) အကုသိုလ်ယှဉ်ပြီး အကြွေးစာရင်း အတင်ခံရပြီ။ ဒါမှမဟုတ်ရင် မြင်ခိုက် အဆင်းပေါ်မှာ၊ မကြိုက်စိတ်ဝင်၊ ဒေါသဖြစ်၊ လက်ဖျစ်တစ်တွက် ကုဋေတစ်သိန်း၊ အကုသိုလ်အကြွေးစာရင်း အတင်ခံရပြီ။ ကြိုက်စိတ်၊ မကြိုက်စိတ် မဖြစ်ခဲ့ပြန်ရင်လည်း မြင်ရင် မြင်မှန်းမသိလိုက်ဘဲ တွေဝေလွင့်မျောတဲ့စိတ် ကြီးလွှမ်းမိုးနေပြန်ရင် မောဟဖြစ် လို့ လက်ဖျစ်တစ်တွက် ကုဋေ တစ်သိန်း အကြွေးတင်ခံရပြီ။

ဒါဟာ 'မြင်ချက်'ကလေး တစ်ချက် အပေါ်မှာတွင် ဖြစ်တတ်တဲ့ လမ်းကြောင်းသုံးခုပေါ်က အကြွေးစာရင်းတစ်ခု။ ထားပါတော့ ကုဋေတစ်သိန်း။အိပ်ရာနိုးထ၊မျက်လုံးစဖွင့်တဲ့၊အချိန်ကစလို့ ညအိပ်ရာဝင် မျက်လုံးမှိတ်တဲ့ အချိန်အထိ တစ်နေ့တာလုံး မြင်ချက်တွေ ဘယ်လောက်ဖြစ်ခဲ့မလဲ။ စဉ်းစားကြည့်ပါ၊ ဒါဆိုရင် မျက်စိဆိုတဲ့ အာရုံခံကိရိယာ၊တံခါးပေါက် တစ်ခုတည်းကနေ တင်သွားတဲ့ အကြွေးစာရင်း ဘယ်လောက်ရှိခဲ့မလဲ။ ကုဋေသိန်းပေါင်းအနန္တဖြစ်နေပြီ။ မရေမတွက်နိုင်အောင်ကိုပင် များလှပါပေါ့လား။

မျက်စိတစ်ခုတည်းတွင်လား။ မဟုတ်ပါ။

နားကျန်နေသေးတယ်လေ။ အဲဒီကလည်း ကြိုက်တဲ့အသံ၊မကြိုက်တဲ့အသံ၊ အသံမှန်းမသိတဲ့ စိတ်နဲ့ အကြွေး ကုဋေသိန်းပေါင်းအနန္တ။

သည့်အတူ၊ နှာခေါင်းက ကြိုက်တဲ့အနံ့၊ မကြိုက်တဲ့အနံ့၊အနံ့မှန်း သတိမမူမိလောက်အောင် လွင့်မျောနေတဲ့စိတ်နဲ့ အကြွေးကုဋေသိန်းပေါင်းအနန္တ။

အစာစားတဲ့ပါးစပ်က ကြိုက်တဲ့ အရသာ၊ မကြိုက်တဲ့အရသာ၊ အရသာမှန်းမသိလိုက်တဲ့ စိတ်နဲ့စားခဲ့မိလို့ အကြွေးကုဋေသိန်းပေါင်းအနန္တ။

ကိုယ်ခန္ဓာနေရာအနှံ့ ကြိုက်တဲ့အထိအတွေ့၊ မကြိုက်တဲ့အထိအတွေ့၊ ထိတွေ့နေမှန်းမသိတဲ့ စိတ်နဲ့ ထိတွေ့နေခဲ့မိလို့ အကြွေးကုဋေသိန်းပေါင်း အနန္တ။

မနောဒွါရမှာဖြစ်တဲ့ ကြိုက်စိတ်၊ မကြိုက်စိတ်၊ မသိစိတ်က ပိုလို့တောင် များသေး။ သူက မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်တို့ကပို့လိုက်တဲ့ အာရုံတွေကို ကြိုက်-မကြိုက် မသိစိတ်တွေဖြစ်အောင် လုပ်ရတာက တစ်ဖက်၊ အဲဒီငါးဖြာ အာရုံ ကာမဂုဏ်တွေဆီက သတင်းအချက်အလက်အာရုံတွေ အဝင်နည်းတဲ့ အချိန်မှာ သူ့ဘာသာသူ အဟောင်းပုံဖော်ရင်းက ကြိုက်-မကြိုက်-မသိ စိတ်တွေဖြစ်၊မရောက်

သေးတာ ပုံဖော်ရင်းက ကြိုက်-မကြိုက်-မသိစိတ်တွေဖြစ်နေတာက တစ်ဖက်နဲ့ဆိုတော့ သည်'စိတ်'ကြီးဟာ 'အာရုံ' သမုဒ္ဒရာကြီးထဲမှာ မနေမနားကူးခပ်ရင်းက လက်ပန်းကျနေခဲ့တာ ကြာပါပြီ။

လက်ပန်းသာကျနေတယ်။ သူ့မှာ အမြတ်အစွန်းရသလားလို့ စာရင်းကောက်ကြည့်လိုက်တော့ အကြွေးတွေ ကုဋေသိန်းပေါင်း အနန္တနဲ့ ဖွတ်မွဲပြာကျနေတာ သူ့ကိုယ်သူ မသိရှာဘူး။ အင်းလေ၊ အဲဒီလို မသိလို့ပဲ ဘုရားရှင်က သတ္တဝါ တွေရဲ့ အစ မသိရာက စခဲ့တယ် ဟာ တော်မူခဲ့တာ မဟုတ်လား။

အဲဒီတော့ မသိရာက စခဲ့တဲ့ ဘဝတစ်ခုဟာ 'လိုအင်'ဆိုတဲ့ တဏှာက ဝင်ပူးတဲ့အခါ ပဋ္ဌစ္စသမုပ္ပါဒ် သံသရာခရီးကို စနှင်ခဲ့ကြတာမဟုတ်လား။ မသိမှု အဝိဇ္ဇာ၊ မောဟက စခဲ့တဲ့ ကိုယ်စီဘဝအသီးသီးဟာ သခ်ါရဆိုတဲ့ စေ့ဆော်တိုက်တွန်းလှုံ့ဆော်တတ်တဲ့ သဘာဝ အင်္ဂါအစိတ် အပိုင်းတစ်ခုနဲ့ ထိတွေ့တဲ့အခါ ခန္ဓာငါးပါး၊ရုပ်နာမ်တရားတွေ ရကြလေရဲ့။

အဝိဇ္ဇာ ပစ္စယာ သခ်ါရာ။

သခ်ါရ ပစ္စယာ ဝိညာဏံ။

ခန္ဓာငါးပါး၊ ရုပ်နာမ်တရားတွေ ရကြတဲ့အခါ ဘာတွေလာသလဲ ဆိုတော့ အခြားမလာပါဘူး။ တဏှာပဲ လာပါတယ်။ လိုအင်တွေပဲ ထပ်ဖြစ်လာပါတော့တယ်။ သည် လိုအင်တွေ ထပ်မံကြီးထွားရှင်သန်လာတော့ ဥပါဒါန်ဆိုတဲ့ အစွဲအလမ်းကပိုလို့ ကြီးလာတော့တာပေါ့။ ဥပါဒါန်ကြီးလာတော့ 'ကံ'တွေကိုပဲ ထပ်ပြုပြန်တော့တယ်။ သည်တော့ ဘဝတွေ ထပ်ရကြပြန်ရော။ ဘဝရကြတော့ ဇာတိမှသည် ဇရာ၊ ဗျာဓိ၊ မရဏအထိ ဒုက္ခတွေ ခံကြဖို့သာ ပြင်ပေရော့။ သည်လိုနဲ့ အဝိုင်းပြေးသံသရာကြီးထဲမှာ နစ်လို့မဆုံး၊ ကူးခတ်လို့မဆုံး၊ လက်ပန်းကျလို့ မဆုံးနိုင်အောင် ရှိနေတော့တယ်။

ဒါပေမယ့် လက်ပန်းကျမှန်းမသိအောင်၊ နစ်မှန်းမသိအောင် ပင်ပင်ပန်းပန်း ကူးနေရမှန်းမသိအောင် ကိုယ့်ရဲ့ သံသရာခရီးအစ မူလဖြစ်တဲ့ မသိမှု အဝိဇ္ဇာကပဲ ဖုံးထားလေတော့၊ သတ္တဝါအနန္တဟာ ဒုက္ခကို ဒုက္ခမှန်းမသိနိုင်အောင် ဖြစ်နေပြန်တော့တယ်။ဆင်းရဲကို ဆင်းရဲမှန်း သတိမထားနိုင်လောက်အောင် ဖြစ်နေတော့တယ်။တစ်ဖက်ကလည်း တဏှာက လိုအင်တွေနဲ့ ချွေးသိပ်တတ်တာကိုး။ ပျော်စရာ မဟုတ်တာကို ပျော်စရာဖြစ်အောင် လှည့်စားတတ်တာကိုး။ သံသရာထဲမှာ နေပျော်လိုစိတ်ကို ဆက်တိုက် ဖြစ်ပေါ်နေအောင် စေ့ဆော်တတ်တာကိုး၊ ဒုက္ခပင်လယ်ထဲမှာ ကူးခပ်သာယာလိုစိတ်ကို ရာခိုင်နှုန်းများလာအောင် မပြတ်တိုက်တွန်းတတ်တာကိုး။

ဒါကြောင့် ဝိပဿနာတရားအားမထုတ်ဖြစ်သေးသရွေ့ တဏှာဆိုတဲ့ လိုအင်ရဲ့ သဘာဝကို ဘယ်နည်းနဲ့မျှ မရိပ်မိနိုင်ပါဘူး။ အာရုံအများကြီး ရှိရာကနေ အာရုံတစ်ခုတည်းဖြစ်အောင် စုစည်းယူပြီး တစ်အာရုံတည်းပေါ်မှာ အကြာကြီးနေနိုင်အောင် ကြိုးစားတဲ့ စျာန်ရဲ့သတ္တိဆိုတာကလည်း ကြိုးစားမှုအရှိန်လျော့သွားတာနဲ့အမျှ ပြန်ပြီး ပျက်ပြယ်သွားတတ်တာ။ စိတ်ချရတာ မဟုတ်ဘူး။ စျာန်က တဏှာကို မဝင်သာအောင် ခေတ္တခဏ အကာအရံသာ လုပ်နိုင်တာ။ ဉာဏ်လိုတော့ တဏှာကို အပြီးအပိုင် မမောင်းထုတ်နိုင်ပါဘူး။

ဝိပဿနာတရားအားထုတ်မှုနဲ့ပတ်သက်လို့ လုပ်နည်းလုပ်ဟန်မှန်မှန်၊ စေတနာမှန်မှန်နဲ့ ယုံကြည်ချက် မတိမ်းမစောင်းဘဲ တစိုက်မတ်မတ် ခရီးနှင်နေမှသာ'ဉာဏ်'ကပေါ်လာမှာလေ။ အဲဒီပေါ်လာတဲ့ 'ဉာဏ်'ကမှ တဏှာဆိုတဲ့ သဘာဝတရားတစ်ခုကို မြင်ခွင့်ရမှာ။ စိတ်ကို စိုးမိုးနိုင်တဲ့ တဏှာရဲ့စွမ်းအင်သတ္တိကို မြင်ခွင့်ရမှာပါ။ ဉာဏ်ပေါ်ခွင့်ရတဲ့အချိန်မှာ ဝိဇ္ဇာအားကောင်းနေတဲ့အတွက် အဝိဇ္ဇာဆိုတဲ့ မောဟဝင်ခွင့်မရလို့ တဏှာခမျာလည်း ကူဖော်လောင်ဖက် မိတ်ဖက်သူငယ်ချင်းတစ်ယောက် ဘက်ပဲ့နေလေတော့ ခွန်အားချည့်နဲ့နေပြီပေါ့။ အဲဒီအချိန်မှာ ဉာဏ်က စူးစူးစိုက်စိုက်နဲ့ တရစပ်ဖိပြီး ရှုမှတ်လိုက်တဲ့အခါ . .

တဏှာရဲ့သတ္တိ လေးပုံတစ်ပုံ ပဲ့ကျပျက်စီးသွားခဲ့ရင် 'ငါ'စွဲနဲ့၊ သံသယသဘာဝတွေလည်း တစ်ပါတည်း ချုပ်ငြိမ်းသွားလေရဲ့။ သည်အကူးအပြောင်းဟာ အရေးအကြီးဆုံးပါပဲ။ အဝိုင်းပြေးပတ်လမ်းကြီးထဲက တဒင်္ဂအခိုက်အတန့် ဘေးထွက်ရပ်လိုက်တဲ့အချိန်ပဲပေါ့။ နောက်တော့လည်း အဝိုင်းပြေးပတ်လမ်းကြီးထဲ ပြန်ပတ်ပြေးရပြန်တာပါပဲ။ ဒါပေမယ့် သည်တစ်ခါပတ်ပြေးရတာကတော့ အရင်လို မသိမှုဦးစီးတဲ့ ခြေလှမ်းတွေနဲ့တော့ မဟုတ်ပေဘူးပေါ့။ တဏှာရဲ့ လိုအင်သတ္တိတွေကို မြင်ခွင့်ရနေတဲ့ အသိတရားနဲ့ယှဉ်ပြီး ပြေးရတာပါ။ ဒါကြောင့်မို့ တဏှာရဲ့

ဝိပဿနာတရား အားမထုတ်ဖြစ်သေးသရွေ့ တဏှာဆိုတဲ့ လိုအင်ရဲ့သဘာဝကို ဘယ်နည်းနဲ့မျှ မရိပ်မိနိုင်ပါဘူး။

အလစ်အငိုက်ကိုလည်း ဖမ်းတတ်လာပါပြီ။

ကိုယ်က သတိ၊ သမာဓိ အားနည်းလို့ ဉာဏ်အရောက်နည်းနေတဲ့အခါ တဏှာက ကိုယ့်ကို အလစ်အငိုက်ဖမ်းပြီး အနိုင်ကျင့်တတ်တာကိုလည်း ရိပ်မိနေပါပြီ။ကိုယ်က တဏှာကို ပြန်တိုက်ဖို့ သတိ၊သမာဓိနဲ့ ပညာဉာဏ်တွေကို တယုတယ ပြုစုပျိုးထောင်လိုက်တဲ့အခါမှာတော့ တဏှာကို ပြန်အငိုက်ဖမ်း တိုက်ခိုက်နိုင်ပါပြီ။

ဘတစ်ပြန် ကျားတစ်ပြန်ပေါ့။ သည်လိုနဲ့ တဏှာရဲ့လိုအင်တွေက ကိုယ့်ကို နှိပ်စက်လိုက်၊ ကိုယ်က တဏှာရဲ့ လိုအင်တွေကို သတိဉာဏ်တွေ အားကောင်းတဲ့ အချိန်မှာ နှင်ထုတ်တိုက်ခိုက် ချိုးနှိမ်လိုက်နဲ့ ပျော်ဖို့ပင် ကောင်းနေသေးတော့။ တဏှာနဲ့ ယှဉ်ပြိုင် ရင်ဆိုင်ရင်းက သစ္စာဆိုတဲ့ အမှန်တရားရဲ့ လမ်းဆုံးဆီကို ခရီးနှင်နေရတဲ့ ဘဝရဲ့ ရှင်သန်မှုဟာ အဓိပ္ပါယ်တွေ ပိုမိုလေးနက်ပြည့်စုံနေပါတော့တယ်။

ဒါကြောင့်မို့ သည်လိုအချိန်မှာ တွေ့သမျှ၊ မြင်သမျှ၊ ကြားသမျှ၊ သိသမျှအားလုံးဟာ ဓမ္မတွေချည်းပါပဲလို့ စကားဦးအစမှာ ရေးခဲ့တာပါ။သည်တော့ကာ ခေတ်ပေါ်စာရေးဆရာတွေရေးတဲ့ စာအုပ်တွေထဲက စာပိုဒ်အချို့ဟာလည်း ဓမ္မတွေ ဖြစ်နေတတ်တာကို တွေ့ခဲ့တော့တာပဲပေါ့။

မူရင်းစာရေးဆရာက Chai Na Pol Akarasupaset ပါ။ စာအုပ်နာမည်က The Foolish, The Clever, The Wise တဲ့။ မြန်မာပြည်က စာရေးဆရာ "ဆရာလွတ်လပ်အိမ်"တစ်ယောက် ကမ္ဘောဒီးယားနိုင်ငံက စာအုပ်ဆိုင်တစ်ဆိုင်ကို ရောက်ခဲ့တုန်းက ကြိုက်လွန်းလို့ ဝယ်ခဲ့ပြီး ဘာသာပြန်ခဲ့တာပါ။ သည်စာအုပ်ထဲက စာပိုဒ်တစ်ပိုဒ်က 'လိုအင်'ပါတဲ့။

Demands

1. The foolish are unable to control their wants and needs, thus creating a cycle of endless search for desires.

လူမိုက်တွေဟာ သူတို့ရဲ့ လိုအင်နဲ့ဆန္ဒကို မထိန်းချုပ်နိုင်ဘူး။ဒါကြောင့် မဆုံးနိုင်တဲ့ လိုအင်ကို ရှာဖွေနေတဲ့ သံသရာကြီး ဖြစ်လာတယ်။

2. The clever are harsh in their needs; They must keep up with the insatiable war inside.

လူလိမ္မာတွေက သူတို့ရဲ့ လိုအင်အတွက် အရမ်းပြင်းပြတယ်။ သူတို့ရင်ထဲမှာ မရောင့်ရဲတဲ့ စစ်ပွဲတွေနဲ့ နေထိုင်ကြရတယ်။

3. The wise purify their needs, They reach the true destination of life.

ပညာရှိကတော့ သူတို့ရဲ့ လိုအင်ကို သန့်စင်ယူတယ်။ ဘဝရဲ့ပန်းတိုင်အစစ်ကို သူတို့ရောက်ရှိကြတယ်။

သည်တော့ကာ 'လိုအင်' ဆိုတဲ့ တဏှာနဲ့ပတ်သက်လို့ ကိုယ်ဟာ ဘယ်အမျိုးအစားထဲမှာ ပါနေသလဲဆိုတာ တိုက်ကြည့်လို့ရတဲ့ ဓမ္မစကားစုလေးလို့ ထင်ပါတယ်။ **လူမိုက်** ဆိုရင်တော့ ဟန်မကျသေးဘူးပေါ့။ **လူလိမ္မာ** ဆိုရင်တော့ နည်းနည်း ဟန်ကျလာပါပြီ။ ဒါပေမယ့် **ပညာရှိဆိုတဲ့ ပညာဉာဏ်တွေရှိတဲ့ သူ** ဖြစ်ဖို့က အဓိကပါ။ ဒါကြောင့် လိုအင်တွေကို သန့်စင်တတ်ဖို့ **အထူး** အရေးကြီးလှပါတယ်။

ဒါမှ တဏှာဆိုတဲ့ လိုအင်ကို အပြီးသတ် အနိုင်ရနိုင်မှာ။ ။

■မြသန်းစံ
၉-၃-၂၀၀၄

သီလဝိသုဒ္ဓိပြည့်စုံမှု၏ဂုဏ်ရည်

တက္ကသိုလ် သျှင်သီရိ

(ဓမ္မာစရိယ၊ ဘီ-အေ)

သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ-သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ပါရခြင်းအကျိုးငှာ-ဟူသော ခံယူချက် အဓိဋ္ဌာန်ပြုချက်ဖြင့် သာသနာ့ဘောင်သို့ဝင်ရောက်လာကြသော ရှင်ရဟန်းဟူသမျှတို့သည် မိမိတို့ဘဝ၊ မိမိတို့၏သီလကို အလေးအနက်ထားပြီး ထပ်ကာထပ်ကာပြန်လည် သုံးသပ်နေရပါမည်၊ စင်ကြယ်မှုရှိနေအောင် အမြဲဆင်ခြင်နေရပါမည်။

မိမိ၏အကျင့် သီလသိက္ခာကို ဤသို့ လေ့လာဆင်ခြင်သုံးသပ်ပြီး သီလကို စင်ကြယ်အောင် နေထိုင်လာပါက မှိုင်းဝသော မီးပုံးပျံသည် လွတ်တင်လိုက်သည်နှင့် တစ်ပြိုင်နက်တည်း အပေါ်သို့ တစ်ဟုန်တိုး တက်သွားသကဲ့သို့ မိမိတို့၏ ဘဝသည်လည်း ဓမ္မအရသာဖြင့် တစ်ဟုန်ထိုး တက်သွားမည်သာ ဖြစ်ပါသည်။

ရှင်ရဟန်းများသည် ငါသည် အဆင်းဖောက်ပြန်ခြင်းသို့ရောက်ပြီ၊ ငါ၏အသက်မွေးမှုသည် ဒါယကာ၊ ဒါယိကာမများနှင့် ဆက်စပ်နေသည်။ ငါသည် လူပုံသဏ္ဌာန်နှင့် မတူဘဲ ရဟန်းပုံသဏ္ဌာန်နှင့်တူအောင် ပြုလုပ်ကျင့်ကြံနေထိုင်သင့်သည်ဟူ၍ ရဟန်းဟူသော အမှတ်သညာတို့ကို ထပ်ကာထပ်ကာပွားများ ဆင်ခြင်နေခဲ့ပါလျှင်-

- သီလကို မပြတ်ဖြည့်ကျင့်ရာရောက်သည်၊
- အဘိဇ္ဈာမများတော့ချေ။
- ဆင်းရဲခြင်းကင်းသည်၊
- အလွန်မာန်မူခြင်း မရှိတော့၊
- သိက္ခာကို လိုလားနှစ်သက်မှု များလာမည်၊
- ပစ္စည်းလေးပါးကို ပစ္စဝေက္ခဏာဆင်ခြင်၍ သုံးစွဲပါတော့မည်၊
- အားထုတ်မှု လုံ့လအားကြီးလာမည်၊

ဟူ၍ ဘုရားရှင်က အဂုတ္တိရိပါဠိတော်၌ ဟောကြားထားပါသည်။

ဤရဟန်းဟူ၍ဖြစ်သော အမှတ်သညာကို အကြောင်းပြု၍ရလာသော သီလနှင့် ပြည့်စုံမှုစသော ဂုဏ်သည် မိမိအတွက်သာမက၊ ရဟန်းရှင်လူအားလုံးအတွက်လည်း မိမိ၏အကျင့်သီလနှင့် အားထုတ်အပ်သော သမထ၊ ဝိပဿနာမဂ္ဂ၏အစွမ်းကြောင့် အကျိုးများစွာဖြစ်ထွန်းစေပါသည်။

သီလသိက္ခာနှင့်ပြည့်စုံသော ရဟန်းနှင့်ပတ်သက်၍ မိလိန္ဒမင်းက မေး၍၊ ရှင်နာဂသေနမထေရ်မြတ်က ဖြေကြားရာ၌-

မင်းမြတ်၊ သီလနှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည်-

- သတ္တဝါတို့၏ ကိလေသာအဆိပ်ကို ဖျက်ဆီးရာ၌ အဆိပ်ဖြေဆေးနှင့်တူပါသည်။
- သတ္တဝါတို့၏ ကိလေသာကို ငြိမ်းစေရာ၌ ဗိန္ဓောဆေးဝါးနှင့်တူပါသည်။
- သတ္တဝါတို့၏ ကိလေသာမြူအညစ်အကြေး ကိုပယ်ရှားရာ၌ ရေနှင့်အလားတူပါသည်။
- သတ္တဝါတို့အား အလုံးစုံသော စည်းစိမ်ချမ်းသာကိုပေးရာ၌ ပတ္တမြားရတနာနှင့်တူပါသည်။
- သတ္တဝါတို့ ဩဃလေးပါး၏ တစ်ဖက် ကမ်းသို့သွားရာ၌ လှေသင်္ဘောနှင့် တူပါသည်။
- သတ္တဝါတို့၏ ဇာတိတည်းဟူသော ခရီးခဲကို ကျော်လွန်ရာ၌ လှည်းအုပ်ခေါင်းဆောင်နှင့်တူပါသည်။
- သတ္တဝါတို့၏ လောဘစသော သုံးပါးသော အပူမီးကို ငြိမ်းရာ၌ လေနှင့်တူပါသည်။
- သတ္တဝါတို့၏ စိတ်နှလုံးကို ပြည့်ဝစေရာ၌ မိုးကြီးနှင့်တူပါသည်။
- သတ္တဝါတို့အား ကုသိုလ်ကျင့်စေရာ၌ ဆရာနှင့်တူပါသည်။
- သတ္တဝါတို့အား ဘေးကင်းရာခရီးကို ပြောကြားရာ၌ လိမ္မာကျွမ်းကျင်သော ခရီးလမ်းညွှန်နှင့် တူပါသည်။

မင်းမြတ်၊ သီလရှိသော ပုဂ္ဂိုလ်သည် ဤသို့သဘောရှိ၏၊ မျှားသောဂုဏ်ရှိ၏။ ပေါ်ကြွယ်ဝသော ကျေးဇူးတရားရှိ၏၊ အတိုင်းမသိသော ကျေးဇူးတရားရှိ၏။ ဂုဏ်ကျေးဇူးတို့ စုဝေးရာဖြစ်၏။ သတ္တဝါတို့ကြီးပွားတိုးတက်အောင်မြင်ကြရာ၏-ဟူ၍ သီလရှိသော ရှင်ရဟန်းများ၏ ဂုဏ်ကို ဖော်ကျူးပြထားသည်ကို တွေ့ရပါသည်။

ထို့ကြောင့် သာသနာ့ဝန်ဆောင် ရှင်ရဟန်းများသည်၊ မိမိတို့ရလာသော ရှင်ရဟန်းဘဝ၏ ကြီးကျယ်မြင့်မြတ်သော ဂုဏ်ထူးကို သိနားလည်ကြပြီး တစ်ဆင့်ထက်တစ်ဆင့် မြင့်မြတ်သော ဂုဏ်ထူးများကိုရအောင် ကြိုးစားအားထုတ်သင့်ကြပါသည်။

ယနေ့ ဤသာသနာတော်ဝယ် ကြီးကျယ်မြင့်မြတ်သော မဂ်လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန်ဟူသော ဂုဏ်ထူးများ တည်ရှိနေပါသေးသည်။

ဘုရားရှင်ဟောကြားထားသော အမိဘက်၊ အဘဘက်နှစ်ပါးစုံ မျိုးရိုးသန့်စင်သော မင်းသားတစ်ပါးသည် ဆင်စီးလျက် မြို့တွင်းသို့ လှည့်လည်ရင်း ဆင်ပေါ်မှ ကျခဲ့ပါလျှင် အကြီးအကျယ်ဆင်းရဲဒုက္ခ ရောက်ရသကဲ့သို့ ဟူသော ဥပမာဒေသနာအရ မြင့်မြတ်သော သာသနာမှ ဆုတ်ယုတ်ရသော ရှင်ရဟန်းသည်လည်း လောကုတ္တရာတရားကိုးပါးမှ ဆုတ်ယုတ်ရသည်ဟူ၍ မဖြစ်ရလေအောင် ကြိုးစားကြရပါမည်။

မြင့်မြတ်သော သာသနာဝယ် မြတ်သောအကျင့်ကို ကျင့်ရာ၌ -

- နတ်ဖြစ်ရန် ရည်မှန်း၍ကျင့်ပါက အောက်တန်းစားအကျင့်၊
- သမာပါတ်ရှစ်ပါးကို ကျင့်ကာ၊အလတ်တန်းစားအကျင့်၊

- ဝိပဿနာကို ပွားလျက် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်အောင် ကျင့်ပါက အမြတ်ဆုံးသောအကျင့်-ဟူ၍ အကျင့်သုံးပါးရှိရာ၌ အမြတ်ဆုံးအရဟတ္တဖိုလ်ရအောင် ကျင့်ရပါမည်။

သီလရှိသော ပုဂ္ဂိုလ်ကို 'နတ်နှင့်လူ'ဟူသော (၂)ဌာနတို့ကသာ သိမ်းပိုက်ကြသည်-ဟု ဘုရားရှင်က အဂုတ္တိုရ်၌ ဟောကြားထားပါသည်။

ကာသိတိုင်း၌ဖြစ်သော အဝတ်သည် အသစ်ဖြစ်စေ၊တစ်ပတ်ရစ်ဖြစ်စေ၊ အဟောင်းဖြစ်စေ၊ မည်သည့်အမျိုးအစားပင် ဖြစ်စေကာမူ အရောင်အသွေးလည်းကောင်းသည်၊ အတွေ့အထိလည်း ကောင်းသည်၊ အဖိုးကလည်း ထိုက်တန်သည်၊ ဟောင်းနွမ်းသွားသည့်အခါ ရတနာထုပ်ရာ၌သော်လည်းကောင်း၊နုံ့သာထုပ်ပြုလုပ်ရာ၌သော်လည်းကောင်း အသုံးချ၍ရသည်။ ထို့အတူ ရှင်ရဟန်းများသည် အငယ်ဖြစ်စေ၊ အလတ်ဖြစ်စေ၊ အကြီးဖြစ်စေ၊ သီလရှိသူ၊ ကောင်းသောသီလရှိနေသူဖြစ်ပါက သီလရှိသူ ပုဂ္ဂိုလ်၏ အသွေးအရောင်သည် အစဉ်ထာဝရ ကောင်းနေမည်။

ထိုပုဂ္ဂိုလ်များအား လျှုဒါန်းရသော ဒါယကာ၊ ဒါယိကာမတို့အဖို့မှာလည်း ကြီးကျယ်ဖွံ့ဖြိုးပြီး အကျိုးအာနိသင်ကြီးမားပါမည်။ ဒါယကာတို့ အကျိုးကြီးမှုသည်ပင် ထိုရှင်ရဟန်းတို့၏ တန်ဖိုးထိုက်တန်မှု ဖြစ်ပါသည်။

ဘုရားစသော ပုဂ္ဂိုလ်တို့ကို မှီဝဲဆည်းကပ်ရသူတို့မှာ ကြာရှည်စွာစီးပွားချမ်းသာဖြစ်ရသကဲ့သို့ သီလရှိသော ပုဂ္ဂိုလ်တို့ကို မှီဝဲဆည်းကပ်ရသူများမှာလည်း ကြာရှည်လေ အကျိုးစီးပွားတိုးပွားလေ ဖြစ်ရပါသည်။သီလနှင့်ပြည့်စုံသော ပုဂ္ဂိုလ်နှင့်ပတ်သက်၍ -

ရဟန်းတို့၊အခက်အရွက်နှင့်ပြည့်စုံသော သစ်ပင်မှာ အပွေးလည်း ပြည့်စုံနိုင်သည်၊ အခေါက်အခွံနှင့်လည်း ပြည့်စုံနိုင်သည်၊ အကာအနှစ်နှင့်လည်း ပြည့်စုံနိုင်သကဲ့သို့ သီလဝန္တဖြစ်သော ပုဂ္ဂိုလ်များမှာလည်း စိတ်နှလုံးကြည်လင်အေးမြမှု ဖြစ်နိုင်သည်။ ဝမ်းသာမှု ဖြစ်နိုင်သည်၊ နှစ်သက်မှု ဖြစ်နိုင်သည်၊ကိုယ်စိတ်ချမ်းသာမှု ဖြစ်နိုင်သည်။ ဟုတ်တိုင်းသိမှုဟူသော ဝိပဿနာဉာဏ်လည်း ဖြစ်နိုင်သည်။ ဝဋ်ဆင်းရဲ ငြီးငွေ့နိုင်ကြောင်း အားကောင်းသော ဝုဋ္ဌာနဂါမိနီ ဝိပဿနာဉာဏ်နှင့် ဝဋ်ဆင်းရဲမှ တပ်ခြင်းကင်းကြောင်း အရိယာမဂ်ကိုလည်း ဖြစ်နိုင်သည်၊ ကိလေသာမှ လုံးဝလွတ်မြောက်သော အရဟတ္တဖိုလ်နှင့်

သီလဝန္တဖြစ်သော ပုဂ္ဂိုလ်များမှာလည်း
စိတ်နှလုံးကြည်လင်အေးမြမှုဖြစ်နိုင်သည်။
ဝမ်းသာမှုဖြစ်နိုင်သည်၊
နှစ်သက်မှုဖြစ်နိုင်သည်၊
ကိုယ်စိတ်ချမ်းသာမှုဖြစ်နိုင်သည်။
ဟုတ်တိုင်းသိမှုဟူသော
ဝိပဿနာဉာဏ်လည်း ဖြစ်နိုင်သည်။

ပစ္စဝေက္ခဏာဉာဏ်လည်း ဖြစ်နိုင်သည်။

ထို့ပြင် သီလနှင့်ပြည့်စုံသည့်ပြင်၊သမထ ဝိပဿနာ အားထုတ်သော ရဟန်းသည်-

- သီတင်းသုံးဖော်များ၏ ချစ်ခင်မြတ်နိုးမှုကို ခံရသည်။
- ပစ္စည်းလာဘ်လာဘ ပေါများသည်။
- အလှူဒါယကာတို့၏ အလှူကို အကျိုးကြီးမားစေသည်။
- ဆွေကောင်း မျိုးကောင်းတို့က အောက်မေ့သော စေတနာကို အကျိုးများစေသည်။
- မမ္မေ့လျော်မှု၊ မေ့လျော့မှုကိုလည်း သည်းခံနိုင်သည်။
- ကြောက်ခြင်းနှင့်ကြောက်မယ်ဖွယ်အာရုံတို့ကိုလည်း သည်းခံနိုင်သည်။
- ရူပ၊ အရူပစျာန်တို့ကိုလည်း ရနိုင်သည်။
- ဣဒ္ဓိဝိဓ၊ ဒိဗ္ဗသောတ၊ ပရိစိတ္တဝိဇာနာန၊ ပုဗ္ဗေနိဝါသ၊ ဒိဗ္ဗစက္ခုအဘိညာဉ်များကိုလည်း ရနိုင်သည်။
- သောတာပတ္တိစသော မဂ်လေးတန်၊ ဖိုလ်လေးတန်ကိုလည်း ရနိုင်သည်။

ထို့ကြောင့် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရန် ရည်မှန်းချက်ပန်းတိုင်ဖြင့် ဝင်ရောက်လာကြသော ရှင်ရဟန်းတို့သည် မိမိတို့၏အကျိုး၊ ဒါယကာတို့၏အကျိုးဟူသော နှစ်ဝသော အကျိုးကို ပြီးမြောက်စေရန် သီလနှင့်ပြည့်စုံသော ဂုဏ်ရည်များ တစ်ဆင့်ထက်တစ်ဆင့် တိုးတက်မြင့်မားရန် အထူးကြိုးစားကြစေလိုကြောင်း တိုက်တွန်းနှိုးဆော် ရေးသားတင်ပြအပ်ပေသတည်း။

■တက္ကသိုလ်သျှင်သီရိ (ဓမ္မာစရိယ၊ ဘီ-အေ)

ပြည့်စုံမှ ချမ်းသာမည် ကောင်းသုခ

ခရီးတစ်ခုအတွက် လမ်းတစ်ကြောင်းရှိမြဲဖြစ်၏။ ပန်းတိုင်အရ လမ်းကြောင်းကွဲလွဲနိုင်၏။ လမ်းကြောင်းကွဲလွဲ၍လည်း ပန်းတိုင်ဝေးရသည်ရှိ၏။လမ်းတစ်ခုတည်ဆောက်ရာတွင် လမ်း၏ အင်္ဂါရပ်များရှိ၏။ အတိုဆုံးဖြစ်ခြင်း၊ ကုန်ကျစရိတ်သက်သာခြင်း၊ လိုအပ်ချက်ဖြစ်ခြင်း၊ ဘေးအန္တရာယ်ကင်းခြင်း၊ စံချိန်စံညွှန်းပြည့်မီခြင်း စသည့် အင်္ဂါရပ်များစွာရှိ၏။လမ်းခရီးတစ်ခုတည်ဆောက်ရာတွင် ဖြစ်စေ၊ ဖြတ်သန်းရာတွင် ဖြစ်စေ အတားအဆီးရှိမြဲဖြစ်၏။ သဘာဝအန္တရာယ်၊ ရာသီဥတု၊ ငွေကြေးအခက်အခဲ၊အတတ်ပညာဆိုင်ရာ ပြဿနာ၊ စက်ယန္တရားလိုအပ်ချက်၊ လူအင်အား၊ ပစ္စည်းလိုအပ်ချက် စသည်များဖြစ်၏။ ဤသည်မှာ ရုပ်ဝတ္ထုပစ္စည်းဖြစ်သော လမ်းတစ်ကြောင်း၏ အခြေခံဖြစ်၏။

လူ့ဘဝတွင်လည်း ခရီးနှင့် ပန်းတိုင်ဟူ၍ရှိ၏။ ခရီးနှင့်ပန်းတိုင်ကို ဆက်သွယ်သောအရာမှာ လမ်းကြောင်းတစ်ခုဖြစ်၏။ လူ့ဘဝသည် ပညတ်သဘောအားဖြင့် မွေးဖွားခြင်းမှ စတင်၍ သေဆုံးသောအခါ ကုန်ဆုံး၏။ မွေးဖွားသည်နှင့် ချက်ချင်းရောက်လာသောအရာမှာ ဇရာ(အို မင်းခြင်း)နှင့် ဗျာဓိ(ဖျားနာခြင်း)၊ နောက်ဆုံးသေဆုံးခြင်း(မရဏ)ဖြစ်၏။ ဇာတိဖြစ်၍ မွေးဖွားသည်နှင့် ထိုအရာများသည် ပန်းနှင့်ခေါင်းနှစ်ဖက်ရှိသော ဒဂ်ါးပြားကဲ့သို့ ပူးတွဲနေ၏။ လူသည်တစ်စတစ်စ အိုမင်းလာခြင်းမှာ ဘဝခရီးကိုသွားနေခြင်းဖြစ်၏။ ဆန္ဒရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ခရီးတစ်ခုတွင် လျှောက်လှမ်းမိနေသည်ဖြစ်၏။မိမိသည် မည်သည့်လမ်းကြောင်းပေါ်တွင် လျှောက်နေသနည်း။ လမ်းခရီး၏ ပန်းတိုင်ကား မည်သို့နည်း။ မိမိ၏လျှောက်လှမ်းပုံကား မည်သို့နည်း။ လမ်းခရီး၏ ချောမွေ့မှု၊ ကြမ်းတမ်းမှုကား မည်သို့နည်း။ ဆန်းစစ်ရန်လိုအပ်လှပါ၏။

သက်ရှိဟူသမျှ သံသရာခရီးသည်ချည်းဖြစ်၏။ မွေးဖွားခြင်းပန်းတိုင်မှ သေဆုံးခြင်းခရီးကို လျှောက်လမ်းခြင်း၏ ရည်ရွယ်ချက်မှာ ဘဝတွင် နေထိုင်ခြင်း၏အဓိပ္ပါယ်ဖြစ်၏။ လမ်းကြောင်းများစွာရှိသည့် အနက် သူတော်ကောင်းတို့၏လမ်းမှာ 'မဂ်'ဟူ၍ သုံးနှုန်းကြ၏။ မဂ်၏ အင်္ဂါဖြစ်သော ရှစ်မျိုးသောအကြောင်းကို မဂ္ဂင်ရှစ်ပါးဟု ခေါ်ကြ၏။ မဂ္ဂင်ရှစ်ပါးသည် ဝိပဿနာ၏အခြေခံဖြစ်၏။ 'ဝိပဿနာ'သည် ခရီးလမ်း၏ သွားရောက်ပုံ နည်းလမ်းဖြစ်၏။ခရီး၏ ပန်းတိုင်မှာ 'နိဗ္ဗာန်'ဖြစ်၏။နိဗ္ဗာန်ဟူသည် ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ 'မွေး၊ အို၊ နာ၊ သေဘေး'မှ ဝေးရာဖြစ်၏။ဒုက္ခချုပ်ငြိမ်းရာဖြစ်၏။ ဒုက္ခဖြစ်သောအကြောင်းများ ပယ်သတ်ရာ၊ ကင်းရာ၊ ကုန်ရာဖြစ်၏။ သို့သော် ထိုခရီးလမ်း ဆိုသည်၊

တွေးသည်၊ ကြံသည်၊ သိသည် ဆိုရုံမျှဖြင့် အလွယ်ရောက်ခြင်းကား မဟုတ်။ အခက်အခဲ၊ အတားအဆီးများစွာရှိ၏။

နိဗ္ဗာန်ရောက်ကြောင်းကို တားဆီးကြကုန်သော အကြောင်းများစွာရှိ၏။ ရှုထောင့်မျိုးစုံ ချဉ်းကပ်ပုံမျိုးစုံမှ ခွဲခြမ်းစိတ်ဖြာရှုကြည့်နိုင်၏။ ကိလေသာအကုသိုလ် စေတသိက်များ ဖြစ်ကြကုန်သော 'လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ၊ ဒိဋ္ဌိ၊ ကျ-သာ၊ မစ္ဆ-ရိယ၊ကုက္ကုစ္စ၊ထိန၊မိဒ္ဓ၊ ဝိစိကိစ္ဆာ" ဟူသည့် အကြောင်း(၁၄)ပါးသည် မဂ်ဖိုလ်၏ အနှောင့်အယှက်များဖြစ်ကြ၏။ စိတ်၏ကောင်းမြတ်သော အရည်အသွေးများဖြစ်စေရန်ဖန်တီးကြသော "သဒ္ဓါ၊ သတိ၊ ဟိရိ၊ သြတ္တပ၊ အလောဘ၊ အဒေါသ၊ အမောဟ၊မေတ္တာ၊ကရုဏာ၊မုဒိတာ၊ ဥပေက္ခာ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ"ဖြစ်သည့်အကြောင်း(၁၄)ပါးသည် မဂ်ဖိုလ်၏ အထောက်အပံ့ဖြစ်၏။ အကုသိုလ်စေတသိက်များကို သုတ်သင်နိုင်ခြင်း၊ ကုသိုလ်စေတသိက်များကို ကောင်းစွာမွေးမြူနိုင်ခြင်းသည် ဝိပဿနာ၏ ကောင်းမွန်တိုးတက်မှုကို ကြီးစွာတွန်းအားဖြစ်၏။

ထို့အတူ မဂ်ဖိုလ်၏ အထောက်အပံ့လမ်းကြောင်းငယ်၊လမ်းကြောင်းခွဲများရှိနိုင်ပြီး အတားအဆီး(မူကွဲကလေး)များလည်းရှိ၏။ မူကွဲကလေးဟုဆိုသော်ငြား မဂ်ဖိုလ်နှင့် စပ်၍ဆိုရသော် ကြီးစွာဆုံးရှုံးမှုဖြစ်၏။ ထိုအကြောင်းများအနက် ပါပမိတ္တ (မကောင်းသော၊ယုတ်မာသော သူများနှင့် မိတ်ဆွေဖွဲ့ရခြင်း)နှင့် ကိရိယပရိဟာနိ (ပြုသင့်ပြုထိုက်သည်ကို ပြီးပြည့်စုံရန် မပြုခြင်း)ဟူ၍ ရှိ၏။ 'ပါပမိတ္တ'မှာ သိသာသောအနက်ရှိ၏။ ကိရိယပရိဟာနိ အကြောင်းကိုမူ 'ပေဿဝတ္ထု'တွင် မြင်တွေ့နိုင်ပါ၏။ ထိုပေဿဝတ္ထုမှာ ဤသို့ဖြစ်၏။

အခါတစ်ပါးဌ ဘုရားရှင်သည် သံဃာများစွာနှင့် သီတင်းသုံးတော်မူ၏။ ထိုစဉ် သာသနာပရသေ့တစ်ဦးဖြစ်သော'ကန္ဒရက'ပရိဗိုဇ်နှင့် သာသနာပ လူဝတ်ကြောင်တစ်ဦးဖြစ်သူ 'ပေဿ'တို့သည် အနီးသို့ချဉ်းကပ်လိုက်၏။ ချဉ်းကပ်လာရာ၌ 'ကန္ဒရသေ့'၏စိတ်၌ ဤသို့ဖြစ်ပေါ်၏။ဤမျှများပြားသော သံဃာတော်များသည် ခြေ၊လက် လှုပ်သည်မရှိ၊ အကျိုးမဲ့ ပြောဆိုသည်နေကြသည်မရှိ။ သိမ်မွေ့ကြ၏။ အလွန်ကြည်ညိုဖွယ်ဖြစ်၏။ ဖြစ်ခြင်း၏အကြောင်းမှာ ကောင်းစွာဆုံးမ တားမြစ်ခြင်းကြောင့် ဖြစ်ဟန်တူ၏"ဟူ၍ ကြည်ညိုသဒ္ဓါဖြစ်၏။ ထိုအခါ ဘုရားရှင်က 'ကန္ဒရက'၏ လျှောက်ထားဖွင့်ဆိုမှုကို အကြောင်းပြု၍ ဤသို့မိန့်တော်မူ၏။ "ဤဝန်းကျင်ဌ အချို့သည် ရဟန္တာဖြစ်၏။ အချို့သည်အနာဂါမ်ဖြစ်၏။ အချို့သည် သကဒါဂါမ်ဖြစ်၏။ အချို့သည် သောတာပန်ဖြစ်၏။ အချို့သည် သတိပဋ္ဌာန်တရားပွားများနေဆဲ ပုဂ္ဂိုလ်များဖြစ်၏။ ကမ္မဋ္ဌာန်းလက်လွတ်ဖြစ်နေသူဟူ၍ မရှိ။ ထို့ကြောင့် လွန်စွာသိမ်မွေ့ခြင်းဖြစ်၏" ဟု မိန့်တော်မူ၏။

ထိုအခါ လူဝတ်ကြောင်တစ်ဦးဖြစ်သော 'ပေဿ'ကလည်း ဤသို့ လျှောက်၏။

"မြတ်စွာဘုရား၊လူတို့အားဖြောင့်မတ်စေရန် ဆုံးမခြင်းသည် လွန်စွာကောင်း၏။ တိရစ္ဆာန်တို့သည် ကောက်ကျစ်သည်ဟူ၍ မရှိ။ ကျင်ကြီး၊ ကျင်ငယ်စွန့်လိုက စွန့်ကြ၏။ စဉ်းစားနေသည်မရှိ။ အရှင်အားလိမ်ညာ၍ အကောက်ကြံသည်မရှိ။ မပြုလိုပါက ပြုခြင်းမရှိ။ လူတို့ကား ထိုသို့မဟုတ်။ ကောက်ကျစ်၏။ မျက်မှောက်တွင် တစ်မျိုး၊ ကွယ်ရာတစ်မျိုး ပြုကျင့်၏။ ရှေ့တွင် အကျိုးလိုလားဟန်ပြ၏။မေတ္တာရှိဟန်ပြ၏။ မျက်ကွယ်တွင်တစ်မျိုးဖြစ်၏။အကျိုးမဲ့ ပြုတတ်၏။ လွန်စွာကောက်ကျစ်၏။ ထိုသို့သဘောရှိသော လူများအား ပြုပြင်နိုင်သည်မှာ လွန်စွာကောင်းပါ၏။ တပည့်တော်သည်လည်း လူဝတ်ကြောင်ဖြစ်စေကာမူ သတိပဋ္ဌာန်တရားကို တစ်ခါတစ်ရံ ပွားများပါ၏"ဟု လျှောက်ထား၏။

ထိုသို့ သတိပဋ္ဌာန်တရားကို ရံဖန်ရံခါ ပွားများတတ်သော၊စိတ္တာနုပဿနာကို ကျင့်ကြံသော'ပေဿ'၏ ဉာဏ်ပညာသည် တရားရထိုက်သော ပုဂ္ဂိုလ်ဟု ဘုရားရှင် သိမြင်၏။ ထို့ကြောင့် ပုဂ္ဂိုလ်လေးမျိုးကို ဝေဖန်၍ အကျယ်ဖွင့်ဆိုရန် ပြုစဉ်မှာပင် 'ပေဿ'က ဤသို့လျှောက်၏။

"အရှင်ဘုရား၊ တပည့်တော်မှာ ပြုဖွယ်ကိစ္စများပါတယ် ဘုရား၊ ခွင့်ပြုတော်မူပါ"ဟုလျှောက်၍ ထွက်ခွာ၏။'ပေဿ'မှာ တရားကို ပြီးဆုံးသည်အထိ နာယူရန် ဆန္ဒမရှိပုံကြောင့် ဘုရားရှင်က ခွင့်ပြုတော်မူပြီး ဤသို့မိန့်တော်မူ၏။

"ချစ်သားတို့၊ပေဿသည် ပညာရှိဖြစ်၏။ ယခုဟောမည့် ဒေသနာကို ပြီးဆုံးသည်အထိ နာကြားလျှင် သောတာပတ္တိမဂ်ဖိုလ်ရမည်။ သောတာပန်ဖြစ်မည်။ အကျိုးများ

နိုင်၏"ဟူ၍ မိန့်တော်မူ၏။ထို့ကြောင့် မြတ်စွာဘုရား၏ မျက်မှောက်၌ တရားရနိုင်သော ဉာဏ်ပညာရှိစေ ကာမူ 'ပါပမိတ္တ၊ ကိရိယ ပရိဟာနိ' နှစ်ပါးသည် တရားမရနိုင်စေရန် တားဆီးတတ်ကြောင်း၊ အဋ္ဌကထာ ၌ ဖွင့်ဆိုကြ၏။

'ကိရိယပရိဟာနိ'နှင့်ပတ်သက်၍ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးက ဤသို့မိန့်တော်မူ၏။

" 'ကိရိယပရိဟာနိ'ဆိုတာ ပြုသင့်ပြုထိုက်တာကို ပြည့်စုံအောင် မပြုကျင့်တာပါပဲ။ ပြုသင့်ပြုထိုက်တာကလည်း နှစ်မျိုးရှိပါတယ်။ ဟောတဲ့ ပုဂ္ဂိုလ်က ပြုသင့်ပြုထိုက်တာကို ပြည့်စုံအောင် မပြုတာက တစ်မျိုး၊ နာတဲ့ပုဂ္ဂိုလ်က ပြုသင့်ပြုထိုက်တာကို ပြည့်စုံအောင် မပြုတာကတစ်မျိုး။ ဒီလို နှစ်မျိုးရှိပါတယ်။ ဟောတဲ့ ပုဂ္ဂိုလ်က မဂ်ဖိုလ်နိဗ္ဗာန်ရနိုင်လောက်အောင် တရားကို ပြည့်ပြည့်စုံစုံ မဟောလို့ရှိရင် ဟောတဲ့ဆရာရဲ့ တာဝန်လိုနေတာ။ ဟောတဲ့ပုဂ္ဂိုလ်က မဂ်ဖိုလ်နိဗ္ဗာန်ရလောက်အောင် ပြည့်ပြည့်စုံစုံမဟောရင် တပည့်က ဘယ့်နှယ့် အားထုတ်တတ်မလဲ။ တချို့က တရားအားထုတ်ချင်ကြပေမယ့် ဟောမယ့်ဆရာ မရှိဘူး။ နည်းပေးလမ်းပြ မရှိဘူး။ ဒါနဲ့ အိုပြီးသေကုန်ကြရှာတယ်။တရားအားမထုတ်လိုက်ရဘူး၊ တရားရဖို့တော့ဝေးရော။ ဒါကတော့ ဆရာရဲ့ ချို့ယွင်းချက်ပဲ။ အခုဘုန်းကြီးတို့ကတော့ ဆရာ့တာဝန် မချို့ယွင်းရအောင် အပြည့်အစုံဟောနေပါတယ်။ တိုက်တွန်းနေပါတယ်။ ဒါကြောင့် ဘုန်းကြီးတို့ဘက်ကတော့ ဆရာတာဝန်ဘက်က လိုစရာမရှိပါဘူး"

"တချို့တပည့်ဖြစ်တဲ့ တရားနာ ပုဂ္ဂိုလ်တွေက တရားကိုဆုံးအောင်မနာဘူး။ နာပြန်တော့လည်း မကျင့်ပြန်ဘူး။ ကျင့်ပြန်တော့လည်း နည်းနည်းပဲ၊ ပြည့်စုံအောင် ကျင့်ကြံအားထုတ်မှု မရှိဘူး။ အဲဒီလို ပြည့်စုံအောင် ကျင့်ကြံအားထုတ်မှု မရှိတဲ့အတွက် အဲဒီပုဂ္ဂိုလ်မှာ ရသင့်ရထိုက်တဲ့ တရားမရဘဲ ဖြစ်သွားတတ်ပါတယ်"

ပြည့်စုံသောတရား၏ သဘောကို ပေသဝဏ္ဏကြောင်းနှင့် မဟာစည်ဆရာတော်ဘုရားကြီး၏ အဆုံးအမကိုထောက်၍ သိရှိနိုင်လောက်ပါပြီ။လောကီပုဂ္ဂိုလ်တို့သည် အမှုကိစ္စအလွန်ရှုပ်ထွေးကြသည်ဖြစ်၏။ တရားနာစဉ်၌ဖြစ်စေ၊ အလှူဒါနပြုစဉ်၌ဖြစ်စေ၊ တရားအားထုတ်နေစဉ်၌ဖြစ်စေ ပျံ့လွင့်သောစိတ်ရှိ၏။ မိမိ၏လောကီကိစ္စပြုဖွယ်ဝတ္တရားတို့၌ အာရုံကျက်စားနေတတ်၏။ တရားဟောပုဂ္ဂိုလ်သံဃာများ၏ရှေ့မှောက်တွင် ထိုနမိဒ္ဓဖြင့် ငိုက်မျဉ်းနေတတ်၏။ တရားပြီးဆုံး၍ သာဓုခေါ်သံကိုသာ စိတ်စောနေတတ်၏။ မည်သည့်တရားစဉ်ကိုမျှ ဆုပ်ကိုင်ဖမ်းမိခြင်းမရှိသည်လည်း ဖြစ်တတ်၏။ သံဃာတော်များက ဟောရိုးဟောစဉ် ဟောပြော၍ ဒကာများက နားထောင်ရမည်၊ နာယူရမည်ဝတ်ကြောင့် ကျုံ့ကျုံ့ထိုင်နေသော်လည်း တရားသဘောသို့မရောက်။ တရားသည် နှလုံးအိမ်ထဲမရောက်။ အထွေထွေကိစ္စများဖြင့် ဂဏှာမငြိမ်ဖြစ်နေ၏။ တလှုပ်လှုပ်တရွရွဖြစ်နေ၏။ တရားကို ပြီးဆုံးသည်အထိ မည်သည့်အရာမျှ ရယူခြင်းမရှိတတ်သော အဖြစ်မျိုးလည်းရှိ၏။

ယခုအခါ သာသနာတော်သည် နိုင်ငံအတွင်း၌သာမက ကမ္ဘာ့အလယ်တွင်ပင် ထွန်းလင်း၏။ သာသနာပြုနိုင်သောပညာရှိဆရာတော်သံဃာတော်များလည်း များစွာရှိပါ၏။ တရားနှင့်စပ်သော ဓမ္မရိပ်သာများလည်း များပြားပါ၏။ တရား၏အထောက်အပံ့ သာသနိကအဆောက်အအုံ၊ စာအုပ်စာတမ်း၊ ကျမ်းဂန်၊ တိပ်ခွေ၊ စီဒီ စသည်များလည်းရှိပါ၏။ တရားယူကြမည့်၊ တရားနာကြမည့်၊ တရားကျင့်ကြမည့် ပုဂ္ဂိုလ်သူတော်စင်တို့သည်ကား ဉာဏ်နှင့် ဝီရိယစိုက်သင့်သော အခါကောင်းပင်ဖြစ်ပါ၏။ ဤအခါတွင်မှ မကြိုးပမ်းလျှင်ဖြင့် လယ်တီဆရာတော် မိန့်ကြားသကဲ့သို့ "အမိုက် နင့်ပြင်ရှိပါတော့မလား"ဟု မေးရတော့မည်ဖြစ်ပါ၏။ သို့ပါ၍ ဆရာ၊ ဒကာ နှစ်ဖက်ညီညွတ်၍ ပြီးပြည့်စုံသောလမ်းကို လျှောက်ကြခြင်းဖြင့် လူ၊ နတ်ထိုထို တောင့်တအပ်သော ပြည်ရွှေနိဗ္ဗာန်သို့ ချမ်းသာစွာလှမ်းဝင်နိုင်ကြပါမည့်အကြောင်း စေတနာကောင်းဖြင့် (မိမိနှင့်တကွ) ဓမ္မသူတော်စင်တို့အား လေးစားစွာ နှိုးဆော်အပ်ပါသည်။

ကိုးကား-

အရှင်သာမဏေကျော်၏ "မဟာစည်ဆရာတော်ဘုရားကြီး၏ ပုံဝတ္ထုတို့ဖြင့် ပြောပြသော အဆုံးအမများ"

■ကောင်းသုခ

အကြောက်ကင်းကြောင်း နည်းလမ်းကောင်းများနှင့် မကြောက်ရသောအရပ်

အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအဂ္ဂမဟာဘိဝံသ

သတ္တဝါတို့သည် စားဝတ်နေမှု ကာမဂုဏ်ခံစားမှုတို့ဖြင့် ခန္ဓာကိုယ်ကို အခါခပ်သိမ်း အလိုလိုက်နေကြရသည်။ နေ့စဉ် အစာကျွေးရ၊ အဝတ်အထည်တို့ဖြင့် လွှမ်းခြုံဖုံးဖိ ပေးနေရ၏။ အာရုံငါးပါးတို့ဖြင့် လုံးလည်လိုက်နေကြရသည်။

"အလိုလိုက် အမိုက်စော်ကား"ဆိုသကဲ့သို့ အလိုလိုက်ရာမှ မိုက်၊ မိုက်ရာမှ စော်ကားခြင်းဖြစ်ကြရ၏။ အလိုလိုက်တော့ မိမိကိုယ်ကို ချောချင်၊ လှချင် ပခုချင် ပလူးချင်၏။ လိုသမျှ ဖြည့်နိုင်ဖို့အတွက် ပစ္စည်းပစ္စယပေါများ ကြွယ်ဝချမ်းသာချင်၏။ ရလေ လိုလေ အိုတစ္ဆေပင်တည်း။ ဂုဏ်ပကာသနတွေ မက်မောကြကာ လောဘ၊ဒေါသ၊မောဟ၊ မာနတို့ဖြင့် မိုက်မော နွမ်းလျ မပြည့်ဆင်းရဲ ဒုက္ခရောက်ကြရသည်။

ထိုကဲ့သို့ ဆင်းရဲဒုက္ခခံစားနေကြရသည်ကို မသိနိုင်လောက်အောင် လောဘ၊ ဒေါသ၊ မောဟ၊ မာနတရားတို့၏ စော်ကား မော်ကားခြင်း ခံနေကြရ၏။ သို့သော်လည်းပဲ မျက်စိအလိုလိုက်၊ နားအလိုလိုက်၊ နှာခေါင်းအလိုလိုက်၊ လျှာအလိုလိုက်နဲ့ အလိုသို့လိုက်နေကြရဆဲပင်ဖြစ်သည်။ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ အာရုံငါးပါးတို့၌လည်း အလိုလိုက်၍ မဆုံးနိုင်ကြပေ။ အလိုလိုက် အမိုက်တရားတို့၏ စော်ကား၊ မော်ကားခြင်းခံနေကြရသဖြင့် ငါးပေါက်မှား၍ ငါးပါးမှောက်ကြရပြန်သည်။ ထိုအခါ အကြောက်တရားတို့ဖြင့် ကြောက်လန့်တုန်လှုပ်ခြင်း ဖြစ်ကြရသည်။ ထို့ကြောင့် အကြောက်ကင်းကြောင်း နည်းလမ်းကောင်းများကို ရှာဖွေသင့်လှသည်။ မကြောက်ရသော အရပ်သို့လည်း သွားသင့်လှပါသည်။

အကြောက်ကင်းကြောင်း နည်းလမ်းကောင်းများနှင့်မကြောက်ရသော အရပ်ကို ရှာဖွေမည်ဆိုလျှင် ထိုအချက်များကို သတိပြုကြရမည်။

၁။ ကြောက်သင့်ရင် ကြောက်ရမည်။

၂။ မကြောက်သင့်က မကြောက်အပ်၊ ကြောက်ရန်မလိုပေ။

၃။ ကြောက်သင့်လျှင် မကြောက်တာမျိုး မဖြစ်ရ။

ကြောက်သင့်ရင် ကြောက်ရမည်

"မြွေပွေး၊ မြွေဟောက်၊ အဆိပ်အတောက်၊ ရွံကြောက်ကြရမည်"ဆိုသည့်အတိုင်း အဆိပ်ပြင်းတဲ့ မြွေတို့ကို တွေ့ရှိက ကြောက်လန့်ကြရမည်ဖြစ်သည်။ မကြောက်လို့ မထီမဲ့မြင်ပြု၍ ရောရောနှောနှော ထိပါးဆက်ဆံပါက အဆိပ်သင့်၍ တစ်ခဏချင်းပင် သေနိုင်လေသည်။

လောဘ၊ ဒေါသ၊ မောဟ စသော ကိလေသာတို့သည်လည်း မြွေပွေး၊ မြွေဟောက်နှင့်အလားတူ ပေသည်။မြွေပွေး၊ မြွေဟောက်ထက် အဆိပ်ပြင်းလှ၏။ မြွေဆိပ်သင့်က ဒီတစ်ဘဝသေရ၏။ ကိလေသာ အဆိပ်သင့်က ယခုဘဝ၌ပင် ကောင်းရိပ်မမြင်၊ ချီးမွမ်းဖွယ်မရှိ၊ နောင်တမလွန်လည်း အပါယ်ဆင်းရဲသို့ ကျရောက်ရလေသည်။ ဖြစ်လေရာ ဘဝတို့၌လည်း အကြိမ်ကြိမ်သေကြ ရပြန်သည်။ ထို့ကြောင့် လောဘ၊ ဒေါသ၊ မောဟ စသော ကိလေသာ အဆိပ်သင့်မည်ကိုမူ ကြောက်သင့်၍ ကြောက်ထိုက်လှပါသည်။

ရေမြေနှင့်တကွ အာကာသ ကို စိုးမိုးပိုင်သတဲ့ ပြည့်ဘုရင်ကို လည်း ပြားပြားဝပ် ကြောက်ကြရ၏။ မကြောက်၍ အန်တုကလူ ပြုမူလျှင် အသက်စည်းစိမ် အိုးအိမ်ပင် ဒဏ်သင့်နိုင်ပေသည်။ထို့ကြောင့် ကြောက်သင့်က။ကြောက်ရပေမည်။"အာကာ စိုးမိုး၊ ဘုရင်မျိုး ဝပ်လျှိုးကြောက်ရ မည်"ဟု ဆိုသည်မဟုတ်ပါလား။

ထို့အပြင် "သီလပြည့်လျှမ်း ရှင်ရဟန်း၊ ရှွင်လန်းကြောက်ရမည်" ဟု ဆိုပြန်၏။မှန်ပေသည်။ရှင်ရဟန်း များသည် သီလကို အသက်တမျှ စောင့်ထိန်းကြရ၏။ ချစ်မြတ်နိုးကြ ၏။သီလဝန္တ သိက္ခာကာမ ဖြစ်တော် မူကြသည့် ရဟန်းသံဃာတော်များ လည်း အများအပြားရှိကြသည်။ သီလကို အသက်တမျှ ချစ်မြတ်နိုး တော်မူကြသည့် ရှင်ရဟန်းတို့ကို ပြု မှား၊ ပြောမှား၊ မစော်ကားမိကြရန် သတိပြုကြရမည်။ သာမဏေ ရှင်ငယ်လေးပင်ဖြစ်လင့်ကစား၊မပြစ် မှားသင့်၊ အပြစ်မှားထိုက်ပေ။ အဘယ့်ကြောင့်ဆိုရမူ ရှင်သာမဏေတို့ ကျင့်ဝတ်သိက္ခာ ဆယ်ပါးသီလ သခ်ၿဃ ကျင့်ဝတ်များနှင့် ပရိယတ္တိစွမ်းအင် သတ္တိတန်ခိုးများ ရှိနေသောကြောင့် ပြစ်မှားမိမည်ကို ကြောက်သင့် ကြောက်ထိုက်လှပေသည်။ ပြစ်မှား စော်ကားမိချေက "အလှူခံမီး၊ ရဲရဲ ထီး၊ ထိန်ဦးတောက်လောင်သည်" ဟု ဆိုသည့်အတိုင်း (အလှူခံမီး၊ အိမ်ရှင့်မီး၊ မိဘမီး၊ မီးသုံးပါးတွင် တစ်ပါး အပါအဝင်ဖြစ်၍) လက်ငင်း မှာပင် နောင်တပူပန်၍ ဒေါသမီး လောင်မြိုက်ကာ အပါယ်ငရဲမီး လောင် မြိုက်ခံရဖွယ်ရှိပေသည်။ ထို့ကြောင့် ရှင်၊ ရဟန်း၊ သံဃာတော်များကို ပြစ်မှားခြင်းသည် ပူလောင်ခြင်း၊ အလောင်ဓာတ်ဖြစ်၍ အလွန်ကြောက် စရာကောင်းလှပေသည်။ ကြောက် သင့်၍ ကြောက်ရမည်ဖြစ်ပါသည်။

မကြောက်သင့်က မကြောက်အပ် ကြောက်ရန် မလိုပေ

တချို့လူများ မကြောက် သင့်သည်ကို ကြောက်နေတာ တွေ့ ရ၏။ မသိနားမလည်၍ပင်။ စာရေး သူ တွေ့ရဖူးသည်မှာ-အခါအား လျော်စွာ ကျောင်းကိစ္စရှိ၍ ဒါယကာ တစ်ယောက်အားသွားခေါ်ခိုင်းဖူး၏။ ခေါ်သူက ထိုဒါယကာနှင့် တွေ့ရ ကြောင်း ပြန်လျှောက်ပြ၏။ဒါယကာက ဘာပြောလဲ ပြန်မေးတော့ ဆရာ တော် အခေါ်ခိုင်းတာဆိုခါမှ ကြောက် လန့်နေတယ်တဲ့။ အလှူခံမှာ စိုးလို့ ဆိုပဲ။ ကြောက်မယ့်သာ ကြောက် တာပါ။ ဆရာတော်ကတော့ (စာရေး သူ) "သက်နိုးမဲစေ အလှူခံရဲစေ" ဆိုတဲ့ ဆရာတော်ကား မဟုတ်ပါ။ ထိုဒါယကာသည် လှူရ တန်းရ ကုသိုလ်ပြုရမှာကို ကြောက်လန့်နေ တာဖြစ်သည်။ ကြောက်လန့်သင့်ပါ မည်လော။

မြတ်ဗုဒ္ဓကတော့ ထိုအဖြစ် မျိုး မဖြစ်ရလေအောင် ဆုံးမထားပါ သည်။ ကုသိုလ်ပြုရာမှာ မကြောက် ကြနဲ့။(ပုညံ ဘိက္ခဝေ မာ ဘာယိတ္ထ) ကုသိုလ်ပြုရာမှာ ကြောက်ရင် ချမ်း သာရမှာကို ကြောက်နေတာဖြစ်တယ် လို့ မိန့်တော်မူပါသည်။ ဒါ့ကြောင့် မကြောက်သင့်တဲ့ ကုသိုလ်ပြုရမည့် (ဒါန၊ သီလ၊ ဘာဝနာ)လုပ်ငန်းတွေ ကို ကြောက်နေဖို့မလိုပါဘူး။ကုသိုလ် ကောင်းမှုတွေကို ရဲတင်းစွာ ပြုလုပ် ခြင်းဖြင့်သာ ခုရောနောင်ပါ အောင် ကြောင်းဖြာဖို့ ဖြစ်ပါသည်။

ကြောက်သင့်လျက် မကြောက်တာမျိုး မဖြစ်ရ

"အလျှံပြောင်ဦး၊ မီးပုံကြီး၊ ထုံးနည်းကြောက်ရမည်" မီးပုံကြီးဟု ဆိုလျှင် မီးကျီး၊ မီးခဲတို့ဖြင့် တပြောင်ပြောင် တရှိန်ရှိန် တောက် လောင်နေတဲ့ ပကတိမီးပဲဖြစ်ဖြစ်၊ဘုံ သုံးပါး၌ တောက်လောင်နေတဲ့ လောဘ၊ ဒေါသစသော (၁၁)ပါး သော မီးပဲဖြစ်ဖြစ် အပူအလောင် ဓာတ်ဖြစ်၍ ကြောက်သင့်လှသည်။ ပူလောင်နေမှန်းမသိ၊ ကြောက်ရမှန်း မသိဘဲ မီးကျီးခဲကိုပင် ကိုင်မိပါက လောင်ကျွမ်းမည်သာဖြစ်၏။"ပိုးဖလံ မျိုး၊မီးကိုတိုး၊ကိုယ်ကျိုးနည်းတတ်စွ" ဆိုဘိသကဲ့သို့ ဘုံသုံးပါး၌ လောင် မြိုက်တတ်သည့် (၁၁)မီးတို့ကို လောင် မှန်းမသိ အလောင်ခံကြပါက သံသရာ

တစ်လျှောက်လုံး ပူလောင်ခံကြ ရကာ ကိုယ်ကျိုးရှာမရ ဖြစ်ရပေ မည်။ သို့ဖြစ်၍ ပကတိမီးကိုဖြစ်စေ၊ ကိလေသာ (၁၁)မီးကိုဖြစ်စေ အပူ ဓာတ်၊ အလောင်ဓာတ်ဟု သိနား လည်၍ ကြောက်သင့်လှသည်။အထူး သတိပြုကြရပေမည်။

သို့တစေ ပုထုဇဉ်သတ္တဝါ တို့ကား အဝိဇ္ဇာဖြင့် ငါးအာရုံကာမ ဂုဏ်တို့၌ ပူလောင်မှန်းမသိကြ၊မသိ မိုက်မှားဖြင့် ပူလောင်ခြင်းခံနေကြရ သည်။ "ဘယ်သူမပြု မိမိမှု"ဆိုဘိ သို့ "ကိုယ့် အတတ်နဲ့ ကိုယ်ပြန်စူး၊ နုတ်လို့ရပေဘူး"ဟု စွန်းလွန်းဆရာ တော်ဘုရားကြီး ဦးကဝိအရှင်မြတ်က ညွှန်ပြဆုံးမထားပေသည်။

တစ်ပူထက် နှစ်ပူ
ငရတ်ဆုံ လှူခဲ့ဖူးရော့သလား
ထူးတဲ့အပူ။
အဝိဇ္ဇာဗြောင့်ကြီး ကိုယ့်ကိုစူး
နုတ်လိုရနိုင်ဘူး။
ကိုယ့်အတတ်နဲ့ ကိုယ်ပြန်စူး
နုတ်လို့ ရပေဘူး။

ဟု ညွှန်ပြထားပေသည်။ အဝိဇ္ဇာ ဗြောင့်ကြီး စူးဝင်ခံရသူတို့သည် နုတ် မရနိုင်လောက်အောင် ဖြစ်နေကြရ သည်။ပူလောင်သောက ဆင်းရဲဒုက္ခ ရောက်ကြရ၏။ ဆရာတော်ကြီးက ငရုတ်ဆုံလှူခဲ့ဖူးရော့သလားဟုပင် ထေ့ငေါ့ဆုံးမထားသည်။ ထိုသဘော ရိပ်စားမိသူ များဗိုလ်လူတို့သည် ကြောက်သင့်လျက် ကြောက်ရမှန်း မသိဖြစ်ကြသည်ကို ကိုယ့်အတတ်နဲ့ ကိုယ်စူးပြီး ဆင်းရဲဒုက္ခခံကြပေရော့ ဟု အမိန့်ရှိပေသည်။

ဒေသနာတော်မှာတော့ ဗုဒ္ဓ ဘုရားရှင်က မမေ့မလျော့နေကြ၊ (အပ္ပမာဒေန သမ္မာဒေထ)သတိပေး တော်မူ၏။ သတိပဋ္ဌာန် ဝိပဿနာ မဂ်အကျင့်ကို ပွားများခိုင်းခြင်းဖြစ် ၏။

သုဗြဟ္မနတ်သား၏ အကြောက်တရား

သုဗြဟ္မနတ်သားသည် မိမိ ပြုခဲ့သော ကာမာဝစရကုသိုလ်ကံ အကျိုးပေးကြောင့် တာဝတိံသာ နတ်ပြည်၌ ဖြစ်ရ၏။ နတ်စည်းစိမ် များ ထူးကဲစွာခံစားရသည်။ တစ်နေ့ တွင် နတ်သမီးအခြံအရံတစ်ထောင် နှင့်အတူ နန္ဒဝန်ဥယျာဉ်တွင်း၌ ပျော် ရွှင်ကြည်နူးစွာ ခံစားနေလေသည်။ နတ်သမီးတို့နှင့် အချင်းချင်းသီချင်းဆို၊ ကခုန်ကျီစယ်နေကြ၏။ နတ်သမီး တို့က နွယ်ကြိုးဒန်းစီးစေလျက် လွှဲ ပေးကြသည်ကို ပျော်ရွှင်ကြည်နူးစွာ ခံစား၊ စံစားနေလေသည်။

ထိုသို့ ကြည်နူးခံစားနေစဉ် နတ်သမီးငါးရာတို့သည် ရုတ်တရက် နတ်သက်ကြွေ၍ သေကြရလေသည်။ နတ်သားသည် အမှတ်မထင် ပျော် ရွှင်နေရာမှ အသိတစ်ခုဝင်လာ၏။ နတ်သမီးများ၊ လျှာ့ပါး ကျဲပါးသွား သည်ကို သတိပြုမိပေသည်။ အကြောင်းကား အသို့နည်းဟု ဆင်ခြင် ကြည့်ရာ၊ နတ်သက်ကြွေ၍ ငရဲဘုံ ၌ ဆင်းရဲစွာခံစားနေကြရသည်ကို အထင်အရှားတွေ့မြင်ရလေ၏။ ထို့ပြင် မိမိအပါအဝင် ကျန်နတ်သမီး ငါးရာတို့လည်း (၇)ရက်အတွင်း နတ် သက်ကြွေ၍ ငရဲ၌ ကျရမည်ကို သေချာစွာ သိမြင်လေသည်။ စိတ် နှလုံး မသာမယာဖြစ်ကာ အလွန် ပင် တုန်လှုပ်နေပေသည်။သေရမည့် အရေးတွေး၍ ကြောက်လန့်နေတော့ ၏။

သို့ဖြစ်၍ မြတ်စွာဘုရားထံ ပါးသို့ ချဉ်းကပ်ပြီးလျှင် အကျိုး အကြောင်းလျှောက်ထားမေးမြန်း၏။ "မြတ်စွာဘုရား၊ အကြောက်ကင်း ကြောင်း နည်းလမ်းကောင်းများနှင့် မကြောက်ရသောအရပ်ရှိပါက ညွှန် ကြားဟောတော်မူပါ"ဟု ဦးတင် လျှောက်လေ၏။ မြတ်စွာဘုရားက "ရုပ်နာမ်နှစ်ပါး ဖြစ်ပျက်မြင်အောင် ပွားများအားထုတ်မှ (တပ)၊ရုပ်နာမ် ဖြစ်ပျက်ကို သိမြင်မှ (ဗောဓိ)၊မျက်စိ စသော ဣန္ဒြေတို့၌ ကိလေသာဖြစ် ခွင့်မရအောင် စောင့်ရှောက်မှု(ဣန္ဒြိယ သံဝရ)နှင့် ကိလေသာခန်းခြောက် ချုပ်ငြိမ်းခြင်း (သဗ္ဗနိဿဂ)တရား လေးပါးတို့ကို ဟောကြားတော်မူ သည်။ သတိပဋ္ဌာန် ဝိပဿနာမဂ္ဂင် အကျင့်ကို ပွားများအားထုတ်ရန် ဟောကြားခြင်းဖြစ်၏။

ဣန္ဒြိယသံဝရဖြင့် သီလမဂ္ဂင် ၃-ပါး ပြည့်စုံ၏။

တပဖြင့် သမာဓိမဂ္ဂင် ၃-ပါး ပြည့်စုံ၏။

ဗောဓိဖြင့် ပညာမဂ္ဂင် ၂-ပါး ပြည့်စုံပြီး၊ မပြတ်ရှုမှတ်ပွားများ အားထုတ်ခြင်းဖြင့် (သဗ္ဗနိဿဂခေါ်) အကြောက်တရားကင်းရာ နိဗ္ဗာန်သို့ မျက်မှောက်ပြုရ၏။

ဤသို့ဖြင့် သတိပဋ္ဌာန် ဝိပဿနာမဂ္ဂင်အကျင့်လမ်းစဉ်သည် အကြောက်ကင်းကြောင်း နည်းလမ်း ကောင်းများဖြစ်ပြီး မကြောက်ရသော နိဗ္ဗာန်သို့ ဆိုက်ရောက်လေသည်။

■ အဂ္ဂမဟာပဏ္ဍိတ
ဘဒ္ဒန္တအဂ္ဂမ္မာဘိဝံသ

ထွက်ခဲ့သမျှ စာဝမ္မ

သန်းထိုက်သူ

ကြည်ကြည်လင်လင် လန်းလန်းဆန်းဆန်း တည်တည်ငြိမ်ငြိမ် အေးအေးချမ်းချမ်း

- မြသန်းစံ
- ပထမအကြိမ်၊ မေလ၊ ၂၀၀၄-ခုနှစ်၊
- တန်ဖိုး (၇၀၀)ကျပ်၊
- အပ္ပမာဒဓမ္မရသစာပေတိုက် အမှတ် (၁၈၉)၊ ရွှေဝါထွန်း (၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ရန်ကုန်။ ဖုန်း-၅၈၄၇၃၈ မှဖြန့်ချိသည်။
- စာမူခွင့်ပြုချက်အမှတ်-၂၇၂/၂၀၀၄ (၅)၊

မိမိကိုယ်တိုင် ဝိပဿနာကို တစိုက်မတ်မတ် အားထုတ်ခဲ့ရာမှ တွေ့ကြုံသိမြင်လာသည့်အသိများကို ဝိပဿနာပွားများ အားထုတ်မည့်ယောဂီများအား ပြန်လည် အသိပေးမျှဝေခြင်းဖြင့် ဝိပဿနာပွားများအားထုတ်သည့် အခါတွင် အထောက်အကူပြုနိုင်စေရန် ဖြစ်ပါသည်။ မေတ္တာဖြင့် အကြံပြုထားသည့် ဓမ္မမှတ်စုများဖြစ်ပါသည်။

ဆရာဦးတင်ဦး(မြောင်)က အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုပေးထားပါသည် -

စာမြည်း -

တရားကို မတရားမလိုချင်ပါနဲ့

'တရား'သည် 'မတရား'မဟုတ်ပါ။

ထို့ကြောင့် 'တရား'ကို 'မတရား'မလိုချင်ပါနှင့်။

အမှန်တကယ်တွင် -

ဘာကိုမျှ မလိုချင်သော စိတ်ရှိမှသာ တရားရနိုင်ပါတယ်။

သင့်စိတ်မှာ -

'မတရားဓာတ်' ကပ်နေသမျှ 'တရား'ကပ်ဖို့ ဝေလာဝေး ဖြစ်နေပါလိမ့်မယ်။

Don't expect to gain dhamma undeservedly

Dhamma does not allow any unfairness.

So do not expect to gain dhamma undeservedly. In fact, dhamma can be gained only when you have no desire to gain anything.

So long as you do not play fair with dhamma, you are a far cry from gaining it.

စာရေးသူက "သည်စာတွေ ဖတ်မှတ်လေ့လာ လာတာ မကောင်းဘူးလားဆိုတော့ ကောင်းပါတယ်။ အခြားကိလေသာစိတ်တော့ မဖြစ်ဘူးပေါ့။ သုတမယ ဉာဏ်၊ စိန္တာမယဉာဏ်တွေတော့ အားကောင်းတာပေါ့။ သူများကို ဟောပြောပို့ချရေးသားပြောပြရတဲ့အခါကျ တော့ အချက်အလက် အကိုးအကားဝေဝေဆာဆာနဲ့ ပြောနိုင်၊ ရေးနိုင်၊ နားလည်နိုင်အောင် ရှင်းပြနိုင်တာမျိုး တော့ ရှိတာပေါ့။

ဒါပေမယ့် ကြာလာတဲ့အခါ 'ဝိတက်'တွေဖြစ် ကုန်တော့တာပဲ။ ဓမ္မဝိတက်မို့ ကိလေသာအတော်အသင့် ပါးလျတယ်ဆိုနိုင်ပေမယ့် ခန္ဓာမှာ ဉာဏ်ကပ်ပြီး ကြည့်တဲ့ အခါမှာတော့ 'အတွေး'တွေက ဝင်ပြီး လွှမ်းမိုးနေတဲ့အတွက် ဉာဏ်ခရီးဟာ ထင်သလောက် 'မတွင်'ပေဘူးပေါ့။

အတွေးဟာ ပညတ်ပဲ။ သည်ပညတ်ဘာကြောင့် ဖြစ်၊ ကိုယ်ဖတ်ထား၊ လေ့လာထားတာတွေကြောင့်ပဲဖြစ်၊ ရှုကွက်ထဲမှာ တစ်ခုခုထူးတာလေး မတွေ့လိုက်နဲ့ ရှေ့

ဆက်ပြီး ရှုမှတ်ရမယ့်အစား၊ ဖတ်ထား မှတ်ထားတဲ့စာတွေနဲ့ ချိန်ထိုးယှဉ်တွဲအဓိပ္ပါယ်ဖော်ကြည့်နေလေတော့ ဉာဏ်အတက်နှေးနေပါတော့တယ်။

ဒါကြောင့် တစ်ခါတစ်ခါ စာရေးစာဖတ်တာကို နှစ်ရက်၊ သုံးရက်လောက်ကို တမင်ရပ်ဆိုင်းထားပြီး၊ခန္ဓာမှာ ဉာဏ်ကပ်ပြီး ရှုမှတ်နေလိုက်တာ အတော့်ကိုချမ်းသာတော့တာပဲ။ အဲဒီအချိန်မှာ ရှုကွက်ထဲမှာ ပေါ်လာတာကို အချိန်မဆိုင်းဘဲ ဖိပြီးမှတ်လိုက်တာပါပဲ။ သည်တော့ ဘဝတွေးတွေဟာ ကွင်းဆက်မဖြစ်တော့ဘဲ ပြတ်တောက်ကုန်ပါတော့တယ်။ ဒီတော့မှပဲ ချမ်းသာမှုဆိုတာကို အနည်းငယ် အာရုံပြုနိုင်ပါတော့တယ်။

ကိုယ့်စိတ်မှာ ဒီလို 'စာပိုး'ရှိနေသ၍ ရှုကွက်ထဲမှာလာပြီး 'ကိုက်'နေဦးတော့မှာပဲဆိုတာကို အသိဉာဏ်နဲ့ ဆင်ခြင်တတ်လာပါတယ်။ အဲသည့်နောက်ပိုင်းမှာတော့ စာတွေကို အများကြီးမရေးချင်တော့လို့ စိတ်ထဲမှာ ပေါ်လာတဲ့ အချို့အချက်တွေကို ကိုယ့်ကိုယ်ကို ဆုံးမတဲ့အနေနဲ့ မှတ်စုအတိုအထွာလေးတွေ ရေးထားလိုက်ဖြစ်ပါတယ်။

တရားစခန်းတွေ ဝင်ပါများတော့ သည်မှတ်စုအတိုအထွာလေးတွေဟာ တဖြည်းဖြည်းများလာတော့တာပေါ့။ ပြန်ဖတ်ကြည့်တော့ ဩော် . . . ရှုမှတ်နေတဲ့ ယောဂီတွေအတွက် အချို့အပိုဒ် အတိုအထွာကလေးတွေဟာ ဉာဏ်တက်ဖို့ အထောက်အပံ့ကောင်းဖြစ်နိုင်ပါလားဆိုတာ တွေးမိလို့ သည်မှတ်စုအတိုအထွာလေးတွေကို စုစည်းပြီး စာအုပ်ထုတ် ဖြစ်လိုက်တာပါပဲ"ဟု ဆိုပါသည်။

အနာဂတ်သာသနာရေး

- အမရပူရ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ
- တေရသမအကြိမ်၊ မေလ၊ ၂၀၀၄-ခုနှစ်၊
- တန်ဖိုး (၁၅၀၀)ကျပ်၊
- ပါရမီစာပေ

  ၂၃၀၊ ၂၉-လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း-၂၅၃၂၄၆ မှဖြန့်ချိသည်။
- စာမူခွင့်ပြုချက်အမှတ်-၇၁၉/ ၂၀၀၃ (၁၀)၊

ဗုဒ္ဓသာသနာတော်ကို သန့်ရှင်းတည်တံ့ပြန့်ပွားစေလိုသူတိုင်း၊ နိုင်ငံနှင့်လူမျိုးကို ချစ်မြတ်နိုးသူတိုင်း နှစ်သက်စွာ ဖတ်ရှုမှတ်သားလိုက်နာ ကျင့်ကြံနေကြသည့် ရဟန်းရှင်လူ လက်စွဲစာအုပ်ဖြစ်နေသောကြောင့် (၁၃)ကြိမ်တိုင် ပြန်လည်ရိုက်နှိပ်ထုတ်ဝေ ဖြန့်ချိခြင်းဖြစ်ပါသည်။

ဤစာအုပ်တွင် အခန်း(၄)ခန်းခွဲထားရာ (၁)ဗုဒ္ဓ

ရတနာ၊ (၂) ဓမ္မရတနာ၊ (၃) သံဃရတနာ၊ (၄)မြန်မာပြည်သာသနာတို့ဖြစ်သည်။ ဗုဒ္ဓရတနာအခန်းတွင် ဗုဒ္ဓဘုရားရှင်နှင့်သက်ဆိုင်သော ဗုဒ္ဓရှင်တော်နှင့် ကောသလမင်း၊ ဗုဒ္ဓရှင်တော်နှင့် ဗိမ္ဗိသာရမင်း၊ ဗုဒ္ဓရှင်တော်နှင့် ဗြဟ္မာယုပါမောက္ခ စသည့်အကြောင်းအရာများ။ဓမ္မရတနာအခန်းတွင် ဓမ္မစကြာတရားတော်၊ အနတ္တလက္ခဏသုတ်တရားတော်၊ ပဋ္ဌိစ္စသမုပ္ပါဒ်တရားတော် စသည်များ။ သံဃရတနာအခန်းတွင် အရှင်ယသ၊ အဂ္ဂသာဝက(၂)ပါး၊ အရှင်မဟာကဿပ၊ ဆဗ္ဗဂ္ဂီရဟန်းများ၊ အရှင်မဟာကဿပဝန်ဆောင်ပုံ၊ ဒုတိယသံဂါယနာ၊ တတိယသံဂါယနာ စသည့် အကြောင်းများနှင့် မြန်မာပြည်သာသနာအခန်းတွင် မျက်မှောက်ခေတ် တစ္ဆေ၊ ပြိတ္တာများ၊ ကာလာမသုတ်တော်၊ သိမ်သမုတ်၊ ရဟန်းခံ၊ ကထိန်ခင်း၊ သားရှင်ပြု၊ ဘုန်းကြီးပျံ၊ လူအသုဘ၊ ဘုရားတည်မှု၊ ဆွမ်းတော်ကြီးတင်၊ သီတင်းကျွတ်ပွဲများအပြစ်၊ ဥပုသ်စောင့်၊ လက်ထပ်မင်္ဂလာ၊ ကျေးရွာပြုပြင်ရေး၊ တောရောမြို့ပါ ပြုပြင်ရေး၊ လူများလည်း သာသနာပြုနိုင်ပုံစသည့် အကြောင်းအရာများ ပါဝင်ပါသည်။

စာမြည်း-

ဘုန်းကြီးပျံအခန်းတွင် "**အရိုးအိုးစေတီ**-ထို့ပြင် အသက်ထင်ရှားရှိစဉ်က အလွန်အကျူးရှိသေလေးစားမှုမပြုကြဘဲ အရိုးကျမှ အရိုးအိုးစေတီတည်ထားခြင်းသည်လည်း နည်းလမ်းမကျလှ။ထိုတည်ထားပြီးသော အရိုးအိုးစေတီကိုလည်း မည်သူမျှ အရေးတကြီးမကိုးကွယ်ကြ။ နှစ်ပေါင်းအတော်ကြာသော် ဘုန်းတော်ကြီး အရိုး၊ လူအရိုး ခွဲခြားမရသည့်အပြင် ဓာတ်တော်ဌာပနာထားသော စေတီတော်များနှင့်လည်း ထူးမခြားပင်ဖြစ်နေတော့၏။ မဟာပရိနိဗ္ဗာနသုတ် ပါဠိတော်၌ "မြတ်စွာဘုရား၊ပစ္စေကဗုဒ္ဓါ၊ ရဟန္တာနှင့်စကြာမင်း၊ ဤပုဂ္ဂိုလ် (၄)ပါး၏ အရိုးများကိုသာ စေတီတည်၍ ပူဇော်ထိုက်သည်"ဟု ဟောတော်

မူ၏။ (စကြာမင်းသည် သူ့ခေတ်သူ့အခါ သတ္တဝါအကျိုးကို အလွန်ဆောင်သွားသော တရားမင်းပေတည်း။ တစ်လောကလုံးမှာ တစ်ယောက်သာဖြစ်နိုင်ရကား ထူးဆန်းသော အရာလည်းဖြစ်၏။ ထို့ကြောင့် စေတီတည်၍ ကိုးကွယ်ထိုက်သူတို့တွင် စကြာမင်းလည်း ပါဝင်ရသည်)

ပုထုဇဉ်ရဟန်းများ၏အရိုးကို စေတီတည်ထားဖို့ရန် ဗုဒ္ဓရှင်တော်ခွင့်ပြုတော်မူလျှင်ကား သီလရှိသော ပုထုဇဉ်အရှင်များသည် သီဟိုဠ်ကျွန်းမှာပင် မရေမတွက်နိုင်အောင် များပြားရကား စေတီတည်ထားဖို့ရာ နေရာမလောက်ဘဲ ရှိပေလိမ့်မည်။ ထိုမျှလောက် များပြားနေလျှင် ထူးထူးခြားခြားအံ့ဖွယ်လည်း မဖြစ်တော့ရာ။ ထို့ကြောင့် ပုထုဇဉ်အရှင်မြတ်တို့၏ အရိုးများကို စေတီတည်ခွင့်ပြုတော်မမူ။ ထို့ကြောင့် ယခုကာလ၌ ဘုန်းကြီးပျံ့တော်မူလျှင် အရိုးအိုးစေတီတည်ထားရိုးဖြစ်နေသော စနစ်ကို ပြင်သင့်ပြီ။"

စီစဉ်ထုတ်ဝေသူက "ဤကျမ်းစာပါ ဆရာတော်၏ ဩဝါဒလမ်းညွှန်ချက်များသည် ထေရဝါဒဗုဒ္ဓသာသနာကို သန့်ရှင်းတည်တံ့ပြန့်ပွားလိုသူတိုင်း၊ မိမိတိုင်းပြည်နှင့် လူမျိုးကို ချစ်မြတ်နိုးစိတ်ဖြင့် စောင့်ရှောက်လိုသူတိုင်း ဖတ်ရှုလိုက်နာ ကျင့်ကြံသင့်သည်ဟု ကျွန်တော်ယုံကြည်စွာ လက်ခံပါသည်။ ဖတ်ရှုပြီးသူတိုင်းလည်း ကျွန်တော့်လို စိတ်မျိုးပေါ်ပေါက်မည်ဟု ယူဆပါသည်။ အကြောင်းမှာ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ ဘာသာရေး၊ သာသနာရေး၊ ပညာရေး (ပညာရေးတွင်လည်း ရဟန်းပညာရေး၊ လူပညာရေး)စသည့် ပုဂ္ဂိုလ်တိုင်း လက်တွေ့ကျင့်ကြံ မွေးမြူသင့်သော အဖိုးတန်လမ်းညွှန်ချက်များကြောင့်ပင် ဖြစ်သည်။

တောင်မြို့ဆရာတော်အနေဖြင့် အခြေအနေအရပ်ရပ်တွင် ဗုဒ္ဓနည်းကျ လက်တွေ့ကျင့်သုံးကာ အနာဂတ်သာသနာရေးကို တည်တံ့ပြန့်ပွားအောင် တည်ထောင်စေလိုခြင်းဖြစ်သည်။ နိဂုံးချုပ်ဆိုရသော် ဆရာတော်၏ သာသနာ့ရည်ရွယ်ချက်ကို ပူဇော်ရာလည်းရောက်အောင်၊ ယနေ့ကဲ့သို့ အချိန်ကောင်းတွင် နိုင်ငံထူထောင်ရေးအတွက်လည်း အကျိုးများအောင် ဤကျမ်းစာကို ပြန်လည်ရိုက်နှိပ်ပါကြောင်း"ဟု ဆိုပါသည်။

အရှင်မဟာမောဂ္ဂလ္လာန်

- သာမဏေကျော်
- ပထမအကြိမ်၊ ဇွန်လ၊ ၂၀၀၄-ခုနှစ်၊
- တန်ဖိုး (၁၂၀၀)ကျပ်၊
- ပေါရမီစာပေ

၂၃၀၊ ၂၉-လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။

ဖုန်း-၂၅၃၂၄၆ မှဖြန့်ချိသည်။
- စာမူခွင့်ပြုချက်အမှတ်-၁၇၈/၂၀၀၄ (၃)၊

တန်ခိုးအရာတွင် ဧတဒဂ်ရ ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ဒုတိယအဂ္ဂသာဝကကြီးဖြစ်တော်မူသော အရှင်မဟာမောဂ္ဂလ္လာန်မထေရ်မြတ်ကြီး၏ ဖြစ်တော်စဉ်ကို အဘက်ဘက်မှ ပြည့်စုံအောင် ရေးသားပူဇော်ထားပါသည်။

စာမြည်း-

"ကိုယ်တိုင်မိန့်ခဲ့သော ဂုဏ်များ"အခန်းတွင် အရှင်မောဂ္ဂလ္လာန်သည် သူ့ဂုဏ်တို့ကို ပြလိုသဖြင့် အောက်ပါစကားတို့ကို မိန့်တော်မူပါ၏။

ငါဟာ တစ်ခဏနဲ့ပဲ ခန္ဓာကိုယ်ပေါင်း ကုဋေတစ်သိန်းကို ဖန်ဆင်းနိုင်ပါတယ်။ ဖန်ဆင်းဖို့ငါ့မှာ ဝန်မလေးပါ။ အဲဒီဖန်ဆင်းတဲ့ တန်ခိုးမှာသာမက တန်ခိုးအားလုံးမှာလည်း ဝသီဘော်(အစွမ်းသတ္တိ)ရှိပါတယ်။ ငါဟာ သမာဓိတွေမှာရော၊ပုဗ္ဗေနိဝါသဉာဏ်စတဲ့ ဝိဇ္ဇာတွေမှာပါ စွမ်းရည်သတ္တိအားဖြင့် အထွတ်အထိပ်ကိုရောက်နေပါတယ်။ ကိလေသာ အမှီကင်းတဲ့ ဘုရားရှင်ရဲ့ သာသနာတော်မှာ အဲဒီဂုဏ်တွေနဲ့ ခေါင်ထိပ်ကို ရောက်နေပါတယ်။ ပညာရှိပါတယ်။မောဂ္ဂလ္လာန်အနွယ်ရှိပါတယ်။ ကိလေသာအနှောင်အဖွဲ့အားလုံးကို ဖြတ်တောက်ထားပါတယ်။ ဥပမာ ဆင်ပြောင်ဟာ ဆင်သမန္တယ်ကို လွယ်လွယ်ကူကူဖြတ်တောက်သလိုပါပဲ။ တည်ကြည်တဲ့ ဣန္ဒြေရှိပါတယ်။

ငါဟာ ဘုရားရှင်ကို ပြုစုပြီးပါပြီ။ ဘုရားအဆုံးအမကို အပြည့်အဝလိုက်နာကျင့်သုံးထားပါတယ်။လေးလံတဲ့ ခန္ဓာဝန်ကို စွန့်ချထားပြီးပြီ၊ ဘဝတဏှာကြိုးကို ဖြတ်တောက်ပြီးပါပြီ။ သံယောဇဉ်အားလုံးကုန်ရာ အရဟတ္တဖိုလ် အကျိုးအတွက် လူ့ဘောင်မှ ရဟန်းဘောင်ကို

ရောက်လာခဲ့ရာမှာ အဲဒီအရဟတ္တဖိုလ်အကျိုးကို ငါဟာ ရရှိပြီးပါပြီ။ (ထေရဂါထာ၊ ၅၊ ၄၈၆)"

စာရေးသူက "အရှင်မဟာမောဂ္ဂလ္လာန်သည် သူ့ဂုဏ်တို့ကို သူကိုယ်တိုင်ထုတ်ဖော်မိန့်ကြားတော်မူသဖြင့် သူ့ဂုဏ်တို့ကို ပိုမိုသိရှိကာ ပိုမိုကြည်ညိုရပြန်ပါသည်။ တစ်အသခ်ေၚ်နှင့် ကမ္ဘာတစ်သိန်း ဖြည့်ကျင့်ခဲ့ရသော ပါရမီတော်တို့၏ အစွမ်းကြောင့် ဖြစ်ပေါ်လာသောဂုဏ်တော်တို့ကား များပြားလှပါပေ၏။ အရှင်မဟာမောဂ္ဂလ္လာန်လို အကျိုးကောင်းတို့ကို ရလိုလျှင် အရှင်မြတ်လို အကြောင်းကောင်းဖို့ လိုအပ်ပါတော့သည်"ဟု ဆိုပါသည်။

ဝေးလေကောင်းလေ

- အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ)
- ပထမအကြိမ်၊ ဇွန်လ၊ ၂၀၀၄-ခုနှစ်၊
- တန်ဖိုး (၅၀၀)ကျပ်၊
- ရွှေပါရမီဓမ္မစာပေပြန့်ပွားရေးအဖွဲ့
  အမှတ်-(၁၉-အေ/၂)၊ ဗိုလ်ရာညွှန့်လမ်း၊
  ဒဂုံမြို့နယ်၊ ရန်ကုန်။
  ဖုန်း-၂၄၉၅၅၃၃၊ ၂၈၁၆၆၃၊ (၀၉၉၉)၂၁၁၉၈
  မှဖြန့်ချိသည်။
- စာမူခွင့်ပြုချက်အမှတ်-၂၅၉/၂၀၀၄ (၄)၊

၂၀၀၃-ခုနှစ်၊ အောက်တိုဘာလ (၂၆)ရက်၌ အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့၊ တိသရဏဝိဟာရစင်တာ၌ ဟောကြားအပ်သော တရားတော်ကို ပြင်ဆင်ဖြည့်စွက်ရေးသားပြီး ထုတ်ဝေလိုက်ခြင်းဖြစ်ပါသည်။

စာမြည်း-

"ကာမဂုဏ်ရဲ့အပြစ်တွေကို ချဲ့ပြောမယ်ဆိုရင်လည်း အများကြီးပဲ။ ဟောပြောချိန်လည်း ပြည့်ပြီဆိုတော့ ရပ်မှဖြစ်မှာ။ အဲဒီတော့ တရားခေါင်းစဉ်က 'ဝေးလေကောင်းလေ'။ ဟိုက်ဝေးလမ်းမကြီးတွေမှာ သွားလိုက်လို့ ရှိရင် ကျောက်တင်တဲ့ကားကြီးတွေ သစ်တင်တဲ့ကားကြီးတွေရဲ့နောက်မှာ 'ဝေးလေကောင်းလေ'ဆိုပြီးတော့ ရေးထားတယ်။

ကုန်တင်ကားကြီးတွေရဲ့ နောက်ကနေ ကားလေးတွေ ကပ်မလိုက်သင့်ဘူး။ ကပ်လိုက်လို့ သစ်တုံးကြီးပိတယ်ဆိုရင်လည်း ကားပိန်မယ်။ ကျောက်တုံးကြီးပြုတ်ကျတယ်ဆိုရင်လည်း ကားပျက်စီးသွားမယ်။ ကားပေါ်

ပါလာတဲ့ လူတွေလည်း ထိခိုက်ဒဏ်ရာရမယ်။ သေကြေပျက်စီးမယ်။

ကာမဂုဏ်အာရုံတည်းဟူသော ကုန်တင်ကားကြီးတွေနောက်က ကပ်လိုက်နေတယ်ဆိုရင်တော့ ကာမဂုဏ်ချမ်းသာတိုင်းမှာ ကိလေသာဆိုတဲ့ သစ်တုံးကြီးတွေ၊ အကုသိုလ်ဆိုတဲ့ ကျောက်တုံးကြီးတွေ၊ ဒုက္ခဆိုတဲ့ ဝန်ထုပ်ဝန်ပိုးကြီးတွေက အများကြီးရှိပါတယ်။ အဲဒီသစ်တုံး၊ ကျောက်တုံး၊ ဝန်ထုပ်ဝန်ပိုးတွေပိပြီးတော့ ဒုက္ခရောက်လိမ့်မယ်။

အရှိန်နဲ့ပြေးတဲ့ ကုန်တင်ကားကြီးနောက် ကိုယ်က အရှိန်နဲ့ကပ်လိုက်နေတုန်း ရှေ့ကကုန်တင်ကားကြီးက ရုတ်တရက်ဘရိတ်ဆောင့်အုပ်လိုက်ရင်လည်း ကိုယ့်ကား ထိခိုက်ပျက်စီးသွားမှာပါ။

သက်ရှိသက်မဲ့ ကာမဂုဏ်တွေနောက် ကိုယ်က အရှိန်နဲ့ကပ်လိုက်နေတုန်း အဲဒီကာမဂုဏ်တွေ အကြောင်းတစ်ခုခုကြောင့် ပျက်စီးပျောက်ဆုံးသွားရင်လည်း ကိုယ်ပဲ နာကျင်ကြေကွဲဝမ်းနည်းပူလောင်ရမယ်လေ။

ဒါကြောင့် ဘယ်သက်ရှိ၊ ဘယ်သက်မဲ့ကိုမျှ စွဲစွဲလမ်းလမ်း၊ တမ်းတမ်းတတကြီး မရှိချင်ပါနဲ့။ ဘယ်ပုဂ္ဂိုလ်၊ ဘယ်အရာဝတ္ထုကိုမျှ ငြိငြိကပ်ကပ်၊ တပ်တပ်မက်မက်ကြီး မကြိုက်ပါနဲ့"

စာရေးသူက "ဝေးလေကောင်းလေ တရားကို နာကြားကြရတဲ့ တရားနာပရိသတ်များ ကာမဂုဏ်ချမ်းသာကို မိမိတို့စွမ်းနိုင်သမျှ အတိုင်းအတာအားလျော်စွာ စွန့်လွှတ်နိုင်ကြပါစေ။ လုံးဝ မစွန့်လွှတ်နိုင်တောင်မှ ဒီကာမဂုဏ်ချမ်းသာကြောင့် ကိလေသာတရားတွေ၊ အကုသိုလ်တရားတွေ မတိုးပွားစေဘဲနဲ့ ကုသိုလ်တရားတွေ တိုးပွားအောင်၊ ပါရမီတရားတွေ တိုးပွားအောင် အားထုတ်နိုင်ကြပါစေ"ဟု ဆိုပါသည်။

■